Published by

Local Resource Centre

Rosa Luxemburg Stiftung
Southeast Asia

Published with the support of Rosa-Luxemburg Stiftung with financial means

of the Federal Ministry of Economic Cooperation and Development

Not for Sale

# ဖွံ့ဖြိုးမှုကိုကျော်လွန်ရှုမြင်ခြင်း

## လက်တင်အမေရိကမှကွဲပြားခြားနားသောအမြင်များ

Permanent Working Group on Alternatives to Development

First translated edited edition: Transnational Institute / Rosa Luxemburg Foundation. August 2013

Originally printed in Spanish 'Mas alla del desarrollo' by Fundación Rosa Luxemburg/Abya Yala Ediciones in November 2011.

Fundación Rosa Luxemburg Miravalle N24-728 y Zaldumbide (La Floresta) Quito – Ecuador email: info@rosalux.org.ec www.rosalux.org.ec

Transnational Institute PO Box 14656 1001 LD Amsterdam The Netherlands Email: tni@tni.org www.tni.org

Coordinators of Spanish edition: Miriam Lang y Dunia Mokrani Coordinators of English edition: Miriam Lang, Lyda Fernando, Nick Buxton Translators: Sara Shields, Rosemary Underhay Editor: Imre Szűcs Cover/Design: Guido Jelsma Cover photograph: Lou Dematteis



ISBN (paperback): 978-90-70563-24-0

August 2013

## Contents


အမှာစာ- လူ့ယဉ်ကျေးမှု၏အကျပ်အတည်းနှင့်လက်ဝဲသမားများအတွက်စိန်ခေါ်မှုများ ........................ 4

လက်တင်အမေရိကအတွက်ဖွံ့ဖြိုးမှုနှင့်ဗင်းအစားထိုးရွေးချယ်စရာများ-
သမားရိုးကျမဟုတ်သောအတွေးအခေါ်ပေါင်းစုံလမ်းညွှန် ........................................................ 14

ဖွံ့ဖြိုးရေးအယူအဆကိုဝေဖန်မှုများနှင့်အစားထိုးရွေးချယ်စရာများ ................................................ 39

သယံဇာတတူးဖော်ရေးဝါဒလက်ဟောင်းနှင့်လက်သစ်- မျက်နှာစာနှစ်ဖက်နှင့်ကြိမ်စာ ........................ 58

ဗဟုစုံလူမှုအဖွဲ့အစည်းများရှိသဟဇာတနှင့်ပဋိပက္ခအသွင်ပြောင်းလဲရေးပရောဂျက်များ ...................... 81

အသွင်ကူးပြောင်းမှုဖြစ်စဉ်များအတွင်းရှိပြည်သူ့ရေးရာပေါ်လစီများနှင့်နိုင်ငံတော်၏အခန်းကဏ္ဍ ........... 97

သယံဇာတတူးဖော်ရေးဝါဒနှင့်အစားထိုးစရာများ- လက်တင်အမေရိက၏ဖွံ့ဖြိုးရေးအမြင်များ............. 108

နိုင်ငံတော်နှင့်စီးပွားရေးအတွက်စံပုံစံတစ်ရပ်အဖြစ်ကျင့်သုံးရမည့်သမ္မာအာဇီဝ (Buen Vivir)............. 129

"သမ္မာအာဇီဝ" အတွက်ကိုလိုနီပြုမှုကိုဆန့်ကျင်ခြင်းနှင့်အဖကြီးစိုးသောခေတ်ကိုဖျက်သိမ်းခြင်း .......... 145

သယံဇာတထုတ်ယူရေးခေတ်အလွန်သို့အသွင်ကူးပြောင်းမှုများလမ်းကြောင်းများ၊ရွေးချယ်စရာမျာ
း၊လုပ်ဆောင်ရမည့်နယ်ပယ်များ ......................................................................................... 151

အဓိကဝေါဟာရများ ............................................................................................................ 191

## အမှာစာ- လူ့ယဉ်ကျေးမှု၏အကျပ်အတည်းနှင့်လက်ဝဲသမားများအတွက်စိန်ခေါ်မှုများ

မီရီယမ်လမ်း[1]

ကမ္ဘာကြီးကိုသိမ်းကျုံးတိုက်စားနေသောမျက်နှာစာပေါင်းစုံရှိသည့်အကျပ်အတည်းကြီးသည်မကြာသေးမီန
ကာသေးမီနှစ်များကပိုမိုဆိုးရွားလာခဲ့သည်။ဘဏ္ဍာရေးဈေးကွက်များကလည်းစက်မှုဖွံ့ဖြိုးပြီးကမ္ဘာ၏အားအင
အားအကောင်းဆုံးစီးပွားရေးများကိုပင်ချိနဲ့သွားစေခဲ့သည်။စိုက်ပျိုးမြေများကိုဈေးကစားရန်အတွက်သော်လ
အတွက်သော်လည်းကောင်း၊ဇီဝလောင်စာထုတ်လုပ်ရေးအတွက်သော်လည်းကောင်းသိမ်းယူခဲ့ခြင်းကြောင့်စား
့ခြင်းကြောင့်စားနပ်ရိက္ခာဈေးများတက်မှုကိုပိုဆိုးစေပြီးကမ္ဘာကြီးကိုစားနပ်ရိက္ခာအကျပ်အတည်းဆီသို့တွန်းပို
့တွန်းပို့နေသည်။ကမ္ဘာဂြိုဟ်၏အစွန်အဖျားဆုံးဒေသများပါမကျန်ရေနံ၊သဘာဝဓာတ်ငွေ့နှင့်ဓာတ်သတ္တုများ
သတ္တုများထုတ်လုပ်ရာတွင်သုံးနေသောနည်းပညာများမှာလည်းတစ်နေ့တခြားပိုမိုဈေးကြီးလာပြီးအန္တရာ
ပ်ီးအန္တရာယ်လည်းများလာကာသဘာဝကိုဖျက်ဆီးမှုလည်းပိုမိုတိုးပွားလာသည်။သမုဒ္ဒရာကြမ်းခင်းအော
ခင်းအောက်ကီလိုမီတာပေါင်းများစွာအထိအောင်ထိုးဖောက်ခြင်း၊ရေနံထုတ်ရာတွင်သုံးသောကတ္တရာရာနှုန်
ါကတ္တရာရာနှုန်းမဆိုစလောက်ပါရုံဖြင့်ရေမသဲထုကြီးကိုတူးဖော်ထုတ်နေခြင်း၊သဘာဝဓာတ်ငွေ့ထွက်လာ
ငွေ့ထွက်လာရန်အလို့ငှာကျောက်လွှာများထဲသို့ဓာတုပစ္စည်းများထိုးထည့်ခြင်း၊မြေလွှာထဲရှိ၇.၁ % သောကြေး
ကနီသတ္တုကိုထုတ်ယူရန်အတွက်ရောမကျင်းချိုင့်ကြီးများဖြစ်သွားသည်အထိမြေကြီးများကိုတူးထုတ်ခြင်းစ
တ်ခြင်းစသည်တို့ကိုဆောင်ရွက်ကြသည်။ထိုလုပ်ရပ်များကိုဘဝနေထိုင်မှုပုံစံအမျိုးအစားတစ်ခုတည်းကိုထိန်းသိ
ိန်းသိမ်းရန်အတွက်ဆောင်ရွက်နေကြခြင်းဖြစ်သည်။အောင်မြင်မှုနှင့်ပျော်ရွှင်မှုများကိုသတ်မှတ်ရာတွင်လ
တ်မှတ်ရာတွင်လက်ရှိအချိန်အထိကမ္ဘာကိုဗိုလ်ကျလွှမ်းမိုးထားဆဲဖြစ်သောမြောက်ကမ္ဘာခြမ်း၏အတွေးအခေ
အတွေးအခေါ်တစ်ခုတည်းဖြင့်သာသတ်မှတ်ပြီးထိုဘဝနေထိုင်မှုပုံစံကိုထိန်းသိမ်းနေကြခြင်းလည်းဖြစ်သည်။

ကမ္ဘာကြီး၏အစွန်အဖျားဒေသများအထိအောင်သက်ရောက်သောအရင်းရှင်စနစ်၏အဖျက်စွမ်းအားများ၏အ
များ၏အကျိုးဆက်များကိုအမှန်တကယ်ခံစားရသူများမှာနိမ့်ကျသောကမ္ဘာ့ဒေသများမှပြည်သူများပင်ဖြစ်သ
ဖစ်သည်။ဥစ္စာဓနများကိုအဆုံးအစမဲ့စုဆောင်းနိုင်သည်ဟူသောအယူအဆသည်ကမ္ဘာကြီးကိုပင်ထည့်သွင်
င်ထည့်သွင်းစဉ်းစားခြင်းမပြုတော့ပေ။မြေယာများပေါ်၌ပိုမိုစီးပွားဖြစ်သောလုပ်ငန်းများဆောင်ရွက်ရန်ဟူသော
ါင်ရွက်ရန်ဟူသောအကြောင်းပြချက်ဖြင့်သူတို့၏မြေယာများပေါ်မှနှင်ထုတ်ခြင်းခံရသောလယ်သမားင
ရသောလယ်သမားငယ်များအများအပြားရှိသည်။ထိုလယ်သမားများသည်ဆင်းရဲမွဲတေမှုနှင့်လက်မဲ့ဖြစ်မှုတို့
ူတို့ကိုကြုံတွေ့ရပြီးအခြေခံစားသောက်ကုန်ဈေးများတက်ခြင်းကရင်းတို့ကိုအငတ်ဘေးသို့တွန်းပို့ပေးသည်။
ပို့ပေးသည်။အလားတူပင်ကမ္ဘာကြီးပိုမိုပူနွေးလာမှုကြောင့်ဖြစ်ပွားသောမိုးခေါင်ခြင်း၊ကန္တာရဖြစ်ထွန်းခြင်း၊ရေ
ဖြစ်ထွန်းခြင်း၊ရေကြီးခြင်းနှင့်မုန်တိုင်းများကြောင့်သေဆုံးရသူမှာလည်းထောင်ပေါင်းများစွာရှိလာသည်။ရာသီ
ုးစွာရှိလာသည်။ရာသီဥတုပြောင်းလဲခြင်းအကြောင်းကိုဤနေရာတွင်အကျယ်ဆွေးနွေးမည်မဟုတ်သော်လ
နွေးမည်မဟုတ်သော်လည်းယင်းသည်နက်ရှိုင်းသောလူမှုစီးပွားအကျိုးဆက်များကိုဖြစ်ပေါ်စေကာအခြားအ
ါစေကာအခြားအကျပ်အတည်းများကိုပိုမိုဆိုးရွားစေခြင်း၊ဈေးကစားသောဈေးကွက်အသစ်များဖြစ်ပေါ်စေခြင်
ပါ်စေခြင်းကြောင့်အဆုံးမရှိသောအကျပ်အတည်းသံသရာများကိုဖြစ်ပေါ်စေမည်ဖြစ်သည်။

[1]The Rosa Luxemburg Foundation ၏အင်ဒီးစ်တောင်တန်းနိုင်ငံများဒေသ ဒါရိုက်တာဖြစ်သည်။ the Free University of Berlin မှ လူမှုရေးပါရဂူဘွဲ့နှင့် လက်တင်အမေရိကလေ့လာရေး မဟာဘွဲ့ရရှိခဲ့သည်။ အမျိုးသမီးများနှင့် ဌာနေတိုင်းရင်းသားအဖွဲ့အစည်းအများအပြားနှင့် လက်တွဲအလုပ်လုပ်ကိုင်ခဲ့သည်။

ကမ္ဘာ့အစွန်အဖျားနိမ့်ကျသောဒေသများမှကြည့်သော်ထိုသို့မျက်နှာစောပေါင်းစုံရှိသောအကျပ်အတည်းကို 'လူ့ယဉ်ကျေးမှု၏အကျပ်အတည်း'
အဖြစ်ရှုမြင်ကြမည်ဖြစ်သည်။ကမ္ဘာ့တောင်ခြမ်းဒေသများရှိလူထုလှုပ်ရှားမှုများသည်အရင်းရှင်စနစ်၏ဥစ ဥစ္စာခနစုဆောင်းမှုပုံစံဖြစ်သော 'သူတပါးပိုင်ဆိုင်မှုများကိုသိမ်းယူသောပုံစံ' ကိုအပြင်းအထန်ဆန့်ကျင်ကြရုံသာမကလက်ရှိကမ္ဘာ့စနစ်ကိုအခြေခံကျကျပြောင်းလဲရန်လိုအပ်နေကြေ ကြောင်းကိုလည်းထုတ်ဖော်ပြောဆိုကြသည်။ထိုသို့ပြောင်းလဲရေးသည်လက်ငင်းလိုအပ်လျက်ရှိပြီးဖွံ့ဖြ ဖြိုးရေးမဏ္ဍာန်အောက်မှအဖျက်စွမ်းအားများ၏အရှိန်အဟုန်မှာမြန်ဆန်လှသည့်အပြင်အရင်းရှင်စနစ်ကိ ကိုမောင်းနှင်သောငွေကြေးဈေးကွက်ကလည်းအကျိုးအမြတ်များကိုပိုမိုတိုတောင်းသောအချ ချိန်အတွင်းပြန်လည်ရရှိရန်အပြင်းအထန်ဖိအားပေးလျက်ရှိသည်။

သို့ရာတွင်လွှမ်းမိုးကြီးစိုးသောအတွေးအခေါ် များကကမ္ဘာဂြိုဟ်၏ရုပ်ပိုင်းဆိုင်ရာအကန့်အသတ်- အညစ်အကြေးများနှင့်စွန့်ပစ်ပစ္စည်းများကိုလက်ခံသန့်စင်နိုင်စွမ်းအကန့်အသတ်- နှင့်အရင်းရှင်စီးပွားရေးစနစ်ကအားထားအသုံးချနေရသည့်သဘာဝအရင်းအမြစ်များ၏အကြွင်းမ ဲ့မဲ့အကန့်အသတ်ရှိသည့်သဘောကိုထည့်သွင်းစဉ်းစားရန်ပျက်ကွက်လျက်ရှိသည်။အရင်းရှင်စနစ်ကမိမိ မိတို့အားပိုမိုချဲ့ထွင်ခြင်း၊ပိုမိုဖွံ့ဖြိုးခြင်းနှင့်သဘာဝဘေးအန္တရာယ်များနှင့်စွမ်းအင်အကျပ်အတည တည်းကိုဖြေရှင်းရန်အတွက်တနေ့တခြားပိုမိုထူးခြားဆန်းပြားလာသောနည်းပညာများကိုသာ သာဆက်လက်ကမ်းလှမ်းလျက်ရှိသည်။
'အစိမ်းရောင်စီးပွားရေး' ကြွေးကြော်သံနှင့်အတူနောက်တစ်ကြိမ်အလုံးအရင်းနှင့်ခေတ်မ ီမီဆန်းသစ်ရေးနည်းလမ်းတစ်ခုကိုကြွေးကြော်လျက်ရှိသည်။ယင်းမှာသဘာဝဝန်းကျင်န နှင့်သဘာဝဝန်းကျင်ထိန်းသိမ်းရေးကိုဈေးကွက်ဘောင်အတွင်းသွတ်သွင်းရေးပင်ဖြစ်သည်။ညစ်ညမ် မ်းမှုပါမစ်များ၊ပြန်ပြည့်မြဲစွမ်းအင်နှင့်ဘေးအန္တရာယ်လျော့ပါးရေးနည်းပညာများကိုတီထွင်ေ ေဖော်ထုတ်ပြီးအနာဂတ်ဈေးကွက်များအတွက်အကျိုးအမြတ်ရှိမည့်တီထွင်ဆန်းသစ်မှုများအဖြစ်ေ ကြေညာနေကြသည်။အရင်းရှင်စနစ်၏အစဉ်အလာအတိုင်းပင်အကျပ်အတည်းတိုင်းကိုအခွင့်အလ အလမ်းအဖြစ်မှတ်ယူသည်။ဆုံးရှုံးသူများရှိမည် (အရေအတွက်အားဖြင့်ပိုတောင်များလာနိုင်သည်) မှန်သော်လည်းစနစ်တစ်ခုလုံးအနေနှင့်ပြန်လည်ရှင်သန်လည်ပတ်လာပြီးအခြားသောရွေးချယ်စရ စရာနည်းများထက်အမြဲတမ်းပိုမိုသာလွန်ကြောင်းကိုသက်သေပြဖို့ကြိုးစားမည်သာဖြစ်သည်။

ဤကမ္ဘာ့အခင်းအကျင်းတွင်လက်တင်အမေရိကနိုင်ငံများမှာတစ်မျိုးတစ်ဘာသာဖြစ်နေသည်။အင်ဒီးစ်ေ ေတောင်တန်းရပ်ဝန်းဒေသတစ်ခုတည်းမှာပင်နိုင်ငံပေါင်းငါးနိုင်ငံအနက်ဇ်လေးနိုင်ငံတွင်နီယို ိုလစ်ဘရယ်မော်ဒယ်မှခွဲထွက်မည်ဟုကြွေးကြော်ထားသောအစိုးရသစ်များတက်လာကြသည်။မ မကြာသေးခင်နှစ်များကအထိအုပ်စိုးသူအီလစ်များကျင့်သုံးခဲ့သောအရှက်တရားမဲ့လောဘဇောတိုက်သိမ်း ီးပိုက်မှုများကိုရပ်တန်းကရပ်တော့မည်ဟုကြေညာကြသည်။ဘိုလီဗီးယား၊အီကွေဒေါနှင့်ဗင်နီဇွဲလားနိ ိုင်ငံတို့သည်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုစုပေါင်းရေးဆွဲကြသည်။ထိုနိုင်ငံများရှိအစိုးရသစ်မျ များသည်ကာလရှည်ကြာလူမှုတိုက်ပွဲများကိုဆင်နွှဲပြီးမှရွေးကောက်ပွဲအောင်မြင်ကြခြင်းဖြစ်သည်။ထိုတိ တိုက်ပွဲများကိုဦးဆောင်သူများသည်အစဉ်အလာလက်ဝဲသမားများနှင့်နိုင်ငံရေးပါတီများမဟုတ်ကြပ ကပဲလယ်သမားငယ်များ၊အမျိုးသမီးများ၊မြို့ပြလူတန်းစားများနှင့်ဌာနေတိုင်းရင်းသားများဖြစ်ေ ေနေကြသည်။၎င်းတို့သည်မိမိတို့၏လိုလားချက်ကိုယ်စီကိုတောင်းဆိုလာကြရုံမျှမကနိုင်ငံတစ်ခုလံ လုံးအတွက်အဆိုပြုချက်အသစ်များကိုလည်းတင်သွင်းကြသည်။ထိုအာဏာရအစိုးရများအားလုံးကိုအစဉ

စဉ်အလာနိုင်ငံရေးပါတီများကကျောထောက်နောက်ခံပေးထားခြင်းမဟုတ်ပဲနိုင်ငံရေးဖွဲ့စည်းမှုပ
ုပုံစံအသစ်များကထောက်ခံပေးထားခြင်းဖြစ်သည်။

ထိုနိုင်ငံရေးလှုတန်းစားသစ်တစ်ရပ်သည်ဆယ်စုနှစ်ပေါင်းများစွာအတွင်းပထမဦးဆုံးအကြိမ်အဖြ
ဖြစ်ပညာရေး၊ဆင်းရဲမှုလျှော့ချရေးနှင့်ဘဝအရည်အသွေးမြှင့်တင်ရေးအပါအဝင်နိုင်ငံ၏အန
အနာဂတ်အတွက်အမှန်တကယ်စိုးရိမ်ပူပန်မှုများရှိလာကြသည်။ထို့အပြင်နိုင်ငံစုံကော်ပိုရေးရှင်းကြီ
ကီးများအတွက်ကစားပွဲစည်းမျဉ်းသစ်များကိုလည်းအဆိုပြုလာကြသည်။ယင်းတို့သည်ထိုနိုင်ငံမျာ
ျား၏သဘာဝအရင်းအမြစ်များကိုယင်းတို့၏ဘိုးဘွားပိုင်များကဲ့သို့အစဉ်အဆက်ခေါက်ရိုးကျိုးသဘောထ
ာထားခဲ့ကြပြီးဖြစ်သည်။နီယိုလစ်ဘရယ်စနစ်များနှင့်မတူပဲကိုယ်ပိုင်ပြဌာန်းခွင့်ကိုပိုမိုအာမခံချက်
က်ပေးသောဒေသဆိုင်ရာပေါင်းစည်းရေးအမြင်သစ်များကိုတင်ပြလာကြသည်။ရာစုနှစ်ပေါင်းငါးခု
ခုကြာတည်ရှိခဲ့သည့်သဘာ
ဝမှထုတ်ယူသုံးစွဲရေးမိုဒယ်နှင့်ကွဲပြားခြားနားသောစီးပွားရေးမိုဒယ်သစ်များကိုဖော်ထုတ်လာ
လာသည်။အရင်းရှင်စီးပွားရေးမိုဒယ်ဟောင်းတွင်လက်တင်အမေရိကမှမြောက်ကမ္ဘာခြမ်းကြွယ်ဝချ
ချမ်းသာရေးအတွက်လိုအပ်သောကုန်ကြမ်းများထုတ်လုပ်ပေးရာနေရာသက်သက်သာဖြစ်နေသည်။

သက်ဆိုင်ရာနိုင်ငံများတွင်ကျင်းပသောဖွဲ့စည်းပုံအခြေခံဆိုင်ရာညီလာခံများသည်ဒီမိုကရေစီနည်းအကျ
ကျဆုံး၊လူထုစိတ်ထက်သန်မှုအများဆုံးနှင့်ပူးပေါင်းပါဝင်မှုအားအကောင်းဆုံးအပြောင်းအလ
အလဲဖြစ်စဉ်များဖြစ်သည်။အီကွေဒေါနှင့်ဘိုလီးဗီးယားနိုင်ငံများတွင်လူ့အဖွဲ့အစည်းကိုကိုလိုနီခေတ်
တ်လွန်လူ့အဖွဲ့အစည်းအဖြစ်မှလူမျိုးစုများကွဲပြားစုံလင်မှုကိုအသိအမှတ်ပြုသောလူမျိုးစုံနိုင်ငံတော်
plurinational state
အဖြစ်ပြောင်းလဲဖွဲ့စည်းနိုင်ခဲ့သည်။သို့ရာတွင်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ပြဌာန်းခြင်းနှင့်
့၊ပြဌာန်းပြီးသည့်အခြေခံဥပဒေကိုလက်တွေ့ကျင့်သုံးခြင်းကိစ္စများတွင်ထိုနိုင်ငံများအတွက်
က်တည်ဆဲကမ္ဘာ့စနစ်အတွင်းပါဝင်နေရခြင်းကြောင့်ဆန့်ကျင်ဘက်ဖိအားများစွာကိုကြုံတွေ့ရသည်။စီ
စီးပွားရေးအဆောက်အဦး၏အတွင်းအပြင်နှစ်မျိုးစလုံးမှဖိအားများအပြင်ကိုလိုနီစရိုက်လက္ခဏာများအလ
အလွန်အမင်းဖုံးလွှမ်းနေပြီးလူမှုစွမ်းအားကိုကိုယ်ကျိုးစီးပွားအတွက်ပြောင်းလဲသုံးစွဲရာတွင်အလွန်
န်ကျွမ်းကျင်နေပြီဖြစ်သောပြည်နယ်များကြောင့်လည်းအခက်အခဲများကြုံတွေ့ရသည်။

နောင်နှစ်အတန်ငယ်အကြာတွင်ဘိုလီဗီးယား၊အီကွေဒေါနှင့်ဗင်နီဇွဲလားနိုင်ငံများရှိအပြောင်းအလဲဖြစ်စ
်စဉ်များမှာနီယိုလစ်ဘရယ်အတွေးအခေါ် များမှသိသိသာသာခွဲထွက်ခဲ့ခြင်း[6]ဖြစ်ကြောင်းထင်ရှားသော
သော်လည်းအန္တရာယ်များနှင့်အကန့်အသတ်များရောပြွမ်းနေသည်မှာလည်းအမှန်ပင်ဖြစ်သည်။ထိုနိုင
ုင်ငံများရှိအစိုးရများသည်ခက်ခဲသောပဋိပက္ခများကိုရင်ဆိုင်နေကြရပြီးအချို့အမြင်တွင်ထိုပဋိပက္ခများသည်ထိ
ထိုအစိုးရများကို (အနည်းဆုံး) ရွေးကောက်ပွဲရှုံးပြီးနိဌိတံသွားစေနိုင်သည်ဟုပင်ယူဆနေကြသည်။

ထိုပဋိပက္ခများကြောင့်ပျက်ဆီးဆုံးရှုံးရမည့်အရာများသည် ‘လူ့အဖွဲ့အစည်း၏အကျပ်အတည်း’
ဟုအထက်တွင်ညွှန်းဆိုခဲ့ဖူးသောအခြေအနေတစ်ရပ်ဆီသို့ခေါ် ဆောင်သွားလျက်ရှိသည်။ဖွဲ့စည်းပုံန
နှင့်ဥပဒေရေးရာပြဌာန်းချက်အသစ်များဖြစ်သောလူမျိုးစုစုပေါင်းနှင့်ပိုင်နက်နယ်မြေရပိုင်ခွင့်မျာ
ျား၊ဌာနေတိုင်းရင်းသားများ၏ကြိုတင်အတိုင်ပင်ခံပိုင်ခွင့်၊သဘာဝတရားကြီး၏ပိုင်ခွင့်နှင့်ဌာနေယ
နယုံကြည်ကိုးကွယ်မှု Pachamama
ကိုလေးစားခြင်းစသည်တို့သည်ကမ္ဘာ့ဗိုလ်ကျစိုးမိုးမှုဗဟိုချက်အဟောင်း၊အသစ်များမှကုန်ကြမ်းကို
ိုအငမ်းမရတောင်းဆိုမှုများနှင့်ထိပ်တိုက်ရင်ဆိုင်လာရသည်။ပညာရေး၊ကျန်းမာရေးနှင့်အခြေခ

ခရံအဆောက်အဦများတိုးတက်စေရန်ရင်းနှီးမြှုပ်နှံမှုများနှင့်ဆင်းရဲသားများလူ့အဖွဲ့အစည်းအတ
အတွင်းလူရာဝင်စေရေးကြိုးပမ်းအားထုတ်မှုများမှာလည်းရန်ပုံငွေလိုအပ်သည်ဖြစ်ရာယင်းတို့ကိ
ကိုအစဉ်အလာသယံဇာတတိုးမြှင့်ထုတ်ယူသည့်ပုံစံဖြင့်သော်လည်းကောင်း၊ပြည်ပကြွေးမြ
မြီအလုံးအရင်းချေးယူခြင်းဖြင့်သော်လည်းကောင်းဆောင်ရွက်ရမည့်အခြေဆိုက်လာပြန်သည်။

အီကွေဒေါတွင်၂၀၀၉ခုနှစ်ကအသစ်ပြဋ္ဌာန်းခဲ့သောမိုင်းတွင်းနှင့်ရေအရင်းအမြစ်ဥပဒေများကြေ
ကြောင့်လူမှုပဋိပက္ခများဖြစ်ပွားသည်။အလားတူဘိုလီးဗီးယားတွင်လည်း TIPNIS
အမျိုးသားဥယျာဉ်နှင့်ဌာနေလူမျိုးစုများ၏ရေးဟောင်းနယ်မြေအတွင်းဖြတ်၍ဖောက်လုပ်မည
မည့်အဝေးပြေးလမ်းမကြီးနှင့်ပတ်သက်ပြီးထိပ်တိုက်တွေ့မှုများအကြီးအကျယ်ဖြစ်ပွားသည်။ထိုပဋိပ
ပက္ခများသည်အပြောင်းအလဲကိုအဟန့်အတားဖြစ်စေပြီးအပြောင်းအလဲဖော်ဆောင်သောတိ
တိုးတက်သည့်အစိုးရများအတွင်း၌အကွဲအပြဲများကိုစတင်ဖြစ်ပေါ်စေသည်။တစ်စုတစည်းတည်းအဖွဲ့ဖြစ်
စ်ရမည့်အစားထိုအစိုးရများသည်မတူညီသောအကျိုးစီးပွားအမျိုးမျိုးရှိကြသည့်ဂိုဏ်းဂဏများအကြားစစ
စစ်မြေတလင်းသဖွယ်ဖြစ်လာသည်။ထို့ကြောင့်အစိုးရများကိုယ်တိုင်ပင်များမကြာမီကမှၡင်းတို့၏နိုင်င
ငံရေးအောင်မြင်မှုကိုကိုယ်စားပြုပေးခဲ့သောဖွဲ့စည်းပုံအခြေခံဥပဒေ[2]ကိုပြန်လည်ချိုးဖောက်မှုများဖြစ်ပေါ်
ပါလာသည်။ထိုအပြင်၎င်းတို့ကိုအာဏာရအောင်အမိကပံ့ပိုးပေးခဲ့ကြသောအခြေခံလူထုလူတန်းစားများန
နှင့်လည်းထိပ်တိုက်ရင်ဆိုင်မှုများဖြစ်လာကြသည်။ထိုလူထုလူတန်းစားများ၏မဲပေးခြင်းသက်သက
သက်ကြောင့်မဟုတ်ပဲ၎င်းတို့သမိုင်းစဉ်တစ်လျှောက်လှုပ်ရှားရုန်းကန်ခဲ့ကြခြင်း၏အသီးအပွင့်အဖြစ်ထိုအစိုး
းရများပေါ်လာခြင်းလည်းဖြစ်သည်။

ယနေ့ကာလတွင်မှတိုးတက်သောပြုပြင်ပြောင်းလဲရေးအမြင်ရှိသည့်အစိုးရများထဲမှာပင်လူမှုစီးပွားဆိုင်ရာမိုဒယ်များ
ာမိုဒယ်များကိုအခြေခံကျကျပြင်ဆင်လိုကြသည့်အုပ်စုများမှာတစ်နေ့တခြားလူနည်းစုဖြစ်လာနေပြီးရှေ့တန်းရော
ရှ့တန်းရောက်လာသောအုပ်စုများမှာလက်တွေ့ကျသောအပြောင်းအလဲကိုသာလိုလားပြီးအရင်းရှင်ဝါဒကို
ဝါဒကိုခေတ်မီအောင်သာပြုပြင်လိုကြသည်။

ထိုနိုင်ငံများရှိဖွဲ့စည်းပုံဆိုင်ရာဖြစ်စဉ်များကို Boaventura de Sousa Santos ကအောက်ပါအတိုင်းမှန်မှန်ကန်ကန်ထောက်ပြခဲ့ပါသည်။

"အခုကျွန်တော်တို့မှလွန်ခဲ့တဲ့ဆယ်နှစ်ကမရှိခဲ့တဲ့အယူအဆအတွေးအခေါ်တွေရှိလာပြီ။ဒါတွေကိုလျော့တွက
ကက်လို့မရဘူး။ဥပမာ Buen Vivir အယူအဆ (ကောင်းစွာနေထိုင်ခြင်း)၊ Pachamama
အယူအဆ၊သဘာဝတရား၏အခြေခံရပိုင်ခွင့်၊ဌာနေဒေသခံတွေရဲ့လူမျိုးစုဘုံမြေတွေကိုဥပဒေအရအအ
ရအသိအမှတ်ပြုပေးခြင်းစတဲ့အယူအဆတွေပဲ။ပိုင်ဆိုင်မှုမှာနိုင်ငံတော်နဲ့ပုဂ္ဂလိကပိုင်ဆိုင်မှုအပြင
ပင်အခြားသောပိုင်ဆိုင်မှုပုံစံတွေရှိနေသေးတယ်ဆိုတာအတော်ထူးခြားတဲ့အတွေးအခေါ်ဖြစ်တယ်။က
။ကျွန်တော်တို့ဘိုလီးဗီးယားမှာဆိုဒီမိုကရေစီရဲ့ပုံစံသုံးမျိုးကိုတွေ့ရမယ်။ကိုယ်စားပြုဒီမိုကရေစီ၊ပါဝင
ဝင်ဆောင်ရွက်မှုဒီမိုကရေစီနဲ့လူထုဒီမိုကရေစီတို့ပဲ။သူတို့မှာကိုယ်ပိုင်ဆင်ခြင်မှုပုံစံတွေရှိပြီးအချင်းချင်းခ

[2]အီကွေဒေါအမတ်အဖွဲ့ဝင်အများအပြားက ၂၀၀၉ မိုင်းတွင်းဥပဒေသည် ၂၀၀၈ ဖွဲ့စည်းပုံနှင့် ဆန့်ကျင်သည်ဟု ဆိုကြသည်။ ဖွဲ့စည်းပုံခုံရုံးက ၂၀၁၀ တွင် ထိုဥပဒေမှာ ဖွဲ့စည်းပုံနှင့်ကိုက်ညီရန်အတွက် အချို့သောအချက်များကို ကြိုတင်ဖြည့်ဆည်းရန်လိုသည်ဟု ဆုံးဖြတ်သည်။

းချိတ်ဆက်မှုပုံစံတွေလည်းရှိတတ်တယ်။ဒါကြောင့်ကျွန်တော်တို့မှာအတွေးအခေါ် တိုက်ပွဲကိုတိုက
ကဲစရာနည်းလမ်းတွေအများကြီးရှိနေတယ်လို့ဆိုရမယ်။[3]"

ဘိုလီးဗီးယားနှင့်အီကွေဒေါတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် Plurinational State
(မတူညီသောနိုင်ငံရေးဖွဲ့စည်းမှုပုံစံအမျိုးမျိုးယှဉ်တွဲနေသောနိုင်ငံ)
များအဖြစ်ထည့်သွင်းပြဌာန်းထားရာကိုလိုနီနောင်ကြိုးများဖြေလျှော့ထားသောလူ့အဖွဲ့အစည်းများနှင့်အင်စတီ
ချုးနှင့်အင်စတီကျူးရှင်းများကိုတရားဝင်ထူထောင်လာနိုင်မည်ဖြစ်သည်။ယင်းတို့၏ဖွဲ့စည်းတည်ဆောက်ပုံ၊
ည်းတည်ဆောက်ပုံ၊အသိပညာထုတ်လုပ်ပုံနှင့်လက်တွေ့ကျင့်ကြံပုံတို့တွင်မတူကွဲပြားမှုများထင်ဟပ်နေမည်
ထင်ဟပ်နေမည်ဖြစ်သည်။

မျက်မှောက်ခေတ်အရင်းရှင်စနစ်၏သားရိုင်းဆန်ဆန်ကမ္ဘာရှုးထိုးဝါးမျိုနေမှုကိုဝေဘန်ခြင်းနှင့်ဆန့်ကျင်ကန့်ကွ
ကျင်ကန့်ကွက်ခြင်းတို့အပြင်လက်ဝဲအုပ်စုအနေနှင့်အဆိုပြုချက်အသစ်များနှင့်အမြင်သစ်များကိုလည်းဖော်ထု
လည်းဖော်ထုတ်နိုင်ရန်လိုအပ်သည်။စားသုံးသူဝါဒ၏အကန့်အသတ်မရှိသောဘဝနေထိုင်မှုပုံစံနှင့်ဗိုလ်ကျလွှ
င့်ဗိုလ်ကျလွှမ်းမိုးမှုကိုစိန်ခေါ် နိုင်မည့်အတွေးအခေါ် များကိုလည်းဖော်ထုတ်ရမည်။ထိုသို့ဖော်ထုတ်ရန်အတွ
ထုတ်ရန်အတွက်ပျော်ရွှင်ချမ်းမြေ့မှုနှင့်ဘဝအရည်အသွေးတို့ကဲ့သို့သောအယူအဆများကိုအခြားသောအမြင်ရှု
ထအမြင်ရှုထောင့်များမှဖွင့်ဆိုပြခြင်းနှင့်ထိုအဓိပ္ပါယ်ဖွင့်ဆိုမှုအသစ်များကိုလက်တွေ့ကြံဆတွေးခေါ် နိုင်မည့်က
ဝးခေါ် နိုင်မည့်ကမ္ဘာလောကသစ်တစ်ခုအဖြစ်အသွင်ကူးပြောင်းရေးပင်ဖြစ်သည်။

ကွဲပြားခြားနားသောဖွံ့ဖြိုးမှုပုံစံများအတွက်အမြဲတမ်းလုပ်ငန်းအဖွဲ့

အထက်ဖော်ပြပါတာဝန်ဝတ္တရားများကိုအကောင်အထည်ဖော်ရန်အတွက်အင်ဒီးစ်တောင်တန်းဒေသနိုင်ငံများ
ိုင်ငံများသည်အမြဲတမ်းလုပ်ငန်းအဖွဲ့ကို၂၀၁၀ခုနှစ်တွင်စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ထိုလုပ်ငန်းအဖွဲ့ကို
Rosa Luxemburg Foundation ၏ဒေသတွင်းရုံးခွဲဖြစ်သော Quito
မှချိတ်ဆက်ဆောင်ရွက်ပြီးလက်တင်အမေရိကနှင့်ဥရောပနိုင်ငံပေါင်းရှစ်နိုင်ငံမှအမျိုးသားအမျိုးသမီးများပါဝ
သမီးများပါဝင်သည်။အဖွဲ့၏လေ့လာဆန်းစစ်မှုများကိုအီကွေဒေါ၊ဘိုလီးဗီးယားနှင့်ဗင်နီဇွဲလားနိုင်ငံသုံးနိုင်ငံတွ
ံသုံးနိုင်ငံတွင်သာအဓိကထားသည်။ထိုအဖွဲ့သည်ဂေဟဗေဒ၊အမျိုးသမီးဝါဒ၊အရင်းရှင်ဝါဒကိုဆန့်ကျင်သောဘော
ကျင်သောဘောဂဗေဒ၊ဆိုရှယ်လစ်ဝါဒ၊ဌာနေတိုင်းရင်းသားများနှင့်အနောက်တိုင်းအတွေးအခေါ် မှုကွဲများအ
ကွဲများအပါအဝင်ပညာရပ်ဆိုင်ရာအုပ်စုများနှင့်အတွေးအခေါ် ဂိုဏ်းများမှအသိပညာထုတ်လုပ်မှုများကိုချိ
ချိတ်ဆက်ရန်အဓိကဆောင်ရွက်ခြင်းဖြစ်သည်။ထိုအတွေးအခေါ် သစ်များသည်ဖွံ့ဖြိုးရေးဟူသောအယူအဆ
အယူအဆကိုအခြေအမြစ်မှမေးခွန်းထုတ်ပြီးလက်ရှိလွှမ်းမိုးထားသောဖွံ့ဖြိုးရေးမော်ဒယ်နှင့်ကွဲပြားခြားနား
ဲပြားခြားနားသည့်ဖွံ့ဖြိုးရေးအယူအဆသစ်များကိုတည်ဆောက်ပြရန်ဖြစ်ပါသည်။

လုပ်ငန်းအဖွဲ့သည်ခိုင်မာသောလက်တွေ့အတွေ့အကြုံများပေါင်းစပ်ထားသည့်အသိပညာဂေဟအဆောက်အ
ဟအဆောက်အအုံကိုလက်တွေ့ကျင့်သုံးရန်ကြိုးပမ်းအားထုတ်ခြင်းပင်ဖြစ်သည်။ထိုအတွေ့အကြုံများသ
အကြုံများသည်အရပ်ဖက်အဖွဲ့အစည်းများမှလာသည့်အပြင်သက်ဆိုင်ရာနိုင်ငံ၏အင်စတီကျူးရှင်းများ၊လွှမ်းမိုး
မ်းမိုးထားသောစနစ်၏အပြင်ဖက်တွင်ရှိနေသည့်ဌာနေတိုင်းရင်းသားများ၏မျိုးရိုးစဉ်ဆက်အသိပညာများနှင်
များနှင့်မတူညီသောပညာရပ်နယ်ပယ်အသီးသီးမှဖောက်ထွက်တွေးခေါ် မှုများမှလာခြင်းလည်းဖြစ်သည်။

[3]Boaventura de Sousa Santos နှင့် အင်တာဗျူး "El cuento de la economía verde" (América Latina en Movimiento, September-October 2011, Quito, Ecuador)

ယခုစာအုပ်သည်လုပ်ငန်းအဖွဲ့၏ပထမဦးဆုံးသောလက်တွေ့ရလာဒ်ဖြစ်သည်။စာအုပ်တွင်အဓိကဆွေး
ကဆွေးနွေးမည့်အကြောင်းအရာမှာလက်ရှိလိုအပ်နေသောအပြောင်းအလဲအမျိုးမျိုးနှင့်နိုင်ငံရေးမဟာဗျူဟာများ
ရေးမဟာဗျူဟာများသည်ဖွံ့ဖြိုးရေး၏လက်ဝါးကြီးအုပ်လွှမ်းမိုးသောအယူအဆဘောင်အတွင်းမှအဆိုပြုသ
ဆိုပြုသည့်နည်းလမ်းသစ်များ၏အကန့်အသတ်မှကျော်လွန်ပြီးဆောင်ရွက်ရန်လိုအပ်နေသည်ဟူသောအချ
ဟူသောအချက်ဖြစ်သည်။ထို့ကြောင့်လုပ်ငန်းအဖွဲ့၏အမည်ဖြစ်သော "ကွဲပြားခြားနားသောဖွံ့ဖြိုးမှု"
ဟူသည်မှာနိုင်ငံရေးရပ်တည်မှုပုံစံတစ်ခုဖြစ်ပြီးလက်တင်အမေရိကနိုင်ငံများတွင်သမိုင်းကြောင်းအရအပြုသဘေ
းအရအပြုသဘောဆောင်သောအတွေးအခေါ်အဖြစ်လက်ခံထားကြသည်။

ဖွံ့ဖြိုးမှုဟူသည်သရုပ်သဏ္ဌာန်အားဖြင့်ဘဝသာယာဝပြောမှု၊ပျော်ရွှင်ချမ်းမြေ့မှုနှင့်ပိုမိုကောင်းမွန်သောဘဝအ
င်းမွန်သောဘဝအရည်အသွေးကိုအာမခံချက်ပေးခြင်းပင်ဖြစ်သည်။သို့ရာတွင်ဤလုပ်ငန်းအဖွဲ့ဝင်များကဖွံ့ဖြိုး
ဖြိုးမှုအယူအဆသည်မိမိတို့အားတစ်ခုသောတွေးခေါ်မှုပုံစံအတွင်းချောင်ပိတ်သိမ်းသွင်းထားခြင်းဖြစ်သည်ဟု
င်းဖြစ်သည်ဟုယူဆကြသည်။ထိုတွေးခေါ်မှုပုံစံမှာအနောက်တိုင်း၊အရင်းရှင်၊ကိုလိုနီတွေးခေါ်မှုပုံစံပင်ဖြစ်သည်
ပင်ဖြစ်သည်။ထိုအတွေးအခေါ်ကဖွံ့ဖြိုးပြီးမြောက်ပိုင်းကမ္ဘာကလျှောက်လှမ်းခဲ့ပြီးသောလမ်းကြောင်းအတိုင်းလို
းအတိုင်းလိုက်ရန်ကျန်သောအုပ်စုများအားလုံးကိုသိမ်းသွင်းပြီးတစ်ခုတည်းသောဘဝနေထိုင်မှုပုံစံကိုအားလံ
စံကိုအားလုံးကလိုက်ပါစေရန်ဆောင်ရွက်ခြင်းသာဖြစ်သည်။

သမိုင်းကြောင်းအရဆိုရသော်ဒုတိယကမ္ဘာစစ်ပြီးနောက်တွင်ခေတ်ဟောင်းကိုလိုနီဆက်ဆံရေးကို
ကမ္ဘာ့တောင်မြောက်ဆက်ဆံရေးပုံစံသစ်ဖြင့်အစားထိုးခဲ့သည်ဟုဆိုနိုင်သည်။ထိုဆက်ဆံရေးသစ
သစ်တွင်ကမ္ဘာကြီးအားဖွံ့ဖြိုးပြီးနှင့်ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများဟူ၍နှစ်ပိုင်းခွဲခြားလိုက်သည်။Michel Foucault ၏သီအိုရီနှင့် Arturo Escobar
၏သုံးသပ်မှု[4]အရဖွံ့ဖြိုးရေးဆိုသည်မှာကမ္ဘာကြီးကိုပြန်လည်ဖွဲ့စည်းတည်ဆောက်မည့်အာဏာ၏လက်
က်နက်တစ်ခုသာဖြစ်ပြီးတွေးခေါ်မှုပုံစံ discourse
နှင့်လက်တွေ့ကျင့်ထုံးအများအပြားကိုသုံးကာနိုင်ငံတကာအလုပ်အကိုင်ခွဲခြားခြင်းကိုအရင
ရင်းရှင်တွေးခေါ်မှုပုံစံအောက်တွင်တရားဝင်အောင်အသစ်တဖန်ပြုလုပ်ခြင်းသာဖြစ်သည်ဟုဆိုသည်။ဖ
။ဖွံ့ဖြိုးရေးကိုလူထုမှုဝါဒဆိုင်ရာရည်မှန်းချက်အဖြစ်ပြောင်းလဲရှုမြင်ကြသည်။ဖွံ့ဖြိုးရေးကိုဒေသတွင်
င်း၊နိုင်ငံအဆင့်နှင့်နိုင်ငံတကာတို့တွင်မြှင့်တင်အကောင်အထည်ဖော်ရန်အတွက်ဘတ်ဂျက်များကိုခွဲဧ
ဝချထားပြီးမရေမတွက်နိုင်သောအင်စတီကျူးရှင်းများကိုတည်ထောင်ကြသည်။တက္ကသိုလ်များတွင်လည်
ည်းဖွံ့ဖြိုးရေးကိုကျေးလက်ဖွံ့ဖြိုးရေး၊ရေရှည်တည်တံ့သောဖွံ့ဖြိုးရေး၊နိုင်ငံတကာဖွံ့ဖြိုးရေးစသ
စသည်ဖြင့်မရေမတွက်နိုင်သောခေါင်းစဉ်များတပ်ကာဖွံ့ဖြိုးရေးကျွမ်းကျင်သူများကိုမွေးထုတ်နေ
နေကြသည်။ဖွံ့ဖြိုးပြီးမြောက်ပိုင်းနိုင်ငံများတွင်အစဉ်အလာအားဖြင့်ကိုလိုနီနယ်ပယ်များနှင့်ပတ်
တ်သက်သည့်စီးပွားရေးမူဝါဒများကို 'နိုင်ငံတကာဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှု'
ဟူသည့်ခေါင်းစဉ်အသစ်တပ်ကာဆောင်ရွက်ကြသည်။

ဖွံ့ဖြိုးရေးသည်တစ်ကမ္ဘာလုံးရှိပြည်သူ့ရေးရာမူဝါဒနယ်ပယ်တွင်တက်ကနိုခရက်ပုံစံ၊အရေအတွက်အဓိက
ကပုံစံနှင့်ဘောဂဗေဒပုံစံနည်းနာများဖြင့်ချိတ်ဆက်ထားကာကမ္ဘာကြီး၏အကန့်အသတ်များကိုခြ
ခြိမ်းခြောက်နေသည့်ဖျက်ဆီးမှုသဘောဆောင်သောလုပ်ကိုင်ဆောင်ရွက်နည်းများဆီသို့မောင်းသွင
င်းလျက်ရှိသည်။ထိုယန္တရားစနစ်ကြီး၏နောက်ထပ်သက်ရောက်မှုတစ်ခုမှာတောင်ပိုင်းကမ္ဘာခြမ်းတွင

[4]ဖူးကိုလ်း၏ ပါဝါဆိုင်ရာ အရေးအသားများနှင့် Arturo Escobar ၏ Encountering Development: The Making and Unmaking of the Third World (Princeton: Princeton University Press, 1995) ကိုကြည့်ပါ။

င်ရှိနေသောဘဝနေထိုင်မှုပုံစံများ၊လူမှုဆက်နွယ်မှုများနှင့်အသိဉာဏ်စနစ်များကို'နောက်ပြန်ဆွဲ' သည်ဟုသတ်မှတ်ကာတန်ဖိုးဖျက်ခြင်းပင်ဖြစ်သည်။အကျိုးဆက်အနေနှင့် 'ဖွံ့ဖြိုးမှုနိမ့်ကျခြင်း' ဟုအမျိုးအစားခွဲခြားသတ်မှတ်ခြင်းကတောင်ကမ္ဘာခြမ်းတွင်အမှန်တကယ်မဖွံ့ဖြိုးမှုကိုပုံသွင်းပေးနေသည်။

အရင်းရှင်စီးပွားရေးမိုဒယ်နှင့်၂၀ရာစုအတွင်းအရင်းရှင်စနစ်မှခွဲထွက်သောအဓိကပရောဂျက်ကြီးနှစ်မျိုးစလုံးမှာဖွံ့ဖြိုးရေးဟူသောအယူအဆပေါ်တွင်ရေသောက်မြစ်ခံခြင်းဖြစ်သည်။အရှေ့ဥရောပရှိ 'ဆိုရှယ်လစ်အစိုးရစစ်စစ်များ' နှင့်လက်တင်အမေရိကရှိလက်ဝဲအတွေးအခေါ်ရှင်အတော်များများတူညီသောအချက်မှာနယ်ချဲ့ဝါဒနှင့်အရင်းရှင်ဝါဒကိုဆန့်ကျင်ကြသည်မှန်သော်လည်း 'ဖွံ့ဖြိုးရေး' အယူအဆကိုပြည်သူလူထုတိုးတက်ရေးအတွက်ဦးတည်သောလမ်းကြောင်းအဖြစ်မသိမသာလက်ခံထားကြသောအချက်ဖြစ်သည်။ယင်းအယူအဆကိုအရင်းရှင်စနစ်ကိုအခြေခိုင်အောင်သရွတ်ကိုင်ပြီးကိုလိုနီတည်ဆောက်မှုယုတ္တိကိုချဲ့ထွင်ရန်သုံးသောအသုံးချခံတစ်ခုအဖြစ်မရှုမြင်ကြချေ။အရင်းရှင်ကိုလိုနီယုတ္တိဗေဒတွင်လူတစ်ဦး၏ဘဝသာယာဝပြောမှုမှာသူ၏ဝယ်ယူနိုင်စွမ်းနှင့်အတူတူပင်ဖြစ်နေသည်။

သို့သော်နောက်ပိုင်းတွင်အပြောင်းအလဲဖြစ်လာသည်။၁၉၇၀ပြည့်လွန်နှစ်များမှစပြီးဖွံ့ဖြိုးမှုအယူအဆကိုပြန်လည်ဆန်းစစ်ဝေဖန်မှုများစတင်ပေါ်ထွက်လာသည်။မကြာသေးမီနှစ်များအတွင်းက Buen Vivir ဟူသောအယူအဆ (စပိန်ဘာသာဖြင့်ဘဝသာယာဝပြောမှုဟုအဓိပ္ပါယ်ထွက်သော်လည်းလက်တင်အမေရိကနှင့်ဌာနေယနယဉ်ကျေးမှုများတွင်အခြားသီးသန့်အဓိပ္ပါယ်ရှိသည်) နှင့်ပတ်သက်သည့်ဆွေးနွေးမှုများပေါ်ထွက်လာပြီးဖွံ့ဖြိုးရေး၊မော်ဒန်၊ဘောဂဗေဒနှင့်အပြေဖြောင့်စဉ်းစားခြင်းဘောင်များမှကွဲထွက်သောစဉ်းစားတွေးခေါ်မှုပုံစံများပေါ်ထွက်လာသည်။ Eduardo Gudynas ကယခုစာအုပ်ပါအက်ဆေးဖြစ်သော 'ဖွံ့ဖြိုးမှုအယူအဆနှင့်ပတ်သက်သောအငြင်းအခုံများနှင့်လက်တင်အမေရိကရှိကွဲပြားသောစဉ်းစားပုံများ-တယူသန်မဟုတ်သောတွေးခေါ်မှုလမ်းညွှန်' တွင်ထိုကိစ္စကိုဆွေးနွေးထားသည်။ဤစာအုပ်၏ဒုတိယအခန်းဖြစ်သော 'ဖွံ့ဖြိုးမှုကိုဝေဖန်စောကြောခြင်းနှင့်အခြားရွေးချယ်စရာများ- အမျိုးသမီးဝါဒအမြင်ရှုထောင့်' တွင်လည်းအမျိုးသမီးဝါဒရှုထောင့်မှနေပြီးထိုသုံးသပ်ချက်ကိုဖြည့်စွက်ဆွေးနွေးထားသည်။

သီအိုရီနှင့်အကယ်ဒမစ်နယ်ပယ်မှဝေဖန်သုံးသပ်မှုများအပြင်ဖွံ့ဖြိုးရေးဝါဒစွဲတွေးခေါ်မှုကိုဒေသဒေသန္တရအလိုက်ဆန့်ကျင်ကန့်ကွက်သည့်ပုံစံများလည်းအစဉ်အဆက်ရှိခဲ့သည်။ထိုမှတစ်ဆင့်မတူညီသောနောက်ခံအခြေအနေပေါင်းစုံတွင်ကွဲပြားခြားနားသောလက်တွေ့ကျင့်သုံးမှုပုံစံများကိုပေါ်ထွက်လာစေသည်။ဥပမာများမှာဘဝစီမံကိန်းများ၊ဂေဟာစိုက်ပျိုးရေးစနစ်၏ထုတ်လုပ်မှုနှင့်ဈေးကွက်တင်မှုကွန်ရက်များ၊ဖလှယ်မှုကွန်ရက်များ၊မတူကွဲပြားသောရပ်ရွာအဖွဲ့အစည်းများနှင့်မြို့ပြစုဖွဲ့မှုပုံစံများစသည်တို့ဖြစ်ကြသည်။ထိုအတွေ့အကြုံများသည်အမှန်တကယ်အသွင်ကူးပြောင်းမှုဖြစ်ပေါ်စေရေးအတွက်အရေးကြီးသောအခြေခံများပင်ဖြစ်သည်။ယင်းတို့ထဲမှအချို့ကိုမတူကွဲပြားသောဖွံ့ဖြိုးမှုဆိုင်ရာအမြဲတမ်းလုပ်ငန်းအဖွဲ့ကကိုယ်စားပြုပေးပြီးယင်းတို့မှလေ့လာမှုဖြစ်စဉ်ကိုပိုမိုနက်ရှိုင်းစွာဆောင်ရွက်နိုင်စေရန်ရည်ရွယ်သည်။

ပြီးခဲ့သောနှစ်များအတွင်းကလက်တင်အမေရိကတစ်ဝှမ်းတွင်ဖြစ်ပွားခဲ့သောအရပ်ဖက်အဖွဲ့အစည်းများ၏ဆန့်ကျင်မှုလှုပ်ရှားမှုများမှာဂေဟာပထဝီလှုပ်ရှားမှုဟုသတ်မှတ်နိုင်ပြီးၚင်းတို့ကိုယ်ၚင်းတို့ပိုင်နက

နက်နယ်မြေများနှင့်သဘာဝအရင်းအမြစ်တို့ကိုကာကွယ်စောင့်ရှောက်သည့်လှုပ်ရှားမှုအဖြစ်ပြ
ပြန်လည်ပုံဖော်သတ်မှတ်လာသည်ကိုတွေ့ရသည်။ယင်းကို Maristella Svampa
က'သယံဇာတထုတ်ယူမှုဝါဒနှင့်အခြားရွေးချယ်စရာများ-
လက်တင်အမေရိကဖွံ့ဖြိုးရေးအပေါ်ရှုမြင်ချက်များ' ခေါင်းစဉ်ဖြင့်သူမ၏အခန်းတွင်ဆန်းစစ်သုံးသပ်
ပ်ထားသည်။

အမြဲတမ်းလုပ်ငန်းအဖွဲ့၏အချေအတင်ဆွေးနွေးမှုများတွင်အဓိကကျသောအကြောင်းအရာမှာ
'လက်တင်အမေရိကပါရာဒေါက်'
ဟုသမုတ်ထားသောတိုးတက်သောအမြင်ရှိပါသည်ဟုကြွေးကြော်ထားသောအစိုးရများသည်၎င်းတို့တ
့တိုင်းပြည်များအတွက်အခြေခံဖွံ့ဖြိုးရေးမိုဒယ်အဖြစ်ရောမမိုင်းလုပ်ငန်းများနှင့်ရေနံသဘာဝဓာတ်ငွေ
ငွ့တို့ကဲ့သို့သောသဘာဝသံယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများကိုအားပေးနေသည့်အချ
ချက်ပင်ဖြစ်သည်။အဖွဲ့ကလက်ရှိအနေအထားတွင်စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းများနှင့်ဇီဝလေ
လောင်စာတို့ကိုလည်းထည့်သွင်းသုံးသပ်သင့်ပြီးယင်းလုပ်ငန်းများသည်သဘာဝသယံဇာတတင်ပို့သည
ည့်စီးပွားရေးမိုဒယ်ကိုပိုမိုအားကောင်းအောင်မြှင့်တင်ပေးခြင်းသာဖြစ်သည်ဟုသုံးသပ်သည်။ယင
ယင်းတို့ကြောင့်စိုက်ပျိုးရေးလုပ်ငန်းကသိမ်းပိုက်ထားသည့်မြေပမာဏပိုတိုးလာပြီးအဓိကသီးနှံတစ
တစ်မျိုးတည်းကိုသာဇောက်ချစိုက်ပျိုးသည့်စနစ်ကိုဖြစ်ထွန်းစေသည်။

ထိုသယံဇာတအခြေပြုမိုဒယ်၏နောက်ထပ်ဝိသေသတစ်ခုမှာဒေသတွင်းစီးပွားရေးများကိုအခြေခံ
ခံကုန်စည်များထုတ်လုပ်သည့်လုပ်ငန်းတစ်မျိုးတည်းတွင်သာဦးစိုက်စေကာဒေသတွင်းအပြန်အလှန်စီး
ီးပွားဆက်နွယ်မှုများကိုအားနည်းစေပြီးနိုင်ငံတကာဈေးကွက်နှင့်တိုက်ရိုက်ချိတ်ဆက်သောန
ါနိုင်ငံတကာကုမ္ပဏီကြီးများကလွှမ်းမိုးသည့်စီးပွားရေးဖြစ်စေသည်။ထိုကုမ္ပဏီကြီးများသည်အခွ
ခွန်တာဝန်ယူမှုလည်းမရှိသလောက်ဖြစ်သည်။ Alberto Acosta က
'သယံဇာတထုတ်ယူရေးဝါဒနှင့်နီယိုသယံဇာတထုတ်ယူရေးဝါဒ- ကြိမ်စာတစ်ခု၏မျက်နှာစာနှစ်ဖက်'
ဟူသောခေါင်းစဉ်ဖြင့်အခန်းတွင်ကုန်စည်များ၏တန်ဖိုး၌၎င်းတို့နှင့်ဆက်စပ်နေသည့်လူမှုနှင့်ပတ်
တ်ဝန်းကျင်ဆိုင်ရာစရိတ်များကိုထည့်သွင်းမှုမရှိသည့်ဝါဒများဟုဖော်ပြထားသည်။ယင်းအစားထိုစရ
စရိတ်များကိုသက်ဆိုင်ရာလူ့အဖွဲ့အစည်းများကသာကျခံရပြီးထိုလူ့အဖွဲ့အစည်းများသည်လည်းနိုင်င
င်ငံတကာကော်ပိုရိတ်ကမ္ဘာလောကကြီးတွင်ဒီမိုကရေစီနည်းကျပြောရေးဆိုခွင့်တစ်စုံတရာမရှိသူမျာ
ျားသာဖြစ်နေသည်။ Acosta
ကဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့်သယံဇာတထုတ်လုပ်ရေးဝါဒအကြားဆက်စပ်မှုများကိုဖော်ထုတ်ပြီ
ပီးထိုဆက်နွယ်မှုများကြောင့်ဖြစ်ရသောနိုင်ငံရေးနှင့်လူမှုရေးအကျိုးဆက်များကိုပါသုံးသပ်ပြထားသည်။

လက်တင်အမေရိကပါရာဒေါက်နှင့်ဆိုင်သောငြင်းခုံဆွေးနွေးမှုများကို Edgardo Lander နှင့် Ulrich Brand
တို့ကပြောင်းလဲမှုဖြစ်စဉ်တွင်နိုင်ငံများ၏အခန်းကဏ္ဍကိုသုံးသပ်ခြင်းအားဖြင့်ပိုမိုလေးနက်
က်သွားစေသည်။ဘိုလီးဗီးယား၊အီကွေဒေါနှင့်ဗင်နီဇွဲလားနိုင်ငံများရှိဖြစ်စဉ်များသည်နိုင်ငံတော်၏ထ
၏ထိန်းချုပ်မှုနှင့်စီမံခန့်ခွဲမှုအခန်းကဏ္ဍများကိုပြန်လည်ဖော်ဆောင်ခြင်းဖြစ်သော်လည်းယင
ယင်းကြောင့်လက်ရှိလွှမ်းမိုးနေသောဖွံ့ဖြိုးရေးမိုဒယ်ကြီးတစ်ခုလုံးကိုကျော်လွှန်နိုင်ခြင်းမရှိ
ိပါ။လူထုထောက်ခံမှုအားဖြင့်တရားဝင်မှုမြင့်မြင့်မားမားရှိနေသောအစိုးရတစ်ရပ်ရှိယုံမျှဖြင့်အ
အမြစ်တွယ်နေသောကိုလိုနီစိတ်ဓာတ်ကိုပြောင်းလဲပစ်နိုင်မည်ဟုမယူဆနိုင်ပါ။လုပ်ငန်းအဖ
အဖွဲ့၏ဆွေးနွေးမှုများကနိုင်ငံသုံးခုရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများအကြားကွဲပြားမှုကိုသုံးသပ်ရ
ရန်နှင့်လူ့အဖွဲ့အစည်းများကိုဖွံ့ဖြိုးရေးဝါဒလွန်ခေတ်ဆီသို့ဦးတည်ပြီးအသွင်ပြောင်းရန်စဉ်ဆက်

က်မပြတ်တိုက်တွန်းနှိုးဆော်လျက်ရှိသည်။လူမျိုးစုံနိုင်ငံတော်ဟူသောမူဘောင်တွင်မည်သို
့သောအသွင်ပြောင်းမှုများကဖြစ်နိုင်ပြီးလိုလားအပ်သနည်း၊သက်ဆိုင်ရာနိုင်ငံတွင်းမှာပင်အခေ
အပြောင်းအလဲကိုဖော်ဆောင်နိုင်ပါမည်လား၊မိုင်းတွင်းတူး၊မြေကြီးငှား၊သယံဇာတထုတ်လုပ်လာ
လာခဲ့သည့်နိုင်ငံများကအပြောင်းအလဲ၏အေးဂျင့်များအမှန်တကယ်ဖြစ်လာနိုင်မည်လား၊နိ
နိုင်ငံတော်ယန္တယားများမည်မျှကွဲပြားသနည်း၊မည်သည့်ယန္တယားများကအပြောင်းအလဲကို
ကိုအားပေးပြီးမည်သည်တို့ကနှောင့်နှေးစေသနည်းစသည်တို့ကိုလည်းဆွေးနွေးထားပါသည်။

အစိုးရများ၏အပြောင်းအလဲဟူသောခေါင်းစဉ်အောက်တွင်နိုင်ငံတော်၏ကဏ္ဍကအရေးပါ
ပါလေရာယင်းနှင့်ပတ်သက်ပြီးမည်သို့သောငြင်းခုံဆွေးနွေးမှုများရှိသနည်း၊မည်သို့သောအကျိုးစီး
ီးပွားများကနောက်ကွယ်တွင်ရှိနေသနည်းစသည်တို့ကိုလေ့လာဆန်းစစ်နိုင်ရန်လိုအပ်ပါသည်။

ဤစာအုပ်၏နောက်ဆုံးအခန်းတွင်ဖွံ့ဖြိုးမှု၏အစားထိုးရွေးချယ်စရာများကိုတည်ဆောက်ပြရန်အတွ
တွက်လမ်းကြောင်းအသွယ်သွယ်ကိုချပြဆွေးနွေးထားသည်။ဘိုလီးဗီးယားမှ Raúl Prada သုံးသပ်ပြထားသော buen vivir သို့မဟုတ် vivir bien
အယူအဆကိုမျှော်လင့်ချက်မိုးကုတ်စက်ဝိုင်းအဖြစ်သတ်မှတ်ပြီးဆွေးနွေးထားပါသည်။ထိ
ထိုအယူအဆသည်အစဉ်အလာဖွံ့ဖြိုးရေးအတွေးအခေါ်ကိုဝေဖန်ကန့်ကွက်ထားပြီးဘဝနေထိုင်မှုပုံစံသစ်မျာ
ျားဖြစ်လာစေမည့်လူ့ယဉ်ကျေးမှုဆိုင်ရာအတွေးအခေါ်သစ်များကိုဖော်ထုတ်ထားခြင်းဖြစ်သ
်သည်။ယင်းသည်ဆင်ခြင်တုံတရားအဓိကဝါဒ၏စည်းနှောင်မှုများကိုရိုက်ချိုးပြီးဖွံ့ဖြိုးတိုးတက်မှုများတစ်ဆ
်ဆင့်ပြီးတစ်ဆင့်ဖြစ်ပေါ်သည်ဟူသောအစဉ်အလာသမိုင်းရေးအယူအဆကိုပါမေးခွန်းထုတ်ထာ
ထားခြင်းဖြစ်သည်။ Buen vivir
ဆိုသည်မှာရပ်ရွာလူ့ဘောင်အတွင်းရှိလုပ်ရပ်များမှပေါ်ထွက်လာခြင်းဖြစ်ပြီးကိုလိုနီနှင့်အဖိုကြီးစိုးမှုများ
ားထဲမှဆန့်ကျင်ခဲ့ထွက်လာသောပုဂ္ဂလလှုပ်ရှားမှုများကိုဆိုလိုသည်။ Buen vivir
သည်လက်တွေ့အတွေ့အကြုံများ၊မတူညီသောနောက်ခံအကြောင်းတရားများနှင့်ဖြစ်တည်မှုများ
ား၊အခြေအနေများနှင့်အညွှန်းပြုမှုများမတူကွဲပြားသည့်အပေါ်တွင်အခြေခံထားခြင်းဖြစ်သည်။ Elisa Vega
၏အရေးအသားများမှဥပမာတစ်ခုဖြစ်ပြီးဌာနေတိုင်းရင်းသူတစ်ဦးဖြစ်သောသူမ၏ပုဂ္ဂလဘဝအတွေ့အကြုံ
ုံများနှင့်ဘိုလီးဗီးယားတွင်ဖိုဝါဒလျှော့ချရေးနှင့်ကိုလိုနီဝါဒဖယ်ရှားရေးဆိုင်ရာအစိုးရဌာနများတွင်တာ
တာဝန်ယူဆောင်ရွက်ရင်းဖော်ထုတ်ခဲ့သောပြည်သူ့ရေးရာမူဝါဒများကိုအခြေခံထားသည်။

လိုလားအပ်သောအသွင်ကူးပြောင်းရေးဆိုင်ရာမူဘောင်များဆွေးနွေးရာတွင် Eduardo Gudynas
ကသူ၏ဒုတိယအက်ဆေးဖြစ်သော 'သယံဇာတတူးဖော်ရေးဝါဒအလွန်-
မဟာဗျူဟာလမ်းကြောင်းများ၊ရွေးချယ်စရာများနှင့်လုပ်ဆောင်ရမည့်နယ်ပယ်များ'
တွင်ဖြစ်နိုင်ဖွယ်လမ်းကြောင်းများကိုခြေရာခံပြထားသည်။သူကလက်ရှိတူးဖော်ထုတ်လုပ်ရေးမ
းမိုဒယ်နှင့်ဝေးရာသို့တစ်ဆင့်ချင်းရွှေ့လျားထွက်ခွာသွားနိုင်မည့်ပုံစံကိုအဆိုပြုထားရာတွင်လက်ရှ
ရှိအရိုင်းအစိုင်းဆန်သောတူးဖော်ထုတ်လုပ်ရေးမှသည်နားလည်/တာဝန်ယူမှုရှိသောထုတ်လုပ်ရေး၊ထိုမှသည်
ည်နောက်ဆုံးတစ်နေ့တွင်ဒေသလိုအပ်ချက်အတွက်မဖြစ်မနေဆောင်ရွက်ရသောထုတ်ယူမှုအဆင့်ဆီ
ဆီသို့သွားမည့်ပုံစံကိုတင်ပြထားသည်။

ဤစာအုပ်သည်အစဉ်အလာဖွံ့ဖြိုးရေးကိုအစားထိုးရွေးချယ်စရာများကိုတည်ဆောက်ရာတွင်ပါဝင်ကူညီခြ
ခြင်းပင်ဖြစ်သည်။ယင်းသည်လက်တင်အမေရိကတိုက်ရှိလူမှုလှုပ်ရှားသူအများအပြားလက်ခံထားသော
သာလမ်းကြောင်းပင်ဖြစ်ပြီးလူ့အဖွဲ့အစည်း၏အကျပ်အတည်းထဲမှရုန်းထွက်နိုင်မည့်လမ်းကြောင

ာင်းအဖြစ်သတ်မှတ်ထားသည်။အမြဲတမ်းလုပ်ငန်းအဖွဲ့တွင်အဓိကအချေအတင်ဆွေးနွေးမှုအေြ
ကြောင်းအရာတစ်ခုမှာ Buen Vivir
ကိုလူအများစုနေထိုင်ပြီးဘဝဟန်ပန်တစ်မျိုးတည်းရှိလေ့ရှိသောမြို့ပြလူ့ဘောင်တွင်မည်သို့ပြုစုပျိုးထော
ထောင်မည်ဟူသောအချက်ပင်ဖြစ်သည်။

အဆိုပြုချက်များဖော်ထုတ်ရေးနှင့်လမ်းကြောင်းသစ်များရှာဖွေဖော်ထုတ်ရေးသည်အစဉ်အလာအား
ားဖြင့်ဝေဖန်ရှိုင်းနှိုင်းမှုတွင်သာအားသန်သောလက်ဝဲသမားတစ်ဦးအတွက်စိန်ခေါ်မှုပင်ဖြစ
ဖစ်သည်။ထိုအခြေအနေတွင်မိမိတို့အနေနှင့်အချင်းချင်းကြားအားနည်းချက်များကိုအဓိကမထားပဲအား
ားသာချက်များကိုသာရှေ့ရှုပြီးယခင်ကစဉ်းစား၍ပင်မရသောအရာများကိုစတင်စဉ်းစားနိုင်ရန်အတွက်
က်ပူးပေါင်းဆောင်ရွက်ရမည့်အချိန်ပင်ဖြစ်ပါသည်။

## လက်တင်အမေရိကအတွက်ဖွံ့ဖြိုးမှုနှင့်၎င်းအစားထိုးရွေးချယ်စရာများ-
## သမားရိုးကျမဟုတ်သောအတွေးအခေါ်ပေါင်းစုံလမ်းညွှန်

Eduardo Gudynas[1]

လွန်ခဲ့သောနှစ်သုံးဆယ်ကျော်ခန့်ကဘရာဇီးမှစီးပွားရေးပညာရှင်ဆယ်လ်ဆိုဖာတာဒိုကဖွံ့ဖြိုးရေးဆိုသည်မှာ
သည်မှာစိတ်ကူးယဉ်ဒဏ္ဍာရီတစ်ခုသာဖြစ်ပြီး
'ရင်းနှီးမြှုပ်နှံမှု၊ပို့ကုန်နှင့်ဖွံ့ဖြိုးမှုစသောဒြပ်မဲ့ဆန်သည့်အယူအဆများပေါ်တွင်အခြေပြုထားခြင်းဖြစ်သည်'
ဟုဆိုခဲ့သည်။ထိုဒြပ်မဲ့အယူအဆပန်းတိုင်များကိုပင်ယခုအချိန်၌လက်တင်အမေရိကရှိနိုင်ငံရေးအတွေးအခေ
တွးအခေါ်အုပ်စုများအားလုံးထံမှကြားနေရသည်။ဖွံ့ဖြိုးမှုနှင့်ဆိုင်သောအမေးပုစ္ဆာမှယနေ့အချိန်အထိအဖြေ
ထိအဖြေမရှိသေးသောပုစ္ဆာတစ်ခုဖြစ်နေသည်။ဖာတာဒိုက
'ဆင်းရဲသူများသည်အဆုံးတစ်နေ့တွင်ယနေ့လူချမ်းသာများနေထိုင်ကြသောလူနေမှုအဆင့်များအတိုင်းနေထို
င်းနေထိုင်နိုင်ကြလိမ့်မည်'
ဟူသောဖွံ့ဖြိုးမှုအယူအဆမှာမဖြစ်နိုင်သောအတွေးအခေါ်တစ်ခုသာဖြစ်သည်ဟုဆိုသည် (Furtado, 1975)။ထိုအတွေးအခေါ်ကိုသုံးပြီးကမ္ဘာ့အစွန်အဖျားဒေသများမှာလူများကိုကြီးမားသောပေးဆပ်မှုများပြုစေ
ားပြုစေခြင်း၊ရှေးဟောင်းယဉ်ကျေးမှုများကိုဖျက်ဆီးခြင်း၊သဘာဝပတ်ဝန်းကျင်ကိုဖျက်ဆီးခြင်းနှင့်ကုန်ထုတ်လု
းနှင့်ကုန်ထုတ်လုပ်ရေးစနစ်၏လောဘဇောတိုက်သောပုံစံကိုအားပေးသည့်မီခိုမှုပုံစံများကိုဖြစ်စေခြင်းစသည်တု
စေခြင်းစသည်တို့ကိုဖန်တီးယူကြသည်။၂၁ရာစုအဝင်သို့ရောက်သည့်တိုင်အောင်ဖွံ့ဖြိုးရေးပြဿနာမျက်
သနာမျက်နှာစာအများအပြားတည်ရှိနေကြသေးသည်။

အထက်ပါဝေဖန်ချက်နှင့်အခြားဝေဖန်ချက်များကလက်တင်အမေရိကတွင်ဖွံ့ဖြိုးရေးဟူသောအယူအဆ၊၎င်း
အယူအဆ၊၎င်း၏နည်းလမ်းများ၊ပန်းတိုင်များနှင့်ပတ်သက်ပြီးအခြေအတင်ဆွေးနွေးမှုများကာလအတန်ကြာ
းကာလအတန်ကြာကတည်းကစတင်ခဲ့ပြီးဖြစ်သည်ကိုတွေ့ရမည်။ယခုစာတမ်းတွင်ဆွေးနွေးမှုများကိုထပ်မံပေါ
ကိုထပ်မံပေါင်းထည့်ပေးရန်ရှိပြီးဖွံ့ဖြိုးရေး၏ပြဿနာများနှင့်၎င်း၏အစားထိုးရွေးချယ်စရာများအကြောင်းနှင်
အကြောင်းနှင့်ပတ်သက်သည့်အဓိကအတွေးအခေါ်အယူအဆများကိုလည်းသုံးသပ်သွားမည်ဖြစ်ပါသည်။ရှိ
ပါသည်။ရှိသမျှအတွေးအခေါ်မူကွဲများအားလုံးကိုဝေဖန်ဆန်းစစ်သွားမည်မဟုတ်ပဲအထူးသဖြင့်အစားထိုးရွေး
းရွေးချယ်စရာများဖော်ထုတ်ပေးနိုင်မှုအရာတွင်လက်တင်အမေရိကတွင်ဩဇာလွှမ်းမိုးမှုအရှိဆုံးအတွေးအခေ
ဆုံးအတွေးအခေါ်များကိုလေ့လာသွားမည်ဖြစ်သည်။ယခုသုံးသပ်မှုမှာဖွံ့ဖြိုးရေးဟူသောအတွေးအခေါ်တ
အတွေးအခေါ်တစ်ရပ်၏နောက်ကွယ်ရှိအခြေခံအယူအဆများကိုပါလေ့လာစေကြောသွားမည်ဖြစ်ရာသ
ဖစ်ရာသမားရိုးကျမဟုတ်သောသုံးသပ်မှုတစ်ခုလည်းဖြစ်ပါသည်။ 

### ဖွံ့ဖြိုးရေးဟူသောအယူအဆကိုတည်ဆောက်ခြင်း

'ဖွံ့ဖြိုးရေး'
၏ပုံမှန်အဓိပ္ပါယ်မှာစီးပွားရေးနှင့်လူမှုရေးဘဝများဖွံ့ဖြိုးတိုးတက်လာခြင်းကိုဆိုလိုလေ့ရှိသည်။အော
အာက်စဖို့ဒ်အဘိဓာန်ကယင်းကိုပိုမိုကြီးထွား၊ပြည့်ဝ၊ရင့်ကျက်လာခြင်း၊ပိုမိုတက်ကြွမြင်သာလာခြင်း၊သိ
သို့မဟုတ်မြို့ပြဖြစ်ထွန်းမှုကဲ့သို့ဖြစ်စဉ်များဟုဖွင့်ဆိုသည်။တော်ဝင်စပိန်အကယ်ဒမီအဘိဓာန်ကဖွံ့ဖြိုးရေး
ရေးကိုစီးပွားရေးဝေါဟာရတစ်ခုအဖြစ်သတ်မှတ်ပြီး
'ပိုမိုမြင့်မားသောလူနေမှုအဆင့်အတန်းများဆီသို့တက်သွားသည့်စီးပွားရေးအဆောက်အဦး၏အဆင

---

[1] Centro Latino Americano de Ecología Social (CLAES), Montevideo, Uruguay (www.ambiental.net) မှသုတေသနပညာရှင်၊ MSc in social ecology

ဆင့်ဆင့်ဖြစ်ပေါ် တိုးတက်မှု'
ဟုအဓိပ္ပါယ်ဖွင့်ဆိုသည်။လူတို့ကိုရည်ညွှန်းရာတွင်တိုးတက်သော၊ဝပြောသော၊ခေတ်မီသော၊စီးပွားရေ
ရေး၊လူမှုရေး၊ယဉ်ကျေးမှု၊နိုင်ငံရေးစသည်တိုးတက်သောဟူ၍ဖွင့်ဆိုသည်။ထိုဝေါဟာရသည်ဇီဝဗေဒက
ဒကဲ့သို့သောအခြားသောပညာရပ်နယ်ပယ်များမှလာခြင်းဖြစ်ပြီးသက်ရှိသတ္တဝါတစ်ကောင်၏ရင့်ကျက်
က်ကြီးထွားမှုအဆင့်များကိုဆိုလိုခြင်းဖြစ်သည်။လူမှုသိပ္ပံနှင့်နိုင်ငံရေးတွင်ဖွံ့ဖြိုးမှုဆိုသည်မှာအ
၁အကယ်ဒမစ်နှင့်လက်တွေ့အသုံးများစွာရှိနေပြီးအချို့သောအဖွဲ့အစည်းများဥပမာ-
အမေရိကတိုက်လုံးဆိုင်ရာဖွံ့ဖြိုးရေးဘဏ် Inter-American Development Bank (IDB)
စသည်တို့အမည်တွင်လည်းပါဝင်သည်။

ဖွံ့ဖြိုးရေးသို့မဟုတ် 'ဖွံ့ဖြိုးရေးဘောဂဗေဒ'
ဟူသောဝေါဟာရ၏အစဉ်အလာဖွင့်ဆိုချက်မှာဒုတိယကမ္ဘာစစ်နောက်ပိုင်းမှခေတ်စားလာခြင်းဖြစ်
စ်သည်။ယင်းကိုစီးပွားရေးသီအိုရီများဖြင့်ကျားကန်ထားပြီးဆင်းရဲမွဲတေမှုနှင့်မနစ္ခဲဝေမှုတို့ကဲ့သို့သောစ
၁စိန်ခေါ် မှုများကိုလက်တွေ့ဖြေရှင်းနိုင်မည့်နည်းလမ်းတစ်ရပ်အဖြစ်လက်ခံယူဆထားကြသည်။ဖွံ့ဖြိုး
ိုးပြီးတိုင်းပြည်များနှင့် (လက်တင်အမေရိကအပါအဝင်)
ဖွံ့ဖြိုးဆဲတိုင်းပြည်များအကြားခွဲခြားမှုကိုလည်းစတင်သတ်မှတ်ကြသည်။၁၉၄၉ဇန်နဝါရီ၂၀တွင်ပြောကြာ
ကားခဲ့သောအမေရိကန်သမ္မတထရူးမင်း၏မိန့်ခွန်းတွင်တောင်ကမ္ဘာခြမ်းရှိ 'ဖွံ့ဖြိုးမှုနိမ့်ကျသော'
နိုင်ငံများသည်စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများလျှောက်လှမ်းခဲ့သောလမ်းကြောင်းအတိုင်းလိုက်သင
သင့်ကြောင်းထည့်သွင်းပြောကြားခဲ့ရာယင်းကိုဖွံ့ဖြိုးရေးမိုဒယ်စတင်ပေါ် ပေါက်လာခြင်း၏အဓိ
ဓိကဥပမာတစ်ခုအဖြစ်တင်စားကြသည် (Esteva,
1992)။ထို့ကြောင့်ဖွံ့ဖြိုးမှုအယူအဆသည်စီးပွားရေးတိုးတက်မှုနှင့်တိုက်ရိုက်ဆက်စပ်နေပြီးအကျိုးဆက
ဆက်အနေနှင့်လူသားဘဝသာယာဝပြောရေးမှာနောက်တန်းရောက်လာခဲ့သည်။မညီမျှမှုနှင့်ဆင်းရဲ
ရဲမွဲတေမှုပြဿနာများမှာလည်းစီးပွားရေးပညာနည်းလမ်းဖြင့်ဖြေရှင်းနိုင်မည့်ပြဿနာများဟ
းဟုရှုမြင်ခံလာရသည်။ထိုအတွေးအခေါ် များသည်မိုက်ကယ်ကာလက်ကီ၊ဂျွန်မေနတ်ကိန်းစ်နှင့်နီကိ
ကိုလပ်ကယ်လ်ဒေါ် တို့ကဲ့သို့သောစီးပွားရေးတွေးခေါ် ရှင်များထံသို့ရောက်သွားသည်။ဖွံ့ဖြိုးမှုနှင့်ခေတ်မီ
မီမှုကိုချိတ်တွဲထားခြင်းအားလက်တင်အမေရိကတွင်၁၉ရာစုကတည်းကတွေ့ရှိရပြီးဖွံ့ဖြိုးမှုအယူအဆကိုစီ
စီးပွားရေးနှင့်လူမှုရေးအဆင့်ဆင့်တိုးတက်ပြောင်းလဲမှုအယူအဆနှင့်ချိတ်ဆက်ထားသည်။

၂၀ရာစုအလယ်ပိုင်းတွင်မှဖွံ့ဖြိုးမှုနှင့်စီးပွားရေးတိုးတက်မှုတို့မှာခွဲခြားမရသောအယူအဆများဖြစ်လာ
လာသည်။ယင်းတို့ကိုအပြန်အလှန်ဖလှယ်၍ရသောဝေါဟာရများအဖြစ်စတင်သုံးစွဲလာကြသည် (ဥပမာ
(Lewis, 1976)။တိုးတက်မှုမှာရော့စတိုး
(1961) ပြောသလိုတစ်ဆင့်ချင်းဖြစ်ပေါ် လာခြင်းဖြစ်ပြီးနောက်ကောက်ကျသောတိုင်းပြည်များကဖွံ့၂
့ဖြိုးပြီးတိုင်းပြည်များ၏ခြေလှမ်းအတိုင်းလိုက်ခြင်းကိုရည်ရွယ်သည်။ယင်းတို့အတွက်အဓိကကိစ္စမှာဝ
၁ဝင်ငွေခွဲဝေမှုမဟုတ်ပဲစီးပွားရေးတိုးတက်မှုဖြစ်ပြီးစုစုပေါင်းပြည်တွင်းထုတ်ကုန် GDP
ကဲ့သို့သောအတိုင်းအတာများကိုပန်းတိုင်များအဖြစ်ပြောင်းလဲမှတ်ယူသောအခြေသို့ဆိုက်သွားစေသည်။

ထို့ကြောင့်၂၀ရာစုအလယ်ပိုင်းမှစပြီးဖွံ့ဖြိုးမှုသည်စီးပွားရေးအဆင့်ဆင့်ဖြစ်ပေါ် ပြောင်းလဲမှုကိုဖြစ်စဉ်
ဉ်ကိုရည်ညွှန်းခြင်းဖြစ်လာသည်။ထိုသို့ဖြစ်ပေါ် ပြောင်းလဲမှုသည်သဘာဝသယံဇာတများကိုသုံးကာ
ကာစီးပွားရေးတွက်ချေကိုက်မှုနှင့်အကျိုးအမြတ်အယူအဆများ၏လမ်းညွှန်မှုဖြင့်အနောက်တိုင်းပ
းပုံစံလူနေမှုဘဝကိုဦးတည်ရည်မှန်းသောဖြစ်စဉ်တစ်ခုသာဖြစ်သည် (Bustelo, 1998; Unceta, 2009)။

ကနဦးသတိပေးချက်များနှင့်မီခိုမှုအပေါ် ဝေဖန်ချက်များ

ဖွံ့ဖြိုးမှုဟူသောအယူအဆခေတ်စားလာပြီးမကြာခင်မှပင်ပထမဦးဆုံးသောဝေဖန်မှုစတင်ပေါ်ထွက်လ
လာသည်။ကုလသမဂ္ဂမျက်နှာစာတွင် 'ကုလဖွံ့ဖြိုးမှုရာစု- လုပ်ငန်းစဉ်များအတွက်အဆိုပြုချက်များ' (၁၉၆၂)
ဖွံ့ဖြိုးမှုကိုစီးပွားရေးတိုးတက်မှုနှင့်ခွဲခြားရန်နှင့်အရည်အသွေးနှင့်အရေအတွက်ဆိုင်ရာအတိုင်းအတ
အတာများကိုခွဲခြားရန်တောင်းဆိုသည်။ဘောဂဗေဒကိန်းဂဏန်းများသက်သက်မဟုတ်ပဲလူမှုရေးနှင
င့်ယဉ်ကျေးမှုကိစ္စများကိုပါထည့်သွင်းရန်ဟူသောအယူအဆစတင်ကျယ်ပြန့်လာခြင်းဖြစ်သည်။

အကယ်ဒမစ်နယ်ပယ်တွင်၁၉၆၅နှင့်၁၉၆၉အတွင်းများစွာသောဝေဖန်ရေးလေ့လာမှုများပေါ်ထွက်
က်လာခဲ့သည်။အီးဂျေမစ်ရှန်ကစီးပွားရေးတိုးတက်မှု၏လျှံကျဆိုးကျိုးများဟူသောနာမည်ကျော်လေ့လာ
လာမှုတွင်မြို့ပြပြန့်ကားမှု၊ရွှေ့ပြောင်းအခြေချမှုနှင့်ယဉ်ကျပ်တည်းမှုစသောတွဲဖက်ဆိုးကျိုးများအကြော
ကာင်းကိုဆွေးနွေးခဲ့သည် (Mishan, 1983)။ထို့နောက်ကြွယ်ဝမှုနှင့်ပတ်သက်ပြီး Galbraith (1992) နှင့်ဖွံ့ဖြိုးရေး၏လူမှုအကန့်အသတ် Hirsch (1976)
စသောဝေဖန်ရေးအယူအဆများဆက်လက်ပေါ်ထွက်လာသည်။

ထိုသတိပေးခေါင်းလောင်းသံများလက်တင်အမေရိကသို့ရောက်လာသော်လည်း၎င်းဒေသတွင်အဓ
အဓိကဆွေးနွေးငြင်းခုံကြသောအကြောင်းအရာမှာ Raúl Prebisch
ကအစပြုပေးသောအကြောင်းအရာဖြစ်သည်။အဆောက်အဦဝါဒဟုလူသိများသောသူ၏အယူအဆတွ
တွင်လက်တင်အမေရိကစီးပွားရေးများ၏အလွှာစုံအဆင့်စုံတည်ရှိမှုကိုထောက်ပြထားပြီးခေတ်
တ်မီသောကဏ္ဍများနှင့်ခေတ်နောက်ကျသောကဏ္ဍများ၊တစ်ပိုင်တနိုင်လုပ်ငန်းများယှဉ်တွဲတည်ရှိနေခြ
ခြင်းကိုဖော်ပြသည်။ထိုစီးပွားရေးများသည်ကုန်ကြမ်းအမျိုးအမည်အနည်းငယ်တင်ပို့ခြင်းကိုအဓ
အဓိကထားသော်လည်းခေတ်မီသောအစိတ်အပိုင်းငယ်များလည်းပူးတွဲတည်ရှိသည်။ထိုအယူအဆမ
ဆမှုတစ်ဆင့်စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများရှိသောဗဟိုနှင့်ကျန်နိုင်ငံများရှိသောဝန်းရံဒေသများအ
အကြားမမျှတသောဆက်ဆံရေးကိုထောက်ပြသည့်အယူအဆများဆက်လက်ပေါ်ထွက်လာသည်
(Rodríguez, 2006)။ထိုဗဟို-
ဝန်းရံသီအိုရီမှာအလွန်သြဇာကြီးပြီးပြည်တွင်းစက်မှုလုပ်ငန်းများအားဖြင့်သွင်းကုန်အစားထိုးမဟာဗျူဟ
ူဟာများ၏လက်သည်ရေသောက်မြစ်လည်းဖြစ်သည်။ထို့အပြင်အထူးလိုအပ်နေသောဖွံ့ဖြိုးရေး၏နိ
နိုင်ငံတကာအမြင်ကိုလည်းပေးစွမ်းသည်။



နောက်ပိုင်းနှစ်များတွင်မီခိုမှုသီအိုရီဟုခေါ်တွင်သောအယူအဆဆက်လက်ပေါ်ပေါက်လာသည်။ထိုသီအို
ရီ၏အခြေခံမှာမဖွံ့ဖြိုးမှုသည်ဖွံ့ဖြိုးမှုမတိုင်ခင်ရှိခဲ့သောအဆင့်တစ်ခုမဟုတ်မူ၍ဖွံ့ဖြိုးမှု၏အကျိုးဆက်တစ်
စ်ခုသာဖြစ်ကာအဓိကအားဖြင့်ကိုလိုနီဝါဒနှင့်နယ်ချဲ့ဝါဒ၏ဆိုးကျိုးရလာဒ်တစ်ခုသာဖြစ်သည်ဟူေ
သောအယူအဆဖြစ်သည်။အရင်းရှင်ဝါဒနှင့်နိုင်ငံတကာကုန်သွယ်ရေး၏အချိုးမညီမှုများမှာမညီ
ညီမျှမှု၏လက်သည်တရားခံဖြစ်ပြီတိုးတက်မှုကိုဟန့်တားသောဘရိတ်သဖွယ်ဖြစ်နေသည်။မီခိုမှုသီအိုရီသည်
ည်မှုကွဲများစွာအဖြစ်ဆက်လက်ကျယ်ပြန့်သွားသည် (Bustelo,
1998)။နိုင်ငံတကာအခြေအနေများနှင့်ပြည်တွင်းသမိုင်းရေး၊နိုင်ငံရေးနောက်ခံအခြေအေ
အနေများကိုကောက်ယူမှုအပေါ်မူတည်ပြီးကွဲပြားသွားခြင်းဖြစ်သည် (ဥပမာများမှာ- Gunder Frank,
1970; Furtado, 1964; Cardoso and Faletto,

1969)။အစဉ်အလာဖွံ့ဖြိုးရေးဘောဂဗေဒကသမိုင်းရေးနောက်ခံနှင့်ပါဝါဆက်နွယ်မှုများကိုထည့်သွင
ွင်းမစဉ်းစားသော်လည်းမီခိုမှုသီအိုရီကၡင်းတို့ကိုရှေ့တန်းတင်တွေးခေါ်သည်။

ထိုဝေဖန်ရေးအတွေးအခေါ်များအားလုံးသည်တရွေ့ရွေ့ချီတက်လာသောဖွံ့ဖြိုးမှုဟူသည့်အယူအဆ
အဆကိုဝေဖန်ခြေကျောက်ကြသော်လည်းယင်းတို့ကိုယ်၌ကပင်ဖွံ့ဖြိုးမှု၏အဓိကကျောရိုးများဖြစ်သောရုပ
ုပ်ပိုင်းတိုးတက်မှုလက္ခဏာမှာစီးပွားရေးတိုးတက်မှုဖြစ်သည်ဟူသောအယူအဆကိုမူလက်ခံထားကြသည
သည်။အဓိကအားဖြင့်စက်မှုဖွံ့ဖြိုးမှုကိုအလေးထားကြပြီးသဘာဝသယံဇာတများကိုတူးဖော်သုံးစွဲရာတွ
တွင်ထိရောက်မှုရှိစေရေးကိုဖောင်းပေးသည်။အဓိကအငြင်းအခုံဖြစ်သောနယ်ပယ်မှာရရှိသောအကျိုးအ
းအမြတ်များကိုခွဲဝေသည့်နေရာနှင့်နိုင်ငံတကာဆက်ဆံရေးမညီမျှမှု၊ကုန်ထုတ်စွမ်းအားစုများပိုင
င်ဆိုင်မှုစသည့်နယ်ပယ်များဖြစ်သည်။သို့သော်တိုးတက်မှု၊ခေတ်နောက်ကျမှု၊ခေတ်မီမှု၊ရှေ့တန်းေ
းရောက်မှုစသည်အယူအဆများကိုမူထည့်သွင်းဆွေးနွေးကြခြင်းမရှိပေ။ထို့အပြင်ဖွံ့ဖြိုးမှု
မှုအတွက်လက်တင်အမေရိက၏ဂေဟဆိုင်ရာကြွယ်ဝမှုများကိုစတေးရသည့်အချက်ကိုလည်းရှေ့တန်
န်းတင်ဆွေးနွေးခြင်းမရှိပေ။ထို့ကြောင့်အခြားတပါးသောဖွံ့ဖြိုးရေးဆိုင်ရာအဆိုများသည်စီးပွားေ
းရေးတိုးတက်မှုကိုၡင်းတို့၏အဓိကပန်းတိုင်အဖြစ်ဆက်လက်ထားရှိပြီးမည်သည့်နည်းလမ်းများကအအေ
အကောင်းဆုံးဖြစ်သည်ဆိုသည်ကိုသာငြင်းခုံနေကြခြင်းဖြစ်သည်။

ဂေဟာစနစ်နှင့်ဖွံ့ဖြိုးမှု၏အကန့်အသတ်များ

မီခိုမှုနှင့်ပတ်သက်သည့်ဆွေးနွေးမှုများနှင့်မရှေးမနှောင်းတွင်သဘာဝပတ်ဝန်းကျင်ဆိုင်ရ
ှရာသတိပေးခေါင်းလောင်းသံများလည်းကျယ်လောင်စွာပေါ်ထွက်လာသည်။မက်ဆာချူးဆက်
က်နည်းပညာတက္ကသိုလ်မှဉာဏ်ကြီးရှင်အဖွဲ့ဖြစ်သောရောမကလာပ်သည် 'ဖွံ့ဖြိုးမှု၏အကန့်အသတ်များ'
(Meadows et al., 1972)
ဟူသောစာတမ်းကို၁၉၇၂တွင်ထုတ်ပြန်လိုက်ချိန်မှစ၍ခေါင်းလောင်းသံများပိုမိုဆူညံလာခဲ့သည်။ထို
ို့စာတမ်းသည်ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေကိုဆန်းစစ်ခြင်းမဟုတ်ပေ။ရည်ရွယ်ချက်မှာကမ္ဘာ့လူဦး
ီးရေ၊စက်မှုဖွံ့ဖြိုးမှု၊စားသောက်ကုန်ထုတ်လုပ်မှုနှင့်သဘာဝသယံဇာတများထုတ်ယူမှုစသောကမ္ဘာလုံးဆိုင
ုင်ရာဖွံ့ဖြိုးမှုလမ်းကြောင်းများကိုလေ့လာဆန်းစစ်ရန်သာဖြစ်သည်။

ထိုအစီရင်ခံစာအရဖွံ့ဖြိုးမှုသည်အကန့်အသတ်မရှိစဉ်ဆက်မပြတ်ဖြစ်ပေါ်နိုင်သည်ဟူသောအယူအဆ
အဆကိုမေးခွန်းထုတ်ထားသည်။လက်ရှိလမ်းကြောင်းများအတိုင်းမိုဒယ်ထုတ်ရာတွင်
'ဤကမ္ဘာကြီးပေါ်တွင်ဖွံ့ဖြိုးမှု၏အကန့်အသတ်ကိုလာမည့်နှစ်တစ်ရာအတွင်းရောက်ရှိနိုင်သည်'
ဟုဟောကိန်းထုတ်သည်။
'ဖြစ်နိုင်ချေအရှိဆုံးရလာဒ်မှာလူဦးရေနှင့်စက်မှုကုန်ထုတ်လုပ်မှုစွမ်းအားများရုတ်တရက်ထိုးကျခြင်း'
ပင်ဖြစ်သည်ဟုလည်းဆိုသည် (ibid.
1972)။အစီရင်ခံစာမှာပထဝီနိုင်ငံရေးခံစားမှုများကင်းမဲ့ပြီးလက်ရှိလူဦးရေတိုးနှုန်း၊စက်မှုဖွံ့ဖြိုးမှုန
ုနှင့်ပတ်ဝန်းကျင်ညစ်ညမ်းမှုတိုးနှုန်း၊သယံဇာတကုန်ခမ်းမှုစသည်တို့သည်ကမ္ဘာကြီး၏အကန့်အသတ်ရှိရာ
ရာသို့ချဉ်းကပ်လာနေကြခြင်းကိုထောက်ပြခြင်းဖြစ်သည်။အဆုံးမရှိတစ်ဆင့်ချင်းဖွံ့ဖြိုးတိုးတက်မှု
မှုဆိုသည်မှာမဖြစ်နိုင်တော့ပေ။

ထိုအချိန်ကအစီရင်ခံစာပါကောက်ချက်များသည်အကျိုးသက်ရောက်မှုအလွန်ကြီးမားသည်။အစဉ်အလာဖွံ့ [
့ဖြိုးရေးဘောဂဗေဒ၏ထောက်တိုင်ကြီးတစ်ခုမှာအကြီးအကျယ်တိုက်ခိုက်ခံနေရပြီးအပြန်အလှန်အားဖြင
င့်ထိုအစီရင်ခံစာကိုလက်ဝဲလက်ယာဘက်ပေါင်းစုံမှပြန်လည်ဝေဖန်တိုက်ခိုက်ကြသည်။အဓိကစွပ်စွဲချက်မ

မှာမောလ်သယျူးဝါဒသစ်ဖြစ်သည်ဟုသမုတ်မှုဖြစ်သည်။ကုန်ခမ်းသွားသောသယံဇာတများ၏နေရ
နရာကိုအစားထိုးနိုင်မည့်သိပ္ပံနှင့်နည်းပညာ၏အခန်းကဏ္ဍကိုထည့်သွင်းစဉ်းစားမှုမရှိခြင်း၊ဘူဇွာသိ
သို့မဟုတ်ကိုလိုနီဖွံ့ဖြိုးမှုဝါဒအခြေခံဘောင်အတွင်းမှသာစဉ်းစားခြင်းစသည်တို့အတွက်တိုက်ခိုက်ခြင်း
းကိုခံရသည်။

လက်တင်အမေရိကရှိလက်ဝဲပညာရှင်အများအပြားသည်ဖွံ့ဖြိုးမှု၏အကန့်အသတ်များအစီရင်ခံစာ၏စိန်ခေါ်
ါမှုကိုခံစားကြရသည်။ယင်းသည်၎င်းတို့ကောင်းမွန်သည်ဟုယူဆထားသောခေတ်မီရေး၊ဂေဟဗေဒကြွယ်ဝမှုများ
မှုများကိုသုံးစွဲရေးနှင့်ဖွံ့ဖြိုးရေးဟူသောအယူအဆများကိုအခြေအမြစ်ကျကျတိုက်ခိုက်ခြင်းဖြစ်နေသည်။

လက်ဝဲသမားအများအပြားစုစည်းပြီးအခြားစဉ်းစားစရာမိုဒယ်တစ်ခုကိုပြန်လည်တင်ပြခဲ့သည်။ Amílcar O.
Herrera ၏ဦးဆောင်မှုအောက်၌ရှိသော Bariloche Foundation က
'ကပ်ဘေးဆိုက်မှုလား၊လူ့ဘောင်သစ်လား- လက်တင်အမေရိကကမ္ဘာ့မိုဒယ်'
အမည်ရှိစာတမ်းကို၁၉၇၅တွင်စပိန်နိုင်ငံ၏ပုံနှိပ်ခဲ့သည်။ထိုစာတမ်းမှာအနာဂတ်သို့မျှော်ရည်ပြီးအဖြေ
အဖြေပါထုတ်ပေးသောစာတမ်းမျိုးဖြစ်သည်။ယင်းကပြဿနာများသည် 'ရုပ်ပိုင်းဆိုင်ရာမဟုတ်ပဲလူမှု-
နိုင်ငံရေးဗေဒပြဿနာများဖြစ်သည်။နိုင်ငံတကာနှင့်နိုင်ငံများအတွင်းအာဏာခွဲဝေမှုမ
မညီမျှခြင်းကြောင့်အဓိကဖြစ်ရခြင်းဖြစ်သည်' ဟုတင်ပြသည်။အဖြေအနေနှင့်
'တရားမျှတမှုနှင့်လူ့အဖွဲ့အစည်း၏ဆုံးဖြတ်ချက်များတွင်အဖွဲ့အစည်းဝင်အားလုံးပါဝင်မှုကိုအခြေခံ
ခံသောဆိုရှယ်လစ်လူ့ဘောင်'
တစ်ခုတည်ထောင်ရေးကိုတင်ပြသည်။ယင်းတွင်ရုပ်ဝတ္ထုပစ္စည်းများသုံးစွဲမှုနှင့်စီးပွားရေးဖွံ့ဖြိုးမှု
မှုကိုသဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်အောင်ထိန်းကျောင်းခြင်းလည်းပါဝင်သည် (Herrera, 1975)။[2]

ထိုမိုဒယ်တွင်ဖွံ့ဖြိုးပြီးနိုင်ငံများကျင့်သုံးခဲ့သောဖွံ့ဖြိုးမှုပုံစံကိုငြင်းပယ်ခြင်းကဲ့သို့အားသာချက်အချို့ရှိသည်။သို
့ရှိသည်။သို့သော်အားလုံးအတွက်လက်ခံနိုင်သောလူနေမှုအဆင့်အတန်းတစ်ခုကိုရရှိပြီးနောက်မှသဘာဝပတ်ဝ
မှသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုဆောင်ရွက်မည်ဟုလက်ခံထားခြင်းလည်းရှိသည်။အချို့သောအစား
့သောအစားထိုးအဆိုပြုချက်များမှာမေးခွန်းထုတ်စရာဖြစ်နေသည်။နျူကလီယစွမ်းအင်ကိုကျယ်ကျယ်ပြန့်ပြန်
ပြန့်ပြန့်သုံးစွဲရေးနှင့်ဇီဝမျိုးစုံကြွယ်ဝမှုအပေါ် မည်သို့ထိခိုက်နိုင်သည်ကိုမစဉ်းစားပဲသဘာဝမြေများကိုစိုက်ပျိုး
းကိုစိုက်ပျိုးမြေအဖြစ်ပြောင်းလဲရေးသည်တို့ဖြစ်သည်။ထိုစာတမ်းကစီးပွားရေးဖွံ့ဖြိုးမှုကိုအခြားသောနည်းလ
ခားသောနည်းလမ်းများဖြင့်ကာကွယ်ရန်ကြိုးစားပြီးဆိုးကျိုးများကိုဖြေရှင်းရာတွင်နည်းပညာကအဖြေထုတ်ပေးန
ဖြေထုတ်ပေးနိုင်သည်ဟုတင်ပြနေခြင်းဖြစ်သည်။

လက်တင်အမေရိကရှိယင်းအစားထိုးမိုဒယ်မှအချို့သောအစိတ်အပိုင်းများသည်နောင်နှစ်အတန်ကြာတွင်အ
တွင်အချို့သောတိုးတက်သည့်အစိုးရများ၏မူဝါဒများတွင်အစိတ်အပိုင်းများအဖြစ်ပြန်လည်ပါဝင်လာသည်ကို
ကိုသတိချပ်သင့်သည်။

ပြန်လည်ဖွဲ့စည်းတည်ဆောက်မှု၊အနက်ကွဲပြားမှုနှင့်မတူခြားနားမှုများ

စီးပွားရေးတိုးတက်မှု၏ဂေဟစနစ်ဆိုင်ရာအကန့်အသတ်များအကြောင်းဆွေးနွေးမှုများနှင့်အပြို
ပိုင်အခြားသောဝေဖန်ဆန်းစစ်သည့်တွေးခေါ် မှုများကတိုးတက်မှု၏စီးပွားရေးနှင့်လူမှုရေးမျက်န
နာစာများကိုပြန်လည်ပုံဖော်သတ်မှတ်ရန်ကြိုးပမ်းအားထုတ်လာသည်။အဓိကထားသင့်သည့်

[2]နိဒါန်းတွင်ဖော်ပြထားသော Celso Furtado
၏အယူအဆများမှာလည်းဖွံ့ဖြိုးရေး၏သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကန့်အသတ်များကိုဝေဖန်ဆွေးနွေးထားသည်။

အရေးအသားတစ်ခုမှာဘာဘာရာဝါဒ်ဦးဆောင်သည့် Cocoyoc Declaration ဖြစ်သည် (UNEP/UNCTAD, 1974)။ယင်းတွင်တိုးတက်မှုသို့သွားရာလမ်းအသွယ်သွယ်ရှိနိုင်ပြီးယင်း၏ရည်ရွယ်ချက်မှာခနခွဲဝေမှုကိုပိ ပိုမိုကောင်းမွန်စေရန်နှင့်အခြေခံလိုအပ်ချက်များပြည့်ဝစေရန်ဖြစ်သင့်သည်ဟုဆိုသည်။ထိုအတေ တွေးအခေါ်နှင့်ခပ်ဆင်ဆင်ပင်ဆွီဒင်နိုင်ငံမှဒက်ဟမ်းမားရှိုးဖောင်ဒေးရှင်းကထုတ်ဝေသော Another Development (1975) တွင်လည်းဖွံ့ဖြိုးမှုကိုစီးပွားရေးတိုးတက်မှု growth မှခွဲထုတ်ပြီးဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးနှင့်အခြေခံလိုအပ်ချက်များဖြည့်ဆည်းရေးကိုဦးတင်သင င့်သည်ဟုတင်ပြသည်။ယင်း၏နောက်ထပ်ဝိသေသတစ်ခုမှာသက်ဆိုင်ရာလူ့အဖွဲ့အစည်း/စနစ်အတွင်းကို အဓိကထားမှုနှင့်ကိုယ်တိုင်ဖူလုံမှုတို့ဖြစ်သည်။အစဉ်အလာမဟုတ်သောထိုအတွေးအခေါ်များကိုနောက်ပို င်းတွင်လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းကို၁၉၉၀တွင်စတင်မိတ်ဆက်ရာ၌ထည့်သွင်းအသုံးပြုသည်။လူသားဖွံ့ ဖြိုးမှုအညွှန်းကိန်း၏ပထမဦးဆုံးမူတွင်အမာတြာဆင်း၏ 'ဖန်တီးနိုင်စွမ်း' capability ကိုအခြေခံထားပြီးသာယာဝပြောရေးမှာလူသား၏ဖြစ်နိုင်စွမ်းနှင့်တစ်စုံတရာကိုပြီးမြောက် က်အောင်ဆောင်ရွက်နိုင်စွမ်းတို့ကိုဦးစားပေးသင့်သည်ဟူသောအယူအဆဖြစ်သည်။

ထိုအတွေးအခေါ်များမှာလက်တင်အမေရိကတွင်ခေတ်စားပြီးထပ်မံချဲ့ထွင်တည်ဆောက်သည်။အထင်ရှားဆုံ ဆုံးမှာချီလီစီးပွားရေးပညာရှင်မန်းဖရက်မက်စ်နိဖ်၏ 'လူသားစကေးဖွံ့ဖြိုးရေး' အယူအဆဖြစ်သည်။ယင်းသည်အဓိကအဆိုကြီးသုံးခုပေါ်တွင်အခြေခံထားသည်။ဖွံ့ဖြိုးရေးသည်ရည်မှန် န်းချက်ပန်းတိုင်များထက်စာလျှင်လူသားကိုအဓိကထားရမည်။လိုအပ်ချက်များကိုဖြည့်ဆည်းပေးမ းမည့်နည်းလမ်းများကိုသတ်မှတ်ဖော်ထုတ်နိုင်ရမည်။ဆင်းရဲမှုဆိုသည်မှာအများသဘော ဘာဆောင်သောအယူအဆတစ်ခုဖြစ်ပြီးမပြည့်ဝသောလိုအပ်ချက်များကိုဆိုလိုခြင်းဖြစ်သည်ဟူ ဟူသောအဆိုသုံးခုဖြစ်သည် (Max-Neef et al., 1993)။

၁၉၈၀ပြည့်လွန်နှစ်များမှအတွေးအခေါ်ရှင်များသည်ဖွံ့ဖြိုးရေးကိုမိမိဖာသာဖူလုံရေးရှုထောင့်မှတဖ တဖန်ပြည်လည်သုံးသပ်ကြပြီးဒေသတွင်းရှိလုပ်ကိုင်နိုင်စွမ်းနှင့်အရင်းအမြစ်များကိုပိုမိုဦးစားပေးလာကြသည် Johan Galtung (1985)။မိမိဖာသာဖူလုံရေးအယူအဆကြောင့်ရလာဒ်ကောင်းများကိုဒေသတွင်းပေါ်ထွက်လာစေရန်ကြ ကြိုးပမ်းရမည်ဖြစ်ပြီးဘေးထွက်ဆိုးကျိုးများကိုရှောင်လွှဲနိုင်ရမည်။ယင်းသဘောတရားများသည် ည်ဒေသတွင်းအခြေပြုဖွံ့ဖြိုးရေးအယူအဆအောက်တွင်ပြန်ပါလာကြသည်။ထိုအယူအဆသည်လက်တင တင်အမေရိကတွင်အကန့်အသတ်နှင့်သာခေတ်စားသော်လည်း COMPAS Network ကဆောင်ရွက်သောအသေးစားလယ်ယာလုပ်ငန်းများကဲ့သို့ဥပမာများရှိသည်။ဟူဂိုချေဗက်စ်၏အစိုးရကလ ကလည်းဒေသတွင်းစားနပ်ရိက္ခာဈေးကွက်များပေါ်ထွန်းရေးကိုအားပေးဆောင်ရွက်ခြင်းမျိုးကဲ့သို့ထိ ထိုမော်ဒယ်ကိုလိုက်ပါကျင့်သုံးမှုများတွေ့နိုင်သည်။

၁၉၉၀ပြည့်လွန်နှစ်များအကုန်တွင်ဂေဟဘောဂဗေဒနယ်ပယ်မှတင်သွင်းလာသောမေးခွန်းများမှာပိုမိ မိုတွင်ကျယ်လာခဲ့သည်။ယင်းသည်ကျယ်ပြန့်ပြီးကွဲပြားခြားနားသောအတွေးအခေါ်ဂိုဏ်းကြီးတစ်ခုဖြစ် စ်ကာစီးပွားရေးတိုးတက်မှုကိုအငမ်းမရဆောင်ရွက်ခြင်းများအားအစဉ်အဆက်ဝေဖန်ကန့်ကွက်ခဲ့ကြသ ကသည်။စီးပွားရေးပညာရှင်ဟာမန်းဒေလီမှာအဓိကဦးဆောင်သူတစ်ဦးဖြစ်ပြီးသူ၏အရေးအသားများကိုစပိန န်တွင်အဓိကပုံနှိပ်ထုတ်ဝေသည် (Dale and Cobb, 1993)။

ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးအယူအဆပေါ်ပေါက်လာပုံနှင့်မူကွဲများပေါက်ဖွားလာပုံ

၁၉၇၀ပြည့်လွန်နှစ်များမှစတင်ခဲ့သောပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးရေးအကြားအငြင်းအခုံများမှာဆက်လက်ပြ
ဖြစ်ပွားခဲ့ပြီးရေရှည်တည်တံ့သောဖွံ့ဖြိုးရေး sustainable development
အယူအဆ၏ပထမဦးဆုံးအမျိုးအစားများမှာ၁၉၈၀ပြည့်လွန်နှစ်များတွင်စတင်ပေါ်ပေါက်လာခဲ့သည်။

အစဉ်အဆက်တည်ရှိမှု sustainable
ဟူသောဝေါဟာရသည်မျိုးစိတ်ဦးရေဇီဝဗေဒမှလာသောစကားဖြစ်ပြီးပြန်လည်ပြည့်ဖြိုးနိုင်သောအရင်
င်းအမြစ်များကိုထုတ်နှုတ်သုံးစွဲရာတွင်ယင်းတို့၏ပြန်လည်မျိုးပွားဖြည့်တင်းနိုင်သောနှုန်းထား
းကိုကျော်လွန်ခြင်းမရှိပဲထုတ်ယူနိုင်မည့်အလားအလာကိုဆိုလိုခြင်းဖြစ်သည်။ထိုသို့ထုတ်
တ်ယူခြင်းများသည်လည်းလူသားလိုအပ်ချက်များဖြည့်ဆည်းရေးနှင့်ဘဝအရည်အသွေးမြှင့်တင်
င်ရေးတို့အတွက်သာဖြစ်ရမည်ဖြစ်ပြီးစီးပွားရေးတိုးတက်မှုသက်သက်အတွက်မဟုတ်စေရပါ။ယင်း
းအယူအဆကို၁၉၈၀ "World Conservation Strategy" (IUCN, UNEP and WWF, 1981)
တွင်စတင်တွေ့ရှိရသည်။ယင်းစာတမ်းတွင်အစဉ်အလာဖွံ့ဖြိုးရေးအယူအဆမူဘောင်အတွင်း၌သ
၌သဘာဝပတ်ဝန်းကျင်ကိုထည့်သွင်းစဉ်းစားရန်နေရာမရှိသဖြင့်အယူအဆအသစ်တစ်ခုကိုပြန်လည်
ည်သတ်မှတ်ဖော်ထုတ်ရန်လိုအပ်သည်ဟုဆိုထားသည်။

နောက်တစ်ဆင့်မှာကုလသမဂ္ဂအဖွဲ့ကကြီးမှူးကျင်းပသော World Commission on Environment and
Development (WCED) ဖြစ်သည်။ယင်း၏အဆုံးသတ်အစီရင်ခံစာဖြစ်သော Our Common Future
တွင်ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးဝေါဟာရ၏လူသုံးအများဆုံးအဓိပ္ပါယ်ဖွင့်ဆိုချက်ပါဝင်သည်။ယင်
င်းဖွင့်ဆိုမှုသည်အနာဂတ်မျိုးဆက်များအတွက်မျှော်ရည်သောဖွင့်ဆိုချက်အဖြစ်လူပြောများသော်လည
လည်းမူရင်းမူရည်လျှားပြီးပိုမိုရှုပ်ထွေးကာ (WCED, 1988) သီးခြားလေ့လာဆန်းစစ်ဖို့လိုအပ်သည်။

ယင်းသည်ခေတ်ပြိုင်အခြားသောအယူအဆများကဲ့သို့ပင်ဖွံ့ဖြိုးမှုသည်လူသားလိုအပ်ချက်များအတွက်ဦးတည်
ည်ရမည်ဟုဆိုပြီးယင်းကိုအနာဂတ်မျိုးဆက်များသို့ချဲ့ထွင်ခြင်းဖြစ်သည်။ဒုတိယအချက်မှာ
(ဖွံ့ဖြိုးမှုအတွက်) အကန့်အသတ်များရှိနေသည့်အချက်ကိုအသိအမှတ်ပြုပြီး Club of Rome
အစီရင်ခံစာနှင့်ဆင်တူသော်လည်းတင်းကျပ်သောအကန့်အသတ်များ (ဥပမာဂေဟစနစ်၏အကန့်အသတ်)
နှင့်ပြင်လွယ်ပြောင်းလွယ်သောအကန့်အသတ်များ
(နည်းပညာ၊လူ့အဖွဲ့အစည်း၏ဖွဲ့စည်းပုံစသောလူသားနှင့်ဆိုင်သည့်ကိစ္စများ)
ဟူ၍ခွဲခြားစဉ်းစားသည်။နောက်ဆုံးတွင်မတူညီသောလားရာနှစ်ခုကိုပေါင်းစည်းပေးရန်ဂယ်ကွေ့ပြ
ပြန်ကွေ့ပြီးရေရှည်တည်တံ့သောဖွံ့ဖြိုးရေးသည်စီးပွားရေးတိုးတက်မှုကိုဦးတည်ရမည်ဟုဆိုသည်။ဤ
။ဤနည်းအားဖြင့်တိုးတက်မှုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊သဘာဝနှင့်ဘောဂဗေဒအကြားရှိနေသည်
ည့်ပဋိပက္ခများကိုဖြေလျှော့ပြီးသားဖြစ်သွားစေသည်။ထိုအပြင်ဖွံ့ဖြိုးမှုဆိုသည်မှာစီးပွားရေးတိုးတက်မှုကိ
ကိုဆိုလိုပြီးယင်းကိုအောင်မြင်ရန်အတွက်သဘာဝအရင်းအမြစ်များကိုထိန်းသိမ်းစောင့်ရှောက်ခြ
ခြင်းမဖြစ်မနေလိုအပ်သည်ဟုဆိုသည်။ယခင်ကဆန့်ကျင်ဘက်များအဖြစ်ရပ်တည်ခဲ့သောအရာနှစ်ခုမှ
မှာယခုအခါအပြန်အလှန်အမှီသဟဲပြုရသောအရာများဖြစ်လာသည်။

ထိုအစီရင်ခံစာတွင်ရေရှည်တည်တံ့နိုင်မှုကိုဖွင့်ဆိုမှုမှာအနက်အမျိုးမျိုးထွက်နိုင်ပြီးမတူညီသောဖွံ့ဖြို
ိုးရေးလမ်းကြောင်းအသီးသီးသို့ရောက်သွားနိုင်သည့်အဓိပ္ပါယ်ဖွင့်ဆိုချက်အများအပြားကို
ိုပေါ်ထွက်လာစေသည်။ယင်းကြောင့်ပင်ထိုအဓိပ္ပါယ်ဖွင့်ဆိုချက်သည်ရှေ့နောက်ညီညွတ်မှုမရှိဟုဝေဖ
ဝဖန်ကြခြင်းဖြစ်သည်။သို့ရာတွင်ဆန့်ကျင်ဘက်အနက်ထွက်နေခြင်းမျိုးမဟုတ်ပဲအဓိပ္ပါယ်ဖွင့်ဆိုချက်တွင်
င်ပါဝင်သောအစိတ်အပိုင်းများအချင်းချင်းမည်သို့မည်သို့ဆက်စပ်နေသနည်းဆိုသည်ကအဓိကဖြစ်နေသည်။

WCED ၏စဉ်းစားပုံတွင်အကန့်အသတ်များကိုကောင်းစွာသဘောပေါက်ပြီးအစိတ်အပိုင်းများအချင်းချင်းဆက ဆက်စပ်ယှဉ်တွဲနိုင်သည်ဟုနားလည်ထားကြသည်။နောက်နှစ်အနည်းငယ်အကြာတွင်လက်တင်အမေရ မရိကတားရှင်းအစီရင်ခံစာဖြစ်သော "Our Own Agenda" (CDMAALC, 1990) ပေါ်ထွက်လာသည်။

မည်သို့ပင်ဆိုစေရေရှည်တည်တံ့မှုအယူအဆကိုစီးပွားရေးအချက်အလက်များအဖြစ်တည်ဆောက်ပြခြ ခြင်းကြောင့်ဝေဖန်မှုအများအပြားကိုကြုံတွေ့ရသည်။ဥပမာအားဖြင့်၁၉၉၁တွင်ထုတ်ဝေသောဒုတိယအကြိမ် World Conservation Strategy တွင်ဘရန့်တလန်အစီရင်ခံစာ၏အကန့်အသတ်များကိုရှင်းလင်းစွာဖော်ပြထားသည်။ရေရှည်တည်တံ့ေ ့သောဖွံ့ဖြိုးမှုဆိုသည်မှာအတွင်းပဋိပက္ခရှိနေသောဝေါဟာရတစ်ခုသာဖြစ်ပြီးမည်သည့်ရုပ်ပိုင်းဆိုင် င်ရာဖြစ်စဉ်မှအဆုံးအစမရှိဖွံ့ဖြိုးကြီးထွားနိုင်ခြင်းမရှိဟုဆိုသည်။ယင်းအစီရင်ခံစာတွင်ပိုမိုတိကျတောင ၁င်းတိကျသောရေရှည်ဖွံ့ဖြိုးမှု၏အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုဖော်ပြထားပြီး 'လူသားဘဝအရည်အသွေးကိုမြှင့်တင်ပြီးတချိန်တည်းမှာပင်ယင်းကိုထောက်ပံ့ပေးနေသောဂေဟစန စနစ်များ၏ပြန်လည်မျိုးပွားသန့်စင်ထုတ်လုပ်နိုင်သောအကန့်အသတ် carrying capacity အတွင်းနေထိုင်ခြင်း' ဟူသောတိကျသောဂေဟဖွင့်ဆိုချက်များပါဝင်သည်။ယင်းဖွင့်ဆိုချက်သည်အခြားမျက်နှာစာများတွ တွင်ပါသြဇာသက်ရောက်ပြီးကျင့်ဝတ်ပိုင်းဆိုင်ရာအပြောင်းအလဲများကိုလည်းတောင်းဆိုသည် (IUCN, UNEP and WWF, 1991)။

ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးဟူသည့်ဝေါဟာရသည်အနက်အမျိုးမျိုးထွက်နေခြင်းကြောင့်အမျိုးမျိုးသုံ ုံးစွဲခြင်းခံရကာရည်ရွယ်ချက်အမျိုးမျိုးဖြင့်ဆောင်ရွက်သောလုပ်ကြိုက်များရေးကမ်ပိန်းများမှသည် ည်အရင်းရှင်ဆန့်ကျင်ရေးအထိအသုံးတော်ခံနေရသည်။ဤနည်းအားဖြင့်ရေရှည်တည်တံ့နိုင်မှု sustainability ဟူသောဝေါဟာရသည်မူလလာရာဖြစ်သောဂေဟဗေဒမှတဖြည်းဖြည်းကင်းကွာလာကာဖွံ့ဖြိုးရေးဝ ဒီဝါဒီများ၏လက်သုံးတော်ဝေါဟာရတစ်ခုဖြစ်လာခဲ့သည်။ယနေ့အချိန်တွင် 'လူမှုရေးရေရှည်တည်တံ့နိုင်မှု' သို့မဟုတ် 'ရေရှည်တည်တံ့နိုင်သောစီးပွားရေးတိုးတက်မှု' စသည့်ထူးဆန်းသောအခေါ်အဝေါ်များတွင်ကျယ်နေပြီဖြစ်သည်။

နောက်ပြန်ဆုတ်မှုများနှင့်ဆန့်ကျင်မှုများ



၁၉၈၀ပြည့်လွန်နှစ်များအဆုံးအရှေ့ဥရောပမှလက်တွေ့ဆိုရှယ်လစ်ဝါဒကျဆုံးသွားသောအခါယခ ယခင်ကအစားထိုးစရာများအဖြစ်တင်ပြခဲ့သောအတွေးအခေါ်များအပေါ်ယုံကြည်မှုကင်းမဲ့လာခဲ့သည်။တပြ ပြိုင်နက်ထဲမှာပင်နီယိုလစ်ဘရယ်နှင့်နီယိုကွန်ဆာဗေးတစ်ဝါဒများလက်တင်အမေရိကတွင်စတင်အခြေက ခကျလာသည်။ထိုနှစ်များမှာဈေးကွက်ပြုပြင်ပြောင်းလဲရေးဝါဒရှင်တန်သဘောတူညီမှု Washington Consensus နှင့်ပုဂ္ဂလိကပိုင်ပြုရေးတွင်ကျယ်နေသောကာလဖြစ်သည်။ထိုအယူအဆများကိုဒေသတွင်းလွှမ်းမိုးကြီးစိ စိုးသူလူတန်းစားများနှင့်အကယ်ဒမစ်အင်စတီကျူးရှင်းများကထောက်ခံကြသည်။ဖွံ့ဖြိုးရေးအကြောင် င်းဆွေးနွေးမှုများအထူးတလည်မလိုအပ်တော့သလိုဖြစ်လာပြီးဈေးကွက်မှာဖွံ့ဖြိုးရေးကိုအနည်းန န်နှင့်အများဆိုသလိုအလိုအလျောက်ဖန်တီးပေးမည်ဟုယူဆလာကြသည်။ထို့ကြောင့်စီမံကိန်းရေးဆွဲ

ခြင်းနှင့်ဈေးကွက်ကိုကြားဝင်ဆောင်ရွက်ခြင်းများသည်အဓိပ္ပါယ်မရှိရုံမျှမကအန္တရာယ်လည် ည်းများသောကိစ္စများအဖြစ်သတ်မှတ်လာကြသည်။

နီယိုလစ်ဘရယ်ဝါဒ၏သက်ရောက်မှုမှာကြီးမားလွန်းသောကြောင့်သမားရိုးကျမဟုတ်သောချဉ်းကပ်ပုံကိုယ် ပုံကိုယ်၌ကယင်းကိုလက်ခံပြီးလိုက်လျောညီထွေချိန်ညှိလာရသည်။ဥပမာတစ်ခုမှာ၁၉၉၀ပြည့်နှစ်များအစတွင် Economic Commission for Latin America and the Caribbean (ECLAC) ကအဆိုပြုလာသော Productive Transformation with Equity (PTE) ဖြစ်သည်။ PTE သည်နီယိုအဆောက်အအုံဝါဒ၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး Prebisch ၏အယူအဆများပေါ်တွင်အခြေခံကာနိုင်ငံတော်၏အခန်းကဏ္ဍကိုနီယိုလစ်ဘရယ်ဝါဒက၏တိုက်ခိုက်မှုမှာ က်မှုမှာကာကွယ်ပေးခြင်းဖြစ်သည်။ယင်းကဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာမူဝါဒများတွင်ပြင်လွယ်ပြောင်းလွ လွယ်ပြောင်းလွယ်ဖြစ်မှုကိုတောင်းဆိုပြီးပြိုင်ဆိုင်နိုင်စွမ်းကိုစနစ်တကျဖော်ဆောင်နိုင်သည့်ဖြစ်စဉ်တစ်ခုအဖြ ည့်ဖြစ်စဉ်တစ်ခုအဖြစ်ယူဆသည်။စက်မှုထုထောင်မှုနှင့်ပို့ကုန်ဈေးကွက်အတွင်းဝင်ရောက်မှုတို့ကိုလည်းဦးစား ည်းဦးစားပေးသည်။

သို့ရာတွင် PTE ကိုအသေးစိတ်ဆန်းစစ်ကြည့်သောအခါဖွံ့ဖြိုးမှုကိုသာအဓိကဦးစားပေးထားသည်ကိုတွေ့ရသည်။နီယိုလ နီယိုလစ်ဘရယ်အခြေခံဝါဒကိုဆန့်ကျင်သည်မှန်သော်လည်းဈေးကွက်ကိုလူမှုရေးနှင့်သဘာဝဝန်းကျင်ဆိုင်ရာ င်ဆိုင်ရာနယ်ပယ်များအထိချဲ့ထွင်ခြင်းကိုအားပေးထောက်ခံသည်။ထို့အပြင်ကမ္ဘာပြုမှုဖြစ်စဉ် globalization ကိုဒေသဆိုင်ရာတံခါးဖွင့်ဝါဒကြွေးကြော်သံဖြင့်ထောက်ခံခဲ့သည်။ဖွံ့ဖြိုးရေးအတွက်လူမှုသို့မဟုတ်နိုင်ငံရေးနော နိုင်ငံရေးနောက်ခံများကအရေးပါသည်ဆိုသောအချက်ကိုလျစ်လျူရှုသို့မဟုတ်သေးငယ်အောင်ဆောင်ရွက်သ ဆောင်ရွက်သည်။နောက်ဆုံးအနေနှင့်ယင်းသည်တက္ကနိုခရက်လုပ်နည်းကိုင်နည်းတစ်ခုသာဖြစ်ပြီးစစ်မှန်သော ပီးစစ်မှန်သောဖွံ့ဖြိုးရေး၏အစားထိုးရွေးချယ်စရာမဟုတ်ခဲ့ပေ။ထိန်းချုပ်ထားပြီးတစ်ကမ္ဘာလုံးပြန့်ပွားရေးဖွံ့ဖြိုး ဖွံ့ဖြိုးရေးဖြစ်စဉ်ကိုအားပေးထောက်ခံသည်။

ထိုနှစ်ကာလများအတွင်းတွင်အခြားသောအယူအဆများမှာအစားထိုးစရာရှုထောင့်များကိုဆက်လက်ထိန န်းသိမ်းပေးနေသည်။မတူညီသော်လည်းတန်းတူအရေးပါသောဖြစ်ရပ်သုံးခုကိုတင်ပြလိုပါ ပါသည်။ပထမဦးဆုံးအမျိုးသမီးဝါဒမှနေ၍ဖွံ့ဖြိုးရေးကိုဝေဖန်ဆန့်ကျင်မှုကိုဆွေးနွေးပါမည်[3]။လက်တင်အမေ ရိကတွင်နိုင်ငံများ၏စီးပွားရေးကိုအမျိုးသမီးများကပံ့ပိုးပေးသည့်အခန်းကဏ္ဍကိုအများစုအသိအမှတ် တ်ပြုကြသော်လည်းဖွံ့ဖြိုးမှုဟူသောအယူအဆကိုဝေဖန်ကန့်ကွက်သည့်အဆင့်အထိတော့မရောက်ပေ ပေ။အမျိုးသမီးဝါဒကအမျိုးသားကိုဗဟိုပြုသည့်ဘက်လိုက်မှုကိုဝေဖန်ပြီးတိမ်မြုပ်ဖုံးကွယ်ခံထားရသည့် အမျိုးသမီးများ၏ထည့်ဝင်မှုကိုမီးမောင်းထိုးပြသည်။ဥပမာစောင့်ရှောက်မှုလုပ်ငန်းများနှင့်စီးပွ ပွားဖြစ်မဟုတ်သောစီးပွားရေးကဏ္ဍများဖြစ်သည် (Carrasco, 2006)။အီကိုအမျိုးသမီးဝါဒသည်လည်းဖွံ့ဖြိုးရေးအပေါ်အခြေအမြစ်ကျကျဝေဖန်ကန့်ကွက်မှုများဆောင် င်ရွက်သည် (Merchant, 1989 ကြောင့်ပေါ်ပေါက်လာသောအယူအဆများ)။

ပြင်သစ်စီးပွားရေးပညာရှင်များကတည်ထောင်သောဈေးကွက်ကိုထိန်းချုပ်ရမည်ဟူသည့်အယူအ အဆသည်လည်းလက်တင်အမေရိကတွင်လက်ခံသူများလာသည်။ဥပမာအားဖြင့် Alain Lipietz (1997) ၏အရေးအသားများကိုကြည့်နိုင်သည်။ယင်းအယူအဆသည်နိုင်ငံရေးဘောဂဗေဒနှင့်အရပ်

---

[3]ယခုစာအုပ်၏ "Development Critiques and Alternatives: A Feminist Perspective" အခန်းတွင်အသေးစိတ်ဖတ်ရှုနိုင်သည်။

ပ်ဖက်အဖွဲ့အစည်းသို့မဟုတ်နိုင်ငံတော်ဆန်းစစ်မှုကိုယှဉ်တွဲလုပ်ဆောင်ပြီးအရင်းဆက်သွယ်ချက်ကိုပံ
ပုံမှန်ဖြစ်အောင်မည်သို့ထိန်းကျောင်းသည်ကိုလေ့လာသည်။ထို့အပြင်ပဋိပက္ခနှင့်ထိုက်တိုက်တွေ့
ေ့မှုသဘောဆောင်သောအရင်းစုဆောင်းမှုကိုမည်သို့ထိန်းချုပ်ရမည်ကိုလည်းဖော်ပြသည်[4]။

၁၉၉၇ပြည့်နှစ်များနှောင်းပိုင်းတွင်ဖွံ့ဖြိုးရေး၏ရုပ်ဝတ္ထုဆန်မှုကိုလျှော့ချရေးအယူအဆများလ
းလက်တင်အမေရိကတွင်ခေတ်စားလာသည်။ယင်းကိုရုပ်ဝတ္ထုများနှင့်စွမ်းအင်သုံးစွဲမှုလျှော့ချရေးအမြ
မြင်ဖြင့်သုံးစွဲပြီးလူသားလိုအပ်ချက်များကိုဖြည့်စွမ်းရန်စီးပွားရေး၏လမ်းကြောင်းများကိုပြန
ပန်လည်တည့်မတ်ရမည်ဟုယူဆသည်။အထင်ရှားဆုံးမိုဒယ်မှာဂျာမနီမှ Wuppertal Climate Institute
တင်ပြသော “Factor 10” သို့မဟုတ် “Sustainable Europe”
အဆိုပြုချက်ဖြစ်သည်။ယင်းသည်ပညာရှင်များနှင့်အရပ်ဖက်အဖွဲ့အစည်းများဆောင်ရွက်ခဲ့မှုများကို
ိအားပေးသည်[5]။ယင်းအယူအဆ၏အစိတ်အပိုင်းများကိုအင်ဒီးစ်တိုင်းပြည်များတွင်တူးဖော်သုံးစွဲမှုဝါ
ဝါဒအလွန်ဆွေးနွေးမှုများတွင်ပြန်လည်မြင်တွေ့ရသည်။

လက်ဝဲအယူအဆဘက်သို့ပြန်လှည့်ခြင်းနှင့်ဝိရောဓိများ

၁၉၉၉ခုနှစ်မှစပြီးလက်တင်အမေရိကတွင်နီယိုလစ်ဘရယ်ဈေးကွက်ပြုပြင်ပြောင်းလဲရေးများမှနိ
နိုင်ငံရေးအရနောက်ပြန်ဆုတ်လာကြသည်။မြင်သာသောသက်သေပြစရာအချက်မှာ၎င်းတို့ကိုယ်၎င်းတိ
တို့တိုးတက်သောလက်ဝဲယိမ်းအစိုးရများအဖြစ်သတ်မှတ်သည့်အစိုးရများအာဏာရလာခြင်းပင်ဖြစ်သည်[6]။
ထိုသို့အာဏာရလာခြင်းတွင်အကြောင်းအမျိုးမျိုးရှိရာနီယိုလစ်ဘရယ်မဟာဗျူဟာများကိုပြင်းထန်စွာဆန်
န့်ကျင်ကန့်ကွက်မှုများပေါ်လာခြင်းနှင့်ဖွံ့ဖြိုးမှုဆိုင်ရာအငြင်းအခုံများ၏ဘောင်ကျယ်လာခြင်းတို့ကြေ
ကြာင့်ဖြစ်နိုင်သည်။

နီယိုလစ်ဘရယ်ပြုပြင်ပြောင်းလဲရေးများတစ်ခန်းရပ်ပြီးဈေးကွက်ထိန်းချုပ်မှုများနှင့်အကန့်အသတ်အများအ[
အသတ်အများအပြားကိုစတင်ကျင့်သုံးလာသည်။နိုင်ငံတော်အခန်းကဏ္ဍကိုပိုမိုအားကောင်းလာစေရန်အတွက်
လာစေရန်အတွက်နိုင်ငံပိုင်လုပ်ငန်းများပြန်လည်ဖော်ထုတ်ခြင်းနှင့်ဆင်းရဲမှုပပျောက်ရေးအတွက်ပိုမိုစိ
ရေးအတွက်ပိုမိုစိတ်အားထက်သန်သောစီမံကိန်းများဖော်ဆောင်ခြင်းစသည်တို့ကိုဆောင်ရွက်ကြသည်။ဖွံ့ဖြိုးရေးန
ဖြိုးရေးနှင့်ပတ်သက်သည့်အငြင်းအခုံများအတွက်နောက်ခံကားချပ်မှာအကြီးအကျယ်ပြောင်းလဲသွားပြီဖြ
လဲသွားပြီဖြစ်သည်။

တိုးတက်သောအစိုးရများအချင်းချင်းကြားတွင်လည်းကွဲပြားခြားနားမှုများကြီးမားသည်။ဥပမာအားဖြင့်ဗင
ဗင်နီဇွဲလားတွင်ကျင့်သုံးသောငွေကြေးဈေးကွက်နှင့်စားသုံးကုန်ကုန်သွယ်မှုတို့ကိုတင်းတင်းကျပ

---

[4] Bob Jessop (1994), in Hollingsworth, Schmitte, Streeck, Governing Capitalist
Economies, (Oxford, OUP)

[5]ဥပမာများမှာ Southern Cone ရှိအန်ဂျီအိုအများအပြားပါဝင်သော the Sustainable Southern Cone programme၊ CLAES ကဦးဆောင်သော the Sustainability 2025 programme စသည်တို့ဖြစ်သည်။ယင်းသည်အလွန်အားကောင်းသော sustainability အယူအဆများကို၂၀၂၅ခုနှစ်အတွက်ဦးတည်ရေးဆွဲထားခြင်းဖြစ်သည်။

[6]အာဂျင်တီးနားရှိ Néstor Kirchner and Cristina Fernández de Kirchner၊ဘိုလီးဗီးယားရှိ Evo Morales၊ဘရာဇီးရှိ Lula da Silva နှင့် Dilma Rousseff၊အီကွေဒေါရှိ Rafael Correa၊ဥရုဂွေးရှိ Tabaré Vázquez နှင့် José Mujica in Uruguay၊ဗင်နီဇွဲလားရှိ Hugo Chávez အစိုးရများဖြစ်သည်။အချို့ကချီလီရှိ Ricardo Lagos နှင့်
Michelle Bachelet နှင့်ပါရာဂွေးရှိ Fernando Lugo အစိုးရများကိုလည်းထည့်သွင်းလိုကြသည်။နောက်ဆုံးပီရူးရှိ Ollanta Humala အစိုးရလည်းဤစာရင်းတွင်ပါဝင်သည်။

ျပ်ကျပ်ထိန်းချုပ်မှုမျိုးမှသည်ဘရာဇီးနှင့်ဥရုဂွေးတို့ရှိအစဉ်အလာကျမ်းရိုးစီးပွားရေးမူဝါဒများချမှတ်မှုအထိအ
ိအမျိုးမျိုးရှိနေသည်။

ဘိုလီးဗီးယား၊အီကွေဒေါနှင့်ဗင်နီဇွဲလားတို့တွင်အရင်းရှင်ဝါဒကိုဆန့်ကျင်ကန့်ကွက်မှုများပိုမိုအားကောင်
င်းလာပြီး၂၁ရာစုဆိုရှယ်လစ်ဝါဒတည်ထောင်ရေးအဆိုပြုမှုများအားကောင်းလာခဲ့သည်။၂၁ရာစုဆိုရှယ်လ
်လစ်ဝါဒသီအိုရီများကိုအဓိကအားဖြင့် A. Borón (2008), H. Dieterich (1996) နှင့် J.C. Monedero (2008)
တို့ကဦးဆောင်ဖော်ထုတ်ကြခြင်းဖြစ်သည်။ယင်းတို့အားလုံးကအရင်းရှင်ဝါဒနှင့်နီယိုလစ်ဘရ
ဘရယ်အတွေးအခေါ်တို့ကိုကိုယ်ပိုင်ဟန်ဖြင့်ဝေဖန်ချေချွတ်ကြသည်။အားလုံးကအရင်း၏အခန်
န်းကဏ္ဍကိုထိန်းချုပ်ကန့်သတ်ရန်ရည်ရွယ်ပြီးနိုင်ငံတော်၏ကဏ္ဍကိုပိုမိုအရေးပါလာအောင်ဆောင်ရ
်ရွက်လိုကြသည်။သို့ရာတွင်၎င်းတို့၏အယူအဆများကိုယ်တိုင်ကချွတ်ယွင်းချက်များရှိနေပြီးသဘာဝပတ်ဝန
ဝန်းကျင်၊ယဉ်ကျေးမှုဆက်နွယ်မှုများနှင့်ဌာနေတိုင်းရင်းသားများအရေးစသည်တို့ကိုထည့်သွင်းစဉ
စဉ်းစားရန်ပျက်ကွက်ခဲ့သည်။

အခြားနိုင်ငံများတွင်လည်းအခြေအနေမတူညီကြပေ။အာဂျင်တီးနားတွင်လူများကြိုက်အမျိုးသားရေးအခြခံ
ခံဖွံ့ဖြိုးရေးလုပ်ရှားမှုစတင်ပေါက်ဖွားလာသည်။ယင်းကဖွံ့ဖြိုးမှုနှင့်ပို့ကုန်တင်ပို့မှုကိုမြှင့်တင်ပြီးပြည်သူများ
ါးအကျိုးအတွက်နိုင်ငံတော်၏အခန်းကဏ္ဍကိုကြီးကြီးမားမားထားရှိသည်။ဘရာဇီးတွင်မူ “novo desenvolvimento” (new developmentalism)
မှာအခြေတည်ဆဲသာဖြစ်ပြီးနိုင်ငံတော်၏အခန်းကဏ္ဍကိုမြှင့်တင်သော်လည်းဈေးကွက်၏လည်ပတ်
တ်မှုကိုထိခိုက်ခြင်းမရှိစေရန်သတိပြုသည်။နီယိုလစ်ဘရယ်ဝါဒကိုဆန့်ကျင်သော်လည်းအစဉ်အလာလူ
လူများကြိုက်လက်ဝဲအယူအဆကိုတော့လက်မခံချေ။ဘရာဇီးကကိုယ့်ကိုယ်ကိုလစ်ဘရယ်အဖြစ်ကြေညာ
ညာထားသည် (Bresser Pereira, 2007)။

ထိုသီအိုရီများမှာတစ်နိုင်ငံနှင့်တစ်နိုင်ငံများစွာကွဲပြားခြားနားသည်။သို့ရာတွင်ဘုံတူညီသောအချက်မှာ
၂ဖွံ့ဖြိုးမှု၊ပို့ကုန်နှင့်ရင်းနှီးမြှုပ်နှံမှု၊သဘာဝတရားကြီးကိုအသုံးချရန်အတွက်စီမံဆောင်ရွက်
က်ခြင်းများစသည်တို့ကိုပြန်လှန်မေးခွန်းထုတ်ရန်ပျက်ကွက်ခြင်းပင်ဖြစ်သည်။ဆင်းရဲမှုကဲ့သို့လူ
လူမှုပြဿနာရပ်များကိုဖြေရှင်းရန်ကြိုးစားသော်လည်းယဉ်ကျေးမှုဆက်နွယ်မှုဆိုင်ရာချဉ်းကပ
ကပ်မှုနည်းလမ်းများကိုအသုံးမပြုချေ။အဓိကဆွေးနွေးကြသောအချက်များမှာဖွံ့ဖြိုးမှုကိုဆောင်
်ကြဉ်းပေးမည့်နည်းလမ်းများ၊နိုင်ငံတော်၏အခန်းကဏ္ဍ
(ထိန်းချုပ်ခြင်းသို့မဟုတ်နိုင်ငံပိုင်လုပ်ငန်းများအားဖြင့်တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်း)
နှင့်ပိုလျှံသောအကျိုးအမြတ်များကိုမည်သို့ခွဲဝေမည်စသည်တို့ဖြစ်သည်။ထိုမှတစ်ဆင့်လက်တွေ့မ
့မဟာဗျူဟာများနှင့်လူပြိန်းကြိုက်ဝါဒပုံစံတစ်မျိုးပေါ်ပေါက်လာသည်။လူပြိန်းကြိုက်ဝါဒမှာတက်ကြွပြီးစည
စည်းရုံးလှုံ့ဆော်မှုသဘောတော့ဆောင်သည်။စီးပွားရေးအသိုင်းအဝိုင်းနှင့်ဆက်ဆံရေးမှာဘရာဇ
ဇီးတွင်ကျယ်ကျယ်ပြန့်ပြန့်ပံ့ပိုးပေးပြီးအာဂျင်တီးနားတွင်ကန့်သတ်ချက်များနှင့်ပံ့ပိုးသည်။

တိုးတက်သောအစိုးရများလက်တွေ့ကျင့်သုံးဆောင်ရွက်ပုံများနှင့်အစီအမံများကိုလေ့လာပါကပ
ကပို၍ပင်ထွေပြားသေးသည်။အချို့က (ဒါဆေးလ်ဗားနှင့်ဗက်စ်ကွက်စ်အစိုးရများ)
မက်ခရိုစီးပွားရေးဆိုင်ရာကျမ်းရိုးနိယာမများကိုအကောင်အထည်ဖော်ကြသည်။ဗင်နီဇွဲလားကဲ့သို့သောနိုင်ငံ
ငံများတွင်မူပိုမိုကြီးမားသောကြားဝင်ထိန်းချုပ်မှုများကိုဆောင်ရွက်ကြသည်။သို့ရာတွင်အားလုံးမှာစီးပွားရေး
ရေးတိုးတက်မှုကိုဖွံ့ဖြိုးမှုနှင့်ထပ်တူပြုပြီးထိန်းသိမ်းကာကွယ်ကြကာပို့ကုန်တိုးမြှင့်ခြင်းနှင့်ရင်းနှီး

ီးမြှပ်နှံမှုတိုးချဲ့ခြင်းနည်းလမ်းများဖြင့်ဆောင်ရွက်နိုင်မည်ဟုလည်းယုံကြည်ကြသည်။ယင်းတို့မှာ Celso Furtado ထောက်ပြခဲ့သောဖွံ့ဖြိုးမှု၏ယုတ္တိလွန်အယူအဆများပင်ဖြစ်သည်။အလားတူစိတ်ကူးမျိုးကို၁၉၆ ၉၆ဝနှင့်၇ဝပြည့်လွန်နှစ်များကကြုံတွေ့ခဲ့ဖူးပြီးယခုတစ်ကျော့ပြန်လည်လာခြင်းလည်းဖြစ်သည်။

တိုးတက်သောအစိုးရများနှင့်ရေနံနှင့်သဘာဝဓာတ်ငွေ့ကဲ့သို့သယံဇာတတူးဖော်ရေးလုပ်ငန်းများကိုအဓိက များကိုအဓိကအားပေးခြင်းမှာပို့ကုန်အခြေပြုဖွံ့ဖြိုးရေးအတွက်အရေးပါသောကြောင့်ဖြစ်သည်။ထိုမှတစ်ဆင့်တိုး စ်ဆင့်တိုးတက်သော neoextractivism ပေါ်ပေါက်လာသည် (Gudynas, 2009b)။ယင်းမှာယခင်ကွန်ဆာဗေးတစ်အစိုးရများလက်ထက်ကနိုင်ငံတကာကော်ပိုရေးရှင်းကြီးများကိုအဓိ ၁းကိုအဓိကဦးတည်ပြီးနိုင်ငံတော်ကိုနောက်တန်းပို့မှုနှင့်ကွာခြားသော်လည်းသဘာဝကိုအလုံးအရင်းလိုက်အသုံ အလုံးအရင်းလိုက်အသုံးချခြင်း၊ကွက်ကြားစီးပွားရေးအဝန်းအဝိုင်းများနှင့်ကမ္ဘာ့ဈေးကွက်တွင်အောက်တန်းမှပါ ်အောက်တန်းမှပါဝင်ခြင်းစသည့်ဝိသေသများနှင့်များစွာကွဲပြားသည်။တိုးတက်သောအစိုးရများကနိုင်ငံပိုင်လုပ်င ်ငံပိုင်လုပ်ငန်းများဖြင့်ဖြစ်စေ၊အခွန်နှင့်ခိုင်ကြေးများကိုမြင့်မားစွာကောက်ခံခြင်းနည်းဖြင့်ဖြစ်စေနိုင်ငံတော်၏ းဖြင့်ဖြစ်စေနိုင်ငံတော်၏အခန်းကဏ္ဍကိုဆွဲတင်ကြသည်။အခွန်ဘဏ္ဍာကောက်ခံခြင်းသည်ထိုအစိုးရများအ ထိုအစိုးရများအတွက်ဆင်းရဲမှုတိုက်ဖျက်ရေးနှင့်လူမှုဖူလုံရေးအစီအမံများအတွက်အဓိကရန်ပုံငွေထောက်ပံ့ရေး ၁က်ပံ့ရေးနည်းလမ်းပင်ဖြစ်သည်။ဤနည်းအားဖြင့်သတ္တုတွင်းနှင့်ရေနံတွင်းများသည်ဆင်းရဲသူများအတွ ဆင်းရဲသူများအတွက်အထောက်အပံ့များပေးနိုင်ရန်မရှိမဖြစ်လိုအပ်သောလုပ်ငန်းများဖြစ်လာကြသည်။

ထိုသို့သယံဇာတထုတ်ယူမှုဝါဒမှာအလွန်ခေတ်စားလှသည်ဖြစ်ရာအီကွေဒေါအစိုးရသည်ဧရာမမိုင်းတွင်းစီမံချ စီမံချက်ကြီးကိုဆောင်ရွက်ရန်ပြင်ဆင်နေသလိုအစဉ်အလာအားဖြင့်စိုက်ပျိုးမွေးမြူရေးအဓိကလုပ်ကိုင်သော ်ကိုင်သောဥရုဂွေးနိုင်ငံတွင်လည်းသမ္မတလုပ်သူကသံသတ္တုရိုင်းတူးဖော်ရေးလုပ်ငန်းမှာဒင်း၏ဦးစားပေးတစ်ခု ီးစားပေးတစ်ခုဖြစ်ကြောင်းထုတ်ဖော်ပြောဆိုသည်။

သို့ရာတွင်ထိုအစိုးရများအားလုံးသည်တွင်းထွက်တူးဖော်ထုတ်လုပ်ရေးဝါဒကြောင့်ဖြစ်ရသောလူမှုနှင့် ့ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများကိုငြင်းပယ်ကြသည်။ထို့ကြောင့်ယင်းကိစ္စများနှင့်ပတ်သက သက်ပြီးသင့်လျော်စွာကိုင်တွယ်ဖြေရှင်းခြင်းမရှိကြသောကြောင့်ကန့်ကွက်ဆန္ဒပြမှုများပိုမိုပြ ပြင်းထန်လာသည်။အနီးစပ်ဆုံးဥပမာတစ်ခုမှာဘိုလီးဗီးယားနိုင်ငံရှိ Isoboro Sécure Indigenous Territory and National Park (TIPNIS) အမျိုးသားဥယျာဉ်အတွင်းလမ်းဖောက်လုပ်မှုနှင့်ပတ်သက်ပြီးဌာနေတိုင်းရင်းသားများ၏ကန့်ကွက်မှု မှုဖြစ်သည်။ယင်းကိုအီဗိုမိုရေးစ်အစိုးရကအလေးတယူမပြုပဲလူမှုဖူလုံရေးများကိုဆောင်ရွက်ရန်အတွက်ရန် န်ပုံငွေလိုသောကြောင့်မိုင်းတွင်းနှင့်ရေနံလုပ်ငန်းများကိုအားပေးမြှင့်တင်ရမည်ဟုသာဆိုသည်[7]။

တူးဖော်မှုဝါဒသစ်အောက်တွင်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သောအငြင်းအခုံများကိုပြန်လည်ပုံစံချထ ု့ထားလာကြသည်။အတိတ်ကာလကကွက်ကြားတည်ရှိသော (နိုင်ငံခြားပိုင်) စက်မှုလုပ်ငန်းများမှာကုန်သွယ်ရေးမီခိုမှုနှင့်နိုင်ငံစုံကော်ပိုရေးရှင်းများနှင့်ချိတ်ဆက်လျ

---

[7]ဌာနေတိုင်းရင်းသားများ၏တောင်းဆိုမှုများကိုအစိုးရကငြင်းဆိုသည်။အကြောင်းမှာစွမ်းအင်လုပ်ငန်းများအားလုံးရပ်ဆိုင် င်းသွားနိုင်သောကြောင့်ဖြစ်သည်။အစိုးရက 'အငြိမ်းစားခြောက်သိန်းကျော်တို့အတွက်ပေးသောပင်စင်လစာများနှင့်ကျောင်းသားငယ်၁.၈သန်းမီခိုသောပညာရေးအထောက် က်အကူအစီအစဉ်များရပ်တန့်သွားနိုင်သည်' ဟုထောက်ပြခဲ့သည်။ယင်းမှာသယံဇာတတူးဖော်မှုများသည်ဆင်းရဲမှုပပျောက်ရေးကိုကူညီသောကြောင့်လက်ခံရမည်ဟု ဟုဆိုလိုရာရောက်နေသည်။ Statements in Página Siete, 20 September 2011, La Paz.

လျက်ရှိသည်။အတိတ်ကာလကသယံဇာတတူးဖော်မှုဝါဒကိုစွန့်လွှတ်ရန်နှင့်အမျိုးသားပိုင်စက်မှုလုပ်ငန်းမျ
များထွန်းကားရေးကိုတောင်းဆိုခဲ့ကြသော်လည်းယခုအခါထိုကွက်ကျားစက်မှုဒေသများကိုပို့ကုန်တင်ပိ
ပို့မှုအတွက်အောင်မြင်သည့်ဇာတ်လမ်းများအဖြစ်မှတ်ယူနေကြသည်။လက်ရှိအချိန်တွင်သမိုင်းတစ
တစ်လျှောက်စံချိန်တင်ကုန်ကြမ်းများတင်ပို့နေခြင်းကိုဂုဏ်ယူနေကြသည်။ကုန်သွယ်မှုတွင်နိုင်ငံတက
တကာကုမ္ပဏီများနှင့်ကမ္ဘာပြုမှုဖြစ်စဉ်၏လက်ဝေခံဘဝကျရောက်နေခြင်း၊ကမ္ဘာ့စနစ်ကြီးကိုလက်ခံလိ
လိုက်နာကျင့်သုံးနေခြင်းများသည်တစ်ချိန်ကကဲ့သို့ဝေဖန်စရာများမဟုတ်တော့ပဲလက်သင့်ခံလိုက်
က်ကြပြီဖြစ်သည်။သယံဇာတထုတ်လုပ်မှုဝါဒကြောင့်လူမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများကြီ
ကီးမားလာသောအခါလက်ဝဲအစိုးရများသည်လူမှုတရားမျှတမှုရှုထောင့်မှချဉ်းကပ်ခြင်းမပြုပဲလူမှုဖူ
ဖူလုံရေးအကျိုးခံစားခွင့်များပေးခြင်းဖြင့်တရားမျှတမှုကိုရှာဖွေရန်ကြိုးပမ်းကြသည်။သို့ရာတွင်လူမှုတ
။တရားမျှတမှုနှင့်မတူပဲအလွယ်တကူလှည့်ဖျားနိုင်သည့်စီးပွားရေးတရားမျှတမှုသာဖြစ်ပြီးအလှူဒါနပြု
ပုမှုများနှင့်စိတ်ကောင်းနှလုံးကောင်းများနှင့်သာဆင်တူသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများကိုလျှော့ချခြင်းသို့မဟုတ်လျစ်လျူရှုထားခြင်းများရှိပြီးနိုင်ငံသာ
သားများ၏ကန့်ကွက်ဆန္ဒပြမှုများကိုနှိမ်နင်းရန်ကြိုးစားကြသည်။မကြာခဏဆိုသလိုဒေသတွင်းမကုန်ခမ
ခမ်းနိုင်သောချမ်းသာကြွယ်ဝမှုဟူသည့်မစားရဝခမန်းများကိုကြားနေရပြီးယင်းတို့ကိုထိထိရေ
ရောက်ရောက်၊အပြင်းအထန်းထုတ်ယူရန်ကြိုးပမ်းနေကြသည်ကသာများသည်[8]။

ထိုအခြေအနေများကြောင့်ဝွတီးဝွကျကြုံတွေ့ရသည်။တိုးတက်သောအစားထိုးဖွံ့ဖြိုးရေးအယူအဆမျ
များမှာအစဉ်အလာလွတ်လပ်သောဈေးကွက်အယူအဆမှခွဲထွက်ခြင်းဖြစ်သော်လည်းယင်းသည်
ည်အစဉ်အလာဖွံ့ဖြိုးရေးအတွေးအခေါ် အများအပြားနှင့်အံဝင်ဂွင်ကျဖြစ်နေသောအချက်ပင်ဖြစ်သည်။အမျ
မျိုးသားဖွံ့ဖြိုးရေးဦးတည်ရည်မှန်းချက်များသည်၁၉၆၀ပြည့်လွန်နှစ်များကစီမံကိန်းများနှင့်ဆင်တူပြီးအမျ
မျိုးသားစီးပွားရေးလုပ်ငန်းများနှင့်သွင်းကုန်အစားထိုးမှုဝါဒမရှိခြင်းသာကွာသည်။ဆင်းရဲမှုတိုက်ဖျက်ရေးကိ
ကိုပိုမိုအားတက်သရောဆောင်ရွက်သော်လည်းအဓိကအားဖြင့်စားသုံးကုန်များတင်သွင်းခြင
ခင်းနှင့်သဘာဝအရင်းအမြစ်များကိုစီးပွားဖြစ်ထုတ်ယူသုံးစွဲခြင်းများကိုအဓိကထားရသည်။ထို့ေ
့ကြောင့်ရင်းနှီးမြှုပ်နှံမှုပန်းတိုင်များသို့မဟုတ်ပို့ကုန်ရည်မှန်းချက်များစသည်တို့နှင့်ပတ်သက်ပြ
ပြီးဝေဖန်မေးခွန်းထုတ်နေ၍မရပဲအစိုးရပိုလျှံငွေကိုမည်သို့သုံးစွဲမည်နည်းဆိုသည်ကိုသာဆေ
ဆွေးနွေးနိုင်တော့သည့်အခြေအနေဖြစ်သည်။ဥရုဂွေးသမ္မတဟိုဆေးမူဂျီကာက
'နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလိုအပ်သည်မှာယုံမှားသံသယရှိစရာမလိုပေ'
ဤကိစ္စနှင့်ပတ်သက်ပြီးဆွေးနွေးစရာအကြောင်းမရှိ။နောက်ပိုင်းတွင်ထိုရင်းနှီးမြှုပ်နှံမှု၏
။၏အသီးအပွင့်များ၊အခွန်နှင့်အကျိုးအမြတ်များရရှိလာမှသာယင်းတို့ကိုကောင်းစွာပြန်လည်ခွဲဝေသုံးစွဲနိုင်ခြင်းရှိ
/မရှိဆွေးနွေးငြင်းခုံကြရန်ဖြစ်သည်[9]ဟုရှင်းလင်းစွာပြောဆိုဖူးသည်။

ယင်းမှာယနေ့ခေတ်အရင်းရှင်ဝါဒကိုလက်ခံထားသောဖွံ့ဖြိုးရေးပုံစံပင်ဖြစ်ပြီးနိုင်ငံတော်အနေန
နှင့်ယင်း၏အလုပ်မဖြစ်သောမျက်နှာစာများနှင့်အခန်းကဏ္ဍများကိုလျှော့ချရန်သာရှိသည်။ယင်းမှာ
'စိတ်ကောင်းနှလံဖုံးကောင်းအရင်းရှင်ဝါဒ'

[8]ရွှေပုံပေါ် ခွထိုင်ပြီးသူတောင်းစားမလုပ်ကြရန်အီကွေဒေါသမ္မတ Rafael Correa
ကပြောဆိုခဲ့ဖူးသည်။ထိုအယူအဆကိုသုံးပြီးအပွင့်မိုင်းတွင်းများတူးဖော်ရေးကိုအားပေးခဲ့ခြင်းဖြစ်သည်။ Statements in El Universo, 16 January 2009, Quito.

[9] El Observador, 12 February 2010, Montevideo

ပင်ဖြစ်ပြီးဆင်းရဲမွဲတေမှုနှင့်မညီမျှမှုတို့ကိုထောက်ပံ့ကြေးပံ့ပိုးမှုပုံစံများ၊အခွန်စည်းကြပ်မှုများဖြင့်
့ကိုင်တွယ်ဖြေရှင်းပေးခြင်းသာဖြစ်သည် (Gudynas, 2010a)။

ထိုအခြေအနေမှာအက်ကွဲကြောင်းရာများထင်လာပြီဖြစ်သည်။အထက်ကမဟာဗျူဟာများကြောင့်ဖြစ
ဖစ်လာသောလူမှုနှင့်သဘာဝဝန်းကျင်ဆိုင်ရာဆိုးကျိုးများစုပုံလာပြီးစီးပွားရေးအရပံ့ပိုးထောက်ပံ့ခြင
ခင်းများ၏ကောင်းကျိုးများလည်းတဖြေးဖြေးပါးလျားလာပြီဖြစ်သည်။ယင်းမှာဖွံ့ဖြိုးမှု၏အနှစ်သာရကိ
ကိုမဖြစ်မနေအချေအတင်ဆွေးနွေးရန်လိုအပ်ကြောင်းသက်သေပြမှုပင်ဖြစ်ပြီးတိုးတက်သောအစိုးရမ
ရများ၏စွမ်းဆောင်ရည်များကိုသီးခြားလွတ်လပ်စွာနှင့်ဝေဖန်ဆန်းစစ်မှုရှိသောရှုမြင်မှုများလည်
ည်းလိုအပ်ကြောင်းထောက်ပြမှုပင်ဖြစ်သည်။

စဉ်ဆက်မပြတ်အငြင်းပွားမှု၊ပြတ်တောင်းပြတ်တောင်းဒိုင်ယာလော့ခ်နှင့်ဆွဲဆောင်သိမ်းသွင်းခြင်း

ယခုအခန်းတွင်ဖော်ပြထားသောဥပမာများသည်ဖွံ့ဖြိုးမှုနှင့်ပတ်သက်သည့်အငြင်းပွားမှုများ၊ဝေဖန်မ
ံမှုများနှင့်အစားထိုးစရာများနှင့်ပတ်သက်၍ရှည်လျားသောသမိုင်းကြောင်းရှိကြောင်းဖော်ပြေ
ပနေခြင်းဖြစ်သည်။လက်တင်အမေရိကမှာထိုသမိုင်းတွင်နီးနီးစပ်စပ်ပါဝင်သည်။အငြင်းအခုံများတွင်
င်ဘက်နှစ်ဖက်ရှိသည်။တစ်ဖက်မှာဖွံ့ဖြိုးမှု၏နိယာမများနှင့်ပတ်သက်ပြီးအတွင်းမှဝေဖန်ခြင်းဖြစ်
စ်သည်။ကျန်တစ်ဖက်မှာဖွံ့ဖြိုးမှုအယူအဆကိုအပြင်မှဝေဖန်ခြင်းဖြစ်သည်။ပထမအမျိုးအစားတွင်နီယိုဂန
ဂန္ထဝင်ဝါဒီများနှင့်မက်စ်ဝါဒီများအကြားအငြင်းအခုံ၊စျေးကွက်ကိုခုခံသူများနှင့်ဖွံ့ဖြိုးရေးအတွက်
က်နိုင်ငံတော်ကြားဝင်စွက်ဖက်မှုကိုလိုလားသူများအကြားအငြင်းအခုံများဖြစ်သည်။အပြင်းထန်ဆုံးေ
းဝေဖန်မှုများမှာမူပြင်ပမှလာသည်။အထူးသဖြင့်ဖွံ့ဖြိုးရေးဘောဂဗေဒသမားများမဟုတ်သူများထံမှလာ
လာခြင်းဖြစ်သည်။ဥပမာအားဖြင့်ဖွံ့ဖြိုးမှုတွင်လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာအကန့်အသတ်များရှိ
ိုကြောင်းထောက်ပြသူများဖြစ်သည်။

သို့ရာတွင်ငြင်းခုံဆွေးနွေးမှုများမှာလွတ်လွတ်လပ်လပ်အပြန်အလှန်သိပ်မရှိလှပေ။အကြောင်းမှာဖွံ့ဖြ
ဖြိုးရေးဘောဂဗေဒသမားများကအခြားအယူအဆများအကြောင်းနားထောင်ရန်စိတ်သိပ်မပါကြသောကြေ
ကြောင့်ဖြစ်သည်။ဆန့်ကျင်ဘက်အနေနှင့်ဖွံ့ဖြိုးရေးကိစ္စရပ်များတွင်စိတ်ပါဝင်စားကြသောမနုဿဗေဒပညာ
ညာရှင်များ၊လူမှုရေးပညာရှင်များနှင့်သဘာဝပတ်ဝန်းကျင်သမားများကအခြားသောအရပ်ဖက်အဖွဲ့အ
့အစည်းများနှင့်အတူငြင်းခုံဆွေးနွေးမှုများတွင်ပါဝင်လာကြသည်။အငြင်းအခုံများမှာတစ်ခါတရ
တရံပြင်းထန်လာပြီးအချိန်တစ်ခုကြာပါကတစ်ခုပြန်ကျဆင်းသွားတတ်ကာနောင်နှစ်အတန်ကြာတွင်
င်ပုံစံတစ်မျိုးဖြင့်ပြန်ပေါ်ထွက်လာတတ်သည်။



ဖွံ့ဖြိုးရေး၏ကတိကဝတ်များမှာလည်းလက်တွေ့တွင်ဖြည့်ဆည်းနိုင်ခဲ့ခြင်းမရှိကြောင်းပိုမိုပေါ်လ
ါလွင်ထင်ရှားလာသည်။အစိုးရစီမံကိန်းများအလုပ်ဖြစ်ခဲ့သလိုကမ္ဘာ့ဘဏ်နှင့်နိုင်ငံတကာဖွံ့ဖြိုးရေးဘ
းဘဏ်တို့ကဲ့သို့အင်စတီကျူးရှင်းများ၏စီမံကိန်းများမှာလည်းအကျိုးမဖြစ်လှပေ။ထင်သလိုမဖြစ်မှုများနှင့်လ
့လူမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများဖြစ်ပေါ်မှုမှာဘုံဝိသေသလိုဖြစ်နေသည်။ထိုပြဿနာမျ
များနှင့်ပတ်သက်ပြီးလေ့လာသုတေသနပြုမှုများရာနှင့်ချီပြီးရှိသည်။ထို့ကြောင့်ထိုဆယ်စုနှစ်များတွင
ွင်ကြုံတွေ့ရသောအရာမှာဖွံ့ဖြိုးမှုမဟုတ်ပဲမမှန်ကန်သောဖွံ့ဖြိုးမှု maldevelopment
သာဖြစ်သည်မှာပေါ်လွင်ထင်ရှားသည် (Tortosa, 2011)။

ထို့ကြောင့်ဖွံ့ဖြိုးမှုဆိုသည်မှာမျှော်လင့်ခံရသလိုငြင်းပယ်ဆန့်ကျင်ခြင်းလည်းခံရသောအိပ်မက်တစ
တစ်ခုဖြစ်နေသည်။ဖွံ့ဖြိုးမှုစိတ်ကူးကိုလက်တွေ့အကောင်အထည်ဖော်လိုက်၊အဝေဖန်ခံရလိုက်၊ပုံစံသ

သစ်အဖြစ်ပြန်လည်ပြင်ဆင်တည်ဆောက်လိုက်၊များမကြာမီကြုံနေကျအကျပ်အတည်းများထဲသို့ပြ
ပြန်ရောက်သွားလိုက်နှင့်သံသရာလည်လျက်ပင်ရှိသည်။

၁၉၈၀ပြည့်လွန်နှစ်များမှစ၍ဖွံ့ဖြိုးမှုကျဆုံးသွားပြီဖြစ်ကြောင်းကြိမ်ဖန်များစွာထုတ်ဖော်ကြေညာခံခဲ့ရသည်။
Wolfgang Sachs (1992) ၏သြဇာကြီးသော Development Dictionary
တွင်ဖွံ့ဖြိုးမှု၏ခေတ်မှာကုန်သွားပြီဖြစ်ကြောင်းနှင့်ယင်းကိုသေစာရင်းထုတ်ပေးရန်သာလိုကြော
ကာင်းရေးသားခဲ့သည်။ Gustavo Esteva (1992)
ကဆိုလျှင်ထိုစိတ်ကူးစိတ်သန်းတစ်ခုလုံးကိုလက်လျှော့လိုက်ရန်ပြောဆိုခဲ့သည်။၁၉၉၀ပြည့်လွန်နှစ်မျာ
ျားတစ်လျှောက်လုံးတွင်လက်ဝဲအယူအဆဘက်မှတိုက်ခိုက်မှုကြောင့်မဟုတ်မူပဲပြင်းထန်သောနီယိ
ယိုလစ်ဘရယ်ဆန်နှ့ကျင်ရေးရေစီးကြောင်းများကြောင့်ဖွံ့ဖြိုးရေးဟူသောအယူအဆကြီးတစ်ခုလုံးအသ
အသုံးမဝင်၊ဘောင်မဝင်ဖြစ်သွားခဲ့ရသည်။

သို့ရာတွင်ဖွံ့ဖြိုးရေးဟူသောအယူအဆကလည်းခံနိုင်ရည်အလွန်မြင့်မားသည်။အရပ်ဖက်လူ့ဘောင်တစ်
စ်ခုလုံးကကျယ်ကျယ်ပြန့်ပြန့်ကန့်ကွက်နေကြသော်လည်းယင်းကိုအလိုရှိနေသောအခြားကဏ္ဍများလည
လည်းရှိနေပြန်သည်။သယံဇာတထုတ်ယူရေးဝါဒသစ်နှင့်အတူဖွံ့ဖြိုးရေးရည်မှန်းချက်အသစ်မျ
များလည်းဆက်လက်ပေါ်ထွက်နေသဖြင့်ဖွံ့ဖြိုးရေးအိပ်မက်မှာဆက်လက်ရှင်သန်နေခဲ့သည်။

တိုးတက်မှုဆိုင်ရာအိုင်ဒီယိုလော်ဂျီ

ဖွံ့ဖြိုးမှုအယူအဆ၏ကြံကြံခံရပ်တည်နိုင်စွမ်းကိုပုံစံအမျိုးမျိုးဖွင့်ဆိုကြသည်။အချို့ကဆိုလျှင်ယင်းကိုဒဏ္ဍာ
ဏ္ဍာရီသို့မဟုတ်ဘာသာရေးတစ်ခုနှင့်ပင်တင်စားကြသည် (Rist,
2006)။ယခုအက်ဆေးတွင်မူလက်တင်အမေရိက၏အတွေ့အကြုံများကိုအခြေခံပြီးအိုင်ဒီယိုလော်ဂျီဆိုင
ုင်ရာအယူအဆအဖြစ်ဆွေးနွေးတင်ပြသွားမည်ဖြစ်သည်။အမှန်စင်စစ်လည်းခေတ်ပြိုင်ဖွံ့ဖြိုးရေး
ရေးအယူအဆများမှာတိုးတက်မှု၏အိုင်ဒီယိုလော်ဂျီများပင်ဖြစ်သည်။

အိုင်ဒီယိုလော်ဂျီဆိုသည်မှာယုံကြည်မှုများ၊ပုဂ္ဂလအစွဲများနှင့်တန်ဖိုးများကိုယုတ္တိနည်းကျစုစည်းန
နိုင်မည့်အခြေခံမူဘောင်တစ်ခုပင်ဖြစ်သည်။ဤနည်းအားဖြင့်ပုဂ္ဂလိကအဆင့်မှအင်စတီကျူးရှ
ရှင်းအဆင့်အထိမျက်နှာစာပေါင်းစုံအကျုံးဝင်သောလူမှုဆက်နွယ်ဖွဲ့စည်းမှု Socail Order
ကိုအကြိမ်ကြိမ်ထုတ်လုပ်၊ပြန်လည်ထုတ်လုပ်ခြင်းပြုနိုင်သည် (Eagleton,
1991)။ထိုအိုင်ဒီယိုလော်ဂျီအခြေခံသည့်ဖွံ့ဖြိုးမှုဆိုသောအယူအဆကိုယုတ္တိလွတ်ခံစားမှုသက်သက်ဖြင့်စွဲ
ွဲကပ်ငြိတွယ်ခြင်းသာဖြစ်ပြီးသတိပေးချက်များနှင့်အတွင်းပဋိပက္ခများကိုအစဉ်အဆက်မျက်နှာလွှ
လွှဲ၊ပစ်ပယ်လေ့ရှိသည်။

လူ့အဖွဲ့အစည်း၏တိုးတက်မှုဟူသောအယူအဆမှာရာစုနှစ်ပေါင်းများစွာကတည်းကတည်ရှိခဲ့ခြင်းဖြ
ဖြစ်ပြီးအထက်တွင်ဖော်ပြခဲ့သောဥပမာများအားလုံးထက်လည်းရှေးကျသည် (Nisbet, 1981; Burns,
1990)။လက်တင်အမေရိကတွင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာနယ်ပယ်၌သိသာထင်ရှားသည်။အမီရိုခံသီအိုရီန
ိနှင့်၁၉၆၀ပြည့်လွန်မက်စ်ဝါဒီများ၊၁၉၈၀ပြည့်လွန်နီယိုလစ်ဘရယ်များနှင့်မကြာသေးမီကပေါ်လာ
လာသောတိုးတက်ရေးဂိုဏ်းများအပါအဝင်အတွေးအခေါ်ဂိုဏ်းများအားလုံးကအဆုံးမရှိစဉ်ဆက်မပြတ
ပတ်ဖွံ့ဖြိုးမှုတွင်အကန့်အသတ်ရှိသည်ဆိုသည်ကိုလက်မခံခဲ့ကြချေ။သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလျှော့တွ
တွက်ပြီးယင်းကိုစီးပွားရေးနည်းဖြင့်ပြန်လည်ပြုပြင်တည့်မတ်နိုင်သည်ဟုလက်ခံကြသည်။

ဖွံ့ဖြိုးမှုတွင်အိုင်ဒီယိုလော်ဂျီအခြေခံရှိသည်မှန်သော်လည်းအစားထိုးရွေးချယ်စရာများကိုတွေးဆလာနိုင်
တွေးဆလာနိုင်သောအခါယင်းကိုပါပြန်လည်သုံးသပ်ဆွေးနွေးရန်အကြောင်းဖန်လာသည်။ဘောဂဗေဒသုံးသ
သည်။ဘောဂဗေဒသုံးသပ်မှုကဲ့သို့သောအစဉ်အလာနည်းလမ်းများသည်အပေါ်ယံမျက်နှာပြင်တွင်သာအလုပ်
င်သာအလုပ်ဖြစ်ကာအိုင်ဒီယိုလော်ဂျီနယ်ပယ်အတွင်းထဲထိဝင်ရောက်ထိုးဖောက်သုံးသပ်နိုင်စွမ်းတော့မရှိ
စွမ်းတော့မရှိပေ။ထို့ကြောင့်နက်ရှိုင်းသောဝေဖန်ရေးပုံစံတစ်မျိုးလိုအပ်နေသည်။

ဖွံ့ဖြိုးမှုလွန်ဝေဖန်ရေး

ဖွံ့ဖြိုးမှု၏အိုင်ဒီယိုလော်ဂျီအရင်းခံအပါအဝင်အနှစ်သာရများကိုလေ့လာသုံးသပ်ခြင်းသည်၁၉၈၀ပြည့်လွန်
၈၀ပြည့်လွန်နှစ်များတွင်စတင်ပေါ်ထွန်းခဲ့ပြီးဖွံ့ဖြိုးမှုလွန်ချဉ်းကပ်ပုံ post-development approach
ဟုခေါ်သည်။ယင်းချဉ်းကပ်မှုလမ်းကြောင်းတွင်လက်တင်အမေရိကပညာရှင်အများအပြားပါဝင်ပြီးမက္ကဆီကို
က္ကဆီကိုမှ Gustavo Esteva (1992) နှင့်ကိုလံဘီယာမှ Arturo Escobar (1992, 2005) တို့မှာထင်ရှားသည်။

ထိုအတွေးအခေါ်ဂိုဏ်းကဖွံ့ဖြိုးမှုဟူသောအယူအဆသည်စဉ်းစားပုံစဉ်းစားနည်းနှင့်ခံစားနားလည်
ည်မှုပုံစံတစ်မျိုးဖြစ်လာသည့်အထိကျယ်ပြန့်လာခဲ့ကြောင်းနားလည်သည်။၎င်းတို့၏ချဉ်းကပ်ပုံမှာဖူးကို
ကိုးလ်၏အဆောက်အအုံဝါဒလွန်နည်းလမ်းနှင့်ဆင်တူသည်။ယင်းကလွှမ်းမိုးထားသောတွေးခေါ်စဉ်းစားပုံ
discourse
နှင့်တကွစနစ်တကျရှိနေပြီးသောစိတ်ကူးအတွေးအခေါ်များ၊အင်စတီကျူးရှင်းများနှင့်အလေ့အကျင့်မျ
များကိုပါပြန်လည်မေးခွန်းထုတ်ခြင်းဖြစ်သည်။ထို့ကြောင့်ဖွံ့ဖြိုးမှုလွန်အတွေးအခေါ်သည်မတူညီသောဖွံ့ဖြ
့ဖြိုးရေးအတွေးအခေါ်သစ်တစ်ခုမဟုတ်ပါ။ 'လွန်'
ဟူသောစကားဆက်သည်ပြင်သစ်အဆောက်အအုံလွန်ဝါဒမှ (အထူးသဖြင့်မိုက်ကယ်ဖူးကိုးလ်)
မှအနက်ကောက်အတိုင်းကောက်ယူရသည်[10]။ယင်းသည် Raúl Prebisch
၏ဘောဂဗေဒအဆောက်အအုံဝါဒနှင့်လည်းကောင်း၊လက်တင်အမေရိကနီယိုအဆောက်အအုံဝါဒ
ဒါနှင့်လည်းကောင်းဆက်စပ်ခြင်းမရှိပေ။

ထိုဝေဖန်ရေးဂိုဏ်းသည်ဖွံ့ဖြိုးမှု၏အိုင်ဒီယိုလော်ဂျီဆိုင်ရာအခြေခံတစ်ခုလုံးကိုပြန်လည်ဆန်းစစ်သုံးသပ်ပြီးနော
းသပ်ပြီးနောက်ထပ်ဖွံ့ဖြိုးမှုပုံစံတစ်မျိုးကိုဖော်ထုတ်ပေးမည်လည်းမဟုတ်ချေ။ယင်းသည်ကျန်အတွေးအခေါ်
န်အတွေးအခေါ်များကမေးခွန်းထုတ်နိုင်ခြင်းမရှိသောနယ်ပယ်များကိုထိတွေ့ကာယခင်ကမကြုံဖူးသောအ
ကံုဖူးသောအစားထိုးစရာအသစ်များဆီသို့ခေါ်ဆောင်သွားနိုင်မည်ဖြစ်သည်။ဖွံ့ဖြိုးရေးရည်မှန်းချက်များ၊
က်များ၊ထောက်ပံ့ရေးစီမံကိန်းများ၊အင်စတီကျူးရှင်းဖွဲ့စည်းပုံများ 
(ပညာရေးအင်စတီကျူးရှင်းများမှသည်ကမ္ဘာ့ဘဏ်အထိ)၊ကျွမ်းကျင်သူများနှင့်ပညာရှင်ဆိုသူများ၊အသိပ
သိပညာထုတ်လုပ်ဖြန့်ဖြူးအတည်ပြုပုံ၊အခြားသောအသိပညာ၊နားလည်မှုများကိုဘေးဖယ်ထုတ်သည့်စန
သည့်စနစ်များစသည့်ကျယ်ပြန့်သောအရာများအားလုံးအတွက်မေးခွန်းများထုတ်သည် (Rahnema, 1997)။

ထို့ကြောင့် 'အခြားတပါးသောဖွံ့ဖြိုးမှုပုံစံများ' နှင့် 'ဖွံ့ဖြိုးမှုကိုလုံးဝအစားထိုးပစ်ခြင်း'
အကြားတွင်ကွဲပြားခြားနားရန်လိုအပ်လာသည်။ပထမဝေါဟာရမှာခေတ်ပြိုင်ဖွံ့ဖြိုးရေးအတွေးအခေါ်က
ါကိုအတည်ပြုခြင်း၊ပြန်လည်ပြင်ဆင်ခြင်း၊အသွင်ပြောင်းခြင်းစသည့်နည်းလမ်းအသွယ်သွယ်ကို

[10]ဖူးကိုးလ်အယူအဆအရအတွေးအခေါ်အိုင်ဒီယိုလော်ဂျီနှင့်လွှမ်းမိုးသောအကြောင်းတရား discourse
တို့မှာရောနှောသွားပြီးအာဏာဆက်နွယ်ချက်အတွင်း၌အလုပ်လုပ်သည်။

ကိုဆိုလိုပြီးယင်း၏အခြေခံအယူအဆများဖြစ်သောစဉ်ဆက်မပြတ်အဆုံးမရှိဖွံ့ဖြိုးရေးနှင့်သဘာဝတ
ဝတရားကြီးကိုအသုံးချရေးစသည်တို့ကိုလက်ခံသည်။ထိုလုပ်ငန်းစဉ်ကိုမည်သို့အကောင်းဆုံးရှေ့
ဆက်သင့်သည်ကိုသာအဓိကထားဆွေးနွေးခြင်းဖြစ်သည်။ဖွံ့ဖြိုးမှုကိုအစားထိုးခြင်းတွင်မူအထက
ထက်ပါအိုင်ဒီယိုလော်ဂျီအခြေခံများကိုလက်ခံခြင်းမရှိပေ။ယင်းအစားဖွံ့ဖြိုးမှုအယူအဆနှင့်လုံးဝကွဲ
ပြားခြားနားသည့်လူမှုရေး၊စီးပွားရေးနှင့်နိုင်ငံရေးဖွဲ့စည်းမှုစနစ်များကိုလေ့လာသုံးသပ်ခြင်းဖြစ်သည်။

ဖွံ့ဖြိုးမှုလွန်ဆန်းစစ်မှုများကိုစတင်သည်နှင့်အစဉ်အလာလက်ခံနားလည်ထားသောဖွံ့ဖြိုးမှုအယူအဆမျ
များနှင့်ပြင်းထန်သောထိပ်တိုက်တွေ့မှုများဖြစ်ပွားသည်။ဖွံ့ဖြိုးမှုလွန်အတွေးအခေါ်ကအခြေအမြစ်ကျကျ
ကျတူးဖော်ဆန်းစစ်မှုများပြုခြင်းကိုလက်မခံနိုင်ပဲအပေါ်ယံဆန်ဆန်ဖွံ့ဖြိုးမှုဘောင်ထဲမှအခြားရွေးချ
ချယ်စရာများကိုသာဖော်ပေးလိုခြင်းများလည်းရှိလာသည်။

ဖွံ့ဖြိုးမှုလွန်ဝေဖန်ရေးသည်လစ်ဘရယ်နှင့်ကွန်ဆာဗေးတစ်အတွေးအခေါ်များအပြင်မာက်စ်ဝါဒထဲတွင်ရ
ရှိသောအခြေခံအယူအဆများကိုပါဝေဖန်ဆန်းစစ်မှုများပြုလုပ်သည်။ယင်းသည်ယနေ့ခေတ်လက်တင်
င်အမေရိကကဲ့သောလက်ဝဲယိမ်းတိုးတက်သောအစိုးရများအုပ်ချုပ်နေသောအခြေအနေတွင်အထူးအရေ
ရေးပါသည်။ထိုအစိုးရများကိုလူ့အဖွဲ့အစည်းအတွင်းကျယ်ကျယ်ပြန့်ပြန့်ထောက်ခံထားသလိုဖွံ့ဖြိုးတိုးတက်
က်ရေးအတွေးအခေါ်ကိုလည်းစဉ်ဆက်မပြတ်ပြန်လည်မွေးထုတ်နေကြသည်။ဂန္ထဝင်ဆိုရှယ်လစ်ဝါ
ဝါဒကအရင်းရှင်စနစ်ကိုဝေဖန်ဆန်းစစ်ရာတွင်ဖွံ့ဖြိုးမှုလွန်အတွေးအခေါ်နှင့်အချို့သောနေရာများတွင်ဆ
ဆင်တူသည်။သို့ရာတွင်ဆိုရှယ်လစ်ဝါဒကသမိုင်းရေးတစ်ဆက်တည်းဖြစ်ပေါ်တိုးတက်မှုနှင့်သဘာ
ဘာဝတရားကြီးကိုအသုံးချရေးစသည်တို့တွင်မူဖွံ့ဖြိုးမှုလွန်ဝါဒနှင့်ကွဲပြားသည်။ဆိုရှယ်လစ်အတွေးအ‌ေ
အခေါ်သမိုင်းတွင်ပြောင်းလဲရွေ့လျားမှုအများအပြားရှိပြီးအချို့မှာအခြေခံကျကျပြောင်းလဲခြင်းဖြ
ဖြစ်သဖြင့်ဥပမာဂေဟဆိုရှယ်လစ်ဝါဒအဆုံးသတ်ရလာဒ်မှာဆိုရှယ်လစ်စနစ်ဟုတ်သေးသလောဟုမေးခ
းခွန်းထုတ်စရာဖြစ်လာသည်။

ဖွံ့ဖြိုးမှုလွန်ဝါဒနှင့်တိုးတက်မှုပြန်လည်လျှော့ချခြင်း degrowth အတွေးအခေါ်ကြားတွင်လည်းဆက်စပ်မှုရှိသည်။ Degrowth မှာဖွံ့ဖြိုးမှုကိုဆန့်ကျင်ရှုတ်ချသောနိုင်ငံရေးကြွေးကြော်သံဖြစ်သော်လည်း (Latouche, 2009) လက်တင်အမေရိကတွင်မည်မျှသြဇာလွှမ်းသည်ကိုပြောရန်ခက်ခဲသည်။

ဖွံ့ဖြိုးမှုလွန်ဝါဒသည်ဌာနေတိုင်းရင်းသားများဘက်မှလာသောဝေဖန်ရေးအမြင်များနှင့်လည်းဆင်တူမှု
မှုများစွာရှိသည်။ဌာနေတိုင်းရင်းသားများ၏အိုင်ဒီယိုလော်ဂျီမှာစဉ်ဆက်မပြတ်တိုးတက်မှုအပေါ်အ‌ေ
အခြေမခံသောကြောင့်လည်းဖြစ်သည်။ထိုအသိဉာဏ်ပုံစံများကဖွံ့ဖြိုးမှုကိုလုံးဝအစားထိုးနိုင်မ
မည့်အတွေးအခေါ်များအတွက်အခြေခံများကိုဖန်တီးပေးသည်။

ထိုဝေဖန်ဆွေးနွေးချက်များကြောင့်လက်ရှိအချိန်အထိစမ်းသပ်ကျင့်သုံးခဲ့ကြသောဖွံ့ဖြိုးရေးနည
နည်းလမ်းအသွယ်သွယ်သည်ယနေ့ခေတ်၏လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာရပ်မျာ
ားကိုဒေသဆိုင်ရာအတိုင်းအတာနှင့်ဖြစ်စေ၊တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ဖြစ်စေဖြေရှ
ရှင်းခြင်းမပြုနိုင်ကြောင်းပေါ်လွင်ထင်ရှားစေသည်။တိုးတက်ရေးဆိုသည့်အိုင်ဒီယိုလော်ဂျီမူ
မူဘောင်အတွင်းအဖြေရှာခြင်းနှင့်အပြောင်းအလဲလုပ်ခြင်းများသည်အကြောင်းရင်းခံပြဿနာ
နာရပ်များကိုဖြေရှင်းနိုင်ခြင်းမရှိပဲထိရောက်မှုကိုသေသေချာချာမသိရသောဆေးမြီးတိုများသာဖြ
ဖြစ်နေသည်။ထို့ကြောင့်လက်တင်အမေရိကအခြေအနေတွင်ဖွံ့ဖြိုးမှု၏အစားထိုးစရာများဆိုသည်မှာဖွံ့ဖြိုး
းမှုအယူအဆတစ်ခုလုံးကိုအစားထိုးစရာဖြစ်ဖို့လိုအပ်သည်။

ခေတ်မီတိုးတက်ခြင်းအယူအဆကိုဆန့်ကျင်ပြီးဖွံ့ဖြိုးမှုအယူအဆကိုမေးခွန်းထုတ်ခြင်း

ဖွံ့ဖြိုးမှုလွန်အတွေးအခေါ်များကိုကျော်ပြီးနောက်ထပ်တစ်ဆင့်တက်လှမ်းနိုင်သည်။ဖွံ့ဖြိုးမှုကိုဝေဖန်ခြင်းသည့်ဖွံ့
ခြင်းသည့်ဖွံ့ဖြိုးမှုအခြေခံထားသည့်အတွေးအခေါ်အုတ်မြစ်ကိုပါမြေလှန်တူးဖော်ရခြင်းဖြစ်ရာခေတ်မီရေးဟူ
ရာခေတ်မီရေးဟူသောအယူအဆကိုပါပြန်လည်ဝေဖန်သုံးသပ်ရန်ဖြစ်လာသည်။ထို့ကြောင့်အမှန်တကယ်အ
မှန်တကယ်အစားထိုးရွေးချယ်စရာများကိုရှာဖွေမည်ဆိုပါကခေတ်မီတိုးတက်ရေးဟူသောရည်ရွယ်ချက်ကိုပြ
ကိုပြန်ပြောင်းသုံးသပ်ရန်လိုအပ်မည်ဖြစ်သည်။

ခေတ်မီတိုးတက်ရေးဟူသောအတွေးအခေါ်၏နောက်ကွယ်တွင်ယဉ်ကျေးမှုများကိုခေတ်မီခြင်း၊မမ
မမီခြင်းစသည်ဖြင့်ခွဲခြားပြနိုင်သောအရာရာတိုင်းကိုတိုင်းနိုင်သည့်မိုဒယ်တစ်ခုရှိနေ
နေသည်။အမှန်စင်စစ်ထိုမော်ဒယ်မှာဥရောယဉ်ကျေးမှုကိုအခြေခံသောမိုဒယ်သာဖြစ်သည်။ယင်းမှ
မှာဒေးကားစ်၏အသိပညာမိုဒယ်လ်
(ယင်းသည်အမှားနှင့်အမှန်ကိုပိုင်းခြားနိုင်ပြီးအခြားသောအသိပညာပုံစံများကိုငြင်းဆိုသည်)
ကိုအခြေခံသည်။ကျင့်ဝတ်အရတန်ဖိုးများကိုလူသားနှင့်ဆိုင်သောဘောင်ကွက်ကွက်သာစဉ်းစားပြီးပျော်ရွှင်မှု
/အသုံးဝင်မှုစံပြုဝါဒ utilitarianism
၏ပုံစံခွဲများကိုအဓိကထားသည်။သမိုင်းကိုကာလရွေ့လျားမှုသဘောအရတစ်ဖြောင့်တည်းယူဆပြီ
ပီးအတိတ်ကခေတ်နောက်ကျမှုများမှသည်ပိုကောင်းသောအနာဂတ်သို့အစဉ်ဦးတည်ရွေ့လျားသည်ဟုမှတ
၂တ်ယူသည်။ထို့အပြင်သဘာဝနှင့်လူ့အဖွဲ့အစည်း (ယဉ်ကျေးမှု)
တို့စင်ပြိုင်တည်ရှိနေမှုကိုအထူးပြုလက်ခံသည်။[11]

ခေတ်မီခြင်း၏အဓိကအနှစ်သာရအစိတ်အပိုင်းအားလုံးကိုဖွံ့ဖြိုးမှုအယူအဆအတွင်းသွတ်သွင်းပြီးပြန်လည်
ပီးပြန်လည်ဖော်ထုတ်သည်။လက်တင်အမေရိကတွင်အခြေတည်သော Iberian
အယူအဆလမ်းကြောင်းလည်းအပါအဝင်ဖြစ်သည်။ Herbert Spencer နှင့် Auguste Comte
စသောအတွေးအခေါ်ရှင်များ၏အယူအဆနှင့် positivism
အပေါ်အခြေခံပြီးအထက်အောက်အာဏာရှင်ဆန်သော Iberian
အတွေးအခေါ်များနှင့်ပေါင်းစပ်ထားခြင်းသာဖြစ်သည် (Burns,
1990)။ထိုစပ်ပေါင်းအယူအဆများသည်လက်တင်အမေရိကအတွက်အထူးသဖြင့်၁၉ရာစုအတွင်း၌အထူးသ
ထူးသက်ရောက်မှုရှိသည်။တိုးတက်မှုအယူအဆနှင့်ဥရောပဗဟိုပြုအတွေးအခေါ်များသည်ကျယ်ပြောလှသော
ာလှသောမြေယာများမှသယံဇာတများကိုထုတ်ယူသုံးစွဲရန်နှင့်ဌာနေတိုင်းရင်းသားတို့အပေါ်ဗိုလ်ကျစိုးမိုးရ
လ်ကျစိုးမိုးရန်အတွက်ရောက်လာသောကိုလိုနီလမ်းစဉ်ကိုအားပေးအားမြှောက်ပြုသည်။ထိုစဉ်ကတိုးတက်
ကတိုးတက်ရေးအတွက်အလုပ်မှာ 'အရိုင်းအစိုင်းများ'
နှင့်သဘာဝတရားနှစ်ခုလုံးကိုလူ့ယဉ်ကျေးမှုဘောင်အတွင်းသို့ပြုပြင်သွတ်သွင်းရေးပင်ဖြစ်သည်။ယနေ့ခေ
ဖစ်သည်။ယနေ့ခေတ်တိုင်အောင်ထိုအယူအဆများဆက်လက်ရှင်သန်နေဆဲဖြစ်သည်။ Rafael Correa နှင့်
Alan García တို့ကဲ့သို့သောအစိုးရများသည်ဌာနေတိုင်းရင်းသားများအား 'ခေတ်နောက်ကျ'
ပြီးဖွံ့ဖြိုးမှုအတွက်အတားအဆီးဖြစ်နေသူများအဖြစ်ပုံဖော်နေကြသည်ကိုတွေ့နိုင်သည်။

ထိုခေတ်မီရေးအယူအဆမှာဥရောပတိုက်နှင့်အမေရိကတို့တွင်စတင်မွေးဖွားပြီးကိုလိုနီစနစ်နှင
င့်အတူလက်တင်အမေရိကသို့ယူဆောင်လာခြင်းဖြစ်သည်။ထိုပြဿနာကိုအင်အားအခြေပြုကိုလိုနီ

[11]ယင်းကိုယခုဆောင်းပါးတွင်သုံးမည့်ဖွင့်ဆိုချက်အဖြစ်ရွေးချယ်သည်။မော်ဒန်ဖြစ်မှုကိုအမျိုးမျိုးဖွင့်ဆိုကြပြီးနိုင်ငံအမျိုးမျ
မျိုးတွင်ပုံစံအမျိုးမျိုးဖြင့်တည်ရှိသည် (del Río, 1997)။

ပြုမှုနှင့်အသိပညာအခြေပြုကိုလိုနီပြုမှုသီအိုရီနှစ်မျိုးဖြင့်လေ့လာနိုင်သည်။ဖွံ့ဖြိုးမှုအယူအဆအဆအပါအဝင်လူ့အဖွဲ့အစည်း၊သမိုင်း၊အသိပညာစသည်တို့နှင့်ပတ်သက်ပြီးအချို့သောအတွေးအခေါ်အ ါအယူအဆများကိုအတင်းအကျပ်ပို့ချသည်။ထိုဖြစ်စဉ်နှင့်အာဏာဆက်သွယ်မှုတို့မှာချိတ်ဆက်နေပြီးကမ္ဘာ ဘာကြီးကိုမည်သို့မည်ပုံရှုမြင်နားလည်ရမည်ကိုသတ်မှတ်ပြဌာန်းပေးနေခြင်းပင်ဖြစ်သည်။ထိုအတွေးအခေအခေါ်များမှာအခြားသောအတွေးအခေါ်များထက်သာလွန်ရုံသာမကတစ်ခုတည်းသောအမှန်တရားဖြစ်သည်ည်ဆိုသည့်ပုံစံမျိုးအထိရောက်လာပြီးအခြားအသိပညာအယူအဆများအားလုံးကိုဘေးဖယ်ထုတ်လိုက်သည်။ [12]ထိုဖြစ်စဉ်တွင်တိုးတက်ရေးအယူအဆသည်ကျမ်းရိုးဘောဂဗေဒနှင့်သဘာဝကျကျပေါင်းစပ်သွားပြီပြီးလက်တင်အမေရိက၏အတွေးအခေါ်အားလုံးကိုလွှမ်းမိုးချုပ်ကိုင်လိုက်တော့သည်။

ထို့ကြောင့်ဖွံ့ဖြိုးမှုကိုမေးခွန်းထုတ်ရန်နှင့်တိုးတက်မှုအယူအဆကိုဝေဖန်ဆန်းစစ်ရန်အတွက်ဆိုလျှင်ခေတ်မီမှု (ဝါမော်ဒန်ဖြစ်မှု) အယူအဆကိုပါလေ့လာမေးခွန်းထုတ်ရန်လိုအပ်လာသည် (Escobar, 2005)။ဖွံ့ဖြိုးမှု၏အစားထိုးရွေးချယ်စရာများသည်အနောက်တိုင်းအယူအဆခေတ်မီမှုကိုလည်းအစားထိုးနိုင်သင်သည်များဖြစ်ရန်လိုအပ်သည်။ရှေ့ဆက်သွားနိုင်သောနည်းတစ်နည်းမှာအနောက်တိုင်းအတွေးအခေါ်များထဲအခေါ်များထဲကပင်ရှေ့တန်းသိပ်မရောက်သောအတွေးအခေါ်အချို့ကိုရှာဖွေဖော်ထုတ်ရန်ဖြစ်သည်။လက်တ ။လက်တင်အမေရိကအတွက်ဆိုလျှင်ရာဒီကယ်ဖြစ်သော biocentric environmentalism နှင့်ဝေဖန်ဆန်းစစ်သောအမျိုးသမီးဝါဒတို့ကိုယူရန်ရှိသည်။ပထမအတွေးအခေါ်ကသဘာဝတရားတွင်သီးတွင်သီးခြားတန်ဖိုးများရှိနေသည်ကိုအသိအမှတ်ပြုသည်။မော်ဒန်အယူအဆတွင်သဘာဝတရားဆိုသည်မှာည်မှာလူသားတို့အတွက်အသုံးဝင်သောအရာများကိုစုပေါင်းထားသည့်အစုအဝေးသာဖြစ်နေသည်။အဓိကဦး ။အဓိကဦးဆောင်သောအတွေးအခေါ်ရှင်များထဲတွင်နော်ဝေးမှ Arne Næss (1985) လည်းပါဝင်သည်။အမျိုးသမီးဝါဒမှာမူဥပမာပြုစုစောင့်ရှောက်မှုအခြေပြုစီးပွားရေးစနစ်ကဲ့သို့ကျင့်ဝတ်အရအစားတ်အရအစားထိုးရွေးချယ်စရာကိုဖန်တီးပေးသည်။ဌာနေတိုင်းရင်းသားများ၏အတွေးအခေါ်များ၏အခန်းကအခန်းကဏ္ဍကိုလည်းချန်လှပ်ခဲ့၍မရချေ။

အထက်တွင်ဖော်ပြထားသောဥပမာများမှာဥရောပပဓာနအမြင်မှခွဲထွက်သောစကြ်ာဝဠာလုံးဆိုင်ရာအယူအင်ရာအယူအဆများဖြစ်ပြီးတိုးတက်မှု၊ဖွံ့ဖြိုးမှုစသောအယူအဆများပါရှိမနေပေ။မတူကွဲပြားသောအသိဉာဏ်အခေ အဆောက်အဦပုံစံများမှာများပြားလွန်းသောကြောင့်အားလုံးကိုသုံးသပ်ပြရန်မဖြစ်နိုင်ပေ။သို့သော်၎င်းတို့ရှိ ။သို့သော်၎င်းတို့ရှိနေကြောင်းကိုမူစိတ်ထဲတွင်မှတ်သားထားရန်လိုသည်။

ယာယီခွဲခြားသတ်မှတ်ခြင်း



ဖွံ့ဖြိုးမှုနှင့်ပတ်သက်သည့်ခေတ်ပြိုင်အငြင်းအခုံများမှသည်တိုးတက်မှုနှင့်ခေတ်မီမှု (မော်ဒန်ဖြစ်မှု) အယူအဆများကိုပါသုံးသပ်ဆွေးနွေးခဲ့ပြီးဖြစ်ရာလက်တင်အမေရိက၏အတွေးအခေါ်ဂိုဏ်းများကိုအုပ်စုတူ အုပ်စုတူအမျိုးအစားစတင်ခွဲခြားနိုင်ပြီဖြစ်သည်။ထိုသို့အုပ်စုတူခွဲခြားမှု၏အခြေခံမှာလည်းကျယ်ပြန့်ပြီးဖွံ့ဖြိုးမှုလွ ဖြိုးမှုလွန်ဝါဒကိုဝေဖန်ဆန်းစစ်မှုပေါ်တွင်အခြေခံထားသည်။ (ယင်းနှင့်အတူတန်ပြန်ဖွံ့ဖြိုးမှု degrowth နှင့်ကိုလိုနီစွန့်လွှတ်မှု decolonialization အယူအဆများကိုလည်းပါဝင်ထင်ဟပ်ဆွေးနွေးထားသည်။)

ထိုဝေဖန်ရေးရှုထောင့်မှကြည့်ပါကတစ်ဖက်တွင်ဖွံ့ဖြိုးမှုသည်တိုးတက်မှု၏သက်သေအထောက်အထား းဖြစ်သည်ကိုလက်ခံပြီးမှထိုတိုးတက်မှုကိုမည်သို့ရှာဖွေသင့်သည်နှင့်ပတ်သက်ပြီးအလွန်ကွဲပြာ

---

[12]အဓိကအတွေးအခေါ်ရှင်များမှာပီရူးမှ Aníbal Quijano (2000) နှင့်အာဂျင်တီးနားမှ Walter Mignolo (2007) တို့ဖြစ်သည်။ Restrepo and Rojas (2010) တို့၏သုံးသပ်ချက်ကိုကြည့်ပါ။

ဟားသောအစားထိုးစရာရွေးချယ်စရာများကိုဆွေးနွေးခြင်းရှိသည်။အခြားတစ်ဖက်တွင်မူဖွံ့ဖြိုးမှုမှုသည်တိုးတက်ခြင်း၊ကြီးထွားခြင်းစသည်တို့သို့သွားရာလမ်းဖြစ်သည်ဟူသောအစဉ်အလာတွေးခေါ်ပုံကိုရိုက်ချိုးပြီး 'ဖွံ့ဖြိုးမှုမဟုတ်သောအခြားရွေးချယ်စရာများ' ကိုရှာဖွေသည့်လမ်းကြောင်းဖြစ်သည်။အောက်ပါဇယား-၁တွင်အမျိုးအစားခွဲခြားမှုသဘောကိုအနှစ်ချုပ်ဖော်ပြထားသည်။

ဇယား-

၁။တွင်ဖွံ့ဖြိုးမှုဘောင်အတွင်းမှအခြားနည်းလမ်းများနှင့်ဖွံ့ဖြိုးမှုကိုအစားထိုးမည့်နည်းလမ်းများကိုအကြကြမ်းဖျဉ်းအားဖြင့်ခွဲခြားထားသည်။အဓိကအတွေးအခေါ် လမ်းကြောင်းများကိုဥပမာများအဖြစ်ဖော်ပြထားသည်။

| (၁) တိုးတက်မှုနှင့်ခေတ်မီမှုအယူအဆဘောင်အတွင်းမှအခြားနည်းလမ်းများ | |
|---|---|
| ကျမ်းရိုးအသုံးချမှုပဓာနဝါဒချဉ်းကပ်ပုံ | - ဆိုးကျိုးများကိုပြင်ဆင်တည့်မတ်ခြင်း (ဥပမာ-ဆိုရှယ်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် 'တတိယလမ်း')၊လူများကြိုက်အမျိုးသားရေးအခြေခံဖွံ့ဖြိုးရေး၊ဖွံ့ဖြိုးမှုဝါဒသစ်နှင့်တိုးတက်သောနီယိုတွင်းထွက်ဝါဒ |
| စီးပွားရေးစနစ်၏ဖွဲ့စည်းပုံနှင့်လုပ်ငန်းစဉ်များ၊အရင်း၏အလုပ်လုပ်ပုံတိတို့ကိုလေ့လာသောအခြားချဉ်းကပ်ပုံ | - ဆိုရှယ်လစ်ဝါဒလမ်းကြောင်း၊အစောပိုင်းအဆောက်အဦဝါဒ၊ဒ၊မာက်စ်နှင့်နီယိုမာက်စ်လမ်းကြောင်းများ၊မီခိုမှုသီအိုရီ၊နီယိုအဆောက်အဦဝါဒ၊၂၁ရာစုဆိုရှယ်လစ်ဝါဒအစိတ်အပိုင်းများ |
| လူမှုမျက်နှာစာကိုအဓိကထားသောသာအခြားနည်းလမ်းများ | - ဖွံ့ဖြိုးမှု၏လူမှုအကန့်အသတ်၊စီးပွားရေးနှင့်ဖွံ့ဖြိုးမှုအယူအဆကိုခွဲထုတ်ခြင်း၊အလုပ်အကိုင်နှင့်ဆင်းရဲမှုကိုအဓိကအာရုံစိုက်ခြင်း<br><br>- အတွင်းမှလာသောဖွံ့ဖြိုးရေး၊လူသားဖွံ့ဖြိုးရေးနှင့်လူသားစကေးကားဖွံ့ဖြိုးရေး<br><br>- အခြားစီးပွားရေးများ (အိမ်တွင်း၊စည်းပြင်၊အသေးစားနှင့်ဌာနေရင်းလုပ်ငန်းများ)၊လစ်ဘရယ်ယဉ်ကျေးမှုစုံဝါဒ |
| ပတ်ဝန်းကျင်ထိခိုက်သက်ရောက်မှုကိုတုံ့ပြန်သောအခြားနည်းလမ်းများ | - ဂေဟ-ဖွံ့ဖြိုးရေး၊အားပျော့/အားပြင်းသောရေရှည်ဖွံ့ဖြိုးမှုအယူအဆများ |

(၂) တိုးတက်မှုနှင့်ခေတ်မီမှုအယူအဆဘောင်ကိုကျော်လွန်သောအစားထိုးရွေးချယ်စရာများ

- Conviviality
- အလွန်အားကောင်းသောရေရှည်ဖွံ့ဖြိုးရေးအယူအဆ၊ဇီဝဗဟိုပြုချဉ်းကပ်ပုံ၊နက်ရှိုင်းဂေဟဝါ
ိုင်းဂေဟဝါဒ
- အမျိုးသမီးဝါဒဝေဖန်ရေးရှုထောင့်၊ပြုစုစောင့်ရှောက်မှုအခြေပြုစီးပွားရေး
- စီးပွားရေးတွင်ရုပ်ဝတ္ထုတန်ဖိုးများကြီးစိုးခြင်းကိုတန်ပြန်ခြင်း၊ဖွံ့ဖြိုးမှုလျှော့ချခြင်း
- ဗဟုယဉ်ကျေးမှုဝါဒ၊ဗဟု
ဝါဒ၊နိုင်းရသဘောတည်ရှိမှုဝါဒ၊ကျယ်ပြန့်သောနိုင်ငံသားဖြစ်မှုပုံစံများ
- Buen Vivir

*စာရေးသူကိုယ်ပိုင်ဖန်တီးမှု။*

ပထမအုပ်စုမှာလစ်ဘရယ်၊ကွန်ဆာဗေးတစ်နှင့်ဆိုရှယ်လစ်ဝါဒတည်းဟူသောခေတ်သစ်အတွေးအခေါ်ဂိုဏ်
ခါ်ဂိုဏ်းများအတွင်းတွင်ဖြစ်ပွားခဲ့သောအငြင်းအခုံများကိုထင်ဟပ်နေသည်။ထိုအုပ်စုအတွက်အခြားတပါး
ခားတပါးသောရွေးချယ်စရာများဆိုရာ၌ဖွံ့ဖြိုးမှုတွင်နိုင်ငံတော်၏အခန်းကဏ္ဍ၊ဈေးကွက်ကိုဝင်ရောက်စွက်ဖက်မှု
က်စွက်ဖက်မှုအတိုင်းအတာ၊တရားမျှတမှုအယူအဆနှင့်ဆင်းရဲမွဲတေမှုကိုကိုင်တွယ်သည့်နည်းလမ်းများစသည်တို
းစသည်တို့အပေါ်အဓိကထားကွဲလွဲကြခြင်းဖြစ်သည်။ထိုအငြင်းအခုံများမှာအပေါ်ယံအသေးအဖွဲ့များတော့မဟု
တာ့မဟုတ်ချေ။သို့ရာတွင်အဓိကထောက်ပြလိုသည်မှာထိုဂိုဏ်းများအားလုံးသည်ဖွံ့ဖြိုးမှုဆိုသည်မှာရုပ်ဝတ္ထုပို
ထုပိုင်ဆိုင်မှုများကိုစုဆောင်းခြင်းအားဖြင့်အစဉ်အဆက်တစ်ဖြောင့်တည်းတိုးတက်သွားသောဖြစ်စဉ်တစ်ခုအဖြ
ဖစ်စဉ်တစ်ခုအဖြစ်ထပ်မံစဉ်းစားဆင်ခြင်ခြင်းမရှိပဲမှတ်ယူထားကြသည်။တစ်နည်းဆိုရသော်ယင်းတို့အားလံ
ို့အားလုံးသည်ခေတ်မီရေးဟူသောစီမံချက် Project Modernity
၏အကန့်အသတ်အတွင်း၌ပင်ရှိနေကြခြင်းဖြစ်သည်။

ဒုတိယအုပ်စုမှာဖွံ့ဖြိုးမှုကိုလုံးဝအစားထိုးပစ်မည့်အုပ်စုဖြစ်သည်။ယင်းတို့အနက်ပထမဦးဆုံးထင်ရှာ
ှားလာသောအယူအဆတစ်ခုမှာ၁၉၇၀ပြည့်လွန်နှစ်များတွင်ပေါ်ထွက်ခဲ့သောမက္ကဆီကိုမှ Ivan Illich ၏
'Conviviality'[13]အယူအဆဖြစ်သည်။ထို့နောက်နီယိုဂန္ထဝင်စီးပွားရေးအယူအဆဖြစ်သောစဉ်ဆက်မပြတ်ဖွံ့ဖြို
ိုးရေးကိုလုံးဝဆန့်ကျင်သည့်ရာဒီကယ်သဘာဝပတ်ဝန်းကျင်ဝါဒီများပေါ်ထွက်လာသည်။ယင်းတို့တွ
တွင်ပြင်းထန်သောသဘာဝပတ်ဝန်းကျင်အဓိကဝါဒီများ[14]၊ဇီဝဗဟိုပြု
ဝါဒ[15]နှင့်နက်ရှိုင်းဂေဟဗေဒစသည်တို့ပါဝင်ပြီးယင်းတို့၏အနက်ဖွင့်များကို Næss
(1989)[16]တွင်လေ့လာနိုင်သည်။ယင်းတို့ကိုအချို့သောလူမှုလှုပ်ရှားမှုများတွင်ကိုင်စွဲတောင်းဆိုကြ၂

[13]ကုန်ထုတ်ဆက်သွယ်မှုနှင့်နှိုင်းယှဉ်လေ့လာနိုင်သည်။ကုန်ထုတ်ဆက်သွယ်ရေးတွင်လူသားတို့၏တုန့်ပြန်မှုကို conditioned reflex ဟုခေါ်သောအလိုအလျောက်တုန့်ပြန်မှုမျိုးဖြစ်အောင်ပုံသွင်းပြီး Conviviality
အယူအဆတွင်မူလူမှုဘဝကိုကိုယ်တိုင်ဖန်တီးသူများပါဝင်သောဆက်နွယ်မှုဖြစ်သည်။ကုန်ထုတ်စွမ်းအားမှ conviviality
သို့ကူးပြောင်းခြင်းဖြင့်နည်းပညာတန်ဖိုးများကိုကျင့်ဝတ်တန်ဖိုးဖြင့်အစားထိုးပြီးရုပ်ဝတ္ထုတန်ဖိုးများကိုရုပ်ဝတ္ထုမဟုတ်သောတ
ာတန်ဖိုးများဖြင့်အစားထိုးနိုင်သည် (Illich, 2006)။

[14] The strand of sustainable development characterised by rejecting the reductionism of the concept of natural capital, and using the category of patrimony in its place. It maintains that there are multiple ways of valuing the environment, it accepts the values intrinsic to nature, and its approach is participatory, among other aspects.

[15]သဘာဝတရားတွင်ကိုယ်ပိုင်တန်ဖိုးရှိပြီးအသက်ဇီဝတွင်လည်းပကတိတန်ဖိုးရှိသည်ဟူသောအယူအဆ

[16] A. Næss (1989) ဦးဆောင်သောအတွေးအခေါ်နှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာလှုပ်ရှားမှု

ကပြီးအီကွေဒေါ်နိုင်ငံ၏ဖွဲ့စည်းပုံအသစ်တွင် 'သဘာဝတရားဆိုင်ရာရပိုင်ခွင့်များ' အခန်းအောက်၌ထည့်သွင်းပြဋ္ဌာန်းထားသည်။

အမျိုးသမီးဝါဒီများဘက်မှလည်းအမျိုးသားကြီးစိုးသောလူ့အဖွဲ့အစည်းကိုပြန်လှန်မေးခွန်းထုတ်ပြီးဖွံ့ဖြိ
ဖြိုးရေးဆိုင်ရာမဟာဗျူဟာများသည်လူ့အဖွဲ့အစည်းအတွင်းရှိအချိုးမညီမှုများနှင့်ထက်အောက်ဖွဲ့စည်းမှုမျ
များကိုမျိုးပွားထုတ်လုပ်ပြီးခိုင်မာအောင်လုပ်ခြင်းသာဖြစ်သည်ဟုဆိုသည် (Saunders, 2002)။စီးပွားရေးအဆောက်အဦအတွင်းမှရုပ်ဝတ္ထုသုံးစွဲရေးကိုလျှော့ချရေးအဆိုပြုမှုများမှာလည်းယ
ယခုခေါင်းစဉ်အောက်တွင်အကျုံးဝင်ပြီးစားသုံးမှုနှင့်ဘဝနေထိုင်မှုပုံစံများကိုပြောင်းလဲရေးမျ
များကိုဇောင်းပေးပြောဆိုကြသည်။ယင်းခေါင်းစဉ်အောက်တွင်ဖွံ့ဖြိုးမှုပြန်လည်လျှော့ချရေးအယူ
ယူအဆများနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာတရားမျှတရေးလှုပ်ရှားမှုများလည်းပါဝင်သည် (Sachs and Santarius, 2007)။

အထက်ပါအယူအဆလမ်းကြောင်းများမှာခေတ်မီရေးစီမံချက်နှင့်အနီးအဝေးအမျိုးမျိုးမှခပ်ခွာခွာ
ါပြုထားကြသည်။ဥပမာဖွံ့ဖြိုးမှုပြန်လည်လျှော့ချရေးနှင့်ရုပ်ဝတ္ထုအားကိုးမှုလျှော့ချရေးတို့သည်ခပ်ခွ
ခွာခွာနေရာတွင်ရှိကြသော်လည်းဇီဝဗဟိုပြုဝါဒမှာမူလုံးဝဖြောင့်ဖြောင့်ကြီးဆန့်ကျင်တည်ရှိသည်။ယင
ယင်းတို့ဘုံတူညီသောအချက်မှာအသုံးချဝါဒနှင့်ပျော်ရွှင်မှုစံပြုဝါဒဆိုင်ရာကျင့်ဝတ်များကိုဆန့်ကျင်
င်ငြင်းပယ်ခြင်းဖြစ်သည်။

နောက်ဆုံးအနေနှင့်အထက်ပါအယူအဆများနှင့်ဌာနေတိုင်းရင်းသားများ၏စကြာဝဠာအယူအဆမ
ဆများကိုပေါင်းစပ်ထားသောအဆိုများလည်းရှိသည်။ယင်းမှာအစဉ်အလာယဉ်ကျေးမှုစုံဝါဒဘောင်
င်အတွင်း၌မဖြစ်နိုင်ပဲယဉ်ကျေးမှုများပေါင်းစပ်ရောနှောခြင်းအယူအဆရှိဖို့လိုအပ်သည်။

အထက်ပါချဉ်းကပ်ဆင်ခြင်ပုံများကြောင့်မော်ဒန်ဖြစ်မှုသည်တစ်ခုသောရှိမှုဗေဒကိုတည်ဆောက်ကြေ
ကြောင်းထင်ရှားစွာသိမြင်လာရသည်။ထိုရှိမှုဗေဒမူဘောင်ထဲတွင်လူ့ယဉ်ကျေးမှုနှင့်သဘာဝတရားကြီးကိုစ
စည်းခြားထားကာသဘာဝတရားကဦးစားပေးအဆင့်အောက်ဖြစ်ပြီးယင်းကိုလူသားအကျိုးအတွက်လွှ
လွှမ်းမိုးချုပ်ကိုင်ဖျက်ဆီးပစ်နိုင်သည်ဟုလက်ခံထားသည်။ထို့ကြောင့်နောက်ပေါ် အတွေးအခေါ် များ
းကဥရောပပဓာနရှိမှုဗေဒမှခွဲထွက်ပြီးအခြားအစားထိုးစရာများကိုရှာဖွေရန်လိုအပ်သည်ဟုယူဆလ
လကြသည်။လက်တလောတွင်အာရုံထားခံရသောအယူအဆတစ်ခုမှာ 'နိုင်းရရှိမှုဗေဒ' ဖြ
ဖစ်သည်။ယင်းတွင်သဘာဝနှင့်မော်ဒန်ဖြစ်မှုဆန့်ကျင်အစွန်းအယူအဆမရှိပေ။သဘာဝတရားန
နှင့်အဓိကဆက်စပ်နေသောအေဂျင်စီ



(ပုဂ္ဂလရွေးချယ်မှု)၊ကျင့်ဝတ်တန်ဖိုးနှင့်နိုင်ငံရေးရပ်တည်ချက်ဖော်ထုတ်မှုစသည်တို့ကိုအဓိ
ဓိကထားလေ့လာစေကြောင်းသည်။အနောက်တိုင်းအသိပညာကသဘာဝပတ်ဝန်းကျင်အဖြစ်သတ်မှတ
တ်သောလူမှုဗေဒအစိတ်အပိုင်းများကိုလည်းပြန်လည်ဖော်ထုတ်ကြသည် (Blaser and de la Cadena, 2009)။နိုင်းရရှိမှုဗေဒ၏အထက်ပါဝိသေသများကိုလက်တင်အမေရိကရှိဌာနေတိုင်းရင်းသားမျ
များအကြားတွင်အဓိကတွေ့ရသည်။သဘာဝကိုဖျက်ဆီးမှသာဖြစ်နိုင်သောတိုးတက်မှုအယူအဆများကိုလိ
လိုက်နာကျင့်သုံးရန်မည်မျှခက်ခဲကြောင်းသိမြင်နိုင်ပါသည်။

အထက်ဖော်ပြပါအယူအဆများနှင့်အခြားဆက်စပ်သောအယူအဆများကိုစုပေါင်းပြီးဖွံ့ဖြိုးရေးကိုအစ
အစားထိုးနိုင်သော Buen Vivir
(လူမှုနှင့်ဂေဟအမြင်များအပေါ် အခြေခံသည့်ကောင်းမွန်သောဘဝဟုအဓိပ္ပါယ်ရသောစပိန်စကားလုံ
ုံး၊သမ္မာအာဇီဝနှင့်အနက်ဆင်တူသည်)

အယူအဆခေါင်းစဉ်အောက်တွင်စုပေါင်းမိသည်။ယင်းသည်ဖွံ့ဖြိုးရေးဟူသောစကားလုံးကိုဖယ်ရှားနိ
ိုင်ပြီးအနာဂတ်အတွက်အလားအလာအလွန်ကောင်းသောစကားလုံးလည်းဖြစ်သည် (Acosta, 2008; Gudynas,
2011b)။အစဉ်အလာစဉ်းစားပုံများဖြစ်သောစဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမျဉ်းဖြောင့်သဘေ
သဘောတိုးတက်မှုနှင့်လူသားဗဟိုပြု anthropocentric
အယူအဆမှသည်အာရုံခံစားမှုနှင့်ယုံကြည်သက်ဝင်မှုများပါပါဝင်သောပိုမိုကျယ်ပြန့်သည့်ဘဝသာယာဝ
ာဝပြောမှုဆီသို့ချဉ်းကပ်သွားနိုင်သည်။လူသားအကျိုးစီးပွားပဓာနဝါဒမှခွဲထွက်ခြင်းကြောင့်သဘာ
သဘာဝတရား၏ပကတိတန်ဖိုးများကိုပြန်လည်ဖော်ထုတ်နိုင်သည့်အပြင်သဘာဝ/ယဉ်ကျေးမှုဒွိဆန့်ကျ
ကျင်သဘောကိုကျော်လွှားနိုင်ပြီးရပ်ရွာလူ့ဘောင်များကိုလည်းနိုင်ငံရေးနှင့်ကျင့်ဝတ်လူသားမျာ
ျားဖြင့်ဖွဲ့စည်းထားသောလူ့ဘောင်များအဖြစ်ရှုမြင်နိုင်မည်ဖြစ်သည်။

Buen Vivir
သည်အင်ဒီးစ်တောင်တန်းမိရိုးဖလာအသိပညာများမှအမွေဆက်ခံရသောအယူအဆတစ်ခုဖြစ်သည်။ထင်ရှား
ှားသောအထောက်အထားများတွင်အီကွေဒေါမှ Kichwa လူမျိုးစု၏ sumak kawsay ဘိုလီးဗီးယားမှ
Aymara လူမျိုးစု၏ suma qamaña
အယူအဆများပါဝင်သည်။သို့ရာတွင်အခြားသောဌာနေတိုင်းရင်းသားများ၏အယူအဆများလည်းပေါင်းစပ်ပါ
ါးစပ်ပါဝင်မှုရှိသည်။အလားတူပင်ခေတ်မီရေးအယူအဆ၏အနားစွန်းတွင်ရှိသောခေါက်ရိုးကျိုးမဟုတ်ပဲဝေဖန်ဆ
ပဲဝေဖန်ဆန်းစစ်မှုရှိသောအယူအဆများဖြစ်သည့်ဇီဝဗဟိုပြုသဘာဝပတ်ဝန်းကျင်ဝါဒနှင့်အမျိုးသမီးဝါဒတို့၏ပေါ
ါဒတို့၏ပေါင်းစည်းထည့်ဝင်မှုများလည်းပါဝင်သည်။

ထို့ကြောင့် Buen Vivir
ဆိုသည်မှာအယူအဆပေါင်းစုံနှင့်အစဉ်အလာပေါင်းစုံစီးဝင်ပေါင်းစပ်သောနိုင်ငံရေးပလက်ဖောင်းတစ်ခုဖြစ်ပြီး
ာင်းတစ်ခုဖြစ်ပြီးဖွံ့ဖြိုးရေးအယူအဆကိုဝေဖန်ခြေကျောက်သည့်အတွေးအခေါ်များနှင့်လုံးဝအစားထိုးပစ်မ
အစားထိုးပစ်မည့်အယူအဆများဆုံစည်းရာလည်းဖြစ်သည်။ခေတ်မီရေးအတွေးအခေါ်ကနောင်တည်းထား
ာင်တည်းထားသည့်နှောင်ကြိုးများကိုချိုးဖျက်ပစ်ပြီးလူမှုနှင့်စီးပွားရေးဖွဲ့စည်းမှုအသစ်များကိုတည်ဆောက်ရန်ကြ
ုတည်ဆောက်ရန်ကြိုးပမ်းမှုလည်းဖြစ်သည်။

ယာယီသဘောဆန်းစစ်ခြင်း

ဖွံ့ဖြိုးမှုအယူအဆနှင့်ပတ်သက်သည့်အငြင်းအခုံများကိုယာယီသဘောအားဖြင့်ဆန်းစစ်ခြင်းသည
သည်အလွန်အပြုသဘောဆောင်သည်ကိုတွေ့ရသည်။ဖွံ့ဖြိုးမှုနှင့်ဆိုင်သောမေးခွန်းများသည်
ည်ဆွေးနွေးမှုများ၏ဗဟိုချက်တွင်ရှိနေပြီးတိုးတက်သောအစိုးရများအုပ်ချုပ်သည့်တိုင်းပြည်များတွင်
င်ပညာရှင်အသိုင်းအဝိုင်းနှင့်လူမှုလှုပ်ရှားမှုများ၌ပြန်လည်ပေါ်ပေါက်လာသည်။ပညာရှင်များနှင့်တက်ကြွ
ကြွလှုပ်ရှားသူများအကြားတွင်ထိုမေးခွန်းများနှင့်ပတ်သက်ပြီးအချိတ်အဆက်ရှိကာဌာနေတိုင်းရင်းသ
းသားများ၏အသိပညာများမှာလည်းအရှိန်အဟုန်ဖြင့်ပြန်လည်နိုးကြားလာနေသည်။[17]

ဖွံ့ဖြိုးမှုကိုအစားထိုးမည့်အယူအဆများနှင့်ပတ်သက်သည့်ဆွေးနွေးမှုများသည်တဖြည်းဖြည်းနှင့်
့ဗဟိုချက်သို့ရောက်လာကြသည်။ဥပမာအားဖြင့်အီကွေဒေါနှင့်ဘိုလီးဗီးယားနိုင်ငံများတွင်ပို့စ်သယံဇာတတူးေ



[17]ဥပမာတစ်ခုမှာ the Latin American Critical Development Studies Alliance
ကိုတည်ထောင်ခြင်းဖြစ်သည်။http://www.otrodesarrollo.comကိုကြည့်ပါ။

းဖော်ထုတ်လုပ်ရေး
ဝါဒကိုဆွေးနွေးကြခြင်းမျိုးဖြစ်သည်။အစဉ်အလာဖွံ့ဖြိုးရေးအယူအဆသည်အချို့နေရာတွင်ပြန်လည်
ည်ရှင်သန်နေပြီးအချို့နေရာတွင်သေဆုံးလုနီးပါးဖြစ်နေပြီဖြစ်သည်။ဆွေးနွေးမှုများတွင်ဖွံ့ဖြိုးမှုက
ုကိုအစားထိုးရေးသည်ဆွေးနွေးရမည့်အကြောင်းအရာတစ်ခုအဖြစ်လက်ခံလာကြပြီးအပြောင်းအလဲမ
များမှာဖွံ့ဖြိုးမှု၏မူကွဲပုံစံများလားဖွံ့ဖြိုးမှုကိုလုံးဝအစားထိုးမည့်နည်းလမ်းများလားဟူ၍ရွေးချယ်
ယ်ဆုံးဖြတ်ရန်သာဖြစ်လာသည်။

ဆွေးနွေးကြသောအကြောင်းအရာများတွင်ရေးကအကြောင်းအရာများဖြစ်သောနိုင်ငံတော်န
နှင့်ဈေးကွက်တို့၏အခန်းကဏ္ဍများပါသလိုမေးခွန်းအသစ်များဖြစ်သောနိုင်းရရှိမှုဗေဒနှင့်ချဲ့
့ထွင်ထားသောနိုင်ငံသားဖြစ်မှုပုံစံတို့လည်းပါဝင်သည်။အစဉ်အလာမေးခွန်းများဖြစ်သောဈေ
ဈေးကွက်နှင့်နိုင်ငံတော်၏အခန်းကဏ္ဍများကိုပင်ရှုထောင့်အသစ်များမှပြန်လည်သုံးသပ်
ပ်ဆွေးနွေးနေကြပြီဖြစ်သည်။ဒေသတွင်း၌အပြန်အလှန်ဖလှယ်မှုနှင့်ဘာတာစနစ်တို့ကိုအခြေခံသော
သာဈေးကွက်များလည်းရှိနေသေးကြောင်းအသိအမှတ်ပြုထည့်သွင်းစဉ်းစားမှုမျိုးဖြစ်သည်။

ဖွံ့ဖြိုးမှုဟူသည်စီးပွားရေးတိုးတက်မှုတစ်ခုတည်းကိုသာဦးတည်ချက်မထားအပ်ပဲဘဝအရည်အသွေးနှင်
င့်သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုတို့ကိုပါဦးတည်ချက်ထားရန်လိုအပ်လာသည်။ဘဝသ
ဝသာယာဝပြောမှုဟူသည်ရုပ်ဝတ္ထုပစ္စည်းနှင့်တစ်သီးပုဂ္ဂလမျက်နှာစာသက်သက်မဟုတ်ပဲစုပေါင်းန
နှင့်စိတ်ဝိဉာဉ်ပိုင်းဆိုင်ရာမျက်နှာစာများနှင့်ဂေဟဗေဒဆိုင်ရာမျက်နှာစာများလည်းပါဝင်သည်။

ယင်းကသဘာဝလောကကြီးနှင့်လူတို့ဆက်ဆံရေးတွင်နက်ရှိုင်းသောပြောင်းလဲမှုများကိုတောင်
င်းဆိုသည်။အနာဂတ်သည်ရှားပါးမှုနှင့်ချိုးခြံချွေတာမှုတို့၏ခေတ်ဖြစ်ရန်ရှိရာသဘာဝသယံဇာတများကိ
ကိုကျဉ်းမြောင်းစွာအသုံးချပြီးဘဝအရည်အသွေးကိုထိန်းသိမ်းထားနိုင်ရန်ကြိုးပမ်းရမည်ဖြစ်သည်။ဇီ
ဇီဝမျိုးကွဲစုံများကိုထိန်းသိမ်းရေးဆိုသည်မှာလည်းပကတိတန်ဖိုးသဘောဆောင်သောအခြားသောကျင်
င့်ဝတ်ဆိုင်ရာရှုထောင့်တစ်ခုဖြစ်လာသည်။ထိုလမ်းကြောင်းတွင်ဇီဝပဓာနဝါဒကိုဦးတည်ထားပြီးအနော
နာက်တိုင်းအစဉ်အလာဖြစ်သောယဉ်ကျေးမှု/သဘာဝဒွိသဘောမှသိသိသာသာလမ်းခွဲထွက်ခြင်းလည
လည်းဖြစ်သည်။

ကျင့်ဝတ်နယ်ပယ်တွင်လည်းငြင်းခုံဆွေးနွေးမှုများအပြင်းအထန်ဖြစ်ပွားသည်။အသုံးချတန်ဖို
ိုးအပေါ်အခြေခံသောတန်ဖိုးသတ်မှတ်ချက်ကိုစိန်ခေါ်မှုအများအပြားရှိလာသည်။ယင်းကြောင့်စီ
စီးပွားရေးအဆောက်အဦကိုပြန်လည်ဆန်းသစ်ရန်လိုအပ်လာသလိုအသုံးဝင်မှုစံပြုဝါဒကျော်လွန်သည့်တ
့တန်ဖိုးသတ်မှတ်ချက်များလည်းလိုအပ်လာသည်။ယင်းတွင်သဘာဝတရားကြီးအတွက်ပကတိတန်ဖိုးသတ်မ
မှတ်ချက်များလည်းပါဝင်သည်။
တပြိုင်နက်တည်းမှာပင်အနောက်တိုင်းသိပ္ပံနှင့်နည်းပညာကပြဿနာများအားလုံးကိုဖြေရှင်းပြီးအရာ
ရာအားလုံးကိုရှင်းပြနိုင်သည်ဆိုသည်ကိုလည်းဆန့်ကျင်စောဒကတက်ကြသည်။လွှမ်းမိုးချယ်လှယ်
ယ်ပြီးအသုံးချပဓာန
ဆန်သောအတွေးအခေါ်များကိုစွန့်လွှတ်ပြီးမရေရာမှုနှင့်ဆုံးရှုံးနိုင်ချေတို့ကိုအသိအမှတ်ပြုကြသည်။

အစားထိုးစရာများအကြောင်းဆွေးနွေးကြရာတွင်နိုင်ငံရေးဇာတ်ကောင်များ၊၎င်းတို့၏သက်ဝင်လှုပ်ရှ
ရှားပုံများနှင့်အင်စတီကျူးရှင်းများအကြောင်းကိုအဓိကအာရုံစိုက်လေ့ရှိသည်။ယနေ့ဆွေးနွေးငြင
င်းခုံမှုများသည်ထိုမေးခွန်းဟောင်းများအတွက်အဖြေသစ်များကိုပေးသည်။လယ်သမားငယ်များ၊ဌာ
ဌာနေတိုင်းရင်းသားများ၊မြို့ပြဆင်းရဲသားများနှင့်အမျိုးသမီးများစသည့်အစဉ်အလာအပယ်ခံများကို

ိုအဓိကနေရာပေးခြင်း၊နိုင်ငံသားဖြစ်မှုနှင့်တရားမျှတမှုတို့ကဲ့သို့သောအယူအဆများကိုပြန်လည်
ည်ဖွင့်ဆိုခြင်းစသည်တို့ပါဝင်သည်။

ယခင်ကပစ်ပယ်ခြင်းခံရသော 'အခြားသော'
အသိပညာစနစ်များဖြစ်သည့်လက်တင်အမေရိကဌာနေတိုင်းရင်းသားစသူတို့၏အသိပညာအဆောက်
က်အအုံများကိုအဓိကဦးတည်ပြီးဆွေးနွေးလာသည်။မည်သို့သောအစားထိုးစရာဖြစ်စေယဉ်ကျေးမှုလ
ူလွှမ်းမိုးချယ်လှယ်မှုဘောင်အတွင်း၌ဖြစ်မလာနိုင်ပေ။ယဉ်ကျေးမှုအချင်းချင်းအပြန်အလှန်ဖလှယ်
ယ်ခြင်းများမဖြစ်မနေရှိဖို့လိုသည်။ထို့ကြောင့်ဂျင်ဒါဆိုင်ရာအမြင်ရှုထောင့်များကိုလည်းထည့်သွင်းရန်လို
ိုပြီးယင်းမှာ (တောင်းဆိုမှုများကို) အလျော့ပေးရုံသက်သက်ထည့်သွင်းပေးထားခြင်းထက်ပိုလွန်သည်။

အသုံးချပဓာနဝါဒအပေါ်အခြေခံသော (ဘာသာဝတရားကိုလွှမ်းမိုးချယ်လှယ်၊အသုံးချ၊သီးခြားခွဲထုတ်)
အစဉ်အလာဖွံ့ဖြိုးရေးအယူအဆများအဓိပ္ပါယ်ကင်းမဲ့ကြောင်းကိုအထက်ပါအတွေးအခေါ်များကထော
ထောက်ပြနေကြသည်။အစားထိုးအယူအဆအားလုံးကမော်ဒန်အတွေးအခေါ်ကဖန်တီးပေးသောတိုးတ
းတက်မှုအယူအဆနှင့်လမ်းခွဲသည်။ထိုအပြောင်းအလဲသည်ရိုးစင်းမှုတော့မရှိပေ။ယင်းမှာအတိတ်ကတန
တန်ဖိုးရှိသောအရာများနှင့်လမ်းခွဲခြင်းမဟုတ်ပဲအပြောင်းအလဲကမည်သည့်လမ်းကြောင်းကိုဦး
ီးတည်ရမည်ကိုဖော်ပြနေသည်။ Buen Vivir (ကောင်းမွန်စွာနေထိုင်ခြင်းဝါသမ္မာအာဇီဝ)
အယူအဆကထိုအပြောင်းအလဲများမည်မျှဖြစ်နိုင်ချေရှိသည်ကိုဖော်ပြနေသည်။

ထို့ကြောင့်အစဉ်အလာနိုင်ငံရေးအမျိုးအစားခွဲခြားမှုများဖြစ်သောလစ်ဘရယ်ဝါဒ၊ကွန်ဆာဗေးတစ်နှင
င့်ဆိုရှယ်လစ်ဝါဒစသည်များသည်ဖွံ့ဖြိုးမှု၏အစားထိုးစရာများပေါ်ထွက်လာအောင်စွမ်းဆောင်ပေးနိုင်ြ
ြခြင်းမရှိတော့ပေ။တစ်နည်းဆိုသော်အပြောင်းအလဲသည်ပို့စ်အရင်းရှင်နှင့်ပို့စ်ဆိုရှယ်လစ်ဝါဒ
ါဒအသွင်ဆောင်မည်ဖြစ်ပြီးအဆင့်ဆင့်ဖွံ့ဖြိုးမှုအယူအဆမှရှင်းလင်းစွာလမ်းခွဲထွက်လာပြီဖြစ်သည်။

## ဖွံ့ဖြိုးရေးအယူအဆကိုဝေဖန်မှုများနှင့်အစားထိုးရွေးချယ်စရာများ
## အမျိုးသမီးဝါဒအမြင်ရှုထောင့်

Margarita Aguinaga[1], Miriam Lang[2], Dunia Mokrani[3], Alejandra Santillana[4]

ယနေ့ခေတ်အမျိုးသမီးဝါဒအတွေးအခေါ် သည်တန်းတူရေးနှင့်လွတ်မြောက်ရေးအယူအဆပေါ် တွင်အခြေခံ
င်အခြေခံသည်။မတူကွဲပြားခြင်း၊ဘဝ၏ဖြစ်တန်စွမ်းနှင့်အလုံးစုံလွှမ်းခြုံသောချဉ်းကပ်မှုပုံစံတို့မှပေါက်ဖွားလာ
တို့မှပေါက်ဖွားလာခြင်းလည်းဖြစ်သည်။တော်လှန်ရေးလှုပ်ရှားမှုရေစီးကြောင်းအသစ်ဖြစ်လာရေးကိုဦးတည်ချ
ရေးကိုဦးတည်ချက်ထားခြင်းကြောင့်တည်ရှိနေသောပါဝါဆိုင်ရာဆက်နွယ်မှုအားလုံးကိုလေ့လာဆန်းစစ်ရန်လို
းစစ်ရန်လိုအပ်ပြီးဖွံ့ဖြိုးရေးကိုအမျိုးသမီးဝါဒရှုထောင့်မှဝေဖန်ဆန်းစစ်ရာတွင်ပေါင်းစည်းညီညွတ်သောဝေဖန်
တ်သောဝေဖန်ရေးဖြစ်ရန်လည်းလိုသည်။ယင်းဝေဖန်ရေးတွင်သဘာဝပတ်ဝန်းကျင်၊စီးပွားရေး၊ကုန်ထုတ်လု
၊ကုန်ထုတ်လုပ်မှုပုံစံ၊ကိုလိုနီဝါဒနှင့်ဖိုကြီးစိုးသောလောကကြီးအားလုံးပါဝင်သည်။

သမိုင်းစဉ်တစ်လျှောက်ပြန်လည်သုံးသပ်ပြီးယခုအခန်းသည်ဖွံ့ဖြိုးရေးအယူအဆတွင်အမျိုးသမီးဝါဒ၏ထည်
ဝါဒ၏ထည့်ဝင်ပံ့ပိုးမှုပုံစံအမျိုးမျိုးကိုဆွေးနွေးသွားမည်ဖြစ်ပါသည်။စာရေးသူများအနေနှင့်ဂန္ထဝင်အကယ်ဒမစ်
ဝင်အကယ်ဒမစ်နှင့်စီးပွားရေးဖွံ့ဖြိုးမှုလမ်းကြောင်းများနှင့်ကွဲပြားခြားနားသောဆန်းစစ်သုံးသပ်မှုပုံစံကိုပေးနိုင်ရ
ပုံစံကိုပေးနိုင်ရန်အလွန်အရေးကြီးသည်ဟုခံယူထားကြသည်။အမျိုးသမီးဝါဒသည်အစဉ်အလာဖိုဗဟိုပြုအစေ
အတွေးအခေါ် များကိုတော်လှန်ရန်ပေါ် ပေါက်လာခြင်းဖြစ်သည်။ဖိုဗဟိုပြုအတွေးအခေါ် များသည်သိပ္ပံနည်းကျ
နည်းကျပြီးအမြဲတမ်းမှန်ကန်သည်ဟုဆိုကြသော်လည်းအခြားသောအသိပညာများကိုစနစ်တကျနှိပ်ကွ
နှိပ်ကွပ်ထားသည်။ထို့အပြင်အမျိုးသမီးများ၏ခန္ဓာကိုယ်နှင့်စကားပြော၊ဆေးပညာနှင့်စိတ်ပိုင်းဆိုင်ရာသရုပ်ခွဲ
င်ရာသရုပ်ခွဲပညာ၊ဒဿနနှင့်မနုဿဗေဒစသည့်နယ်ပယ်အများအပြားတွင်လွှမ်းမိုးထားနိုင်သည် (Dorlin, 2009)။

အကယ်၍အမျိုးသမီးဝါဒကိုအသိပညာတစ်ရပ်အဖြစ်နှင့်ဘဝကိုကျယ်ကျယ်ပြန့်ပြန့်ပြောင်းလဲပေးန
နိုင်မည့်အယူအဆတစ်ရပ်အဖြစ်သတ်မှတ်ပါကအကယ်ဒမစ်၊နိုင်ငံရေးနယ်ပယ်နှင့်မညီမျှမတရ
တရားသောနိုင်ငံရေး၊စီးပွားရေးနှင့်လူမှုရေးစနစ်များကိုပြောင်းလဲရန်အမျိုးသမီးများ၏ကြိုးပမ်းဆောင်
င်ရွက်မှုများနှင့်ပါပေါင်းစပ်ခြင်းပြုနိုင်မည်ဖြစ်သည်။ထို့အပြင်လက်တင်အမေရိကတွင်ပေါ် ထွက်ခ
ခဲ့သောအငြင်းအခုံများမှစိတ်ကူးအကြံဉာဏ်အချို့ကိုလည်းပေးစွမ်းနိုင်မည်ဖြစ်သည်။အထူးသဖြ
ဖြင့်လတ်တလောဖွဲ့စည်းပုံအခြေခံဥပဒေလှုပ်ရှားမှုများမှပေါ် ထွက်လာသည့်အတိုင်းလက်တင်အမေ



[1] Margarita Aguinaga Barragán သည်တက်ကြွသောလူမှုဗေဒပညာရှင်နှင့်အမျိုးသမီးဝါဒီတစ်ဦးဖြစ်ပြီး the Ecuador Women's Assembly (AMPDE) တွင်ဦးဆောင်ပါဝင်သည်။သူမသည် the Institute of Ecuadorean Studies (IEE) တွင်သုတေသီတစ်ဦးဖြစ်ပြီး the Standing Committee on Alternatives to Development တွင်လည်းအဖွဲ့ဝင်တစ်ဦးဖြစ်သည်။

[2] Miriam Lang သည် the Andean Regional Office of the Rosa Luxemburg Foundation ၏ဒါရိုက်တာတစ်ဦးဖြစ်သည်။သူမသည် the Free University of Berlin မှလူမှုဗေဒဘာသာရပ်ဖြင့်ပါရဂူဘွဲ့ကိုဂုဏ်ဒါအထူးပြုဖြင့်ရယူခဲ့ပြီး Latin American Studies ဖြင့်လည်းမဟာဘွဲ့ကိုရရှိခဲ့သည်။

[3] Dunia Mokrani Chávez သည် the San Andrés University (CIDES-UMSA) တွင်ဒဿနနှင့်နိုင်ငံရေးသိပ္ပံဘာသာရပ်များ၌ကထိကအဖြစ်ဆောင်ရွက်သည်။ the Samka Sawuri (Dream Weavers) အမျိုးသမီးအဖွဲ့တွင်တက်ကြွစွာပါဝင်ဆောင်ရွက်ပြီး the Rosa Luxemburg Foundation ၏အင်ဒီးစ်နိုင်ငံများဆိုင်ရာရုံးဘိုလီးဗီးယားတွင်စီမံချက်ညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်သည်။

[4] Alejandra Santillana သည် the Latin American Faculty of Social Sciences (FLACSO) မှလူမှုဗေဒမဟာဘွဲ့ကိုရရှိခဲ့ပြီး the Ecuadorean Women's Assembly (AMPDE) ၏တက်ကြွဦးဆောင်သူတစ်ဦးဖြစ်သည်။ the Rosa Luxemburg Foundation ၏အင်ဒီးစ်နိုင်ငံများဆိုင်ရာရုံးအီကွေဒေါ၏စီမံချက်ညှိနှိုင်းရေးမှူးအဖြစ်ဆောင်ရွက်သည်။

အမေရိကသည် Buen
Vivir ကောင်းစွာရှင်သန်ခြင်း/သမာအာဇီဝအယူအဆကိုဖွံ့ဖြိုးရေးအယူအဆမှကွဲထွက်သည့်ပန်းတိုင်တစ်ခုအ
အဖြစ်သတ်မှတ်လာကြသည်။အမျိုးသမီးဝါဒသည် Buen Vivir
ကိုအားပေးပြီးကိုလိုနီဆန့်ကျင်တန်ပြန်လှုပ်ရှားမှုများကိုဖော်ထုတ်ကာဖခင်ကြီးစိုးရေးဝါဒကိုတစ်စစီဖြ
ဖဥ်ပစ်ရန်လည်းကြိုးစားသည်။

၁၉၇၀ပြည့်လွန်နှစ်များ- ဖွံ့ဖြိုးမှုရေစီးကြောင်းအတွင်းမှအမျိုးသမီးများ

ဖွံ့ဖြိုးမှုအယူအဆကိုအမျိုးသမီးများကစတင်ဝေဖန်မှုများမှာ၁၉၇၀ပြည့်လွန်နှစ်များတွင်စတင်သည်။အမေ
မေရိကန်သမ္မတဟယ်ရီထရူးမင်း[5]ကမြောက်နှင့်တောင်ကမ္ဘာခြမ်းဆက်ဆံရေးပုံစံအသစ်တစ်ခုက
ကိုစတင်အသက်သွင်းပြီးနှစ်ပေါင်းနှစ်ဆယ်ခန့်အကြာတွင်ဖြစ်သည်။၁၉၆၈အုံကြွမှုကြီးများနှင့်ဆက
ဆက်စပ်ပြီး၁၉၇၀ပြည့်လွန်နှစ်များတွင်စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင်သာမကလက်တင်အမေရိကတွင်ပါအမျ
မျိုးသမီးဝါဒလှုပ်ရှားမှုဒုတိယလှိုင်းပေါ်ပေါက်လာသည်။ယင်းတွင်လက်ဝဲယိမ်းဆန့်ကျင်ယဉ်ကျေးမှုအမျိုးသမီ
မီးဝါဒပါဝင်သလိုလစ်ဘရယ်အမျိုးသမီးဝါဒလည်းပါသည်။

၁၉၇၀နှစ်များတွင်ဂျန်ဒါနှင့်ဖွံ့ဖြိုးရေးတို့နှင့်ဆက်စပ်သောသြဇာလွှမ်းမိုးမှုရှိသည့်အတွေးအခေါ်ကိုစတင်တ
ကိုစတင်တည်ထောင်သူမှာဒိန်းမတ်စီးပွားရေးပညာရှင် Ester Boserup ဖြစ်သည်။သူမ၏စာအုပ်ဖြစ်သော
Woman’s Role in Economic Development
တွင်ဖွံ့ဖြိုးရေးဆိုသည်မှာအမျိုးသမီးများကိုဘေးဖယ်ထုတ်လေ့ရှိသောဖြစ်စဉ်တစ်ခုဖြစ်ပြီးဖွံ့ဖြိုးရေးအတွေး
ရေးအတွေးအခေါ်များတွင်ပါဝင်လေ့ရှိသည့်တစ်ယူသန်ခွဲခြားဆက်ဆံမှုများမှလမ်းခွဲထွက်ရန်စတင်ဆော်သြခဲ့သူ
သခဲ့သူဖြစ်သည်။၁၉၄၅နောက်ပိုင်းဖွံ့ဖြိုးရေးစီမံကိန်းများ၏ရလာဒ်ကိုမေးခွန်းထုတ်ရန်အတွက်အာဖရိကတွ
ဖရိကတွင်လက်တွေ့သုတေသနပြုလေ့လာခဲ့ပြီးအမျိုးသမီးများ၏ပါဝင်မှုနှင့်သာယာဝပြောမှုအပေါ်ဆိုးကျိုးများ
းများကျရောက်စေကြောင်းထုတ်ဖော်နိုင်ခဲ့သည်။၁၉၇၀ပြည့်နှစ်များအထိဖွံ့ဖြိုးရေးစီမံကိန်းများတွင်အမျိုးသမီး
သမီးများကိုလက်ဝေခံသက်သက်အနေနှင့်သဘောထားပြီးသင်တန်း၊နည်းပညာနှင့်ရန်ပုံငွေတို့ကိုအမျိုးသား
အမျိုးသားများကအဓိကစီမံဆောင်ရွက်ခြင်းဖြစ်သည်။ဖွံ့ဖြိုးရေးစီမံကိန်းများမှတစ်ဆင့်အိမ်ထောင်စုကိုအခေ
စုကိုအခြေခံသောအနောက်တိုင်းမော်ဒယ်စတင်ဝင်ရောက်လာကာအမျိုးသားများကိုအဓိကဝင်ငွေရှာသူများန
သူများနှင့်လခစားအလုပ်သမားများအဖြစ်ရှုမြင်လာသည်။အမျိုးသမီးများမှာမှီခိုဖြစ်ပြီးအိမ်ထောင်ရှင်မလ
ရှင်မလည်းဖြစ်သည်။ထိုမော်ဒယ်ကလူ့အဖွဲ့အစည်းတော်တော်များများတွင်အမျိုးသမီးများမှာစိုက်ပျိုးရေးနှင့်ကုန်ထု
းနှင့်ကုန်ထုတ်လုပ်ရေးတွင်ပါဝင်လုပ်ကိုင်ကြပြီးအနောက်တိုင်းနှင့်မတူသော၊ပိုမိုစုံလင်ကွဲပြားသောကျားမအလု
းသောကျားမအလုပ်ခွဲခြားမှုပုံစံများရှိတတ်သည်ကိုလျစ်လျူရှုသည်။ထို့အပြင်အိမ်ထောင်စုဆိုသည်မှာလည်
မှာလည်းအာဏာခွဲဝေကျင့်သုံးမှုပုံစံတစ်မျိုးပင်ဖြစ်ပြီးအမျိုးသားများသို့ဦးတည်ပေးအပ်လိုက်သောအထော
က်သောအထောက်အပံ့များသည်အမျိုးသမီးများအကျိုးအတွက်အလိုအလျောက်ဖြစ်မသွားတတ်သည်ကို
လည်းသတိမမူမိကြပေ။

Boserup
နှင့်အခြားခေတ်ပြိုင်များ၏ဝေဖန်ရေးအရေးအသားများမှာထိရောက်ခဲ့ပြီးမက္ကဆီကိုနိုင်ငံတွင်၁၉၇၅ဂျူ

[5]၁၉၄၅တွင်ထရူးမင်းအကြံပြုသောဖွံ့ဖြိုးရေးအစီအမံတွင်ဥရောပအတွက်စီးပွားရေးပြန်လည်ထူထောင်မှုအစီအမံများနှင့်ဖွံ့
ဖြိုးဆဲနိုင်ငံများတွင်ကုန်သွယ်မှုအတားအဆီးများဖယ်ရှားရေးတို့ပါဝင်သည်။ထိုစီမံကိန်းတွင်ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုမ
များဖြင့်တောင်ကမ္ဘာခြမ်းရှိစက်မှုကုန်ထုတ်စွမ်းအားကိုတိုးတက်စေရေးပါဝင်သည်။ဤနည်းအားဖြင့်ဆင်းရဲသောတိုင
င်းပြည်များ၏လူနေမှုအဆင့်အတန်းများမြင့်မားအောင်ဆောင်ရွက်နိုင်မည်ဟုယူဆခြင်းဖြစ်သည်။

၂၂လိုင်၂၃ပထမဦးဆုံး World Conference on Women
ကိုကျင်းပနိုင်ခဲ့သည်။ထိုကွန်ဖရင့်တွင်ကုလသမဂ္ဂကအမျိုးသမီးများဆယ်စုနှစ်ကိုတရားဝင်သတ်မှတ်ပြဌ
ပဌာန်းပြီးအမျိုးသမီးများ၏ရှုထောင့်များကိုဖွံဖြိုးရေး၏အစိတ်အပိုင်းများအဖြစ်တရားဝင်လက်ခံခဲ့သည်[6]။မူလ
အစကဖွံ့ဖြိုးရေးအယူအဆကိုအကြီးအကျယ်ဝေဖန်ကွဲလွဲရန်မရည်ရွယ်ပေ။ဖွံ့ဖြိုးရေးအရင်းအမြစ်များမှအမျ
မျိုးသမီးများကိုပစ်ပယ်ထားခြင်းကိုသာပြန်ပြောင်းရန်ကြိုးစားခြင်းဖြစ်သည်။ထို့အပြင်အမျိုးသမီးများ
၁း၏ထုတ်လုပ်မှုနှင့်မျိုးဆက်ပွားမှုသည်နိုင်ငံများ၏စီးပွားရေးကိုထည့်ဝင်မှုကြီးကြီးမားမားရှိသည်နှင့်အမှု
(Safa, 1995) ယင်းကိုအသိအမှတ်မပြုမှုများရပ်ဆိုင်းသွားစေရန်ကြိုးပမ်းခြင်းလည်းဖြစ်သည်။

'ဖွံ့ဖြိုးမှုထဲမှအမျိုးသမီးများ' Women in Development- WID
ဟူသောအယူအဆကိုကိုင်စွဲပြီးအမျိုးသမီးအန်ဂျီအိုအများအပြားပေါ် ပေါက်လာကာဖွံ့ဖြိုးရေးအတွက်ရည်ရွ
ည်ရွယ်သောရန်ပုံငွေများကိုအမျိုးသမီးများလည်းလက်လှမ်းမီသုံးစွဲနိုင်စေရန်ကြိုးပမ်းဆောင်ရွက်ပေးကြသည်
ရွက်ပေးကြသည်။ထို့အပြင်စီမံကိန်းဒီဇိုင်းများတွင်လည်းအမျိုးသမီးအစိတ်အပိုင်းများပါဝင်လာစေရန်ဆော
လာစေရန်ဆောင်ရွက်ခဲ့သည်။အမျိုးသမီးများမှလူ့အဖွဲ့အစည်းအတွင်းစောင့်ရှောက်သူများအဖြစ်သတ်မှ
စ်သတ်မှတ်ထားရာဌင်းတို့၏တာဝန်ယူစိတ်ကိုအကြောင်းပြု၍ရန်ပုံငွေများကိုထိန်းသိမ်းကာကွယ်ရန်အကော
န်အကောင်းဆုံးဖြစ်သည်ဟုလည်းသတ်မှတ်ကြသည်။ထို့အပြင်အမျိုးသမီးများကို
'ဖွံ့ဖြိုးရေးတွင်အလားအလာအလွန်ကောင်းသောမပျက်ဆီးသေးသောအင်အားစု'
ဟူ၍ပင်တင်စားပြောဆိုမှုများရှိသည် (Jackson, 1992:
89)။ယင်းမှတစ်ဆင့်အမျိုးသမီးများအတွက်အဓိကရည်ရွယ်သောအသေးစားချေးငွေကဲ့သို့စီမံချက်များပေါ် ထွက်လာ
ထွက်လာပြီးကုန်ထုတ်စီးပွားရေးတွင်အမျိုးသမီးများ၏ထည့်ဝင်မှုကိုအသိအမှတ်ပြုလာကြသည်။သို့ရာတွင်
Women in Development
အယူအဆသည်လစ်ဘရယ်နိုင်ငံရေးအယူအဆနှင့်နီယိုဂန္ထဝင်ဘောဂဗေဒတို့ပေါင်းစပ်ပြီးခေတ်မီရေးကြွေး
ခတ်မီရေးကြွေးကြော်သံအောက်တွင်ဆောင်ရွက်သောဖွံ့ဖြိုးရေးမူ
ဝါဒများနှင့်ပတ်သက်၍လေးလေးနက်နက်မေးခွန်းထုတ်နိုင်ခြင်းတော့မရှိပေ။

နောက်ထပ်အတွေးအခေါ် လမ်းကြောင်းတစ်ခုမှာအမျိုးသမီးနှင့်ဖွံ့ဖြိုးရေး Women and Development-
WAD ဖြ
ဖစ်သည်။ယင်းမှာ၁၉၇၀နှောင်းပိုင်းခေတ်များတွင်ပေါ် ထွက်လာပြီးမော်ဒန်ဝါဒ၏အကန့်အသတ်မျ
များကြောင့်ပေါ် ထွက်လာခြင်းဖြစ်သည်။အရင်းအမြစ်မှာမာက်စ်အမျိုးသမီးဝါဒနှင့်မှီခိုမှုသီအိုရီဖြစ်သည်
ည်။မြောက်ပိုင်းကမ္ဘာ၏ဖွံ့ဖြိုးရေးမှာတောင်ကမ္ဘာလောကကိုဂုတ်သွေးစုပ်ရာမှရရှိလာခြင်းဖြစ်
စ်သည်ဟုယူဆသည်[7]။

ယခုစာရေးသူများ၏အထက်ပါအယူအဆနှစ်မျိုးစလုံးကိုဝေဖန်ပြီးအမျိုးသမီးများသည်သက်ဆိုင်ရာလူ့အဖ
အဖွဲ့အစည်းများတွင်ဖွံ့ဖြိုးရေး၏ခွဲခြားမရသောအစိတ်အပိုင်းများဖြစ်သည်ဟုလက်ခံထားကြသည်။၎င်းတိ
တို့၏အရေးအသားများသည်လူ့အဖွဲ့အစည်းများတည်တံ့ရေးကိုအစဉ်ထောက်ခံပြီးအမျိုးသမီးများပါဝင်လာရ
၁ရုံသက်သက်ဖြင့်မညီမျှသောနိုင်ငံတကာစနစ်ကြီးကိုတည်တံ့အောင်လုပ်နိုင်မည်မဟုတ်ဟုအခိုင
င်အမာဆိုကြသည်။

---

[6]ထိုကွန်ဖရင့်မှတစ်ဆင့် the International Research and Training Institute for the Advancement of Women (INSTRAW) နှင့် the United Nations Development Fund for Women (UNIFEM) တို့စတင်ပေါက်ဖွားလာခြင်းဖြစ်သည်။
[7]ဖွံ့ဖြိုးမှုကိုမော်ဒန်ဝါဒအတွေးအခေါ်တစ်ခုအဖြစ်ဆွေးနွေးမှုကိုယခုစာအုပ်ပါ Eduardo Gudynas ၏ "Debates on Development and its Alternatives in Latin America: a brief heterodox guide" အခန်းတွင်လေ့လာနိုင်သည်။

အမျိုးသမီးများနှင့်ဖွံ့ဖြိုးရေးအယူအဆ WAD သည် WID ထက်ပိုပြီးဆန်းစစ်ဆင်ခြင်မှုရှိသော်လည်း WID ကဲ့သို့ဖွံ့ဖြိုးရေးမူဝါဒများနှင့်ပတ်သက်ပြီးသတ်သတ်မှတ်မှတ်အဆိုပြုချက်များထုတ်ပေးနိုင်ခြင်းတော့မရှိပေ။ WAD သည်လူမှုလူတန်းစားများအတွင်းကျားမခွဲခြားမှု၏အခန်းကဏ္ဍကိုဆန်းစစ်ခြင်းမပြုသလိုလိင်ပိုင်းဆိ ဆိုင်ရာထက်အောက်ဆက်ဆံမှုများကိုစိတ်ပါဝင်စားခြင်းလည်းမရှိပဲ (မက်စ်ဝါဒနှင့်ယေဘုယျအားဖြင့်တူညီသည်) လူတန်းစားကွဲပြားမှုနှင့်နိုင်ငံတကာစနစ်အတွင်းမှဖိနှိပ်မှုများကိုပိုမိုအလေးထားသည်။ WAD သည်ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကိုအမျိုးသမီးများ၏မျိုးဆက်ပွားလုပ်ငန်းထက်ပိုမိုတန်ဖိုးထားသည်။ WAD သည် WID နှင့်အလားတူစွာပင်အမျိုးသမီးများ၏ဝင်ငွေတိုးရေးကိုဦးတည်ချက်ထားပြီးယင်းသည်အမျိုးသမီးများအတ အတွက်အလုပ်ချိန်နှစ်ဆဖြစ်သွားစေနိုင်သည်ဆိုသည့်အချက်ကိုထည့်သွင်းစဉ်းစားထားခြင်းမရ မရှိပေ။ထို့ကြောင့်ယင်းအမျိုးသမီးဝါဒသည် 'ပြုစုစောင့်ရှောက်ရေး' လုပ်ငန်းများကိုပုဂ္ဂလဘဝနယ်ပယ်အတွင်း၌သာထားရှိပြီးထုတ်လုပ်မှုတန်ဖိုးတစ်စုံတရာမရှိသောကြောင့်ဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်သီးခြားစီဖြစ်သည်ဟုယူဆသည်။ထို့ကြောင့်ဖိုဖဟိုပြုအတွေးအခေါ် များ၏မှီခိုမ မှုခေတ်မီမှုနှင့်နိုင်ငံရေးဘောဂဗေဒသီအိုရီများနှင့်ထူးမခြားနားသာဖြစ်သည် (Rathgeber, 1990)။

၁၉၈၀ပြည့်လွန်နှစ်များ- ဖွံ့ဖြိုးမှုထဲမှဂျင်ဒါအယူအဆနှင့်ဆိုရှယ်လစ်အမျိုးသမီးဝါဒ

၁၉၈၀ပြည့်လွန်နှစ်များကိုအမျိုးသမီးဝါဒလှုပ်ရှားမှု၏တတိယလှိုင်းအဖြစ်သတ်မှတ်နိုင်သည်။ Amelia Valcárcel (2008) ပြောခဲ့သလိုဂျင်ဒါဟူသောအမျိုးအမည်အယူအဆသည်ကမ္ဘာပြုမှုဆိုင်ရာဆွေးနွေးမှုများ၏ဗဟို ိုချက်ကိုရောက်ရှိလာသည်ဟုဆိုနိုင်သည်။

၁၉၈၀ပြည့်လွန်နှစ်များအတွင်းကပင်တောင်အမေရိကတိုက်၏တစ်စိတ်တပိုင်းစက်မှုဖွံ့ဖြိုးမှုအသီးအပွင့် ့်ဖြစ်သောလူမှုဖူလုံရေးအစီအမံများကိုအမျိုးသမီးများကလည်းတစ်စိတ်တပိုင်းစတင်ခံစားခဲ့ကြရသည် ည်။သို့သော်ထိုသို့ခံစားရသည့်ပုံစံမှာအိမ်ထောင်ဦးစီးအမျိုးသားများအတွက်သက်သာခွင့်ပေးသည့်အ အနေဖြင့်ခံစားကြရခြင်းသာဖြစ်သည်။အမျိုးသမီးများကိုလူမှုဖူလုံရေးရသင့်သူများ၊စီးပွားရေးအရ အရသက်ရောက်မှုရှိသူများနှင့်တင်းပြည့်ကျပ်ပြည့်နိုင်ငံသားများအဖြစ်မှတ်ယူခြင်းမရှိပေ။မိသားစ ုစုများနှင့်ဇနီးသည်များကိုအိမ်ထောင်ဦးစီးအမျိုးသားများမှတစ်ဆင့်သာရှုမြင်ကြပြီးအမျိုးသမီးများကိုမိသားစုမ မျိုးဆက်ပွားရေးတာဝန်ထမ်းဆောင်သူများအဖြစ်သာအဓိကရှုမြင်သည်။အမျိုးသားများကိုကုန်ထုတ်လုပ် ပ်ရေးနှင့်လခစားလုပ်ငန်းခွင်ဘောင်အတွင်းမှကြည့်ကြပြီးအမျိုးသမီးများကိုမူမျိုးဆက်ပွားရေးဘောင ်င်အတွင်းမှရှုမြင်သည်။ထိုကွာဟချက်ကွက်လပ်သည်၁၉၈၀ပြည့်နှစ်များတွင်ဂျန်ဒါနှင့်ဖွံ့ဖြိုးရေးGender and Development- GAD ချဉ်းကပ်မှုအသစ်နှင့်အတူတဖြည်းဖြည်းကျဉ်းမြောင်းလာခဲ့သည်။

ထိုအတွေးအခေါ် သစ်မှာဆိုရှယ်လစ်အမျိုးသမီးဝါဒနှင့်ပို့စ်အဆောက်အဦဝါဒဝေဖန်ရေးများတွင်မြစ်ဖျားခံသ သည်။ဆိုရှယ်လစ်အမျိုးသမီးဝါဒကအရင်းရှင်စနစ်နှင့်ဖခင်ကြီးစိုးသည့်လူ့အဖွဲ့အစည်းကိုတပြိုင်နက် က်တည်းစိန်ခေါ်ပြီးလက်ဝဲဝါဒအတွင်းရှိအပြစ်အနာအဆာမကင်းသောအရင်းနှင့်လုပ်အားပဋိပက္ခ secondary contraction ကိုကျော်လွှားသွားခဲ့သည်။ကုန်ထုတ်လုပ်မှုနှင့်မျိုးဆက်ပွားထုတ်လုပ်မှုအကြားလူမှုသဘောအရခွဲခြာ ခြားထားခြင်းကိုအမျိုးသမီးများအပေါ် ဖိနှိပ်မှု၏အခြေခံအဖြစ်သတ်မှတ်ကြပြီးလက်ဝဲယိမ်းအမျိုးသမီးဝါ

ဝါဒီဘောဂဗေဒအတွက်အခြေခံများကိုဖန်တီးပေးထားသည် (Rowbotham, 1973 နှင့်စာရေးသူ၏အခြားကျမ်းများကိုကြည့်)။

GAD သည်ကျယ်ပြန့်သောသုံးသပ်မှုများမှစတင်သည့်ပညာရေးဒဿနတစ်မျိုးပင်ဖြစ်ပြီးလူ့အဖွဲ့အစည်း၏န၏နိုင်ငံရေး၊စီးပွားရေးနှင့်လူမှုရေးဖွဲ့စည်းမှုများအားလုံးကိုလေ့လာသည်။ GAD သည်လေ့လာဆန်းစစ်မှုတွင်အမျိုးသမီးများကိုဗဟိုတွင်မထားသော်လည်းအမျိုးသမီးများသည်တသမသမတ်တည်းသောလူမှုအမျိုးအစားတစ်ခုဖြစ်သည်ဟူသောယူဆချက်ကိုစတင်မေးခွန်းထုတ်သည်။ကျကျား၊မလိင်နှစ်မျိုးစလုံးသည်ဇီဝဗေဒသဘောထက်ကျော်လွန်ကာလူမှုတည်ဆောက်မှုဖြစ်ပြီးအမျိုးသမသမီးများကိုကျား၊မလိင်သဘောသာမကပဲလူမျိုး၊ယဉ်ကျေးမှု၊လိင်တိမ်းညွှတ်မှုနှင့်အသက်အရွယ်စသည့်အချက်များကပါလွှမ်းမိုးနေကြောင်းအလေးအနက်ဆိုသည်။ထို့နောက်လူမှုအလွှာအသီးသီးတွင်ရှိနေသောပါဝါဆက်သွယ်ချက်များကိုသေချာစွာလေ့လာရန်တောင်းဆိုပြီးအမျိုးသမီးများလုပ်ပိုင်ခွင့်နှင့်စွမ်းရည်မြှင့်တင်ခြင်းကိုနိုင်ငံရေးအရအမြဲတမ်းဆောင်ရွက်ရမည့်ဦးစားပေးတစ်ခုအဖြစ်သတ်မှတ်သည်။

GAD ကစီးပွားရေးတိုးတက်မှုတစ်ခုတည်းကသာအမျိုးသမီးများကိုအားပေးမြှင့်တင်နိုင်သည်ဟူသောအမျများလက်ခံနေသည့်အယူအဆကိုကန့်ကွက်သည်။ထို့ကြောင့်၎င်းတို့ကြုံတွေ့နေရသည့်အခြားသောလွှမ်းမိုးဖိနှိပ်မှုများကိုထည့်သွင်းစဉ်းစားခြင်းမပြုပဲဆင်းရဲသောအမျိုးသမီးများအားအသေးစားချေးငွေပေးနေသောလူမှုပေါ်လစီများကိုလည်းကန့်ကွက်သည်။ယင်းတွင်အခြေခံအဆောက်အဦချို့တဲ့မှုနှင့်အမျိုးသမီးများ၏ကိုယ်ပိုင်လုပ်ငန်းငယ်များတွင်အောင်မြင်မှုရရှိစေနိုင်သောလူမှုပြန်လည်ခွဲဝေမှုများကိုထည့်သွင်းစဉ်းစားခြင်းမပြုပေ။

အသေးစားချေးငွေပေါ်လစီများကအမျိုးသမီးများကိုအကြွေးတင်စေပြီး၎င်းတို့သဘောဆန္ဒသိပ်မပါသောစီးပွားရေးလုပ်ငန်းပေါင်းတာဝန်ခံခိုင်းခြင်းမျိုးကိုအတင်းအကျပ်ဖန်တီးလေ့ရှိသည်။ GAD ကဂျင်ဒါဆိုင်ရာစနစ်အတွင်းရှိအခန်းကဏ္ဍများ၊ဆက်နွယ်မှုများကိုလေ့လာပြီးစနစ်ဆိုင်ရာပြောင်းလဲမှုများကိုတွန်းအားပေးသည်။ယင်းကဆင်းရဲမှုတိုက်ဖျက်ရေးမူဝါဒများကိုချမှတ်ရာတွင်ဂျင်ဒါကိုထည့်သွင်းစဉ်းစားထားသောသီးခြားပေါ်လစီများလိုအပ်ကြောင်းထောက်ပြသည်။ရည်ရွယ်ချက်မှာတရားမျှတမှုဖြစ်သည်။ယင်းကအမျိုးသမီးများအလုပ်ဝန်နှစ်ထပ်ပိခြင်းကိုထောက်ပြပြီးဖွံ့ဖြိုးရေးသိပ္ပံဆိုင်ရာလေ့လာမှုများတွင်အိမ်ထောင်စုကိုတစ်ခုတည်းသောယူနစ်အဖြစ်သုံးသပ်မှုမပြုသင့်ကြောင်းလည်းဆိုသည်။အခြားသောအမျိုးသမီးဝါဒီများနှင့်ကွဲပြားသောအချက်မှာတန်းတူညီမျှမှုကိုလိုလားသောအမျိုးသားများ၏ပူးပေါင်းဆောင်ရွက်မှုကိုလည်းဖိတ်ခေါ်ခြင်းဖြစ်သည်။

၁၉၈၀ပြည့်လွန်ဆိုရှယ်လစ်အမျိုးသမီးဝါဒီများနှင့် GAD နှစ်မျိုးစလုံးတို့ကအများပြည်သူဆိုင်ရာနှင့်ကိုယ်ပိုင်ဝန်းကျင်နှစ်မျိုးခွဲခြားခြင်းကိုဆန့်ကျင်ပြီးအိမ်ထောင်ရေးဆက်နွယ်မှုများတွင်အခြေခံသောမိသားစုသို့မဟုတ်အိမ်ထောင်အတွင်းဖိနှိပ်မှုများကိုအလေးအနက်ထားသည်။အမျိုးသမီးများသည်အပြောင်းအလဲဖော်ဆောင်သူများဖြစ်ပြီးဖွံ့ဖြိုးရေးကိုလက်ခံသူများမဟုတ်ဟုရှုမြင်ကြသည်။အမျိုးသမီးများနိုင်ငံရေးကိုယ်စားပြုမှုပိုမိုရရှိရန်အတွက်စနစ်တကျဖွဲ့စည်း၊မြှင့်တင်မှုပြုရန်တိုက်တွန်းသည်။ထိုအချိန်မှစပြီးအမျိုးသမီးဝါဒီများသည်ဂျ

ဂျင်ဒါ၊လူမျိုးနှင့်လူတန်းစားဆိုင်ရာဖိနှိပ်မှုများကိုစတင်ထည့်သွင်းသုံးသပ်လာကြပြီးယင်းနှင့်ဆက
ဆက်စပ်ကာဖွံ့ဖြိုးမှုကိုဝေဖန်လာကြသည် (Maguire, 1984; Sen y Grown, 1988)။

လက်တွေ့နှင့်မဟာဗျူဟာလိုအပ်ချက်နှစ်မျိုး

အမျိုးသမီးဝါဒီပညာရှင် Caroline Moser (1986, 1993)
ကအမျိုးသမီးများ၏လက်တွေ့နှင့်မဟာဗျူဟာလိုအပ်ချက်များကိုခွဲခြားထားသောဖွံ့ဖြိုးရေးစီမံကိန်းစ
၊စီမံချက်များအတွက်ဂျင်ဒါခွဲခြားတွက်ချက်သည့်စီမံကိန်းရေးဆွဲမှုပုံစံတစ်ရပ်ကိုရေးဆွဲဖော်ထုတ်
တ်သည်။ယင်းကိုကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြသည်။လက်တွေ့လိုအပ်ချက်များတွင်အခြေခံဝန်
န်ဆောင်မှုများနှင့်အစာအာဟာရစသည်တို့ပါဝင်ပြီးမဟာဗျူဟာလိုအပ်ချက်များတွင်မူသက်ဆိုင်ရာလူမှုရေ
းနောက်ခံပေါ် မူတည်ပြီးဂျင်ဒါစနစ်အတွင်းထက်အောက်ဖိနှိပ်မှုများကိုမေးခွန်းထုတ်ခြင်းဖြစ
ဖစ်သည်။ယင်းတွင်အလုပ်တူလျင်လုပ်ခတူရမည်ဆိုသောတောင်းဆိုချက်၊ဂျင်ဒါအကြမ်းဖက်မှုဆန့်က
့ကျင်ရေးနှင့်အမျိုးသမီးများအနေနှင့်၎င်းတို့၏လိင်ပိုင်းဆိုင်ရာနှင့်ကလေးမည်မျှမွေးမည်စသည်တို့ကို
ကိုလွတ်လပ်စွာဆုံးဖြတ်ရွေးချယ်နိုင်ခွင့်စသည်တို့ပါဝင်သည်။ Moser
၏မိုဒယ်ကစီမံကိန်းများရေးဆွဲရာတွင်သက်ဆိုင်ရာအခြေအနေတစ်ခုကိုဖော်ပြနိုင်ရန်အတွက်ပိုမိုခက်
က်ခဲရှုပ်ထွေးသောအချက်အလက်များကိုလက်ခံရယူနိုင်ခြင်းဖြစ်သည်။

ယင်းမိုဒယ်ကိုနိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသောကုလသမဂ္ဂနှင့်ကမ္ဘာ့ဘဏ်စသည်တို့ကတရာ
ရားဝင်လက်ခံကျင့်သုံးကြသည်။လက်တွေ့တွင်ဖွံ့ဖြိုးရေးစီမံကိန်းလက်ကားရေးဆွဲသူများ၏လက်တွ
တွင်းကျရောက်နေသည်ဟုလည်းဆိုနိုင်ပြန်သည်။ထို့ကြောင့်ရည်မှန်းချက်များကိုလက်တွေ့တွ
တွင်ပေါက်ရောက်အောင်ဆောင်ရွက်နိုင်ခြင်းမရှိပေ။ Moser
၏မိုဒယ်သည်တက်ခနိုကရက်ဆန်ပြီးရှုပ်ထွေးကျယ်ပြန့်သောပြဿနာများကိုနေရာတကာအသုံးတည
တည့်မည့်ဖော်မြူလာနည်းချက်များဖြင့်ဖြေရှင်းရန်ကြိုးစားခြင်းလည်းဖြစ်သည်။လက်တွေ့
့တွင်ယင်းမှာအနောက်တိုင်းသိမှုဆိုင်ရာလက်ခံယုံကြည်မှုများကိုသီးခြားအခြေအနေရှိသောတောင်က
ကမ္ဘာခြမ်းသို့တင်သွင်းလာခြင်းသာဖြစ်သည်။

နီယိုလစ်ဘရယ်ပေါ်လစီများနှင့်အမျိုးသမီးများကိုဆင်းရဲတွင်းသွတ်သွင်းမှု

နီယိုလစ်ဘရယ်ပေါ်လစီများအောက်တွင်အမျိုးသမီးများသည်ဖွံ့ဖြိုးရေး၏ပြဿနာခံများအဖြစ်ပေါ်လ
ါလွင်ထင်ရှားလာသော်လည်းလူမှုမူဝါဒများတွင်မူအတိအလင်းထည့်သွင်းစဉ်းစားခံရခြင်းမရှိပေ။လ
။လက်တင်အမေရိကတိုက်အကြွေးနွံနစ်စဉ်ကအတင်းအကျပ်ပြဿနာဖြေရှင်းခံရသောပြုပြင်ပြောင်း
းလဲရေးလုပ်ငန်းစဉ်များသည်အမျိုးသမီးများကိုအဓိကအထိနာစေခဲ့သည်။အမျိုးသမီးများကိုယ့်အလု
လုပ်ကိုယ်ရှာရသလိုအလုပ်အကိုင်ဈေးကွက်အတွင်းဝင်ရောက်ရာတွင်လည်းလုပ်အားခမညီမျှမှုကဲ့သို့
့သောမညီမျှမှုများနှင့်ရင်ဆိုင်ရသည်။ထို့အပြင်ပို့ကုန်အခြေပြုစီးပွားရေးအတွင်း၌အစဉ်အလာမိန်းမသာ
သားများလုပ်ကိုင်သောမိသားစုကိုကျွေးမွေးပြုစုခြင်းကိစ္စမှာပိုမိုရှုပ်ထွေးခက်ခဲလာသည်။အမျိုးသမီးများဖွံ့
့ဖြိုးရေးတွင်ပါဝင်သည်ဟုလက်ခံသတ်မှတ်ထားသော်လည်းမိသားစုနှင့်လူ့အဖွဲ့အစည်းအတွင်းရှိနေသည်
ည့်ဖိုကြီးစိုးမှုကအမျိုးသမီးများအတွက်ဆင်းရဲခြင်းသံသရာစက်ဝိုင်းအသစ်ကိုလည်းပတ်စေပြီးအမျိုးသမီးမျာ
းကိုဆင်းရဲတွင်းသို့သွတ်သွင်းကာတစ်ပိုင်တနိုင်စီးပွားရေးများအတွင်း၌သာပိတ်မိနေစေသည်။

တောင်ကမ္ဘာခြမ်းမှအစားထိုးစရာများ

၁၉၈၅ခုနှစ်နိုင်ရိုဘီတွင်ကျင်းပသောဒုတိယအကြိမ်မြောက် World Conference on Women တွင် Development Alternatives with Women for a New Era (DAWN) ဟုအမည်ပေးထားသောတောင်ကမ္ဘာခြမ်းမှအမျိုးသမီးများကွန်ရက်သည်ဖွံ့ဖြိုးရေးနှင့်တိုးတက်မှုလ
လမ်းကြောင်းများတွင်အမျိုးသမီးများကောင်းစွာပါဝင်ဆောင်ရွက်ခြင်းမရှိသောပြဿနာသာ
ဖြစ်သည်ဟုယူဆထားခြင်းများကိုစတင်စိန်ခေါ်သည်။ထိုလှုပ်ရှားမှုကတိုးတက်မှုဟူသည်မှာစီးပွားရေးဖွံ့
ဖြိုးမှုဖြစ်သည်ဟုကျဉ်းမြောင်းစွာဖွင့်ဆိုထားခြင်းများကိုကန့်ကွက်ပြီးတောင်ကမ္ဘာခြမ်းရှိအမျိုးသ
သမီးများ၏ဘဝကိုနိမ့်ပါးသွားစေသောအဓိကအကြောင်းမှာစားသုံးသူဝါဒနှင့်ကြွေးတင်မှုေ
ကြောင့်ဖြစ်သည်ဟုဆိုသည်။ထို့အပြင်အမျိုးသမီးများကိုဖွံ့ဖြိုးမှုဖြစ်စဉ်အတွင်းသို့ပေါင်းစည်းသည်ဟ
ဟုဆိုကာအမျိုးသမီးများကိုအလွန်အကျွံခေါင်းပုံဖြတ်ခြင်းများကိုကန့်ကွက်သည်။ပြုပြင်ပြောင်းလဲရေး
structural
adjustment ခေါင်းစဉ်အောက်မှပြည်သူ့အသုံးစရိတ်များဖြတ်တောက်လျှော့ချခြင်းအကျိုးဆက်ကို
ကိုလျော့ပါးစေရန်အတွက်အမျိုးသမီးများကိုဖိအားပေးအလုပ်လုပ်ခိုင်းခြင်းကိုရည်ရွယ်ခြင်းဖြစ်သည်။

ထိုအမျိုးသမီးလှုပ်ရှားမှုများကဖွံ့ဖြိုးမှုကိုအောက်ပါအတိုင်းပြန်လည်ဖွင့်ဆိုသည်။
'ဖွံ့ဖြိုးမှုသည်လူမှုတာဝန်ယူမှုရှိသောသယံဇာတစီမံခန့်ခွဲမှုနှင့်သုံးစွဲမှုဖြစ်သည်။ထို့အပြင်ဂျန်ဒါအထ
အထက်အောက်ဖိနှိပ်မှုနှင့်လူမှုမညီမျှမှုတို့ကိုဖယ်ရှားနိုင်ရန်အတွက်အဖွဲ့အစည်းဆိုင်ရာပြန်လည်
ည်ပြင်ဆင်တည်ဆောက်မှုလည်းပါဝင်သည်' (Sen and Grown, 1987)။၎င်းတို့ကစီးပွားရေးဖွံ့ဖြိုးမှုသည်လူသားဖွံ့ဖြိုးမှုအတွက်ဦးတည်ရမည်ဖြစ်ပြီးလူသားကဖွံ့ဖြိုးမှုအတွ
တွက်စတေးခြင်းမဖြစ်စေရဟုဆိုသည်။ဖွံ့ဖြိုးရေးမူဝါဒများသည်ကိုလိုနီဝါဒကိုအသက်ဆက်ခြင်းဖြစ်ပြီးဖွံ့ဖြ
ဖြိုးမှုနိမ့်ကျသည်ဟုသမုတ်ခြင်းခံရသောတိုင်းပြည်များမှအစဉ်အလာအင်စတီကျူးရှင်းများနှင့်တွေးခေါ်မ
မှုများကိုစနစ်တကျတန်ဖိုးနိမ့်ခြင်းဖြစ်သည်ဟုလည်းဝေဖန်ကြသည်။

၁၉၈၀ပြည့်လွန်နှစ်များမှအမျိုးသမီးဆိုရှယ်လစ်ဝါဒီများသည်အမျိုးသားများထက်လုပ်ခနိမ့်ပါးလေ့ရှိသောအမ
အမျိုးသမီးအလုပ်အကိုင်များနှင့်ပတ်သက်၍ဝေဖန်ကြပြီးယင်းမှာ WID
မူဝါဒများကလုပ်ကိုင်စေခြင်းသောအလုပ်အကိုင်များလည်းဖြစ်သည်။၎င်းတို့ကတူညီသောအလုပ်အတွက်တ
တူညီသောလုပ်ခကိုတောင်းဆိုကြပြီးအထူးသဖြင့်လုပ်ခနိမ့်ပါးစွာဖြင့်အမျိုးသမီးများလုပ်ကိုင်လေ့ရှိသည့်
maquila
တပ်ဆင်ရေးစက်ရုံများရှိအမျိုးသမီးများ၏လုပ်ငန်းခွင်အခြေအနေများကိုလေ့လာဆန်းစစ်ကြသည်။လုပ်င
ငန်းခွင်တစ်ခုသို့အမျိုးသမီးများအဓိကဝင်ရောက်လုပ်ကိုင်ပါကယင်းလုပ်ငန်းအမျိုးအစားကိုမိန်းမသားမျ
များလုပ်သောအလုပ်ဟုသတ်မှတ်လေ့ရှိကာအရေးပါမှုအဆင့်ကိုနိမ့်လိုက်ကြပြီးလုပ်ခနှင့်အဆင်
င့်အတန်းပါလိုက်ပါနိမ့်ပါးသွားကြောင်းတွေ့ရှိကြသည်။ယင်းကိုမိန်းမသားအလုပ်ဟုသမုတ်ခြင်းဖြစ်စဉ်
feminization of work
ဟုခေါ်သည်။စာသင်ကြားသည့်အလုပ်မှာထင်ရှားသောဥပမာဖြစ်သည်။တောင်အမေရိကတွင်အမျိုးသမီးမ
းများစာသင်ကြားသည့်လုပ်ငန်းခွင်များသို့၁၉၅၀ပြည့်လွန်နှစ်များမှစတင်ကာဝင်ရောက်လုပ်ကိုင်ကြ
ကြခြင်းဖြစ်သည်။

ပို့စ်ကိုလိုနီအမျိုးသမီးလှုပ်ရှားမှုများ

၁၉၉၀ပြည့်လွန်နှစ်များတွင်ပို့စ်ကိုလိုနီအမျိုးသမီးလှုပ်ရှားမှုထင်ရှားလာပြီး၎င်းတို့ကအခြေခံအမျိုးသမီးဝါဒ-
အမျိုးသမီးများတွင်ဝိဉာဉ်ပိုင်းဆိုင်ရာကြီးမြတ်မှုရှိသည်ဟုယူဆခြင်း-

ကိုစတင်ဝေဖန်သည်။ထို့အပြင်မြောက်ကမ္ဘာခြမ်းအမျိုးသမီးဝါဒအတွေးအခေါ်ဖြစ်သောတတိယကမ္ဘာအမ
အမျိုးသမီးများအပေါ်ဖွံ့ဖြိုးရေးမှလက်ဝေခံသည့်အုပ်စုဟုသတ်မှတ်ကာကြီးစိုးလိုသည့်လူမျိုးရေးအခြေခံအမ
အမျိုးသမီးဝါဒကိုလည်းဆန့်ကျင်သည်။ပို့စ်ကိုလိုနီအမျိုးသမီးဝါဒီများသည် deconstruction
နှင့်၁၉၈၀ပြည့်လွန်အမေရိကမှလူမည်း၊ Chicana
နှင့်လိင်တူဆက်ဆံသူအမျိုးသမီးများ၏ဩဇာလွှမ်းမိုးမှုကိုခံရသည်။၎င်းတို့မှာ (အများနှင့်)
မတူကွဲပြားမှုကိုပထမဦးဆုံးအကြိမ်ရပ်ခံခဲ့ကြသူများလည်းဖြစ်သည်။

ဥပမာအားဖြင့်အိန္ဒိယနိုင်ငံမှအမျိုးသမီးဝါဒီဖြစ်သူ Chandra Talpade Mohanty
ကအမျိုးသမီးသတ်မှတ်ချက်တွင်လွှမ်းမိုးကြီးစိုးသောအမျိုးအစားတစ်ခုတည်းကိုသာသတ်မှတ်ခြင်
င်းသည်အမျိုးသမီးဖြစ်မှုကိုဂျန်ဒါဆိုင်ရာအမှတ်လက္ခဏာတစ်ခုသက်သက်အဖြစ်သို့ယုတ်လျော့စေပြီးလူတ
တန်းစားနှင့်လူမျိုးစသောအခြားသောအရေးပါသည့်အမှတ်လက္ခဏာများကိုလျစ်လျူရှုရာရောက်
က်သည်ဟုထောက်ပြခဲ့သည်။ Mohanty
ကအကယ်၍တတိယကမ္ဘာမှမိန်းမသားများကိုအဖိနှိပ်ခံများအဖြစ်သတ်မှတ်ပါကယင်းသို့သတ်မှတ်ခြင်း
းသည်ပထမကမ္ဘာမှမိန်းမသားများကိုပြုပြင်စီရင်သူများအဖြစ်သတ်မှတ်ကာတတိယကမ္ဘာမှမိန်းမများကို
ကိုအပြုပြင်အစီရင်ခံများအဖြစ်သတ်မှတ်သကဲ့သို့ဖြစ်နေမည်ဟုဆိုသည်။ယင်းသည်လူတန်းစားအလွှာအမျ
မျိုးမျိုးနှင့်လူမျိုးအသီးသီးတို့တွင်ရှိနေသောအမျိုးသမီးထုကြီးများ၏မတူကွဲပြားခြားနားမှုများကိုကိုလိုနီပြုမ
ပြုမှုနှင့်ယဉ်ကျေးမှုအရသိမ်းသွင်းဖျက်ဆီးမှုနှင့်မည်သို့မျှမခြားပေ။လူမျိုးရေးကိုအခြေခံပြီးကွဲပြားမှုမျ
များကိုလက်ခံခြင်းမရှိသည့်အမျိုးသမီးဝါဒသည်တောင်ကမ္ဘာခြမ်းယဉ်ကျေးမှုများရှိဘာသာရေးမိသားစ
စု၊တရားရေးစနစ်နှင့်စီးပွားရေးဖွံ့စည်းပုံများကိုအနောက်တိုင်းစံနှုန်းများကိုစံထား၍တန်ဖိုးဖြတ်
တ်ကာယင်းတို့အားဖွံ့ဖြိုးမှုနိမ့်ကျသို့မဟုတ်ဖွံ့ဖြိုးဆဲဟုသတ်မှတ်လေ့ရှိသည်။ဖွံ့ဖြိုးရေးဆိုသည်မှာပထ
ပထမကမ္ဘာ၏ဖွံ့ဖြိုးရေးပုံစံတစ်မျိုးတည်းသာရှိပြီးအခြားသောခုခံဆန့်ကျင်မှုအတွေ့အကြုံများအားလုံးကိုဖိ
ဖိနှိပ်ဖုံးကွယ်ထားခြင်းဖြစ်သည် (Portolés, 2004)။ Mohanty
ကယဉ်ကျေးမှုများကိုဖြတ်ကျော်သောအမျိုးသမီးဝါဒကိုအဆိုပြုပြီးယင်းမှာကိုလိုနီဝါဒ၊နယ်ချဲ့ဝါဒနှင့်လူ
လူမျိုးရေးဝါဒများမှကင်းလွတ်သည်
(1997)။ယဉ်ကျေးမှုအမျိုးမျိုးနှင့်ကွဲပြားခြားနားမှုများကိုအသိအမှတ်ပြုခြင်းသည်ပြောင်းလဲ
လဲခြင်း၏အခြေခံရေသောက်မြစ်ဖြစ်သည်။

ဘင်္ဂါလီလူမျိုးပို့စ်ကိုလိုနီအမျိုးသမီးဝါဒီ Gayatri Spivak
ကဖွံ့ဖြိုးမှုသည်နယ်ချဲ့ခေတ်ကယဉ်ကျေးမှုနှင့်မိတ်ဆက်ပေးမည်ဟုဆိုကာနယ်မြေသိမ်းပိုက်ခဲ့ခြင်းမျ
မျိုးကိုနယ်ချဲ့လက်သစ်ဝါဒအားဖြင့်ဆက်လက်လုပ်ဆောင်ခြင်းဖြစ်သည်ဟုဆိုသည်။သူမကဖွံ့ဖြိုးရေးသိ
သို့မဟုတ်ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့်အားနည်းသောနိုင်ငံများ၏စီးပွားရေးစနစ်
စ်များသို့ထိုးဖောက်ဝင်ရောက်ကာလူအဖွဲ့အစည်းအတွင်းပြန်လည်ခွဲဝေခြင်းများကိုနောက်ယုက
က်ဖျက်ဆီးသည့်နီယိုလစ်ဘရယ်ကမ္ဘာ့စီးပွားရေးစနစ်ကြီးကိုဝေဖန်ပြစ်တင်သည်။သူမကဖွံ့ဖြိုးဆဲနိုင်င
ငံများသည်သဘာဝပတ်ဝန်းကျင်ဆိုးရွားစွာပျက်ဆီးရခြင်းကိုကြုံရသူများအချင်းချင်းညီညွတ်ကြရသလိုဖွံ့
ဖြိုးရေးကိုကြွေးကြော်သောဒေသတွင်းအာဏာရှိသူများနှင့်ကမ္ဘာ့အရင်းရှင်များအကြားထပ်တူ
တူညီမှုများကြောင့်လည်းသွေးစည်းကြရသည်ဟုဆိုသည်။အမျိုးသမီးထုများအကြားတွင်လက်ရှိမတူကွဲပြားမှု
မှုများကိုကျော်လွှန်ရန်အတွက်မဟာဗျူဟာအချက်အချာကျမှု strategic essentialism
အတွက်တိုက်ပွဲဝင်ရန်လှုံ့ဆော်သည်။ဥပမာမျိုးဆက်ပွားမှုနှင့်ပတ်သက်သည့်ဆုံးဖြတ်ပိုင်ခွင့်ကဲ့သို့
သောစစ်မျက်နှာများတွင်မဟာမိတ်ဖွဲ့ရန်ဖြစ်သည်။

'ကမ္ဘာ့အရင်းအမြစ်များထုတ်ယူသုံးစွဲခြင်းဒဏ်ကိုတောင်ကမ္ဘာခြမ်းတစ်ခုတည်းကထမ်းပိုးထားရ၊ ရပြီးတောင်ကမ္ဘာခြမ်းမှအမျိုးသမီးများကလည်းခါးဆီးခံရသည်' ဟုရေးသားခဲ့သည် (1999)။ဖွံ့ဖြိုးရေးကိုခေါင်းစဉ်တပ်ပြီးတောင်ကမ္ဘာခြမ်းမှအမျိုးသမီးများ၏မျိုးဆက်ပွားပိုင်ခွင့်များကိုထိ ထိန်းချုပ်ရန်ကြိုးစားခြင်းသည်မြောက်ကမ္ဘာခြမ်း၏အလွန်အကျွံသုံးစွဲမှုများမှအာရုံလွှဲအောင်ကြိ ကိုးပမ်းခြင်းသာဖြစ်သည်။ Spivak အလိုအရကမ္ဘာမှုပြုခြင်းဆိုသည်မှာလိင်မှုရေးရာဆင်ခြင်တုံတရားခေါင်းစဉ်ဖြင့်လူဦးရေထိန်းချုပ်ရ ရန်ကြိုးပမ်းခြင်းဖြစ်ပြီးအိမ်တွင်း၌လည်းအရင်းရှင်ခေတ်မတိုင်ခင်ကလုပ်အားကဲထုတ်လုပ်မှုများကိ ကိုစက်မှုအရင်းရှင်ခေတ်နောက်ခံတွင်အတင်းအကျပ်သွတ်သွင်းခြင်းသာဖြစ်သည်ဟုဖွင့်ဆိုသည် (Portolés, 2004)။

ဖွံ့ဖြိုးရေးကိုဝေဖန်မှုဘောင်အတွင်း၌ကိုလိုနီနှင့်ဖိုကြီးစိုးသောဖိနှိပ်လွှမ်းမိုးမှုစနစ်အတွင်းတွင်မျိုးဆက် က်ပွားမှုနှင့်ထုတ်လုပ်မှုဆိုင်ရာဖွဲ့စည်းပုံများကိုလည်းကျယ်ကျယ်ပြန့်ပြန့်ဝေ ဝဖန်စောကြောရန်လိုအပ်လေသည်။

ဂေဟာအမျိုးသမီးဝါဒ

အမျိုးသမီး ဝါဒလှုပ်ရှားမှုများအတွင်းဖွံ့ဖြိုးမှုအယူအဆကိုဂေဖန်စောကြောသော၊အထူးသဖြင့်ဖွံ့ဖြိုးမှု၏အစားထိုးရွေး းချယ်စရာများကိုဖွင့်ဟပြသောအရေးပါသောအယူအဆတစ်ခုမှာဂေဟာအမျိုးသမီးဝါဒဖြစ်သည်။ထိုအ အယူအဆကအမျိုးသမီးများနှင့်သဘာဝလောကကြီးအပေါ် ဂုတ်သွေးစုပ်ခေါင်းပုံဖြတ်မှုများသည်သမ သမိုင်းရေးဆိုင်၊ယဉ်ကျေးမှုဆိုင်ရာနှင့်သင်္ကေတသဘောအားလုံးတွင်ထပ်တူဖြစ်သည်ဟုဆိုသည်။ဖ ဖိုဝါဒအယူအဆများတွင်မိန်းမနှင့်ယောကျ်ားအကြားကွာဟမှုမှာသဘာဝနှင့်လူ့ယဉ်ကျေးမှုအကြား၊စိ စိတ်ခံစားချက်နှင့်ဆင်ခြင်တုံအကြား၊ရှေးရိုးစွဲနှင့်ခေတ်မီမှုအကြားကွာဟသလိုပင်ဖြစ်သည် ည်ဟူသောအကောက်အယူများလည်းရှိသည်။

ဂေဟာအမျိုးသမီးဝါဒသည်၁၉၇၀ပြည့်လွန်နှစ်များတွင်ဆန့်ကျင်- ယဉ်ကျေးမှုတစ်ရပ်အဖြစ်ပေါ် ထွန်းလာခဲ့သည်။ယင်းကမိန်းမနှင့်သဘာဝကိုထပ်တူပြုသောဖိုဝါ ဝါဒ၏နိမ့်ချဆက်ဆံမှုကိုရှုတ်ချသည်။အလားတူပင်လက်ဝဲလှုပ်ရှားမှုများသည်လည်းထိုအချက်ကိုမျက်ကွ ကွယ်ပြုသောကြောင့်ဝေဖန်ခြင်းခံရသလိုစစ်မှန်သောဆိုရှယ်လစ်ဝါဒနှင့်ကွန်မြူနစ်ပါတီများအတွင်း းလှုပ်ရှားဆောင်ရွက်နေမှုများကိုလည်းမေးခွန်းထုတ်သည်။



ဂေဟာအမျိုးသမီးဝါဒအတွင်းရှိလမ်းကြောင်းတစ်ခုမှာ Essentialism ပဓာနဝါဒဖြစ်သည်။ယူဆချက်မှာအမျိုးသမီးများတွင်သဘာဝနှင့်ပိုမိုနီးစပ်စေသောမဓာတ်အခြေခံတစ်မျိုးရ းရှိသည်ဟူ၍ဖြစ်သည်။ထို့ကြောင့်မိန်းမသားများသည်လူသားမျိုးနွယ်နှင့်သဘာဝလောကကြီးကိုထိ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက်မျှော်လင့်ချက်ပင်ဖြစ်သည်။အဘယ့်ကြောင့်ဆိုသော သာ်မိခင်ဗီဇစိတ်အရမိန်းမသားများသည်သက်ရှိများကိုထိန်းသိမ်းစောင့်ရှောက်ပြီးစောင့်ရှောက်မှုတန တန်ဖိုးရှိသောကြောင့်ဖြစ်သည်။

နောက်ထပ်ဂေဟာအမျိုးသမီးဝါဒခွဲတစ်ခုကမူထိုမသဘာဝပဓာနဖြစ်မှုကိုလက်မခံပဲပိုမိုနက်နဲကျယ်ပြန့်သေ သောအယူအဆများကိုဖော်ထုတ်သည်။ Vandana Shiva၊ Maria Mies နှင့် Bina Agarwal စသောစာရေးသူများကအမျိုးသမီးများသဘာဝနှင့်ပိုမိုသဟဇာတဖြစ်မှုသည်လူမှုရေးနှင့်ယဉ်ကျေးမှုဆိ

ဆိုင်ရာတည်ဆောက်မှု၏ရလာဒ်သာဖြစ်သည်ဟုဆိုကြသည်။၎င်းတို့ကသမိုင်းရေးဆိုင်ရာဂျန်ဒါနှင့်လူတန တန်းစားစနစ်များကအလုပ်ခွဲခြားမှုနှင့်လူမှုအခန်းကဏ္ဍများကိုခွဲခြားပေးပြီးဂျင်ဒါသဘောဆောင ာင်သောသဘာဝပတ်ဝန်းကျင်အသိစိတ်ပေါက်ဖွားလာခြင်းသာဖြစ်သည်ဟုဆိုသည်။နောက်ကွယ်တွ တွင်ခေတ်ပြိုင်နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရပါဝါဆက်နွယ်ချက်များနှင့်လည်းချိတ်ဆက်လျက်ရှိသည် ည်။အမျိုးသမီးအိမ်ထောင်စုများသို့မဟုတမိန်းမအသိုင်းအဝိုင်းကိုထင်းရှာ၊ရေခပ်နှင့်သစ်ခွမွေးကဲ့သိ သို့သောတာဝန်များကိုသီးခြားပေးထားခြင်း၏ရလာဒ်သာဖြစ်သည်ဟုဆိုလိုခြင်းဖြစ်သည် (Paulson, 1998)။ဖွံ့ဖြိုးမှုဆိုသည်မှာအမှန်စင်စစ်အနောက်တိုင်းကိုလိုနီဗျူဟာတစ်ခုသာဖြစ်ပြီးအမျိုးသမီးများနှင င့်သဘာဝအပေါ်လွှမ်းမိုးဖိနှိပ်မှုများတွင်အခြေခံထားသည်။ Vandana Shiva ကအောက်ပါအတိုင်းရေးသားခဲ့သည်။

> လွန်ခဲ့သောဆယ်စုနှစ်ငါးခုကိုလမ်းကြောင်းမှားသောဖွံ့ဖြိုးမှုနှင့်ဖွံ့ဖြိုးရေးနာမည်ခံပြီးအခေ အနောက်တိုင်း၏ရေရှည်မတည်တံ့နိုင်သောစက်မှုပုံစံများကိုတင်သွင်းလာခြင်းဟုဝိသေသပြ သပြုနိုင်သည်။လက်ရှိလမ်းကြောင်းမှာသဘာဝပတ်ဝန်းကျင်ကိုခွဲခြားဖိနှိပ်မှု environmental apartheid
> တစ်မျိုးပင်ဖြစ်ပြီးစီးပွားရေးအင်အားကြီးနိုင်ငံများကကျောထောက်နောက်ခံပြုထားသောနိ ိုင်ငံစုံကော်ပိုရေးရှင်းကြီးများကအဓိကအကောင်အထည်ဖော်သည့်ကမ္ဘာလုံးဆိုင်ရာမူဝ ူဝါဒတစ်ခုလည်းဖြစ်နေသည်။အဓိကမှာမြောက်ကမ္ဘာခြမ်း၏ခနအင်အားနှင့်ချမ်းသာသ ာသူများ၏အလေအလွင့်အလွန်များသောဘဝဟန်ပန်များကိုထိန်းသိမ်းရန်သာဖြစ်သည်။ယင ယင်းအတွက်သဘာဝပတ်ဝန်းကျင်စရိတ်များကိုတတိယကမ္ဘာသို့တင်ပို့ရသည် (2001:1)။

ဂျာမနီမှဂေဟအမျိုးသမီးဝါဒီ Maria Mies ကမူအမျိုးသမီးများ၏ခန္ဓာကိုယ်သည်ကိုလိုနီနိုင်ငံများနှင့်သဘာဝတရားကြီးပြီးနောက်တတိယကိုလိုနီနယ ယ်ပယ်ဖြစ်ရသည်ဟုယူဆသည်။ယင်းကကိုလိုနီပြုမှုနှင့်ဖိုဝါဒကြီးစိုးသောဖိနှိပ်မှုပုံစံများကိုရှုတ်ချပြီ ီးတစ်ဆက်တည်းဖွံ့ဖြိုးမှုကိုပါဝေဖန်ကန့်ကွက်မှုပြုသည်။ယင်းတွင်ကိုလိုနီဆန့်ကျင်ဝါဒနှင့်ဖိုဝါဒဆ ဒဆက်ဆံရေးများကိုဖြိုခွဲခြင်းများလည်းပါဝင်သည်။

ထိုအယူအဆတွင်အမျိုးသမီးများ၏သဘာဝပတ်ဝန်းကျင်သိစိတ်ကိုဆွဲဆောင်နိုင်သောဖွံ့ဖြိုးမှုအစားထိ ထိုးအတွေးအခေါ်များပါဝင်လာသည်။လိင်အကြောင်းပြုအလုပ်ခွဲခြားခြင်းနှင့်ယင်းမှတစ်ဆင့်ဂျင်ဒါ၊လူ လူမျိုးနှင့်လူတန်းစားပေါ်အခြေခံ၍အာဏာနှင့်ခနတို့ထုတ်လုပ်ခြင်းကိုတွဲပြိုင်နက်တည်းဝေဖန်မှုပြုသည်။ Buen Vivir တွင်ဌာနေတိုင်းရင်းသားအမျိုးသမီးများကရိုးရာဝတ်စုံများကိုဝတ်ဆင်ပြီးယဉ်ကျေးမှုများကိုထိန်းသိ သိမ်းစောင့်ရှောက်နေချိန်တွင်အမျိုးသားများကအနောက်တိုင်းဝတ်စုံများဝတ်ကာအရင်းရှင်မြို့ပြကြီးမျ များသို့ရေကြည်ရာမြက်နုရာထွက်ခွာလေ့ရှိသည့်သဘောမှာထင်ရှားသည်။ထို့ကြောင့်ယဉ်ကျေးမှုတစ်ခုခ ုချင်းစီအတွင်း၌ဂျန်ဒါဆိုင်ရာမညီမျှမှုများကိုဝေဖန်ဆန့်ကျင်မည်ဟူသောပဓာနဝါဒ၏ရည်မှန်းချက်နှင င့်ကွဲပြားနေသည်။

Maria Mies ကမက်စ်ဝါဒအပါအဝင်ဘောဂဗေဒသိပ္ပံဘာသာရပ်များကိုလေ့လာသုံးသပ်ပြီးနောက်၎င်းတို့အားလုံးသည် ည်လုပ်ခစားစနစ်ကိုပေါ်ထွန်းလာစေသောနောက်ခံအခြေအနေများအားလုံးကိုဖုံးကွယ်ထားပြီးအရင ရင်းရှင်ခနစုစည်းမှုပုံစံအတွင်းအတိအလင်းဖော်ပြခြင်းမပြုသည့်အချက်ကိုတွေ့ရှိခဲ့သည်။အမျိုးသား

ားများလုပ်ခစားအလုပ်လုပ်နိုင်ရန်အတွက်စောင့်ရှောက်မှုများ၊အမျိုးသမီးများ၏မျိုးဆက်ပွားအလုပ်မ
များနှင့်ဒေသလိုအပ်ချက်ကိုဖြည့်ဆည်းရန်လယ်သမားငယ်များ၏ထုတ်လုပ်မှုများစသည်တို့လိုအပ်ပြ
ပြီးယင်းတို့ကိုထည့်သွင်းတွက်ချက်ခြင်းမပြုကြပေ။ထိုမျှသာမကသဘာဝအရင်းအမြစ်များကိုထုတ်
တ်ပေးသောသဘာဝလောကကြီးတစ်ခုလုံးကိုပါထည့်သွင်းတွက်ချက်ခြင်းမပြုပေ။ထိုနောက်ခံဝန်ဆေ
ဆောင်မှုများမရှိပဲနှင့်အရင်းရှင်ဓနစုစည်းမှုများဖြစ်မလာနိုင်သော်လည်းယင်းတို့မှာလွှမ်းမိ
မိုးသောအတွေးအခေါ်များနှင့်စီးပွားရေးပေါ်လစီများ၏နေရာပေးခြင်းကိုမခံရပဲ 'အခမဲ့'
အရာများအဖြစ်သတ်မှတ်ခြင်းခံရသည်။ထို့ကြောင့်ဖွံ့ဖြိုးမှု၏လူမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာကုန်ကျစရိတ်မျ
များကိုလျစ်လျူခြင်းဖြစ်သည်ဟု Mies
ကဆိုခြင်းဖြစ်သည်။ဂျီဒီပီကဲ့သို့သောအတိုင်းအတာများကလည်းဓနတိုးစေမည့်အလုပ်များကိုသာထည
ထည့်သွင်းတွက်ချက်ပြီးလူသားဘဝသာယာဝပြောမှုဝန်ဆောင်မှုများနှင့်လုံးဝဆက်စပ်မှုမပြုချေ။

နိဂုံးအနေနှင့် Mies
ကရေရှည်တည်တံ့မှုသည်ဖွံ့ဖြိုးမှုအခြေခံစီးပွားရေးစနစ်နှင့်အတူယှဉ်တွဲမဖြစ်နိုင်ဟုကောက်ချက်
က်ချသည်။ယင်းမှတစ်ဆင့်ဘဝသာယာဝပြောရေးအတွက်ဘောဂဗေဒကအဓိကစွမ်းဆောင်မည်
ည်ဟူသောအယူအဆကိုဆက်လက်မေးခွန်းထုတ်သည်။သူမကဘဝကိုပြုစုပျိုးထောင်ခြင်းအပေါ်
ပါ်အခြေခံသောအစားထိုးမိုဒယ်တစ်ခုကိုအဆိုပြုသည်။မျိုးဆက်ပွားလုပ်ငန်းများကိုအမျိုးသား၊အမျိုးသမီ
မီးနှစ်ဦးစလုံးမျှဝေတာဝန်ယူရန်လိုပြီးဓနရှင်ဝါဒကဖယ်ထုတ်ထားသောသဘာဝတရားကြီးကိုပါပြန်လည်
ည်ထည့်သွင်းစဉ်းစားရန်အဆိုပြုသည်။သူမကဘုံဝန်ဆောင်မှုအရင်းအမြစ်များ၏တန်ဖိုးကိုအလေ
အလေးအနက်ထားပြီးရပ်ရွာအသိုင်းအဝိုင်းများအကြားသွေးစည်းမှုကိုတိုက်တွန်းသည်။ထို့အပြင်ဘုံအက
အကျိုးစီးပွားများကိုစောင့်ရှောက်ရန်စုပေါင်းဆုံးဖြတ်သည့်စနစ်ကိုလည်းတိုက်တွန်းသည်။လုပ်
ပ်အားနှင့်သဘာဝအကြားဆန့်ကျင်ဘက်ဖြစ်နေမှုကိုကျော်လွှားပြီးကမ္ဘာ့ဈေးကွက်များအစားဒေ
းဒေသတွင်းနှင့်ဒေသန္တရဈေးကွက်များကိုပိုမိုဦးစားပေးရန်တိုက်တွန်းသည်။အကြောင်းမှာထုတ်လုပ်မ
မှုနှင့်စားသုံးမှုအကြားတိုက်ရိုက်ဆက်နွယ်ပတ်သက်မှုကိုပြန်လည်ဖော်ထုတ်ပြနိုင်ရန်အတွက်ဖြစ်သည်
(Mies, 1998)။

Ivone Gebara
မှာဘရာဇီးမှာဂေဟအမျိုးသမီးဝါဒီတစ်ဦးဖြစ်ပြီးခေတ်မီရေးအယူအဆ၏လွှမ်းမိုးကြီးစိုးမှုကိုထောက်ပြပြီးဖွံ့
့ဖြိုးရေးကိုဝေဖန်သူဖြစ်သည်။ Gebara
ကခေတ်မီရေးသည်စုန်းမများကိုနှိပ်စက်ကလူပြုရေးနှင့်သိပ္ပံနည်းကျစနစ်ကိုမိတ်ဆက်ပေးသည်ဟ
ဟုဆိုသည်။အမျိုးသမီးများသည်အိမ်တွင်းနယ်ပယ်တွင်လက်ထပ်ထိမ်းမြားမှုနှင့်မိသားစုတန်ဖိုးမျ
များအောက်တွင်နေထိုင်ရကာအလားတူပင်သဘာဝလောကကြီးကလည်းအမျိုးသားများ၏သိပ္ပံနည်းကျန
နည်းလမ်းများကိုအရှုံးပေးရသည်နှင့်အတူတူပင်ဖြစ်သည်။ Gebara
အတွက်ဖိနှိပ်ခံများဖြစ်သောမိန်းမနှင့်သဘာဝနှစ်မျိုးစလုံးတို့သည်အရင်းရှင်ဝါဒပေါ်ပေါက်ရာအ‌ေ
အနောက်တိုင်းမှနိုင်ငံရေး၊ဒဿနနှင့်ဘာသာရေးပညာအားလုံး၏လွှမ်းမိုးဖိနှိပ်ခြင်းကိုခံရခြင်းပြ
းဖြစ်သည်နားလည်သဘောပေါက်သည်။ဂေဟအမျိုးသမီးဝါဒကအဖိနှိပ်ခံများ၏ကံကြမ္မာသည်ကမ
ကမ္ဘာလောကကြီး၏ကံကြမ္မာနှင့်ဆက်စပ်နေသည်ဟုယူဆပြီး
'လူမှုတရားမျှတမှုနှင့်သက်ဆိုင်သောကိစ္စရပ်များအားလုံးသည်ဂေဟတရားမျှတမှုနှင့်ဆက်စပ်နေသည်'
ဟုဆိုသည် (quoted in Pobierzym, 2002)။

ဂေဟာအမျိုးသမီးဝါဒီများသည်သဘာဝပတ်ဝန်းကျင်အတွင်းရှိမိန်းမသားများ၏လက်ရှိအခြေအနေကိုမေး
မေးခွန်းထုတ်သောမျက်နှာစာတစ်ဖက်လည်းရှိသေးသည်။ယင်းကို၁၉၉၀ပြည့်လွန်နှစ်များကနိ
နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီများ၏အားပေးမြှင့်တင်သည်။အမျိုးသမီးများဖိနှိပ်ပြ
ခြင်းခံရမှုကိုအကြောင်းပြုပြီးဖွံ့ဖြိုးရေးအပေါ် နောက်ထပ်ဂေဖန်မှုများခံရသည်။၎င်းတို့သည်သဘာဝပ
ဝပတ်ဝန်းကျင်ကိုစောင့်ရှောက်ထိန်းသိမ်းခြင်းတည်းဟူသောလူ့အသိအမှတ်ပြုမခံရသည့်အလု
လုပ်ကိုခါးဆည်းလုပ်ကြရသည်။သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်လျှင်မိန်းမသားများကအဓိကဟုသတ်
တ်မှတ်ခြင်းခံရပြီးထိုကိစ္စနှင့်ပတ်သက်ပြီးမိန်းမသားများကြုံတွေ့ရသောခေါင်းပုံဖြတ်ခံရမှုနှင့်အေ
အောက်ကျဖိနှိပ်ခံရမှုများကိုမူအသိအမှတ်ပြုခြင်းမခံကြရပေ (Nieves Rico, 1998)။

## အမျိုးသမီးဝါဒီဘောဂဗေဒနှင့်ပြုစုစောင့်ရှောက်မှုစီးပွားရေး

### အမျိုးသမီးဘောဂဗေဒ

ဝါဒီများကသဘာဝတရား၊အရင်းရှင်ထုတ်လုပ်ရေးပုံစံနှင့်မျိုးပွားမှုနယ်ပယ်နှင့်ထုတ်လုပ်မှုတို့အကြ
ကြားဆက်စပ်ပုံကိုလေ့လာဆန်းစစ်ကြသည်။အမျိုးသမီးဝါဒီဘောဂဗေဒပညာရှင်များသည်ဘောဂဗေဒသိ
သိပ္ပံ၏လျှို့ဝှက်ချက်အချို့ကိုစတင်ဖြည်ထုတ်ကြသည်။၎င်းတို့ကဈေးကွက်သည်ဂတိကင်းစွာအလုပ်လုပ်ပြီး
ီးအမျိုးသားအမျိုးသမီးအားလုံး၏အကျိုးစီးပွားကိုခွဲခြားမှုမရှိပဲဖြည့်ဆည်းပေးသည်ကိုမယုံပေ။
ပ။၎င်းတို့ကဘောဂဗေဒကြောင့်မည်သည့်တန်ဖိုးများပေါက်ဖွားလာသည်ကိုလေ့လာပြီးမည်သူတို့အတွက်ဖြ
ဖြစ်သည်ကိုလည်းစောကြောသည်။ဒုတိယအချက်မှာဈေးကွက်ကိုဗဟိုပြုခြင်းဖြစ်သည်။၎င်းတို့ကစ
ကစီးပွားရေးဆိုင်ရာကိစ္စများအားလုံးသည်ဈေးကွက်တွင်ဖြစ်ပွားခြင်းမဟုတ်ပဲပုဂ္ဂလိကဈေးကွက်၊နိ
နိုင်ငံတော်၊အကျိုးအမြတ်မယူသောလုပ်ငန်းများ၊စည်းပြင်ကဏ္ဍ Informal Sector
နှင့်အိမ်ထောင်စုစသည်တို့နှင့်လည်းဆက်စပ်နေသည်ဟုဆိုသည် (Knobloch, 2010)။

Maria Mies
ကဲ့သို့ပင်၎င်းတို့ကအခကြေးငွေမရသောအိမ်တွင်းအလုပ်များသည်အပြင်ထွက်အလုပ်လုပ်သောလုပ်သားအင်အာ
အားစုအလုပ်လုပ်နိုင်အောင်ပံ့ပိုးပေးခြင်းဖြစ်သဖြင့်စီးပွားရေးတန်ဖိုးရှိသည်ဟုယူဆကြသည်။ထိုတန်
န်ဖိုးကိုနိုင်ငံများ၏ထုတ်လုပ်မှုဆိုင်ရာကိန်းဂဏန်းများတွင်ထင်ဟပ်နိုင်အောင်ကြိုးစားသလိုအိမ်မှုကိစ္စ
စ္စများကိုဦးစီးလုပ်ကိုင်ရသောမိန်းမအများစု၏လုပ်အားကိုခေါင်းပုံဖြတ်ခံရသည့်ကိစ္စများကိုလည
လည်းဖော်ထုတ်သည်။လေ့လာမှုများအရစက်မှုဖွံ့ဖြိုးပြီးအနောက်တိုင်းကမ္ဘာ၌ပင်လုပ်ခမရသောအလုပ်မ
များကအမျိုးသားစီးပွားရေးအပေါ် ထည့်ဝင်မှုမှာလုပ်ခရသောအလုပ်များ၏ထည့်ဝင်မှုထက်ပင်မြင့်မာ
မားနေကြောင်းတွေ့ရသည် (Winkler,
2010)။နိုင်ငံတော်ကစောင့်ရှောက်ရေးဝန်ဆောင်မှုများမပေးသလောက်ဖြစ်သောလက်တင
တင်အမေရိကတွင်ဖိနှိပ်မှုမှာပိုဆိုးပြီးပိုက်ဆံတတ်နိုင်သူများသာပုဂ္ဂလိကစောင့်ရှောက်မှုကိုရသဖြင
င့်လူတန်းစားခွဲခြားမှုအခြေခံလည်းရှိသည် (Rodríguez,
2005)။ထို့ကြောင့်အမျိုးသမီးဝါဒီဘောဂဗေဒပညာရှင်များကပုဂ္ဂလကဏ္ဍတရားမျှတမှုကိုလည်းလိုလားပြီးအိမ်တ
တွင်းနှင့်အခြားနေရာများတွင်အလုပ်ဝန်ထုပ်ဝန်ပိုးခွဲဝေခြင်းကိုတောင်းဆိုသည်။

လက်ရှိကာလအထိဂျီဒီပီနှင့်အခြားတရားဝင်ကိန်းဂဏန်းများတွင်ပြုစုစောင့်ရှောက်ရေးအလုပ်များ၏တ
၏တန်ဖိုးနှင့်ထုတ်လုပ်မှုကိုထည့်သွင်းဖော်ပြခြင်းမရှိပေ။ယင်းမှာတစ်ဆင့်ဂန္ထဝင်ခေတ်မှသည်ယ
ယနေ့တိုင်လွှမ်းမိုးကြီးစိုးသောမိုက္ကရိုမူ
ဝါဒများကိုသာချမှတ်ပြီးမက်ခရိုမူဝါဒများနှင့်ပတ်သက်လျှင်အမြင်ကွယ်နေတတ်သောသဘောကိုထောက်ပြ

ပြပြီးဖွံ့ဖြိုးရေးကိုကန့်ကွက်သည်။ထို့အပြင်တိုးတက်မှုကိုဦးတည်သည့်ဖွံ့ဖြိုးရေးမဟာဗျူဟာများ၊အမျိုးသမ
သမီးများကိုဈေးကွက်သို့ပေါင်းစည်းရေးနှင့်ဆင်းရဲမှုတိုက်ဖျက်ရေးစသည့်မဟာဗျူဟာများသည
သည်ဘာဝသာယာဝပြောမှုကိုဖန်တီးနိုင်ခြင်းရှိ/မရှိသံသယရှိနေသည်။နိုင်ငံတကာဖွံ့ဖြိုးရေးပူးပေါင်းဆောင
င်ရွက်မှုအဖွဲ့အစည်းများကအမျိုးသမီးများကိုဖွံ့ဖြိုးရေးဗျူဟာများ၏ဗဟိုချက်မတွင်နေရာချထားခြင်းကို
လည်းလက်မခံချေ။ Annemarie Sancar
၏စကားကိုကိုးကားရသော်အမျိုးသမီးများ၏အထူးစွမ်းဆောင်ရည်များဟူသည့်အယူအဆသည်ဇီဝဗေဒ
ဗေဒသဘောအရဘောင်ခတ်ကြည့်ခြင်း stereotyping ပင်ဖြစ်ကာ
'ယနေ့ခေတ်တွင်အမျိုးသမီးအခွင့်အရေးထက်စာလျှင်နီယိုလစ်ဘရယ်စီးပွားရေးအယူအဆများကဦးဆောင်
နေခြင်းဖြစ်သည်။ကမ္ဘာ့ဘဏ်၏စမတ်ကျသောစီးပွားရေးအယူအဆအရဆိုလျှင်အမျိုးသမီးများသည်စီးပွာ
ားရေးကိုဦးဆောင်ခြင်းနှင့်ဖွံ့ဖြိုးမှုကိုမောင်းနှင်ခြင်းတို့တွင်လည်းထက်မြက်ကြောင်းတွေ့ရသည်' (Sancar, 2010)။

ပြုစုစောင့်ရှောက်ခြင်းဘောဂဗေဒတွင်ကလေးသူငယ်များ၊မနာကျန်းသူများ၊ခြားနားသန်စွမ်းသူများ
းနှင့်အသက်အရွယ်ကြီးရင့်သူများကိုစောင့်ရှောက်ခြင်းလည်းပါဝင်သည်။ထိုသို့စောင့်ရှောက
က်ခြင်းသည်ဘဝကိုဂုဏ်သိက္ခာအပြည့်နှင့်ဖြတ်သန်းခြင်းဟူသောအရေးအပါဆုံးလူသားတန
တန်ဖိုးကိုဖြည့်ဆည်းခြင်းလည်းဖြစ်သည်။သို့ရာတွင်ထိုအချက်ကိုနိုင်ငံရေးနှင့်စီးပွားရေးနယ်
ယ်ပယ်နှစ်ရပ်စလုံးမှလျစ်လျူရှုကြသည်။ပြုစုစောင့်ရှောက်မှုစီးပွားရေးနှင့်ပတ်သက်သော
ဆွေးနွေးချက်များသည် Buen Vivir
ကိုပြောင်းလဲမှုများ၏ပန်းတိုင်အဖြစ်သတ်မှတ်သည်။အမျိုးသမီးဝါဒီစီးပွားရေးပညာရှင် Ulrike Knobloch
(2010) ကထိရောက်မှုပန်းတိုင်တစ်မျိုးတည်းအတွက်မဟုတ်ပဲ Buen Vivir
ဆီသို့ဦးတည်သွားနိုင်မည့်စီးပွားရေးဆောင်တာများကိုအဆိုပြုဖူးသည်။၎င်းကစီးပွားရေး၏အခြေခ
ခံအကျဆုံးရည်မှန်းချက်ပန်းတိုင်မှာအဘယ်နည်းဟုမေးခွန်းထုတ်ခြင်းဖြစ်သည်။ Knobloch
ကစီးပွားရေးဆိုသည်မှာပိုမိုမြင့်မားသောပန်းတိုင်တစ်ခုအတွက်နည်းလမ်းသာဖြစ်သင့်သည်ဟုဆိုသည
ည်။ယင်းမှာပညာရပ်နယ်ပယ်ကိုကျော်လွန်သောဒဿနပုစ္ဆာတစ်ပုဒ်ဖြစ်သည်။ဈေးကွက်ကလူသားတို့
၏လိုအင်များကိုအလိုအလျောက်ဖြည့်ဆည်းပေးသည်ဟုဆိုရာတွင် Knobloch
ကမူဈေးကွက်သည်အမျိုးသား၊အမျိုးသမီးနှင့်ကလေးများအတွက်ဘဝကိုပြည့်ဝစွာနေထိုင်နိုင်ရန်လိုအပ်ခ
ချက်များကိုအလိုအလျောက်ဖြည့်ဆည်းပေးနိုင်ခြင်းမရှိဟုယူဆသည်။ထို့အပြင်ဈေးကွက်အတွင်းမျှ
ျတစွာယှဉ်တွဲနေထိုင်ခြင်းကိုလည်းမေးခွန်းထုတ်ကာစီးပွားရေးလုပ်ဆောင်မှုများကမည်သူတို့အတွက်တန
တန်ဖိုးကိုထုတ်လုပ်သနည်းဆိုသည်ကိုစောကြောသည်။လုပ်ခစားလုပ်အားအပေါ်အခြေခံ၍တည်
ည်ထောင်ထားသောခေတ်သစ်ဈေးကွက်အယူအဆသည်ဂျင်ဒါဆိုင်ရာမညီမျှမှုအပေါ်တွင်လည်းအခေ
အခြေခံထားကြောင်းဖော်ထုတ်သည်။ကျားမသဘောမပါသောစီးပွားရေးသတ္တဝါ homo economicus
ဆိုသည်မှာမရှိပဲယောကျ်ား၊မိန်းမအားလုံးတို့အားငင်းတို့၏သီးခြားနောက်ခံများနှင့်လူမှုဘဝအခေ
အခြေအနေများကိုထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

နီယိုလစ်ဘရယ်ဝါဒအောက်တွင်စောင့်ရှောက်ပြုစုမှုလုပ်ငန်းများကိုပုဂ္ဂလိကပိုင်ပြုခြင်းနှင့်တစ်ဦးချ
ချင်းစားသုံးမှုအသွင်ပြောင်းခြင်းများဆောင်ရွက်ရာပြုစုစောင့်ရှောက်မှုစီးပွားရေးအယူအဆက
ဆကပြည်သူ့မူဝါဒများဖြင့်စောင့်ရှောက်မှုပြုရန်တောင်းဆိုသည်။သို့သော်နိုင်ငံတော်ကစော
စာင့်ရှောက်ရေးနှင့်လူမှုကာကွယ်ရေးလုပ်ငန်းများကိုတစ်ဦးတည်းတာဝန်ယူရမည်ဟုမဆိုလိုပဲလူ့အ
အဖွဲ့အစည်းတစ်ခုလုံး၏လိုအပ်ချက်ကိုခြုံငုံမိစေမည့်ဝန်ဆောင်မှုပေးသူအများအပြားပါဝင်သော

သာစနစ်တစ်ခုကိုတည်ထောင်ရန်သာတိုက်တွန်းခြင်းဖြစ်သည် (Rodríguez Enríquez, 2005:
29)။နိုင်ငံရေးမဟာဗျူဟာများ၏ဗဟိုချက်တွင်စောင့်ရှောက်မှုလုပ်ငန်းများရှိရမည်ဖြစ်ပြီးအချိန်သုံးစွ
စွဲမှုကိုလည်းဒီမိုကရေစီနည်းကျစေကာအမျိုးသမီးများလည်းအားလပ်ချိန်များကိုခံစားရစေမည်ဖြစ်သည်။ဂ
။ဂျာမနီဆိုရှယ်လစ်အမျိုးသမီးဝါဒီ Frigga Haug
ကအချိန်စီးပွားရေးအယူအဆကိုတင်ပြပြီးယင်းတွင်ဘဝ၏အချိန်များကိုဝင်ငွေရသောအလုပ်၊မျိုးဆက်ပွားလု
လုပ်ငန်း၊ယဉ်ကျေးမှုနှင့်နိုင်ငံရေးပါဝင်ဆောင်ရွက်ခြင်းတို့တွင်မျှဝေသုံးစွဲရန်အဆိုပြုသည်
ည်။သူမကဝင်ငွေရသောအလုပ်ကိုလိုအပ်သောထုတ်လုပ်မှုပမာဏကိုထိန်းထားနိုင်မည့်လေးနာရီမှ
မျှသာထားရှိရန်အဆိုပြုပြီးဤနည်းအားဖြင့်အလုပ်အကိုင်ကျပ်တည်းမှုကိုလည်းတစ်နည်းတဖုံဖြေရ
ဖရှင်းနိုင်မည်ဖြစ်သည်။စောင့်ရှောက်မှုအလုပ်များ၊တစ်ကိုယ်ရေဝါသနာများနှင့်ဘဂကောင်းဖြစ
ဖစ်စေရန်ကြံစည်ဆောင်ရွက်ခြင်းများအားလုံးကိုယဉ်ကျေးမှုအလုပ်များကိုခြုံငုံခေါ် ဝေါ်ပြီးထို့နော
နာက်နိုင်ငံရေးတွင်အပြည့်အဝပေါင်းစည်းပါဝင်ခြင်းလည်းပါဝင်ရမည်ဖြစ်သည် (Haug, 2009)။

စောင့်ရှောက်မှုဘောဂဗေဒမှပေါ် ထွက်လာသောအယူအဆများကိုဘဝအရည်အသွေးထိန်းသိမ်းရေးဆို
ိုင်ရာသီအိုရီနှင့်လက်တွေ့လုပ်ငန်းများအဖြစ်ယူဆနိုင်သည်။တစ်ဦးချင်းအစွမ်းအစဖြင့်စီးပွားရေး
ရေးကိုမောင်းနှင်မည်ဟူသောအတွေးအခေါ် အစားပူးပေါင်းဆောင်ရွက်မှုကိုမူတည်သည့်နည်းလမ်
မ်းများကိုလည်းဦးစားပေးစေသည်။စောင့်ရှောက်မှုလုပ်ငန်းများကိုရောင်းဝယ်ဖောက်ကားစရာ
ရာဟုယူဆခြင်းမှာလည်းပြဿနာတစ်ရပ်ဖြစ်ပြီးကမ္ဘာလုံးဆိုင်ရာနှင့်နိုင်ငံစီးပွားရေးများတွင်မညီမှ
မျှမှုများကိုဆက်လက်မွေးဖွားထုတ်လုပ်ပေးရာရေသောက်မြစ်လည်းဖြစ်နေသည်။ထိုဆွေးနွေ
နွေးချက်များသည်အချင်းချင်းအပြန်အလှန်ထောက်ပံ့သော၊တန်းတူညီမျှသောလူ့အဖွဲ့အစည်းမော်ဒယ်မ
်များကိုရှာဖွေဖော်ထုတ်ရင်း Buen Vivir ဆီသို့ချဉ်းကပ်သွားသည် (Salazar et al., 2010)။

ဆွေးနွေးချက်များမှနေ၍ဆင်းရဲမှုတိုက်ဖျက်ရေးတွင်စောင့်ရှောက်မှုလုပ်ငန်းများလိုအပ်ချက်ကိုပြည်
ည်သူ့မူဝါဒအနေနှင့်ဖြေရှင်းရန်အကြံပြုသည်။စောင့်ရှောက်မှုချို့တဲ့သည့်အကျပ်အတည်းသည်အရ
အရင်းရှင်ဝါဒ၏အကျပ်အတည်းလည်းဖြစ်ပြီးဘဝအရည်အသွေးကိုကျဆင်းစေကာဆင်းရဲတွင်းသို့ထပ်မ
်မံနစ်မွန်းစေသောပြဿနာလည်းဖြစ်သည်။စီးပွားရေးဖွံ့ဖြိုးမှုနှင့်တိုးတက်မှုတို့အစားအခြေခ
ခံအကျဆုံးလူသားလိုအပ်ချက်များကိုဖြည့်စွမ်းခြင်းသည်လိုလားအပ်သောလူမှုပြောင်းလဲရေးဖြစ်
စ်ပြီးစောင့်ရှောက်မှုကဏ္ဍတော်လှန်ပြောင်းလဲရေးနှင့်လက်ဝဲလှုပ်ရှားမှုများ၏နိုင်ငံရေး
ရေးလမ်းကြောင်းပြန်လည်ပုံဖော်တည်ဆောက်ခြင်းစသည်တို့မှာမဖြစ်မနေလိုအပ်ချက်များဖြစ်သည်။



## အမျိုးသမီးဝါဒနှင့်လက်တင်အမေရိကမှတိုးတက်သောနီယိုဖွံ့ဖြိုးရေးအစိုးရများ

လက်တင်အမေရိကတွင်နီယိုလစ်ဘရယ်လမ်းကြောင်းမှခွဲထွက်သောတိုးတက်သောအစိုးရများစတင်ပေါ် ထွ
ထွက်လာပြီးခနပြန်လည်ခွဲဝေခြင်းကိုကြွေးကြော်ခဲ့ကြသည်။ယင်းတို့ပေါ် ထွက်လာခြင်းကြောင့်အမျ
မျိုးသမီးဝါဒအတွင်း၁၉၇၀ခန့်မှစ၍ပေါ် ထွက်ခဲ့သောအတွေးအခေါ် ဂိုဏ်းခွဲနှစ်ခုအကြားတင်းမာမှုမှာပိုမိုထင
င်ရှားလာသည်။

ပထမလမ်းကြောင်းမှာအမျိုးသမီးဝါဒီဘောဂဗေဒပညာရှင်များကတောင်းဆိုသောအမျိုးသမီးများအနေနှင
င့်ဖွံ့ဖြိုးရေး၏အသီးအပွင့်များကိုအတားအဆီးမရှိခံစားခွင့်ရှိသည်ဟူသောအချက်ဖြစ်သည်။၎င်းတို့ကလက
လက်ရှိစနစ်အတွင်းရှိဖိုကြီးစိုးမှုကိုလည်းမေးခွန်းထုတ်ကြသည်။အသစ်ပေါ် ထွက်လာသောတိုးတက်
က်သည့်အစိုးရများနှင့်၎င်းတို့၏အင်စတီကျူးရှင်းများသည်အမျိုးသမီးများဝင်ငွေတိုးရေးနှင့်ဝယ်ယူနိုင်
င်စွမ်းတိုးတက်ရေးကိုရည်ရွယ်သောမူဝါဒများတိုက်တွန်းတောင်းဆိုရေးအတွက်ပိုမိုလမ်းဖွင့်ပေးလာသည်။

အပြိုင်ရေစီးကြောင်းမှာလက်ဝဲပိုယိမ်းသည်။၎င်းတို့ကဆင်းရဲသောမိန်းမများကိုပိုက်ဆံပေးခြင်းသည်ဖိုကြီးစိုးရေး
ကြီးစိုးရေးဆန့်ပြီးထောက်ပံ့ရေးဝါဒလည်းဖြစ်ကာဖိုကြီးစိုးမှုကိုဆက်လက်အားပေးခြင်းလည်းဖြစ်သည်။သဃံ
ဖစ်သည်။သဃံဇာတထုတ်ယူရေးများနှင့်စိုက်ပျိုးရေးလုပ်ငန်းများကိုအဓိကအားထားသောဖွံ့ဖြိုးရေးပုံစံကိုလည်
စံကိုလည်းမေးခွန်းထုတ်သည်။အမျိုးသမီးဝါဒမှာလူ့အဖွဲ့အစည်းအတွင်းကျယ်ကျယ်ပြန့်ပြန့်အသွင်ပြောင်
င်ပြောင်းနိုင်ရေးအတွက်တွန်းအားတစ်ခုအဖြစ်သတ်မှတ်ခြင်းခံရသည်။သွေးစည်းသောစီးပွားရေး၊စားနပ်ရိ
ၫးရေး၊စားနပ်ရိက္ခာအချုပ်အချာပိုင်မှုနှင့်မြေယာကာကွယ်ရေးများသည်ထိုအတွေးအခေါ်၏ဗဟိုချက်များတွ
က်များတွင်ရှိနေသည်။၎င်းတို့ကအမျိုးသမီးဝါဒကိုဆင်းရဲသားများနှင့်ရပ်ရွာလူထု၏အမြင်မှနေ၍ရှုမြင်ခြင်းဖြစ်သ
င်းဖြစ်သည်။ထိုရေစီးကြောင်းနစ်သွယ်သည်အချို့သောအမျိုးသမီးအဖွဲ့အစည်းများအတွင်းယှဉ်တွဲတည်ရှိ
တွဲတည်ရှိနေသည်ကိုလည်းတွေ့နိုင်သည်။ဤနည်းအားဖြင့်ဖိုဝါဒကြီးစိုးမှုကိုဆန့်ကျင်သောလှုပ်ရှားမှုကိုပိုမိုနက်
ပိုမိုနက်ရှိုင်းသောအနက်အဓိပ္ပါယ်များဖြည့်ဆည်းပေးနေသည်။

အင်ဒီးစ်၊လူထုကြိုက်နှင့်ရပ်ရွာအခြေပြုအမျိုးသမီးဝါဒ

လွန်ခဲ့သောဆယ်စုနှစ်များအတွင်း၌လက်တင်အမေရိကနိုင်ငံများသည်နီယိုလစ်ဘရယ်ပြုပြင်ပြောင်းလဲမှုပုံစံများ
မှုပုံစံများစွာကိုတွေ့မြင်ခဲ့ကြပြီးဖြစ်သည်။ယင်းတို့ကြောင့်တူးဖော်ထုတ်လုပ်ရေးဝါဒနှင့်နိုင်ငံတကာအလုပ်ခွဲ
ငံတကာအလုပ်ခွဲခြားမှုပုံစံတို့ကိုပိုမိုအားကောင်းစေပြီးဆင်းရဲသားလူများစုကြီးကိုဒုက္ခတွင်းထဲသို့ပိုမိုသက်ဆ
မိုသက်ဆင်းသွားစေသည်။ဆင်းရဲသောမိန်းမများ- ဌာနေတိုင်းရင်းသား၊ mestizo
ကပြား၊လူမည်းနှင့်တောနေမိန်းမများကဒုက္ခပိုခံရသည်။၎င်းတို့သည်အသိအမှတ်ပြုခြင်းလည်းမခံရ၊လုံခြုံမှု
မခံရ၊လုံခြုံမှုလည်းမရှိ၊နိုင်ငံတော်၏လူမှုရေးနှင့်စီးပွားရေးရပိုင်ခွင့်များကိုကာကွယ်မှုလည်းမပေးသောအခြေ
မှုလည်းမပေးသောအခြေအနေတွင်အိမ်တွင်းနှင့်ထုတ်လုပ်ဝန်ဆောင်မှုလုပ်ငန်းများကိုခါးဆည်းပြီးဆောင်ရွ
ပြီးဆောင်ရွက်နေကြရသည်။ထို့အပြင်နီယိုလစ်ဘရယ်ကုန်သည်ဝါဒကြီးစိုးမှုအောက်၌၎င်းတို့၏လိုလားချက်များန
ၫးနှင့်ဥပမိအမှတ်လက္ခဏာများပါအစိတ်စိတ်အမွှာမွှာဖြစ်သွားရသည်။ဖွံ့ဖြိုးရေးနှင့်ကော်ပိုရိတ်များကို၎င်းတို့
်များကို၎င်းတို့အတွက်အခန်းကဏ္ဍသစ်များကိုကောင်းကင်မှချသလိုချပေးပြီး၎င်းတို့မှာမိန်းမအဖြစ်ပိုမိုဘောင်ခ
ိုဘောင်ခတ်ခံရကာအစိုးရမှတာဝန်မယူသောဝန်ဆောင်မှုများ၏မရေရာသောလက်ဝေခံစားသုံးသူများဖြစ်လာ
များဖြစ်လာကြသည်။

ထိုနှစ်များအတွင်းလက်တင်အမေရိကတွင်စုပေါင်းခုခံတွန်းလှန်လှုပ်ရှားမှုများကိုလည်းမြင်တွေ့ရ
့ရသည်။ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများနှင့်လူစုများသည်နီယိုလစ်ဘရယ်ဝါဒကိုစတင်ဆန့်ကျင်
င်သည်။ထို့နောက်နိုင်ငံတော်အားလည်းခနပြန်လည်ခွဲဝေမှုကိုတာဝန်ယူရန်၊လူမှုရေး၊စီးပွားရေးန
နှင့်ယဉ်ကျေးမှုဆိုင်ရာရပိုင်ခွင့်များကိုကာကွယ်စောင့်ရှောက်ရန်နှင့်နယ်ချဲ့စနစ်ကိုဆန့်ကျင်ရန်ဖိအား
ၫးပေးတိုက်တွန်းလာကြသည်။ထို့အပြင်လူမျိုးစုံနိုင်ငံတော်စနစ်ဖြစ်လာစေရေးအတွက်လည်းတ
းတိုက်ပွဲဝင်ကြသည်။ယင်းကနိုင်ငံတော်၏အခန်းကဏ္ဍတစ်ခုလုံးကိုပြန်လည်သုံးသပ်ပြီးနိုင်ငံ
ငံတော်မှာကိုလိုနီလွှန်လူနည်းစုအုပ်စိုးသောအဖွဲ့အစည်းဖြစ်နေပြီးလွတ်လပ်ရေးရစဉ်ကတည်းကတ
ကတည်ရှိသောအကန့်အသတ်အတားအဆီးများ၏ထုတ်ကုန်တစ်ခုဖြစ်နေသည်ကိုတွေ့ကြရသည်။ထိုနောက
ၫက်ခံအခြေအနေတွင်အထူးသဖြင့်အီကွေဒေါနှင့်ဘိုလီးဗီးယားတို့၌ရပ်ရွာနှင့်လူထုကြိုက်အမျိုးသမီးဝါဒများ[8]
ပေါက်ဖွားရှင်သန်လာကြခြင်းဖြစ်သည်။



[8]ထိုနိုင်ငံများရှိအမျိုးသမီးအဖွဲ့အစည်းများ၏နိုင်ငံရေးလှုပ်ရှားမှုများကိုခြေရာခံ၍ကောက်ချက်ချခြင်းဖြစ်သည်။အီကွေဒေါတွင် Luna Creciente နှင့် Ecuador Women’s Assembly၊ဘိုလီးဗီးယားတွင် Mujeres Creando စသည့်အဖွဲ့အစည်းများဖြစ်သည်။

ယခုအခန်းတွင်ထိုနှစ်နိုင်ငံရှိမတူညီသောနောက်ခံများနှင့်မတူညီသောအမျိုးသမီးအဖွဲ့အစည်
ည်းများအကြောင်းကိုသုံးသပ်နိုင်မည်မဟုတ်ပဲဘုံတူညီသောအချက်အချို့ကိုသာဆွေးနွေးသွာ
ားမည်ဖြစ်ပါသည်။ပထမအချက်မှာ၎င်းတို့၏လှုပ်ရှားမှုများသည်ဆန့်ကျင်ပုန်ကန်မှု၊ဆန္ဒထုတ်ဖော်မှု၊
၊ထကြွမှုနှင့်ဆင်းရဲသားများ၊ဌာနေတိုင်းရင်းသားများ၊တောနေလယ်သမားများ၊အလုပ်သမားများ၏လွ
လွတ်လပ်ရေးကြိုးပမ်းမှုများနှင့်ဆက်စပ်နေခြင်းဖြစ်သည်။ထို့အပြင်လွန်ခဲ့သောနှစ်ပေါင်းငါးရာစပိန်က
ကိုလိုနီကျွန်ပြုမှုကာလများအထိပါဘုံတူညီသောသမိုင်းကြောင်းရှိသည်။ထိုလှုပ်ရှားမှုများကအမျိုးသ
းသမီးဝါဒသည်မြောက်ကမ္ဘာခြမ်းမှလာပြီးဖွံ့ဖြိုးပြီးကမ္ဘာမှမိန်းမများ၏လှုပ်ရှားမှုဖြစ်သည်ဆိုသောအယ
အယူအဆကိုကိုင်စွဲကြသည်။

ဒုတိယတူညီချက်မှာထိုလှုပ်ရှားမှုများသည်မတူညီမှုနှင့်ညီမျှမှုအခြေခံအမျိုးသမီးဝါဒလမ်းကြောင်းန
နှစ်ခုအကြားပဋိပက္ခကိုကျော်လွှားနိုင်ခြင်းဖြစ်သည်။၎င်းတို့ကပိုစ်မော်ဒန်ဥပမိအမှတ်လက္ခဏ
ဏာများပြန့်ကျဲသွားခြင်းနှင့်အထူးဝိသေသများခွဲခြားထားမှု၊ဖိုဝါဒအတွင်းထဲမှတရားမျှတမှုနှင့်လက်
က်ခံပေါင်းစည်းမှုနှစ်မျိုးစလုံးကိုမေးခွန်းထုတ်သည်။၎င်းတို့ကလိင်၊လူမျိုးနှင့်နောက်ခံသမိုင်းဆိုင်ရာ
ကြွယ်ဝမှုများကိုကိုလိုနီနှင့်လူတန်းစားအမှတ်လက္ခဏာများကိုပါထည့်သွင်းပြီးဘုံလောကအမြင်တ
တစ်ခုကိုတည်ဆောက်ခြင်းပါဝင်သည်။နိုင်ငံရေးတွင်မူအသိအမှတ်ပြုမှု၊ဒိုင်ယာလော့ခ်နှင့်အသ
အသွင်ပြောင်းမှုကိုစုပေါင်းတည်ဆောက်ခြင်းတို့ဖြင့်ဖွဲ့စည်းထားသည်။တရားမျှတမှုဆိုသည်မှာဖိုကြီ
ကီးစိုးရေးစနစ်ကိုတစ်စစီဖယ်ရှားပစ်ခြင်းနှင့်လူမျိုးစုံနိုင်ငံတော်တည်ဆောက်ခြင်းတို့တွင်အခ
အခြေခံသည်။ထို့ကြောင့်တရားမျှတမှု၏အခြေခံမှာတသီးပုဂ္ဂလရပိုင်ခွင့်များမဟုတ်မူပဲလူ့အဖွဲ့အစည်းတစ
တစ်ခုလုံးကိုအသွင်ပြောင်းနိုင်ခြင်းသာဖြစ်သည်။

တတိယတူညီချက်လည်းရှိသေးသည်။၎င်းတို့သည်ကိုလိုနီဆန့်ကျင်ဝါဒ၊ဖိုဝါဒကိုတိုက်ဖျက်ခြင်း၊အရင်းရှင်စနစ်
စ်ကိုချေမှုန်းခြင်းနှင့်သဘာဝနှင့်ဆက်သွယ်ခြင်းစသည်များတွင်လည်းဆန်းကျယ်မှုသဘောကို
နားလည်ရာ၌ဘုံတူညီမှုရှိကြသည်။ထိုဆန်းကြယ်နက်ရှိုင်းမှုမှတစ်ဆင့်ရပ်ရွာ၊အများပြည်သူဆိုင်ရာနယ
ယ်ပယ်နှင့်လုပ်ဆောင်မှုပုံစံအမျိုးမျိုးကိုပြန်လည်သုံးသပ်ဆင်ခြင်ခြင်းပြုသည်။အမျိုးသမီးလှုပ်ရှားမှုက
ကရပ်ရွာလူ့ဘောင်ဆိုသည်မှာသမိုင်းဆိုင်ရာတည်ဆောက်မှုတစ်ခုဖြစ်ပြီးနိုင်ငံရေးနှင့်အာရုံခံစားမှု
မှုများ၏ဆုံချက်လည်းဖြစ်သည်ဟုသတ်မှတ်သည်။လူမျိုးစုံနိုင်ငံတော်တည်ထောင်ရေးတွင်အမျိုးသမီး
းများအကြားဒိုင်ယာလော့ခ်လိုအပ်သည်။အကြောင်းမှာအမျိုးသားနိုင်ငံတော်များအတွင်းရှိရပ်ရွာနိုင
င်ငံရေးအသိုင်းအဝိုင်းများကိုထင်ဟပ်နိုင်သောကြောင့်ဖြစ်သည်။



အင်ဒီးစ်တောင်တန်းအမျိုးသမီးဝါဒမှာ mestizo
ကပြား၊ပညာသည်၊လူလတ်တန်းစားအမျိုးသမီးများအတွက်သက်သက်မဟုတ်တော့ပဲအမျိုးသမီးဝါဒီများအ
အဖြစ်ကိုယ့်ကိုယ်ကိုသတ်မှတ်သောဝင်ငွေနိမ့်သည့်အမျိုးသမီးများအတွက်လည်းဖြစ်လာသည်။ထိုအု
အုပ်စုကလည်းမိမိတို့၏နောက်ခံ၊အတွေ့အကြုံနှင့်ယဉ်ကျေးမှုဆိုင်ရာထုတ်လုပ်မှုတို့ကိုအခြေခံပြီးအမျိုးသမီး
ဝါဒကိုပြန်လည်ဖွင့်ဆိုသတ်မှတ်ခြင်းဖြစ်သည်။ထိုအမြင်တွင်သဘာဝမိခင်ကြီး Pachamama
သည်တွေ့ကြုံခံစားရန်နှင့်လှုပ်ရှားဆောင်ရွက်ရန်နှစ်မျိုးစလုံးဖြစ်နေသည်။

ဂေဟာအမျိုးသမီးဝါဒမှဖော်ထုတ်ခဲ့သောသဘာဝတရား၏အရေးပါမှုကိုထောက်ခံသောလယ်သမား၊ဌာနေန
နနှင့်လူမည်းအမျိုးသမီးများလည်းရှိသည်။ Cochabamba ရှိ Tiquipaya တွင်၂၀၁၀ပြေီ၌ကျင်းပသော
World People’s Conference on Climate Change
၌ရပ်ရွာလူထုအမျိုးသမီးဝါဒီများကအောက်ပါအတိုင်းကြေညာချက်ထုတ်ပြန်သည်။

ကျွန်ုပ်တို့သည် Pachamama နှင့် Mapu တို့ကိုတလုံးတဝတည်းသဘောဖြင့်နားလည်ပြီးမြင်ရသောသဘာဝကြီးနှင့်ကမ္ဘာဂြိုဟ်တို့ကိုကျော်လွ ကိုကျော်လွန်ကာသက်ရှိသတ္တဝါများ၊စွမ်းအင်များ၊လိုအပ်ချက်များနှင့်လိုအင်ဆန္ဒများဆက်စပ်ထား ပ်ထားသောဆက်ဆံရေးတစ်ခုအဖြစ်နားလည်သည်။ Pachamama ကိုမိခင်ကမ္ဘာကြီးဟုလျှော့ပေါ့ရှုမြင်သုံးသပ်ခြင်းများအားလုံးကိုရှုတ်ချသည်။ယင်းအမြင်သည်အမျိုး ်သည်အမျိုးသမီးများနှင့်မိခင်သဘာဝကြီးကိုဖိုဝါဒီစနစ်၏ဘောင်အတွင်းသို့သက်ဆင်းကျရောက်သွား က်သွားစေသည်။

မိခင်ကမ္ဘာကြီးဆိုသည်မှာနှစ်ပေါင်းများစွာတည်ရှိခဲ့သောအယူအဆတစ်ခုဖြစ်ပြီး People’s Conference on Climate Change တွင် Pachamama ၏အဓိပ္ပါယ်ကိုဖိုကြီးစိုးသောစနစ်အတွင်းထုတ်လုပ်မှုနှင့်မျိုးဆက်ပွားမှုတို့အတွက်ဦးတည်သောကမ္ဘာ ာကမ္ဘာမြေသားအိမ်ကြီးအဖြစ်သတ်မှတ်ခြင်းကိုငြင်းဆန်ကန့်ကွက်သည်။အမှန်စင်စစ် Pachamama ဆိုသည်မှာစကြဝဠာကြီးတစ်ခုဖြစ်ပြီးလူသားတို့ကိုယ်တိုင်မှာအစိတ်အပိုင်းငယ်ကလေးသာဖြစ်သ စ်သည်။

အာကာသ Cosmos ဆိုသည်မှာလည်းဖခင်အာကာသဟူ၍မရှိရပဲ Pachamama ၏အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။၎င်းတို့နှစ်ဦးလက်ဆက်ရမည်ဆိုသည့်အယူအဆကိုလည်း ်းလက်မခံနိုင်ချေ။ယခုကွန်ဖရင့်တွင်မိခင်ကမ္ဘာမြေကြီး၊မိန်းမများနှင့် Pachamama တို့ကိုတန်းတူထား၍ပြောဆိုနေမှုများကိုလည်းလက်မခံနိုင်ပေ။ Pachamama ဆိုသည်မှာဖိုကြီးစိုးသောကမ္ဘာကြီးအတွင်းမှတည်ရှိမှုတစ်ရပ်မဟုတ်ပဲကျားမသတ္တဝါအရာခပ်သိမ် မ်းတို့သည်သာ Pachamama ၏အစိတ်အပိုင်းများဖြစ်လေသည်။[9]

နိဂုံး

အမျိုးသမီးများနှင့်အမျိုးသမီး ဝါဒီလှုပ်ရှားမှုသည်ဖွံ့ဖြိုးရေးအယူအဆကိုထောင့်ပေါင်းစုံမှဝေဖန်ငြင်းခုံမှုများပြုကြသည်။ဖွံ့ဖြိုးရေးစနစ်ကြီး ရေးစနစ်ကြီးကလည်းအချို့သောတောင်းဆိုမှုများ၊အထူးသဖြင့်လစ်ဘရယ်အမျိုးသမီးဝါဒီများ၏တောင်းဆိုမှုများ မှုများကိုထည့်သွင်းစဉ်းစားပေးသည်။အမျိုးသမီးဖွံ့ဖြိုးမှုအတွက်နည်းစုံလမ်းစုံဆောင်ရွက်ကြသော်လည် က်ကြသော်လည်းနောက်ဆုံးတွင်အမျိုးသမီးများမှာဒုတိယတန်းစားနေရာတွင်ရှိမြဲရှိလျက်သာဖြစ်သည်။လက်ရှိ ည်။လက်ရှိဖွံ့ဖြိုးရေးမှု ဝါဒများတွင်ဂျင်ဒါပေါင်းစပ်ထားသောဘတ်ဂျက်ရေးဆွဲမှုတို့ကဲ့သို့အမျိုးသမီးများ၏အခြေအနေကိုတိုင်းတာန င်းတာနိုင်သောနည်းဗေဒများရှိလာသည်။မိသားစုတွင်းမှအစ၊နိုင်ငံရေးနှင့်စီးပွားရေးနယ်ပယ်များအဆုံးအမျိုး ်များအဆုံးအမျိုးသမီးများကြုံရသောဖိုကြီးစိုးသည့်ပါဝါဆက်သွယ်ချက်များကိုမူတစ်စုံတရာပြင်ဆင်နိုင်ခြင်းမ နိုင်ခြင်းမရှိပေ။အကြမ်းစားဘောဂဗေဒသိပ္ပံသမားများကလည်းဂျင်ဒါနှင့်စောင့်ရှောက်မှုစီးပွားရေးအကြောင် းပွားရေးအကြောင်းထည့်သွင်းစဉ်းစားခြင်းမရှိပဲဂျီဒီပီကိုသာအဓိကအတိုင်းအတာအဖြစ်ဆက်လက်ကိုင်စွဲကြ ိုင်စွဲကြသည်။



[9] the World People’s Conference on Climate Change မှ Declaration of the Community Feminists (Tiquipaya, Cochabamba, April 2010).

အမျိုးသမီးလှုပ်ရှားမှုအများအပြားသည်ဖွံ့ဖြိုးမှု၏အစားထိုးစရာအဖြစ် Buen Vivir
အသုံးဝင်နိုင်ခြင်းရှိ/မရှိကိုလည်းဂင်ရောက်ဆွေးနွေးငြင်းခုံကြသည်။လူမျိုးစုံနိုင်ငံတော်အယူအဆ၊ပ
၊ပို့စ်ကိုလိုနီနိုင်ငံတော်ကိုအသွင်ပြောင်းခြင်းနှင့်ကိုလိုနီဆန့်ကျင်ဝါဒနှင့်ဖိုကြီးစိုးသောဆက်ဆံ
ရေးများမှလွတ်မြောက်ရာလွတ်မြောက်ကြောင်းများကိုလည်းထည့်သွင်းဆွေးနွေးကြသည
သည်။ဂေဟာအမျိုးသမီးဝါဒီများကသဘာဝနှင့်မသဘာဝကိုထပ်တူပြုခြင်းများကိုဆန့်ကျင်ကန့်ကွက်ပြီးစော
စောင့်ရှောက်မှုစီးပွားရေးနှင့် Buen Vivir
အတွက်အရေးပါသောအချိန်အသုံးပြုပုံတို့ကိုဆွေးနွေးကြသည်။၎င်းတို့တွင်နေရာတိုင်
င်းအသုံးတည့်နိုင်သောခနေခွဲဝေရေးနှင့်ပျော်ရွှင်ချမ်းမြေ့မှုဆိုင်ရာအယူအဆများလည
လည်းရှိသည်။အားလုံးသည်လူ့အဖွဲ့အစည်း၏အကျပ်အတည်းဟူသောအယူအဆကိုကိုင်စွဲပြီးလွှမ်းမိုးကြီ
ကီးစိုးမှုပေါင်းစုံကို (လူတန်းစား၊လူမျိုး၊ဂျင်ဒါနှင့်သဘာဝလောကကြီးအပါအဝင်)
ကိုင်တွယ်ဖြေရှင်းနိုင်မှသာအကျပ်အတည်းကိုကျော်လွှားနိုင်မည်ဟုလည်းလက်ခံထာ
ထားကြသည်။အရင်းရှင်ကမ္ဘာ၏အဓိကပညာရပ်အဖြစ်မှာဘောဂဗေဒကိုနန်းချပြီးလူသားများ၏လိုအပ်ချက်ကိ
ကိုတုန့်ပြန်ဆောင်ရွက်ပေးမည့်ကျင့်ဝတ်လမ်းစဉ်တစ်မျိုးနှင့်အစားထိုးလိုကြသည်။

ယခုအခန်းတွင်အမျိုးသမီးဝါဒလမ်းကြောင်းအသွယ်သွယ်သည်ဖွံ့ဖြိုးရေးကိုမေးခွန်းထုတ်ခြင်းမှအ
အစယင်းကိုအစားထိုးနိုင်မည့်ပုံစံများကိုအဆိုပြုတင်ပြခြင်းအထိကျယ်ပြန့်ပြီးလက်တင်အမေရိကတ
ကတွင်အစပြုခဲ့သောပြောင်းလဲရေးလှုပ်ရှားမှုများကိုကိုယ်စားပြုသည်။တိုးတက်သောအစိုးရများအာ
အာဏာရလာခြင်းကိုအကြောင်းပြုပြီးအမျိုးသမီး
ဝါဒသည်နိုင်ငံတော်၏အခန်းကဏ္ဍကိုပိုမိုခိုင်မာအောင်တွန်းအားပေးကာလူမှုရေးနှင့်ခနေခွဲဝေ
ဝရေးမူဝါဒများအကောင်အထည်ဖော်ရန်တွန်းအားပေးမည်ဖြစ်သည်။လူမှုတရားမျှတမှု၊မညီမျှမှုကိုကေ
ကျော်လွှားခြင်း၊ပို့စ်တူးဖော်မှုဝါဒသဘာဝတရား၏ရပိုင်ခွင့်များစသည်တို့နှင့်ပတ်သက်၍လည်
ည်းပြန်လည်စဉ်းစားတွေးခေါ်မှုများရှိသည်။ဒေသတွင်းအမျိုးသမီးများသည်လူထုကြိုက်အမျိုးသမီး
ဝါဒဟုခေါ်သောဖွဲ့စည်းမှု၊ရုန်းကန်မှုပုံစံအသစ်များကိုလည်းဖော်ထုတ်လျက်ရှိသည်။ယင်းသည
သည်ယခင်ဆယ်စုနှစ်များအတွင်းကလူလတ်တန်းစား၊လစ်ဘရယ်မိန်းမများ၏အခန်းကဏ္ဍပိုကြီးသောအမ
အမျိုးသမီးဝါဒများနှင့်ကွဲထွက်လာခြင်းလည်းဖြစ်သည်။လွန်ခဲ့သောနှစ်သုံးဆယ်အတွင်းတောင်က
ကမ္ဘာခြမ်းတွင်ပေါ်ထွက်ခဲ့သောအမျိုးသမီးဝါဒအတွေးအခေါ်များနှင့်လှုပ်ရှားမှုများသည်လူ့ယဉ်ကျေး
းမှုကြီးတစ်ခုလုံးအတွက်လမ်းကြောင်းသစ်များနှင့်အတွေးအခေါ်သစ်များပေါ်ထွက်လာအောင်အဓ
အဓိကတွန်းအားပေးနိုင်ခဲ့သည်။



အမျိုးသမီးဝါဒဆိုင်ရာအတွေးအခေါ်များမြောက်ကမ္ဘာခြမ်း၌သာမြစ်ဖျားခံခဲ့သောဆယ်စုနှစ်များကိုလွန်
န်မြောက်ပြီးနောက်တောင်ကမ္ဘာခြမ်းမှအမျိုးသမီးလှုပ်ရှားမှုများသည်လူ့အဖွဲ့အစည်း၏အကျပ်အတည်
ည်းနှင့်ဖိုကြီးစိုးသော
ဝါဒ၊ဖွံ့ဖြိုးရေးမိုဒယ်များကိုဆက်စပ်ကာအစားထိုးရွေးချယ်စရာလမ်းကြောင်းများကိုပါဖော်ထုတ်ပေးနို
ိုင်ခဲ့သည်။ယနေ့တွင်တောင်ကမ္ဘာခြမ်းမှမိန်းမများသည်ထုတ်လုပ်ရေးနှင့်မျိုးဆက်ပွားလုပ်သားများဖြစ
ဖစ်ပြီးလူ့အဖွဲ့အစည်းကိုထောက်ကူကာဂြိုဟ်ကမ္ဘာကြီးနှင့်ဆက်သွယ်မှုများစွာကိုဆောင်ရွက်ပေးနေသ
နသူများဖြစ်ကြသည်။

လယ်သမား၊လူမည်း၊ဌာနေတိုင်းရင်းသားနှင့်မြို့ပြဆင်းရဲသားရပ်ကွက်များမှအမျိုးသမီးများသည်လူမျ
များကြိုက်အမျိုးသမီးဝါဒ၏အဓိကမောင်းနှင်အားလက်တံများဖြစ်ပြီးဖွံ့ဖြိုးရေးအစီအစဉ်များတွင်အဆင့်
နိမ့်လက်ဝေခံများအဖြစ်သတ်မှတ်ခြင်းခံကြရသူများလည်းဖြစ်သည်။ဖွံ့ဖြိုးရေးစီမံချက်ကြီးများကရင်း

ကငင်းတို့၏ဌာနေများကိုဖျက်ဆီးနေသောအချိန်တွင်သွေးစည်းသောစီးပွားရေးနှင့်စုပေါင်းအသ
အသံကိုကြွေးကြော်ကာငင်းတို့၏အသိုင်းအဝိုင်းကိုမတူညီသောလမ်းကြောင်းသို့သွားရန်တောင
ာင်းဆိုကြသည်။ဂျင်ဒါသို့မဟုတ်ယဉ်ကျေးမှုပဓာနဝါဒကိုငြင်းပယ်ပြီးဌာနေသို့မဟုတ်ခေတ်ပြိုင်တရာ
ရားရေးစနစ်အတွင်းငင်းတို့၏အမျိုးသမီးအခွင့်အရေးများကိုတောင်းဆိုကြသည်။

ထိုအမျိုးသမီးဝါဒလှုပ်ရှားမှုသစ်များမှာတိုးတက်သောအစိုးရများကြောင့်ပေါ်ထွက်လာခြင်းမဟုတ်ပါ။
ါ။အပြောင်းအလဲများ၏ပဋိပက္ခနှင့်ငင်းတို့ဘဝထဲတွင်ကြုံရသောအကျပ်အတည်းပေါင်းစုံတို့ေ
့ကြောင့်သာဖြစ်သည်။ခေ/သယံဇာတခွဲဝေမှုအတွက်ထုတ်လုပ်မှုပိုမိုတိုးမြှင့်ခြင်းနှင့်ထိုသို့တိုးမြှင်
င့်ရန်အတွက်သဘာဝကိုပိုမိုဖျက်ဆီးခြင်းများမှာငင်းတို့ကြုံရသောအဓိကပဋိပက္ခပင်ဖြစ်သည်။အစိုးရစီမံကိန်းမ
းများနှင့်ကော်ပိုရိတ်လုပ်ငန်းများလောက်ဦးစားပေးခံရလေ့မရှိသော Buen Vivir
၏အဓိပ္ပါယ်နှင့်ပတ်သက်၍ဆွေးနွေးရာတွင်လည်းယင်းမှာနောက်ခံကားချပ်ဖြစ်လေ့ရှိသည်။

ထိုအမျိုးသမီးများသည်အသိပညာဆက်သွယ်ချက်၊လေးစားမှုသင်္ကေတ၊ဉာဏ်ပညာ၊ရပ်ရွာဘုံပိုင်ဆိုင်မှုနှင့်P
achamama
တို့ကိုယ်စားပြုပြောဆိုနေခြင်းဖြစ်သည်။ဖွံ့ဖြိုးရေး၏သယံဇာတတူးဖော်မှုမိုဒယ်သည်စီးပွားရေးအကျ
ကျိုးအမြတ်နှင့်သဘာဝကြီးကိုအသုံးချခြင်းတို့ပါဝင်နေသည်သာမကလူမျိုးရေးခွဲခြားမှု၊ဖိုကြီးစိုးမှုန
ူနှင့်လူတန်းစားခွဲခြားမှုပါရှိပြီးပါဝါဆက်နွယ်ချက်များကိုကိုင်တွယ်ဖြေရှင်းခြင်းမပြုပဲနှင့်ထိုမိုဒယ်ကို
ကိုကိုင်တွယ်ခွဲခြမ်း၍ရနိုင်မည်မဟုတ်ချေ။

## သယံဇာတတူးဖော်ရေးဝါဒလက်ဟောင်းနှင့်လက်သစ်- မျက်နှာစာနှစ်ဖက်နှင့်ကြိမ်စာ

Alberto Acosta[1]

အဲလစ်ကမေးတယ် 'ငါသွားသင့်တဲ့လမ်းကိုညွှန်ပြပါဦး'။ကြောင်ကပြန်ဖြေတယ်။ 'အဲဒါမင်းဘယ်ကိုရောက်ချင်သလဲဆိုတဲ့အပေါ် မူတည်တယ်။' အဲလစ်ကပြန်ပြောတယ်။ 'ဘယ်ရောက်ရောက်သိပ်အရေးမဟုတ်ပါဘူး' 'ဒါဆိုမင်းဘယ်လမ်းသွားသွားသိပ်မထူးပါဘူး' ကြောင်ကဖြေတယ်။

လူးဝစ်ကာရိုး၊အဲလစ်နှင့်အံ့ဖွယ်ကမ္ဘာ

ကြွယ်ဝမှုကြိမ်စာထဲချောင်ပိတ်မိရခြင်း

ရုတ်တရက်နားလည်ရန်ခက်မည်ဖြစ်သော်လည်းလက်တွေ့အထောက်အထားများနှင့်များပြားလှသောအတွေ
သောအတွေ့အကြုံများအရကမ္ဘာပေါ်ရှိဆင်းရဲသောနိုင်ငံအများအပြားသည်ကြွယ်ဝသောသယံဇာတများရှိ
၁တများရှိခြင်းနှင့်ဆက်စပ်ပြီးဆင်းရဲရခြင်းဖြစ်သည်။သဘာဝသယံဇာတကြွယ်ဝပြီးယင်းသယံဇာတများတူး
ဇာတများတူးဖော်တင်ပို့ခြင်းကိုသာအဓိကလုပ်ကိုင်သောနိုင်ငံများသည်ဖွံ့ဖြိုးရန်ပိုမိုခက်ခဲလေ့ရှိသည်။အထူး
ည်။အထူးသဖြင့်သယံဇာတတစ်မျိုးတည်းသို့မဟုတ်အနည်းငယ်ကိုသာအားပြုလေ့ရှိသောနိုင်ငံများသည်မဖွံ့
းသည်မဖွံ့ဖြိုးခြင်းကြိမ်စာသင့်လေ့ရှိသည်။ဝင်ငွေအတွက်ရေနံနှင့်ဓာတ်သတ္တုများတူးဖော်ခြင်းကိုသာအဓိက
ခင်းကိုသာအဓိကအားပြုသောနိုင်ငံများတွင်အခြေအနေမှာပိုမိုရှုပ်ထွေးတတ်သည်။

ထိုနိုင်ငံများသည်ကြွယ်ဝမှု၏ဝိရောဓိသို့မဟုတ်သယံဇာတကြိမ်စာသင့်လေ့ရှိသည်ဟုပညာရှင်များကသမ
သမုတ်ကြသည်။အီကွေတာတိုင်းပြည်များအတွက်ထိုကြိမ်စာမှာရှောင်လွှဲ၍မရပဲလက်ခံရမည့်အရှိတရားတ
းတစ်ခုဖြစ်သည်ဟုလည်းအချို့ကဆိုကြသည်။ Inter-American Development Bank (IDB)2ကအစီရင်ခံစာများနှင့်လေ့လာမှုအများအပြားတွင်
'ဖွံ့ဖြိုးမှုကိုပထဝီကဆုံးဖြတ်သည်။အီကွေတာတကြောတွင်ရှိပြီးသယံဇာတအကြွယ်ဝဆုံးတိုင်းပြည
ပည်များသည်ခေတ်အနောက်ကျဆုံးနှင့်အဆင်းရဲဆုံးဖြစ်လေ့ရှိသည်။ယင်းကိုအီကွေတာကြိမ်
မ်စာဟုပင်ဆိုနိုင်ပြီးယင်းဒေသရှိနိုင်ငံများမှာဆင်းရဲသည့်ဇာတာပါလာပြီးဖြစ်သည်။ IDB
၏လေ့လာမှုအရနိုင်ငံ၏သယံဇာတကြွယ်ဝလေ၊ဖွံ့ဖြိုးမှုနှေးကွေးလေ၊နိုင်ငံတွင်းမညီမျှမှုကြ
ကြီးထွားလေပင်ဖြစ်သည်' ဟုဖော်ပြထားသည် (Gudynas, 2009c)။

ထိုသို့ပထဝီနှင့်ပတ်ဝန်းကျင်ပြဌာန်းခံဝါဒမှလမ်းခွဲထွက်ခြင်းသည်သာရွေးစရာဖြစ်နေသည်။သို့သော် IDB ကိုယ်တိုင်ကလည်းထွက်ရပ်လမ်းကိုပြသထားသည်။ IDB ၏အကြံပြုချက်နှင့်ပတ်သက်ပြီး Gudynas ၏သုံးသပ်ချက်တွင် 'ထွက်ရပ်လမ်းမှာဈေးကွက်နှင့်နီယိုလစ်ဘရယ်ပြုပြင်ပြောင်းလဲရေးသာဖြစ်သည်' ဟု IDB ကမှတ်ယူထားသည်။

[1]အီကွေဒေါ်စီးပွားရေးပညာရှင်၊ Latin American Social Sciences Faculty (Facultad Latinoamericana de Ciencias Sociales - FLACSO) တွင် သုတေသနနှင့် ကထိကဖြစ်ပြီး စွမ်းအင်နှင့် သတ္တုတွင်းဆိုင်ရာဝန်ကြီး ဟောင်းလည်းဖြစ်သည်။

[2]ထို အီကွေတာကြိမ်စာသီအိုရီကို ထောက်ခံသောစာရေးဆရာများတွင် Michael Gavin, Michel L. Ross, Jeffrey Sachs, Ricardo Hausmann, Roberto Rigobon နှင့် Ivar Kolstad အစရှိသူတို့ပါဝင်သည်။

ထိုရှုထောင့်မှကြည့်ပါကသယံဇာတတူးဖော်ထုတ်လုပ်ရေးဝါဒ၏ပြဿနာနှင့်ပဋိပက္ခများကိုသယံဇာတများ
ယံဇာတများကိုမည်သို့သုံးစွဲသည်ဟူသောသင့်လျော်သောအုပ်ချုပ်မှုပုံစံဖြင့်ဖြေရှင်းနိုင်မည့်ပုံပေါ် သည်။ဖြေရှင်
ည့်ပုံပေါ် သည်။ဖြေရှင်းရမည့်လမ်းကြောင်းမှာရှေးရိုးစွဲကွန်ဆာဗေးတစ်စီးပွားရေးမူဝါဒများပင်ဖြစ်သည်။သယံ
ပင်ဖြစ်သည်။သယံဇာတတူးဖော်ရေးလုပ်ငန်းများကိုအရပ်ဖက်အဖွဲ့အစည်းများကပိုမိုစောင့်ကြည့်စေခြင်း၊
ည့်စေခြင်း၊တူးဖော်သောနေရာများတွင်လူမှုရင်းနှီးမြှုပ်နှံမှုများပိုမိုဆောင်ရွက်ခြင်း၊သယံဇာတမှရသောဝင်ငွေကို
ယံဇာတမှရသောဝင်ငွေကိုပွင့်လင်းမြင်သာစွာဖော်ပြခြင်းစသည့်နည်းလမ်းများပါဝင်သည်။ဖွံ့ဖြိုးရေးကိုလျှောက်လှ
းကိုလျှောက်လှမ်းရာတွင်သဘာဝပတ်ဝန်းကျင်ပျက်ဆီးဆုံးရှုံးခြင်းမှာရှောင်လွှဲမရသောဖြစ်စဉ်ဖြစ်သည်ဟုယူ
စဉ်ဖြစ်သည်ဟုယူဆသည်။ထို့ကြောင့်ပင်ချဉ်းကပ်မှုပုံစံမှာဆင်ခြင်သုံးသပ်မှုအားနည်းပြီးသမိုင်းရေးအမြင်ပျော
ရေးအမြင်ပျောက်ဆုံးကာနောက်ခံအကြောင်းတရားများကိုထိတွေ့ကိုင်တွယ်နိုင်ခြင်းလည်းမရှိနိုင်တော့ပေ။

ကမူးရှုးထိုးနိုင်ခြင်းနှင့်မာန်ထောင်လွှားခြင်းမှာလက်တွဲလျက်ရှိသည်။လူ့အဖွဲ့အစည်းကိုမသိကျိုးကျွံပြုမှုနှင်
းကျွံပြုမှုနှင့်သတိလစ်မေ့လျော့မှုများတွင်ကျင့်သားရအောင်ဆောင်ရွက်ထားခြင်းကြောင့်ထိုသို့ဖြစ်ရသည်။ထို
ဖြစ်ရသည်။ထို့ကြောင့်အဦးအစကတည်းကပင်သယံဇာတကြိမ်စာနှင့်အတွေးအခေါ် တို့သည်ရှောင်လွှဲ၍မရေ
၍မရသောအရာများမဟုတ်ပဲကျော်လွှားသွားနိုင်ကြောင်းအလေးအနက်ပြောဆိုထားလိုပါသည်။

## တူးဖော်မှုဝါဒဆိုသည်မှာအဘယ်နည်း

တူးဖော်မှုဝါဒဆိုသည်မှာလွန်ခဲ့သောနှစ်ငါးရာခန့်ကစ၍အလုံးအရင်းနှင့်ပေါ် ပေါက်လာသောနေ
ေနစုဆောင်းမှုပုံစံတစ်မျိုးဖြစ်သည်။[3]ကမ္ဘာ့စနစ်ကြီးဖြစ်လာသောအရင်းရှင်ဝါဒသည်အမေရိက၊အာဖရိကန
နှင့်အာရှတို့ကိုကျူးကျော်ကိုလိုနီပြုသည့်နည်းဖြင့်စတင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။
။အရင်းရှင်စနစ်စတင်ကာစကပေါ် ထွန်းစမဟာမြို့တော်ကြီးများ၏တောင်းဆိုမှုကိုဖြည့်ဆည်းရင်
င်းတူးဖော်ရေးဝါဒအစပြုခဲ့သည်။အချို့သောဒေသများကသယံဇာတနှင့်ကုန်ကြမ်းများထုတ်လုပ်ရေ
ရေးကိုအဓိကထားပြီးအခြားဒေသများကကုန်ချောထုတ်လုပ်ရေးကိုဆောင်ရွက်သည်။ပထမအုပ်စုက
ကသဘာဝကိုတင်ပို့ပြီးဒုတိယအုပ်စုကတင်သွင်းသည်ဟုဆိုနိုင်သည်။

ကျယ်ပြန့်သောဖွင့်ဆိုမှုကိုရရှိရန်အတွက်ဆိုလျင်တူးဖော်ရေးဝါဒဆိုသည်မှာသန့်စင်မွမ်းမံထားခြင်း
းမရှိသောသဘာဝသယံဇာတများကိုပြည်ပသို့တင်ပို့ရန်အလို့ငှာအလုံးအရင်းနှင့်ထုတ်လုပ်ခြင်း
းကိုဆိုလိုသည်။ယင်းသည်ဓါတ်သတ္တုနှင့်ရေနံတင်မကပဲစိုက်ပျိုးရေး၊သစ်တောနှင့်ရေထွက်ကုန

န်များလည်းပါဝင်သည်[4]။

ယနေ့ခေတ်တွင်ပြည်လည်ပြည့်တင်းနိုင်သောသယံဇာတများဆိုသည့်ကိစ္စကိုလည်းစောကြောရန
ရန်ရှိသည်။ပုံမှန်အားဖြင့်ပြန်လည်ဖြည့်တင်းနိုင်သောသစ်တောနှင့်မြေဆီလွှာကဲ့သို့သ
သယံဇာတများသည်ပမာဏအလုံးအရင်းနှင့်ထုတ်ယူသုံးစွဲပါကပြန်လည်မဖြည့်တင်းနိုင်သောအ
ာအခြေသို့ဆိုက်သည်။အဘယ့်ကြောင့်ဆိုသော်သဘာဝအတိုင်းပြည်လည်ဖြည့်တင်းန

---

[3]တူးဖော်ထုတ်လုပ်မှု သမနိရှည်ကြာခဲ့သော်လည်း တူးဖော်ရေးဝါဒဟူသော ဝေါဟာရမှာ the Royal Academy of the Spanish Language တွင် မပါဝင်ချေ။

[4]သတ္တုတွင်းနှင့် ရေနံတွင်းများအပြင် သီးနှံတစ်မျိုးတည်းကို ဇောက်ချလုပ်ကိုင်သော ရောမစိုက်ပျိုးရေးလုပ်ငန်းကြီးများလည်း အကျုံးဝင်သည်။ ကိုလံဘီယာကော်ဖီလုပ်ငန်းအကြောင်းကို Oeindrila Dube and Juan Fernando Vargas (2006) တွင်ကြည့်ပါ။

နိုင်သောနှုန်းထားထက်များစွာကျော်လွန်ကာသယံဇာတများကိုထုတ်ယူခြင်းကြောင့်ဖြစ်သည်။ထ
။ထို့ကြောင့်လက်ရှိနှုန်းထားများအတိုင်းဆိုပါကသယံဇာတပြုန်းတီးခြင်းသည်ပြန်ပြည့်မြဲနှင့်ပြန
ပန်မပြည့်သယံဇာတနှစ်မျိုးစလုံးတွင်အတူတူပင်ဖြစ်သည်။

လက်တွေ့တွင်တူးဖော်ရေးဝါဒမှာကိုလိုနီနှင့်ကိုလိုနီလက်သစ်ဝါဒများ၏ဖျက်ဆီးသိမ်းသွင်းရေးယန္တယားပင်
းယန္တယားပင်ဖြစ်သည်။ပုံစံအမျိုးမျိုးဖြင့်ရှိသော်လည်းတူးဖော်ရေးဝါဒသည်မြောက်ကမ္ဘာခြမ်းစက်မှုလုပ်ငန်
ခမ်းစက်မှုလုပ်ငန်းများနှင့်ကြွယ်ဝချမ်းသာရေးတို့အတွက်ခေါင်းပုံဖြတ်ထုတ်ယူခြင်းတွင်အခြေခံသည်။ထု
င်အခြေခံသည်။ထုတ်ယူရေးစီမံကိန်းများရေရှည်တည်တံ့သည်ဖြစ်စေ၊သယံဇာတများပြောင်သလင်းခါသွား
င်းခါသွားသည်ဖြစ်စေဖြစ်စဉ်မှာဆက်လက်ဖြစ်ပွားသည်။ပိုဆိုးသောကိစ္စမှာတူးဖော်ရေးလုပ်ငန်းများမှထုတ်လု
းမှထုတ်လုပ်သောကုန်စည်များသည်ဒေသတွင်းဈေးကွက်အတွက်မဟုတ်ပဲပြည်ပပို့ကုန်ဖြစ်နေသောအချက်ပ
သာအချက်ပင်ဖြစ်သည်။လုပ်ငန်းပမာဏကြီးမားသလောက်ကာယကံရှင်နိုင်ငံအတွက်အကျိုးခံစားရမှုမှာအ
မှာအလွန်သေးငယ်သည်။တူးဖော်ရေးလုပ်ငန်းများတွင်အသုံးပြုသောသွင်းအားစုများနှင့်နည်းပညာများမှာ
နည်းပညာများမှာလည်းကာယကံရှင်နိုင်ငံတွင်းကုမ္ပဏီများမှဆောင်ရွက်နိုင်ခြင်းမရှိသည်ကများသည်။တူးဖော
များသည်။တူးဖော်ရေးအဓိကထားသောနိုင်ငံများတွင်ရသောဝင်ငွေကိုမည်သို့သုံးစွဲသည်ကိုစိတ်ပါဝင်စားမှု
ပါဝင်စားမှုလည်းနည်းပါးလေ့ရှိသည်။

တူးဖော်ထုတ်ယူရေးဝါဒသည်တောင်ကမ္ဘာခြမ်းနိုင်ငံများ၏စီးပွားရေး၊လူမှုရေးနှင့်နိုင်ငံရေးဘ
းဘဝများတွင်မပြောင်းလဲသောအရှိတရားဖြစ်နေတတ်သည်။ဒီကာရီအနည်းအများကွာသည်မှလွဲ၍လက်
က်တင်အမေရိကရှိနိုင်ငံများအားလုံးတွင်အခြေအနေမှာခပ်ဆင်ဆင်သာဖြစ်သည်။ဖွံ့ဖြိုးပြီးမြို့တော်ကြီ
ကီးများသို့ကုန်ကြမ်းများတင်ပို့သည့်လုပ်ငန်းတွင်မီခိုရပ်တည်လာခြင်းမှာယနေ့အချိန်အထိမပြောင်
င်းလဲသောအရှိတရားဖြစ်သည်။အချို့နိုင်ငံများကတူးဖော်ထုတ်ယူရေးလုပ်ငန်းများတွင်နိုင
င်ငံတော်၏အခန်းကဏ္ဍနှင့်ထိန်းချုပ်မှုကိုပိုမိုမြှင့်တင်လာကြသည်။သို့သော်ခြုံ၍ဆိုရသော်နီယ
ယိုလစ်ဘရယ်နှင့်တိုးတက်သောအစိုးရနှစ်မျိုးစလုံးတို့သည်တူးဖော်ထုတ်လုပ်ရေးကိုထုတ်လုပ
ပ်မှုပေါ်လစီ၏ဗဟိုချက်အဖြစ်ဆက်လက်ထားရှိကြသည်မှာထင်ရှားသည်။5

တူးဖော်ရေးဝါဒ၏မကောင်းမှုအချို့

ထိုပြဿနာ6ကိုကြည့်ရှုရန်အတွက်အစမှတ်မှာသယံဇာတများထုတ်လုပ်သုံးစွဲမှုပုံစံနှင့်အကျိုးအမြတ်မျာ
ျားကိုမည်သို့ခွဲဝေသည်ကိုလေ့လာခြင်းဖြစ်သည်။တူးဖော်ရေးလုပ်ငန်းတွင်ပြန်လည်ပြင်ဆ
ဆင်ရန်ခက်ခဲသောအစွန်းအထင်းများလည်းအမှန်တကယ်ရှိသည်။ဥပမာအားဖြင့်ရောမသံရိုင်းတူးဖော
ဖော်မှုကဲ့သို့လုပ်ငန်းများသည်ပင်ကိုအနှစ်သာရအားဖြင့်ကိုဖျက်ဆီးမှုသဘောဆောင်သဖြင့်ရေရှည်တ
တည်တံ့အောင်ဆောင်ရွက်၍မရနိုင်ပေ။အမှန်စင်စစ်ရေရှည်တည်တံ့ခြင်းဆိုသည်မှာပြင်ပအကူ
ကူအညီတစ်စုံတရာမပါပဲထုတ်လုပ်မှုဖြစ်စဉ်ကိုရေရှည်ဆောင်ရွက်သွားနိုင်ပြီးထိုသယံဇာတရားပါးပြုန်း
းတီးခြင်းလည်းမဖြစ်သောအခြေအနေကိုဆိုလိုခြင်းဖြစ်သည်7။အချို့ကလည်းနည်းပညာတိုးတက်မှုကိုဖွတ်မိုတ်ယံ

---

[5] Raúl Zibechi (2011) က တိုးတက်သောအစိုးရများ၏ တူးဖော်ရေးဝါဒကို နီယိုလစ်ဘရယ်ဒုတိယလှိုင်းဟုခေါ်သည်။

[6] Schuldt (2005). Schuldt and Acosta (2006), နှင့် Acosta (2009) တို့ကိုကြည့်

[7] ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးဆိုသည်မှာ အနာဂတ်မျိုးဆက်များ၏ အလားတူအခွင့်အရေးကို မထိခိုက်စေပဲ လက်ရှိ မျိုးဆက်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းပင်ဖြစ်သည်။

ယုံကြည်မှုမျိုးရှိပြီးအခြေအနေမှန်နှင့်ကင်းကွာသောဝါဒဖြန့်မှုများကိုအတင်းဆောင်ရွက်ကာရေရှည
ည်တည်တံ့နိုင်ကြောင်းခုခံမှုများလည်းရှိသည်[8]။

လက်တင်အမေရိကအတွေ့အကြုံများအရတူးဖော်ရေးလုပ်ငန်းစဉ်များကြောင့်ဆင်းရဲမှုကိုကျယ်ပြန့်စေပြီးစီးပွား
ားစီးပွားပျက်ကပ်များအချိန်မှန်ဖြစ်ပွားကာစီးပွားရေးလောကတွင်အကျိုးအမြတ်နောက်ကိုသာလိုက်လိုသည့်စိတ်ဓာ
တ်စိတ်ဓာတ်များလည်းထွန်းကားလာစေသည်။ယင်းကိုဒေသအတွင်းရှိဒီမိုကရေစီအင်စတီကျူးရှင်းများရှားပါးမှုန
ားပါးမှုနှင့်အားနည်းချိနဲ့မှု၊အဂတိလိုက်စားမှုထွန်းကားမှု၊လူ့အဖွဲ့အစည်းနှင့်ရပ်ရွာအသိုက်အမြုံများပြိုကွဲမှုနှင်
ပြိုကွဲမှုနှင့်သဘာဝပတ်ဝန်းကျင်ဆိုးဆိုးရွားရွားထိခိုက်မှုစသည်တို့ကြောင့်ပိုမိုဆိုးရွားသွားစေသည်။ထို့အပြင်ဆ
ပြင်ဆရာမွေးတပည့်မွေးလက်ဝေခံစနစ်များထွန်းကားပြီးနိုင်ငံသားတန်ဖိုးများထွန်းကားမှုမရှိခြင်းကလည်းပြဿနာ
င်းကလည်းပြဿနာကိုပိုဆိုးသွားစေသည်။

လက်တွေ့အမှန်တရားမှာအကယ်၍ဓာတ်သတ္တုနှင့်ရေနံကဲ့သို့သောအခြေခံကုန်စည်များတင်ပို့မှုကိုသာအဓိ
ကသာအဓိကမီခိုအားထားနေပါကစီးပွားရေးစနစ်၏ဖွဲ့စည်းပုံနှင့်ကုန်ထုတ်လုပ်ရေးသွင်းအားစုများမျှဝေပုံတို့ကို
ဝပုံတို့ကိုထိခိုက်စေသည်။ထို့အပြင်လူနည်းစုလက်ထဲတွင်ဓနများစုစည်းနေပြီးဝင်ငွေပြန်လည်ခွဲဝေရာတွင်လ
ဝေရာတွင်လည်းဆင်းရဲသူများအနည်းဆုံးရသောပုံစံဖြစ်နေလေ့ရှိသည်။ထိုအခြေအနေကိုသယံဇာတပေါများမှုန
ပါများမှုနှင့်အမြဲယှဉ်တွဲနေလေ့ရှိသောနိုင်ငံတွင်းဖြစ်ပွားသောကူးစက်ရောဂါဆန်ဆန်ဖြစ်စဉ်များကပိုမိုဆိုးရွား
မိုဆိုးရွားသွားစေသည်။

ပထမဦးဆုံး
'ဒတ်ချ်ရောဂါ'[9]နှင့်ဆွေးနွေးမှုကိုစချင်သည်။ယင်းမှာကုန်ကြမ်းပို့ကုန်တစ်မျိုးတည်းကိုသာအဓိ
ဓိကတင်ပို့သောနိုင်ငံအနေနှင့်ထိုကုန်စည်ဈေးနှုန်းမြင့်မားသောအခါနှင့်သယံဇာတသိုက်အသစ
သစ်များထပ်မံတွေ့ရှိသောအခါများတွင်ပို့ကုန်ကိုအလုံးအရင်းနှင့်မြှင့်တင်လေ့ရှိသည်။စီးပွားရေ
ရေးစနစ်အတွင်းဟန်ချက်ပျက်ယွင်းမှုကိုဈေးနှုန်းပုံစံများကိုလေ့လာပြီးသိရှိနိုင်သည်။ဆောက်လုပ
ပ်ရေးကဏ္ဍကဲ့သို့ကူးသန်းရောင်းဝယ်ရေးနှင့်မဆိုင်သောကဏ္ဍများအပါအဝင်အကြီးအကျယ်စီးပွ
ပွားဖြစ်နေသောကဏ္ဍအတွင်းသို့ရင်းနှီးမြှုပ်နှံမှုများအလုံးအရင်းနှင့်စီးဝင်လာသည်။တပြိ
ပိုင်နက်တည်းတွင်ဈေးကွက်တွင်မပေါက်သောကုန်စည်များ၏ထုတ်လုပ်မှုမှာနိမ့်ကျလာသည်။ယင်းတို့က
ကိုနိုင်ငံခြားမှပြန်လည်တင်သွင်းနိုင်ပြီးနိုင်ငံသုံးငွေဈေးမာနေချိန်တွင်ထိုသို့ပြန်လည်တင
င်သွင်းရသည်မှာလည်းသက်သာသည်။အကြီးအကျယ်ထိပ်တန်းရောက်ပြီးနောက်တွင်ဈေးနှုန်းနှင
င့်လုပ်အားခများကိုအလိုက်သင့်ပြန်လည်ချိန်ညှိခြင်းမှာအလွန်ခက်ခဲရှုပ်ထွေးလာသည်ကိုတွေ့နိုင
င်သည်။ယင်းမှာရောဂါစွဲကပ်နေပြီဖြစ်ကြောင်းသင်္ကေတတစ်မျိုးပင်ဖြစ်သည်။



အခြေခံကုန်ကြမ်းထုတ်လုပ်တင်ပို့မှုတွင်အထူးပြုကျွမ်းကျင်မှုသည်လည်းကုန်သွယ်မှုအားသာချက်များတ
တဖြည်းဖြည်းနည်းပါးလာခြင်းကြောင့်ရေရှည်တွင်ဆိုးကျိုးကိုဖြစ်ပေါ်စေကြောင်းတွေ့ရသည်။ကု
ကုန်သွယ်မှုသည်နိုင်ငံတွင်းသို့တင်သွင်းရသောစက်မှုကုန်ချောထုတ်ကုန်များဘက်တွင်အားသာပြီးပြည်ပတ
ပတင်ပို့သောအခြေခံကုန်ကြမ်းများကိုမျက်နှာသာပေးလေ့မရှိပေ။အဓိကအချက်မှာအခြေခံကုန်ကြ
ကြမ်းများ၏ဈေးနှုန်းသည်ဝင်ငွေနှင့်အတူလိုက်ပါတက်သွားလေ့မရှိပဲအစားထိုးစရာလူလုပ်ဓာတ်ပေါင
ါင်းပစ္စည်းများလည်းအဆင်သင့်ရှိနေတတ်သောကြောင့်ဖြစ်သည်။၎င်းတို့မှာလက်ဝါးကြီးအုပ်လွှမ်းမိ

[8]Colectivo Voces de Alerta (2011) က နိုင်ငံစုံကုမ္ပဏီကြီးများ၏ မိုင်းတွင်းကြီးများအကြောင်းဖော်ပြသည်။
[9]ဟော်လန်တွင် သဘာဝဓာတ်ငွေ့များမှ ရသောဝင်ငွေကြောင့် နိုင်ငံသုံးငွေတန်ဖိုးတက်ပြီး ယင်းကြောင့် တိုင်းပြည်
အတွင်းရှိ ကျန်စီးပွားရေးလုပ်ငန်းများထိခိုက်ရသော အဖြစ်အပျက်ကို ဒတ်ချ်ရောဂါဟုခေါ်သည်။

မိုးနိုင်သောအနေအထားတွင်မရှိပဲကမ္ဘာ့ဈေးကွက်၏စဉ်းစားပုံကသာဂင်းတို့၏ဈေးနှုန်းကိုဆုံး
းဖြတ်ပေးသည်။နည်းပညာနှင့်တီထွင်ဆန်းသစ်မှုဘက်တွင်လည်းပြောရလောက်အောင်မရှိသလို
လိုစက်မှုကုန်ချောထုတ်ကုန်များတွင်ကုန်ကြမ်းပါဝင်သုံးစွဲမှုနှုန်းမှာလည်းတစ်နေ့တခြားပိုမိုနည်းပါး
ါးလာခဲ့သည်။သို့ရာတွင်လက်တွေ့အရှိတရား၌မူတရုတ်နှင့်အိန္ဒိယကဲ့သို့နိုင်ငံများ၏ဝယ်လိုအာ
အားကြောင့်အခြေခံကုန်စည်များထုတ်ယူမှုနှင့်တင်ပို့မှုများပြားစွာမြင့်တက်လာမှုရှိနေကြောင်း
းသတိပြုသင့်သည်။

အစပိုင်းတွင်အခမဲ့နည်းပါးနိမ့်ပါးလွန်းသောသယံဇာတထုတ်ယူခများကြောင့်10အမြတ်အစွန်းလည်းကြီးမားပြီး
းကမ္ဘာ့ဈေးကွက်တွင်ဈေးတက်ချိန်၌အလွန်အကျွံထုတ်ယူမှုများဖြစ်လေ့ရှိသည်။စီးပွားရေးကျနေချိန်များ
း၌ပင်သယံဇာတများကိုတိုးမြှင့်ထုတ်ယူလိုမှုများရှိနိုင်သည်။ဈေးနှုန်းကျမှုကိုကာမိစေရန်အတွက်
က်ပမာဏကိုတိုးမြှင့်ထုတ်လုပ်ခြင်းသည်ကမ္ဘာ့ဈေးကွက်ရှိကုန်စည်တန်ဖိုးကိုပိုမိုကျဆင်းစေပြီးစက်မှု
မှုနိုင်ငံများအတွက်ပိုမိုအကျိုးအမြတ်ထွက်စေသည်11။ထိုဖြစ်စဉ်ကို inmiserizing growth
နည်းပညာ၊ဈေးကွက်အခြေအနေသစ်ကြောင့်ထုတ်လုပ်သူများပိုမိုဆင်းရဲသွားခြင်းဖြစ်စဉ်ဟုခေါ်သည်
(Bhagwati, 1958)။

ထိုအချက်များသည်တူးဖော်ထုတ်ယူရေးအခြေခံစီးပွားရေးရှိသောတိုင်းပြည်များအနေနှင့်ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုး
ရေးဖွံ့ဖြိုးမှုနှင့်နည်းပညာတိုးတက်မှု၏အကျိုးကျေးဇူးကိုအဘယ့်ကြောင့်အပြည့်အဝမခံစားကြရကြောင်းရှင်
ကာင်းရှင်းပြနေသည်။ထိုအချက်ကိုပိုမိုဆိုးရွားစေသောအချက်မှာသယံဇာတထုတ်သောတိုင်းပြည်များသ
ည်များသည်သယံဇာတကိုသန့်စင်နိုင်ခြင်းမရှိဟူသောအချက်ဖြစ်သည်။မြင်သာသောဥပမာတစ်ခုမှာရေနံစိမ်
ရေနံစိမ်းတင်ပို့သောတိုင်းပြည်သည်ဓာတ်ဆီကိုကိုယ်တိုင်ထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့်နိုင်ငံရပ်ခြားမှ
နိုင်ငံရပ်ခြားမှပြန်လည်တင်သွင်းရသောဥပမာဖြစ်သည်။ထိုသို့တင်သွင်းသောအီကွေဒေါနိုင်ငံသည်တင်သွင်းသော
ငံသည်တင်သွင်းသောလောင်စာဆီကိုလျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက်အဓိကတင်သွင်းရခြင်းဖြစ်ရာန
ဖြစ်ရာနိုင်ငံတွင်း၌ရေအားလျှပ်စစ်၊နေရောင်ခြည်နှင့်မြေတွင်းအပူဓာတ်စသောပြန်ပြည့်မြဲစွမ်းအင်အလားအလာများ
မ်းအင်အလားအလာများရှိနေသောအချက်ကိုထည့်တွက်လျှင်အခြေအနေမည်မျှဆိုးရွားကြောင်းခန့်မှန်
န့်မှန်းနိုင်သည်။

တူးဖော်ရေးအခြေခံစီးပွားရေးစနစ်များ၏အခြားဝိသေသတစ်ရပ်မှာကုန်ထုတ်လုပ်ရေးယန္တရားများအချင်းချင်
ချင်းချင်းဆက်စပ်မှုမရှိခြင်းဖြစ်သည်။များသောအားဖြင့်ထိုစီးပွားရေးတွင်ထုတ်လုပ်မှုမြင့်မားပြီးစီးပွားဖြစ်သော
းပွားဖြစ်သောကဏ္ဍနှင့်ခေတ်နောက်ကျပြီးစီးပွားမဖြစ်သောကဏ္ဍများယှဉ်တွဲတည်ရှိနေလေ့ရှိသည်။ထိုစီးပွား
ထိုစီးပွားရေးများတွင်အခြေခံကုန်စည်အနည်းငယ်ကိုသာဦးတည်ပြီးပို့ကုန်တင်ပို့နေသဖြင့်အခြားစီးပွားရေး
းရေးကဏ္ဍများနှင့်အဆက်အစပ်မရှိသလိုတန်ဖိုးနှင့်ဈေးကွက်ကွင်းဆက်အတွင်းဆက်စပ်အဆင့်မြှင့်တင်
ဆင့်မြှင့်တင်ဆောင်ရွက်ခြင်းများလည်းလုံးဝမရှိချေ။



ထိုသို့သောတူးဖော်ထုတ်လုပ်ရေးအခြေခံစီးပွားရေးများသည်ငွေရင်းနှင့်နည်းပညာလိုအပ်ချက်
က်လည်းမြင့်မားလေ့ရှိပြီးသီးခြားခွဲထွက်သောစီးပွားရေးပုံစံများဖြင့်ရှိနေတတ်သည်။ဆိုလိုသည်
ည်မှာအခြေခံကုန်စည်တင်ပို့သည့်လုပ်ငန်းများကိုအခြားစီးပွားရေးကဏ္ဍများ၊လူ့အဖွဲ့အစည်းမျက်နှာစာမ

---

[10]ရီကာဒိုအခမှာ တီထွင်ဖန်တီးမှုနှင့် ထုတ်လုပ်မှုကြောင့်မဟုတ်ပဲ သဘာဝတရားကိုလက်ဦးမှုယူ တူးဖော်/သုံးစွဲ ရာမှ ရရှိခြင်းဖြစ်သည်။

[11]ရေနံနှင့် သတ္တုဈေးများကျသောအခါ ကုမ္ပဏီများသက်သာရာရစေရန် နိုင်ငံအများအပြားက တိုးထုတ်ခွင့်ပေးလိုကြသည်။

ာများနှင့်ဆက်စပ်ပေါင်းစည်းမှုမရှိခြင်းပင်ဖြစ်သည်။အကျိုးဆက်အားဖြင့်ကမ္ဘာ့စီးပွားရေးအတက
တက်အကျဒဏ်ကိုအပြင်းအထန်ခါးဆီးခံရလေ့ရှိသည်။

ထိုအခြေအနေများမှသည်ထွက်လမ်းမရှိသောအခြေအနေသို့ဆိုက်နိုင်သည်။အခြေခံကုန်စည်များထုတ်လုပ်
ထုတ်လုပ်သောတိုင်းပြည်များသည်နိုင်ငံတကာစျေးကွက်ဝယ်လိုအားကာလတစ်ခုအထိလုံလောက်ပြီးနိုင်ငံ
ပြီးနိုင်ငံ၏စီးပွားရေးကိုတစ်စုံတခုသောကာလအထိဆက်လက်တိုးတက်နေစေမည်ဟုမျှော်လင့်နိုင်စေသည်။
င့်နိုင်စေသည်။သို့ရာတွင်စိတ်ပူစရာကောင်းသောအချက်မှာအခြေခံကုန်စည်များကိုနှစ်ပေါင်းများစွာထုခွဲရောင်
စွာထုခွဲရောင်းချစားသောက်လာသောတိုင်းပြည်များသည်ထုတ်ကုန်ပမာဏနှင့်စျေးနှုန်းကိုချိန်ညှိ၍ထုတ်လုပ်
၍ထုတ်လုပ်ရောင်းချရမည်ဆိုသည့်အချက်ကိုကျွမ်းကျင်ပိုင်နိုင်ကြလေ့မရှိခြင်းပင်ဖြစ်သည်။တစ်ခုတည်
သည်။တစ်ခုတည်းသောရှားရှားပါးပါးခြွင်းချက်မှာရေနံရောင်းနိုင်ငံများအဖွဲ့အိုပက်ဖြစ်သည်။အိုပက်သည်ပ
အိုပက်သည်ပင်လျှင်ဖြတ်သန်းခဲ့သည့်သမိုင်းတလျှောက်၌အကျပ်အတည်းများနှင့်ထိပ်တိုက်တွေ့မှုအများ
့မှုအများအပြားကိုရင်ဆိုင်ခဲ့ရသည်။

ကမ္ဘာစျေးကွက်တွင်အခြေခံကုန်ကြမ်းပစ္စည်းများ၏စျေးနှုန်းမတည်ငြိမ်မှုကြောင့်အခြေခံကုန်ကြမ်းများတင်ပို
များတင်ပို့သောနိုင်ငံများတွင်အစိုးရအသုံးစရိတ်နှင့်ဘဏ္ဍာရေးလိုငွေပြမှုပြဿနာများအစဉ်အဆက်ကြုံတွေ့ရန
ဆက်ကြုံတွေ့ရနိုင်သည်။ထိုနိုင်ငံများအနေနှင့်နိုင်ငံခြားဘဏ္ဍာရေးစျေးကွက်များပေါ် တွင်မီခိုအားထားနေရ
င်မီခိုအားထားနေရပြီးအမျိုးသားစီးပွားရေးနှင့်ဆက်စပ်နေသောလူမှု-
နိုင်ငံရေးအခြေအနေများကိုစျေးကစားသူများ၏လက်တွင်းသို့ဝကွပ်အပ်ထားရာလည်းရောက်လေသည်။အထူး
လေသည်။အထူးသဖြင့်ကမ္ဘာ့စျေးကွက်ရုတ်တရက်ကျဆင်းသောအခါတွင်စျေးကွက်ကောင်းစဉ်ကနိုင်ငံတွင်းသို
ငံတွင်းသို့စီးဝင်ထားသောဘဏ္ဍာအရင်းများအလုံးအရင်းနှင့်ပြန်လည်ထွက်ခွာသွားမည်ဖြစ်သဖြင့်တိုင်းပြည်လို
့တိုင်းပြည်လိုငွေအကျပ်အတည်းမှာပိုမိုကြီးမားသွားစေမည်ဖြစ်သည်။နိုင်ငံခြားငွေရင်းများစီးထွက်သွားပြီးမရေး
က်သွားပြီးမရေးမနှောင်းမှာပင်ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများလည်းဆုတ်ယုတ်သွားရာအစိုးရဘဏ္ဍာရေးလိုငွေ
စိုးရဘဏ္ဍာရေးလိုငွေအကျပ်အတည်းမှာအထွတ်အထိပ်သို့ရောက်လေသည်။

အခြေခံကုန်ကြမ်းတင်ပို့မှုစျေးကွက်ကောင်းစားချိန်များတွင်နိုင်ငံတကာဘဏ်များ၏စိတ်ဝင်စားမှုက
ူကိုလည်းရရှိပြီးငွေကြေးအလုံးအရင်းနှင့်ချေးငှားရန်ကမ်းလှမ်းလေ့ရှိကာအစိုးရများနှင့်ကုမ္ပဏ
ဏီကြီးများကလည်းဝမ်းသာအားရလက်ခံချေးယူကြသည်။၎င်းတို့နှစ်ဦးနှစ်ဖက်စလုံးသည်စျေးကွက်
က်ကြီးထာဝရတည်တံ့ကောင်းစားနေမည်အမှတ်မှားကြခြင်းသာဖြစ်သည်။ထိုသို့ရင်းနှီးမြှုပ်
ပ်နှံမှုအလုံးအရင်းနှင့်စီးဝင်ခြင်းကြောင့်ပိုလျှံထုတ်လုပ်မှုကိုတွန်းအားပေးပြီးသက်ဆိုင်ရ
ရာကဏ္ဍအတွက်စျေးကွက်ကိုကမောက်ကမဖြစ်စေသည်။စျေးကွက်ကောင်းစားချိန်ခဏတာအတွ
တွင်းအကြွေးပမာဏကြီးမားစွာချေးငှားခြင်းကြောင့်စျေးကွက်ကျဆင်းချိန်နှင့်ကြွေးမြီများပြန်လည်
ည်ပေးဆပ်ချိန်တိုက်ဆိုင်သောအခါအကြီးအကျယ်ဒုက္ခရောက်ရတော့သည်။ယင်းကိုတိုင်းပြည်၏စီးပွ
ပွားရေးအနာဂတ်ကိုအပေါင်ထားခြင်းဟုခေါ် သည်။12

ရေနံဝင်ငွေအများအပြားအပါအဝင်နိုင်ငံခြားမှရင်းနှီးမြှုပ်နှံငွေအလုံးအရင်းနှင့်ဝင
ဝင်ရောက်လာခြင်းကြောင့်တိုင်းပြည်အတွင်းအသုံးအဖြုန်းကြီးသောစားသုံးသူစျေးကွ
ကွက်ဖြစ်ပေါ် လာသည်။လူ့အဖွဲ့အစည်း၏ထိုစိတ်ပိုင်းဆိုင်ရာလက္ခဏာမှာနိုင်ငံရေးအရသက်ရော
ရာက်မှုအလွန်ကြီးမားသည်။ဝယ်ယူစားသုံးမှုမြင့်မားလာခြင်းကိုဘဝအရည်အသွေးမြင့်မားလာခြင်



[12] Ugarteche (1986), Vilate (1986), Calcagno (1988), Marichal (1988) နှင့် Acosta (1994) တို့ကိုကြည့်ပါ

င်းနှင့်လည်းရောထွေးအမှတ်များကြပြန်သည်။သဘာဝပတ်ဝန်းကျင်ရှုထောင့်မှဖြစ်စေ၊လူမှုရေးအရ
အရဖြစ်စေထိုသို့စိတ်တိုင်းကျသုံးစွဲမှုယုတ္တိများထွန်းကားလာသောအခါအစိုးရအနေနှင့်လည်းတူးဖော်
ာ်ထုတ်ခဲ့ရောင်းချမှုများကိုရှေ့ဆက်တိုးလုပ်ဆောင်ရန်သာရှိတော့သည်။

ထိုအခြေအနေတွင်အရင်းအမြစ်များပြုန်းတီးမှုဖြစ်ပေါ် သည်။ပြည်တွင်းထုတ်ပစ္စည်းများအစားနိုင်ငံခြားမှတင်သွ
ံခြားမှတင်သွင်းသောပစ္စည်းများကိုပိုမိုသုံးစွဲလာကြသည်။ယင်းကိုပြည်တွင်းငွေတန်ဖိုးမြင့်မှုကတွန်းအားပေး
့မှုကတွန်းအားပေးသည်။လိုအပ်သောလုပ်ဆောင်မှုများကိုဆောင်ရွက်ထားခြင်းမရှိပါကအများပြည်သူဆိုင်ရာ
သူဆိုင်ရာရင်းနှီးမြှုပ်နှံမှုများနှင့်အသုံးစရိတ်များသည်ပင်လျှင်ပြည်တွင်းထုတ်လုပ်မှုကိုအားမပေးပဲသွင်းကု
အားမပေးပဲသွင်းကုန်များကိုသာပိုမိုအားပေးသောသဘောရှိသည်။ထို့ကြောင့်ရန်ပုံငွေများပေါပေါများများရှိတို
ားရှိတိုင်းလည်းအကျိုးရှိအောင်အသုံးချရန်မလွယ်ကူပေ။

ဒေသတွင်းရေနံနှင့်ဓာတ်သတ္တုထုတ်လုပ်မှုများသည်ညီညွတ်သောစီးပွားရေးဖွံ့ဖြိုးမှုကိုဖြစ်စေမည့်တက်ကြွေ
စမည့်တက်ကြွသောစီးပွားချိတ်ဆက်ဆောင်ရွက်မှုများကိုဖြစ်ပေါ် စေခြင်းမရှိကြောင်းအထောက်အထားများ
်အထားများအရသိရသည်။ထိုစီးပွားရေးများတွင်ကုန်ကြမ်းအဆင့်ဆင့်ထုတ်လုပ်မှုဖြစ်စဉ် backward
linkage၊တန်ဖိုးမြှင့်ကုန်ချောအဆင့်ဆင့်ထုတ်လုပ်မှုဖြစ်စဉ် forward linkage
နှင့်အဆုံးသတ်ဝယ်လိုအားဈေးကွက်အထိချိတ်ဆက်ထားခြင်း၊ဟန်ချက်ညီချိန်သားကိုက်ဆောင်ရွက်နိုင်ခြင်
ရွက်နိုင်ခြင်းမျိုးမရှိတတ်ပေ။ထို့အပြင်နည်းပညာလွှဲပြောင်းမှုနှင့်စီးပွားရေးအတွင်းရှိအခြားကဏ္ဍများကိုအ
အခြားကဏ္ဍများကိုအကျိုးဖြစ်စေတတ်သောဘေးထွက်ကောင်းကျိုးများကိုဖန်တီးပေးနိုင်ခြင်းလည်းမရှိပေ။

ထိုမှတစ်ဆင့်ထိုအခြေခံကုန်ကြမ်းတင်ပို့သောစီးပွားရေးများ၏မကောင်းသောဝိသေသတစ်ခုကိုလ
့လည်းဖြစ်စေသည်။ယင်းမှာကျန်စီးပွားကဏ္ဍများနှင့်လုံးလုံးအဆက်ပြတ်ပြီးသီးခြားစီ
စီရှိနေတတ်သောသဘောဖြစ်သည်။ရေနံ၊တွင်းထွက်သတ္တုလုပ်ငန်း၊စီးပွားဖြစ်ပြည်ပပို့ကုန်စိုက်ခင်းမျာ
ျား၊သစ်တောနှင့်ရေလုပ်ငန်းစသောလုပ်ငန်းများတွင်အထက်ပါဝိသေသရှိသည်။နျူကလီးယားနှင့်[13]ဇီဝလော
င်စာကဲ့သို့သောစွမ်းအင်လုပ်ငန်းများတွင်လည်းအလားတူသဘောသဘာဝရှိသည် (Houtart, 2011)။

ထိုသယံဇာတအခြေခံလုပ်ငန်းများမှရရှိသောအကျိုးအမြတ်မှာအလွန်ကြီးမားသောကြောင့်တိုင်းပြည်အတွင်
ပြည်အတွင်းရှိအရင်းအမြစ်ခွဲဝေနေရာချထားမှုမှာပုံပျက်ပန်းပျက်ဖြစ်လေ့ရှိသည်။ထိုလုပ်ငန်းများကြောင့်ဓနနှင်
ကာင့်ဓနနှင့်နိုင်ငံရေးတန်ခိုးအာဏာတို့သည်လူနည်းစုလက်တွင်သာရှိနေသည်။ထိုသို့လုပ်ပိုင်ခွင့်သက်သ
င်ခွင့်သက်သက်မှအကျိုးအမြတ်ရနေသောလက်တစ်ဆုပ်စာလူတစ်စုသည်ပြည်တွင်းစီးပွားရေးတွင်ကိုယ်တိုင်လ
့င်လည်းရင်းနှီးမြှုပ်နှံမှုမလုပ်သလိုရင်းနှီးမြှုပ်နှံမှုကိုလည်းအားမပေးချေ။၎င်းတို့ကနိုင်ငံခြားမှတင်သွင်းသောကု
ကနိုင်ငံခြားမှတင်သွင်းသောကုန်စည်များစားသုံးခြင်းကိုအားပေးပြီးအများစုမှာအကျိုးအမြတ်များကိုနိုင်ငံရပ်ခြား
ိုင်ငံရပ်ခြားသို့ထုတ်ယူသွားလေ့ရှိသည်။၎င်းတို့အများစုသည်အခွန်ကင်းလွတ်ခွင့်ကြီးမားသောတိုင်းပြည်များတွ
ပြည်များတွင်အခြေစိုက်ထားသည့်ကုမ္ပဏီများမှတစ်ဆင့်လုပ်ငန်းများကိုစီမံကြခြင်းဖြစ်သည်။

အကျိုးဆက်အနေနှင့်သယံဇာတတူးဖော်ထုတ်လုပ်ခွင့်ကိုလက်ဝါးကြီးအုပ်ရရှိသောအခွင့်ထူးခံစီးပွားရေးလုပ်ငန်
းလုပ်ငန်းများသည်သီးသန့်ရပ်တည်ရှင်သန်ကြပြီးအားနည်းသောနိုင်ငံတော်များအတွင်းရှိအားကောင်းသော
အားကောင်းသောကော်ပိုရေးရှင်းကြီးများဖြစ်လာကြသည်။

[13]နျူကလီးယားစွမ်းအင်မှာ ယူရေနီယမ်သတ္တုပေါ် အခြေခံရပြီး ထိုစွမ်းအင်ကိုပင် တစ်ဖန်ပြန်လည်သုံးစွဲရသောကြောင့် တူးဖော်ရေးထဲတွင် ပါဝင်သည်။

ထိုလုပ်ငန်းများမှအဓိကအကျိုးအမြတ်ရရှိသူများမှာနိုင်ငံတကာကော်ပိုရေးရှင်းများဖြစ်သည်။၎င်းတို့သည်သ
တို့သည်သက်ဆိုင်ရာသယံဇာတလုပ်ငန်းတွင် 'ရဲရင့်စွာစွန့်စားလုပ်ကိုင်ခြင်း'
ကြောင့်အသိအမှတ်ပြုချီးကျူးခြင်းခံရလေ့ရှိသည်။၎င်းတို့ကြောင့်တိုင်းပြည်၏စီးပွားရေးကိုတိုင်းပြည်ကမပိုင်
ပည်ကမပိုင်တော့သည့်အဖြစ်မျိုးကိုလည်းမည်သူကမှအဖက်လုပ်ပြီးပြောဆိုနေခြင်းမရှိတော့ပေ။အကြောင်
ပ။အကြောင်းမှာသယံဇာတထုတ်လုပ်နိုင်သည့်အဆင့်ရောက်အောင်ရင်းနှီးမြှုပ်နှံရမှုကကြီးမားသောကြောင်
ရမှုကကြီးမားသောကြောင့်သို့မဟုတ်အစိုးရကိုယ်တိုင်ကပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့်ပြည်တွင်းလုပ်ငန်းများကိုအား
းလုပ်ငန်းများကိုအားပေးခြင်းမရှိသောကြောင့်ဖြစ်သည်။ထို့အပြင်နိုင်ငံစုံကော်ပိုရေးရှင်းတစ်ချို့ကတိုင်းပြည်
တစ်ချို့ကတိုင်းပြည်၏ပို့ကုန်သွင်းကုန်ရှင်းတမ်းတွင်၎င်းတို့၏ပါဝင်မှုကြီးမားသည်နှင့်အမျှလမ်းကြောင်းသွေ
းကြောင်းသွေဖယ်လိုသောအစိုးရများကိုပါအကျပ်ကိုင်လာနိုင်သည်ကိုတွေ့ရသည်။

နိုင်ငံရပ်ခြားကုမ္ပဏီများသည်၎င်းတို့အတွက်အသာရသောစည်းမျဉ်း၊လုပ်ထုံးများကိုခံစားကြရလေ့ရှိပြီ
ပီးအစိုးရအဖွဲ့တွင်း၌၎င်းတို့၏ဒါရိုက်တာသို့မဟုတ်ဥပဒေအကျိုးဆောင်များကရာထူးနေရာများရယူထားခြင်းမျ
မျိုးလည်းရှိတတ်သည်။၎င်းတို့နောက်တွင်ဥပဒေအကျိုးဆောင်အဖွဲ့များနှင့်တစ်ခါတရံမီဒီယာများပါရှ
ရှိတတ်သည်။ဤနည်းအားဖြင့်မူဝါဒနှင့်ဥပဒေအပြောင်းအလဲများမှာလည်း၎င်းတို့အကျိုးအတွက်ဖြစ်
စ်အောင်ကြံဆောင်နိုင်ကြသည်။ထိုအခြေအနေမျိုးကို IDB
နှင့်ညီနောင်အဖွဲ့အစည်းများဖြစ်သောကမ္ဘာ့ဘဏ်[14]၊နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့စသည်တို့က
့ကလည်းအားပေးထောက်ခံမှုပြုသည်။

ထိုသို့နိုင်ငံတကာမှအကြီးအကျယ်ပြုထားသောဖြစ်စဉ်ကြောင့်နိုင်ငံတော်များ၏နယ်နိမိတ်များရှုံ့တွကျဉ်
များရှုံ့တွကျဉ်းမြောင်းလာခြင်းဟူသောရှုပ်ထွေးသည့်ဖြစ်စဉ်ဖြစ်ပွားသည်။နိုင်ငံတော်ကရေနံနှင့်ဓာတ်သတ္တုလု
ရေနံနှင့်ဓာတ်သတ္တုလုပ်ငန်းများနှင့်ပတ်သက်လျှင်လက်ရှောင်လေ့ရှိပြီးလူမှုတောင်းဆိုမှုများကိုဖြည့်ဆည်းရ
ကိုဖြည့်ဆည်းရန်တာဝန်မှာကုမ္ပဏီများဖြစ်သည်ဟုဆိုကာရှောင်ထွက်တတ်သည်။ထို့ကြောင့်သယံဇာတဒေ
ဇာတဒေသများကိုအစိုးရကစနစ်တကျစီမံခန့်ခွဲနိုင်ခြင်းမရှိပဲလက်တွေ့တွင်နိုင်ငံ၏ဥပဒေများအသက်ဝင်စိုး
က်ဝင်စိုးမိုးမှုမရှိသောနေရာများဖြစ်နေလေ့ရှိသည်။ယင်းကြောင့်အကြမ်းဖက်မှုများ၊ဆင်းရဲမွဲတေမှုများနှင်
တမှုများနှင့်ဘေးဖယ်ထုတ်မှုများဖြစ်ပေါ်ပြီးရေရှည်အမြော်အမြင်ကင်းမဲ့သောအစိုးရများကလူမှုရေးနှင့်စီးပွားရေး
ှင့်စီးပွားရေးဆိုင်ရာတာဝန်များကိုကျေပွန်ခြင်းမရှိပဲပုလိပ်ဆန်ဆန်နိုင်ငံတော်အဖြစ်ပြုကျင့်မှုများကိုတွေ့န
မှုများကိုတွေ့နိုင်သည်။

အလုပ်အကိုင်ဖန်တီးနိုင်စွမ်းနည်းပါးခြင်း၊ဝင်ငွေနှင့်ခနခွဲဝေမှုမညီမျှခြင်းစသည်တို့ကထွက်လမ်းမရှိသော
ထွက်လမ်းမရှိသောထောင်ချောက်ထဲပိတ်မိစေသည်။ငွေရင်းမြှုပ်နှံပါကအမြတ်အစွန်းများနိုင်သောလုပ်ငန်
နိုင်သောလုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံမှုများရရန်ခက်ခဲပြီးလုပ်အား၏ကုန်ထုတ်လုပ်နိုင်စွမ်းမြင့်မားသောခေတ်မီ
စွမ်းမြင့်မားသောခေတ်မီလုပ်ငန်းများမှာလည်းပြည်တွင်းဈေးကွက်အာမခံချက်မရှိသောကြောင့်ဝင်ရောက်လုပ်ကို
င်ရောက်လုပ်ကိုင်ခြင်းမရှိပေ။ထိုမှတစ်ဖန်နည်းပညာ၊ကျွမ်းကျင်လုပ်သား၊အခြေခံအဆောက်အဦနှင့်အရံငွေ
င့်အရံငွေကြေးစသည်တို့ပါရှားပါးပြတ်လပ်ပြီးရင်းနှီးမြှုပ်နှံမှုကိုအားမပေးပြန်ချေ။ဤသို့နှယ်ဂျအေးသူ့အမေရိုက်လျ
အားသူ့အမေရိုက်လျက်ရှိသည်။

[14]ကမ္ဘာ့ဘဏ်က နီယိုလစ်ဘရယ်ခေတ်မှသည် ယနေ့တိုင် ဇရာမမိုင်းတွင်းလုပ်ငန်းများကို ထောက်ခံနေဆဲဖြစ်သည်
Sinnott, Nash and de la Torre (2010)။

ရေနံနှင့်တွင်းထွက်သတ္တုလုပ်ငန်းများ၏ (မကောင်းသော)
ထူးခြားချက်တစ်ခုမှာအခြားထုတ်လုပ်မှုကဏ္ဍများကဲ့သို့တိုက်ရိုက်၊တစ်ဆင်ခံအလုပ်အကိုင်များဖန်တီးနိုင်စွ
စွမ်းနည်းပါးခြင်းဖြစ်သည်။
(၎င်းတို့ခန့်နိုင်သောအလုပ်အကိုင်များကိုမူလုပ်ခကောင်းကောင်းပေးလေ့ရှိသည်။)
ထိုလုပ်ငန်းများမှာငွေရင်းနှင့်ပြည်ပမှတင်သွင်းရသောနည်းပညာများကိုအဓိကမီခိုရလေ့ရှိပြီးကျွမ
ျမ်းကျင်လုပ်သားများနှင့် (ပြည်ပမှ)
စီမံခန့်ခွဲသူများကိုအဓိကခန့်အပ်ရလေ့ရှိသည်။အသုံးပြုသောသွင်းအားစုများနှင့်နည်းပညာမှာနိုင
င်ငံခြားမှတင်သွင်းရသည်ကများသည်။ထို့ကြောင့်ကုန်ကြမ်းသယံဇာတတူးဖော်သောလုပ်ငန်းမှနိုင်ငံ
ငံတွင်းသို့စီးဝင်သောထပ်တိုးတန်ဖိုးသို့မဟုတ်ပြန်ရချက်မှာမရှိသလောက်ပင်ဖြစ်သည်။

ရေနံနှင့်ဓာတ်သတ္တုကုမ္ပဏီများအဓိကပါဝင်သောတစ်ဖက်ပိတ်စီးပွားရေးများတွင်နိုင်ငံရေးဖွဲ့စည
စည်းပုံနှင့်အလေ့အကျင့်များမှာစီးပွားရေးအကျိုးအမြတ်အခွင့်ထူးခံရလိုခြင်းဖြစ်ပြီးအဆုံးအဖြ
ဖြတ်များကိုလောဘ၊ဂတိတရားနှင့်အာဏာရှင်ဝါဒဖြင့်ချမှတ်သည်။ထို့ကြောင့်အစိုးရအသုံးစရိတ်များအချ
ချိုးမညီတိုးမြင့်ခြင်းနှင့်ဝင်ငွေခွဲဝေမှုကိုထင်သလိုစီမံခြင်းများဖြစ်ပေါ်သည်။

ထိုအခြေအနေများနှင့်ရေနံ၊ဓာတ်သတ္တုကဏ္ဍတို့၏နည်းပညာဆိုင်ရာလက္ခဏာရပ်များကြောင့်တိုက်ရိ
ိုက်အလုပ်အကိုင်များကိုအလုံးအရင်းနှင့်ဖန်တီးပေးနိုင်စွမ်းမရှိပေ။ထိုအချက်သည်ကုန်ကြမ
ကမ်းသယံဇာတများကြွယ်ဝသောတိုင်းပြည်များတွင်အဘယ့်ကြောင့်လူအများဆင်းရဲမွဲတေနေလေ့ရှ
ရှိသည်ကိုတစ်စိတ်တပိုင်းအဖြေပေးနိုင်သည်။

ထိုလုပ်ငန်းများတည်ရှိရာနေရာနှင့်အနီးတဝိုက်ရှိပြည်သူများသည်လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိ
ိုးရိုက်ခတ်မှုများကြီးစွာခံစားရလေ့ရှိသည်။လူအများစုအကြွင်းမဲ့ဆင်းရဲမွဲတေခြင်းနှင့်
(လုပ်ပိုင်ခွင့်မှအကျိုးအမြတ်ကြီးမားစွာရရှိသောသဘာဝသယံဇာတပမာဏကြီးမားစွာထွက်ရှိခြင်းသည
သည်ဆက်စပ်လျက်ရှိသောအချက်များဖြစ်သည်။ထိုထုတ်ယူမှုပုံစံတွင်ပြည်တွင်းဈေးကွက်မလိုအပ
ပ်သလိုအလုပ်သမားများ၏ကုန်ထုတ်စွမ်းအားတိုးမြှင့်ရေးအတွက်ဆောင်ရွက်စရာလည်းမလိုပေ။အခွင
င့်ထူးခံလုပ်ပိုင်ခွင့်များရခြင်း၊မရခြင်းကထုတ်လုပ်မှုလုပ်ငန်းများကိုအဆုံးအဖြတ်ပေးပြီးလူမှုဆက်သွယ်မှု
မှုများကိုပါပြဌာန်းပေးသည်။ရေနံနှင့်ဓာတ်သတ္တုကဏ္ဍသည်နိုင်ငံတကာကုမ္ပဏီကြီးများကိုသာအက
အကျိုးဖြစ်စေသောလက်ဝေခံဆက်ဆံရေးကိုဖြစ်ပေါ်စေပြီးနိုင်ငံနှင့်ဒေသဆိုင်ရာအဆင့်ဖွံ့ဖြိုးရေးစ
းစီမံကိန်းများအကောင်အထည်ဖော်ခြင်းကိုအနှောင့်အယှက်ဖြစ်စေသည်။



ထိုတူးဖော်ရေးအခြေခံစီးပွားရေးစနစ်ကြောင့်သဘာဝပတ်ဝန်းကျင်ဆိုးရွားစွာထိခိုက်ပြီးပြန်လည်ပြင
ပင်ဆင်၍မရနိုင်သောပျက်ဆီးမှုများကိုပါဖြစ်ပေါ်စေသည်။ထိုအချက်ကိုသက်သေပြနေသောကမ္ဘာအဝှ
ဝှမ်းမှသုတေသနရလာဒ်များအများအပြားရှိသည်။လူသားတို့၏နစ်နာဆုံးရှုံးရမှုများမှာလည်းမရေမတ
မတွက်နိုင်ဖြစ်သလိုယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်အများအပြားလည်းပျက်ဆီးဆုံးရှုံးရသည်။ထိုသ
သို့ဖြစ်သော်လည်းစီးပွားရေးဖက်တွင်မည်သည့်မျက်နှာစာကမှတိုးတက်လာသည်ဟုမရှိပေ။
ပ။ရေနံနှင့်ဓာတ်သတ္တုများတင်ပို့ခြင်းကိုအဓိကအားထားသောနိုင်ငံများသည်များသောအားဖြင့်စီ
စီးပွားရေးအရခေတ်နောက်ကျနေပြီးတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတိုးချဲ့သည်နှင့်အမျှပတ်
တ်ဝန်းကျင်ပြဿနာများလည်းကြီးထွားလာလေ့ရှိသည်။

သတ္တုမိုင်းတွင်းလုပ်ငန်းများအကြောင်းဆွေးနွေးပါမည်။ခေတ်သစ်မိုင်းတွင်းများအားလံ
လုံးသည်တိုတောင်းသောကာလအတွင်းဓာတ်သတ္တုသံယံဇာတများကိုများနိုင်သမျှများအောင်ထ

ထုတ်ယူခြင်းပေါ်တွင်အခြေပြုရသည်။သို့သော်ထိုသတ္တုသိုက်များမှာအလွန်ကြာမြင့်သောဘူမိအချ
ချိန်စကေးဖြင့်တဖြည်းဖြည်းချင်းစုစည်းဖြစ်ပေါ်လာခြင်းဖြစ်သည်။လက်ရှိအချိန်တွင်ဓာတ်သတ္တု
ပါဝင်မှုပမာဏမြင့်မားသောသိုက်များမှာတနေ့တခြားရှားပါးလာပြီဖြစ်သည်။သို့သော်ကမ္ဘာ့ဈေးကွက်တွ
တွင်ဈေးဆက်တက်နေမှုကြောင့်ပါဝင်နှုန်းနိမ့်သောသတ္တုသိုက်များတွင်တူးဖော်လျှင်ပင်စီးပွားဖြစ
ဖစ်နေသေးသည့်အခြေအနေရှိသည်။ထိုသို့စီးပွားဖြစ်စေရန်အတွက်လည်းပမာဏအလွန်ကြီးမားသောသ
ာသတ္တုတွင်းကြီးများကိုတူးဖော်ရသလိုဆိုင်ရာနိုက်၊ဆာလ်ဖျူရစ်အက်ဆစ်တို့ကဲ့သို့သောအဆိပ်အ
အတောက်ကြီးသောပစ္စည်းများနှင့်ရေပမာဏအများကြီးကိုသုံးစွဲရသည်။ထုတ်လုပ်မှုဖြစ်စဉ်တွင်ပ
ပမာဏအလွန်ကြီးမားသောစွန့်ပစ်ပစ္စည်းများလည်းထွက်ရှိသည်။

ပမာဏကြီးမားလွန်းသောတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကြောင့်ကြီးမားသောပတ်ဝန်းကျင်ဆိ
ဆိုင်ရာသက်ရောက်မှုကိုဖြစ်ပေါ်စေသည်။ရောမတွင်းကြီးများတူးပြီးအန္တရာယ်ကြီးသောဓာတုပစ္စည်
ည်းများအများအပြားသုံးစွဲရသည့်လေ့လာခြင်းနှင့်တူးဖော်ထုတ်လုပ်ခြင်းအဆင့်များတွင်
င်သာမကစွန့်ပစ်မြေစာပုံများကပင်ပမာဏကြီးမားသောနယ်မြေများကိုနှောင့်ယှက်ဖျက်ဆီးမှုအ
အကြီးအကျယ်ပေးနိုင်သည်။

စွန့်ပစ်မြေစာပုံများသည်ကာလရှည်ကြာစွာဆက်လက်တည်ရှိနေမည်ဖြစ်သဖြင့်သိပ်သည်းသောသတ္တု
တ္တုများနှင့်အက်စစ်များပါဝင်သောအညစ်အကြေးများသည်မြေလွှာနှင့်ရေထုသို့စိမ့်ဝင်ပြီးပတ်ဝန
ဝန်းကျင်ကိုအဆိပ်သင့်စေမည်ဖြစ်သည်။အထူးသဖြင့်ဆာလဖာဓာတ်ပါသောသတ္တုအကြွင်းအကျန်မျ
များနှင့်မိုးရေသို့မဟုတ်စိုထိုင်းသောလေထုတို့ဓာတ်ပြုရာတွင်အက်ဆစ်ဓာတ်များပေါက်ဖွားလာ
လာသောအန္တရာယ်မှာအလွန်ကြီးမားသည်။အီကွေဒေါနိုင်ငံရှိသတ္တုတွင်းများတွင်ဆာလဖာဓာတ်
တ်ပါသောကျောက်သားများမြေပေါ်ပေါ်လာခြင်းကြောင့်မြေအောက်ရေများအက်ဆစ်ဓာတ်သင့်
မည့်အန္တရာယ်အကြီးအကျယ်ခြိမ်းခြောက်ခံနေရသည်။

ထိုသို့ညစ်ညမ်းမှုများသည်ရေအရင်းအမြစ်များကိုအဓိကဒုက္ခပေးလေ့ရှိပြီးလူတို့သုံးစွဲရန်သို့မဟုတ်စိုက်ပ
ပျိုးရေအဖြစ်သုံးစွဲရန်မသင့်တော်သောအခြေအနေသို့ရောက်ရှိသွားစေသည်။ရေအရင်းအမြစ်
စ်များညစ်ညမ်းအဆိပ်သင့်ခြင်းသည်မျက်စိကွယ်ခြင်းနှင့်အရေပြားရောဂါများအပါအဝင်ပြည်သူ
သူ့ကျန်းမာရေးပြဿနာအများအပြားကိုဖြစ်ပွားစေသည်။ယင်းတွင်ရောမတူးဖော်ရေးလုပ်ငန်းကြီးမျာ
ားနှင့်ဆက်စပ်၍ဖြစ်ပွားသောလူမှုရေးပြဿနာများမပါဝင်သေးပေ။

တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းအမျိုးမျိုးတို့သည်အစဉ်အဆက်ကပင်ကမ္ဘာကြီးကိုပုံစံအမျိုးမျိုးဖြင့်ဖျက်ဆီ
ဆီးခဲ့ကြပြီးဖြစ်သည်။ယနေ့ကာလတွင်စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌တွင်းထွက်သယံဇာတများကုန်သလောက်ဖြ
ဖြစ်နေပြီဖြစ်ရာရေနံနှင့်ဓာတ်သတ္တုကဲ့သို့သယံဇာတများထုတ်လုပ်ရေးသည်ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်
ပါ်တွင်ဖိအားအဖြစ်သက်ရောက်လာပြီဖြစ်သည်။သက်ဆိုင်ရာလူ့အဖွဲ့အစည်းများရှိသဘာဝပတ်ဝန်းကျင်ကို
ကာကွယ်ကြသူများကကမ္ဘာ့စီးပွားရေးစနစ်ကြီး၏သယံဇာတလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရေးအတွက်ဖွ
ဖွံ့ဖြိုးပြီးနိုင်ငံများကဆင်းရဲသောဖွံ့ဖြိုးဆဲနိုင်ငံများကိုအတင်းအကျပ်ဖိအားပေးနေကြသည်ဟုပင်ဆိုကြသည်။

နိုင်ငံတကာကုမ္ပဏီကြီးများနှင့်သက်ဆိုင်ရာအစိုးရများကပမာဏကြီးမားသောရေနံနှင့်ဓာတ်သတ္တု
သိုက်ကြီးများကိုတွေ့ရှိပြီဟုကြေညာလေ့ရှိပြီးဈေးကွက်ပေါက်ဈေးဖြင့်မည်ရွေ့မည်မျှရှိမည်ဟုတ
တွက်ချက်ပြလေ့ရှိသည်။ထိုကိန်းဂဏန်းများသည်များသောအားဖြင့်ချဲ့ကားထားခြင်းသာဖြစ်ပြီ
ပီးလူထု၏ထောက်ခံမှုရရှိအောင်ဖျားယောင်းစည်းရုံးခြင်းသာဖြစ်လေ့ရှိသည်။ထိုသို့ကြွားဝါသော
သာကိန်းဂဏန်းများတွင်ထုတ်လုပ်မှုကြောင့်ဖြစ်ပွားသောလူမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာနစ်နာမှုစရိတ်

တ်များကိုလည်းထည့်သွင်းတွက်ချက်ရမည်ဖြစ်သည်။ဥပမာအားဖြင့်ပတ်ဝန်းကျင်ညစ်ညမ်းမှုကြော
ကာင့်တန်ဖိုးမည်မျှနစ်နာဆုံးရှုံးသည်ကိုတွက်ပြဖို့လိုသည်။ယင်းစရိတ်များကိုများသောအားဖြင
င့်တူးဖော်ထုတ်လုပ်ရေးစီမံချက်များတွင်ထည့်သွင်းကျခံလေ့မရှိပဲ၎င်းတို့အစားလူ့အဖွဲ့အစည်းကကျ
ကျခံရသည်။ဥပမာချက်ဗရှန်-
တက်စ်ကိုကုမ္ပဏီကြောင့်အီကွေဒေါနိုင်ငံ၏အရှေ့မြောက်အမေဇုံဒေသတွင်ပျက်ဆီးမှုများမှာစံနမူ
မူနာဖြစ်သည်။နောက်ပိုင်းတွင်ကုမ္ပဏီကိုတရားစွဲဆိုသည်အထိဖြစ်ပွားခဲ့သည်။အလားတူနစ်နာသောစရိတ်
တ်များတွင်ဆိုးရွားသောထောက်ပံ့ကြေးများပါဝင်သည်။ဆိုလိုသည်မှာရေနံနှင့်ဓာတ်သတ္တုတူးဖော်ရေး
ရေးလုပ်ငန်းများသို့လျှပ်စစ်ဓာတ်အားနှင့်ရေလျှော့ဈေးဖြင့်ပေးခြင်း၊လမ်းပန်းဆက်သွယ်ရေးအခ
အဆောက်အဦများပေးခြင်းစသည့်စရိတ်များဖြစ်သည် (Gudynas, 2011c)။ထိုကုန်ကျစရိတ်များကိုထုတ်ဖော်တွက်ချက်ပြလိုက်မည်ဆိုပါကကုမ္ပဏီများ၏စီးပွားဖြစ်မှုကိုအကြ
ကြီးအကျယ်ထိခိုက်စေမည်ဖြစ်ပြီး၎င်းတို့အတွက်လူ့အဖွဲ့အစည်းကကျခံရသောကြီးမားသောစရိတ်စကမျ
များကိုပေါ်ထွက်လာစေမည်ဖြစ်သည်။

တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကြောင့်ဒေသခံများအလုပ်ရရှိမှုမှာလည်းမဆိုစလောက်သာရှိရာ
ရာပြင်းထန်သောလူမှုရေးပဋိပက္ခများလည်းဖြစ်ပွားလေ့ရှိသည်။လူမှုရေးနှင့်စီးပွားရေးသက်ရောက
ာက်မှုများကြောင့်ရပ်ရွာလူထုနှင့်မိသားစုများအတွင်း၌ပင်ပဋိပက္ခနှင့်ထိပ်တိုက်တွေ့မှုများဖြစ်
စ်ပေါ်သည်။အိမ်တွင်းအကြမ်းဖက်မှုများ၊လူ့အခွင့်အရေးချိုးဖောက်မှုများ၊ရာဇဝတ်မှုနှင့်အကြမ်းဖက်မှုမျ
များတိုးပွားခြင်း၊မြေယာမှောင်ခိုရောင်းဝယ်ခြင်းများလည်းဖြစ်ပွားလေ့ရှိသည်။

ဒေသတွင်းတူးဖော်ရေးလုပ်ငန်းများကြောင့်ဆယ်စုနှစ်များကြာလာသည့်အခါအပြည့်အဝအလုပ်
ပ်မရှိခြင်း၊အလုပ်လက်မဲ့နှင့်ဆင်းရဲမွဲတေမှုများဖြစ်ပွားခြင်းတို့မြင့်မားစွာဖြစ်ပွားသည်။ဝင်ငွေနှင့်ခနေခ
နခွဲဝေမှုများမှာလည်းပိုမိုမညီမမျှဖြစ်လာသည်။လုံလောက်သောအလုပ်အကိုင်အခွင့်အလမ်းနှင့်ဝင
ဝင်ငွေတို့ကိုဖန်တီးပေးနိုင်ခြင်းမရှိသောကြောင့်ဒေသတွင်းဈေးကွက်များလည်းပေါ်ထွန်းမလာတော့ချေ။ (ဝင်ငွေနှင့်အခွင့်အလမ်းများတစ်ဆင့်ချင်းလွှဲပြောင်းဖြစ်ထွန်းခြင်း trickle-down effect ဖြစ်ပွားခြင်းမရှိပေ။) ထို့ကြောင့်စီးပွားရေးကိုပြည်ပကုန်ကြမ်းတင်ပို့ခြင်းသို့သာပိုမိုဦးတည်ရတော့သည်။ပြည်တွင်းဈေးကွက်
က်၌ဝယ်သူတစ်ဦးမှမရှိဟူသောလက်သုံးစကားလည်းပေါ်ထွက်လာသည်။

ထို့သို့ပြည်ပတင်ပို့မှုတစ်ခုတည်းကိုသာဦးစိုက်ထားခြင်းကြောင့်နိုင်ငံတွင်းစီးပွားရေးအသိုင်းအဝိုင်းတ
းတွင်တီထွင်ဆန်းသစ်မှုများနှင့်မက်လုံးများကင်းမဲ့လာသည်။ပြည်ပတင်ပို့မလား၊ကျဆုံးခံမလာ
လားဆိုသည့်လက်သုံးစကားမှာထိုသို့သောလူ့အဖွဲ့အစည်းများတွင်တွေ့ရလေ့ရှိပြီးနိုင်ငံတွင်းရှိစွ
စွမ်းဆောင်ရည်များနှင့်ဖြစ်တန်စွမ်းများကိုအကျိုးမဲ့ဖြုန်းတီးပစ်နေခြင်းသာဖြစ်သည်။

တူးဖော်မှုလက်သစ်ဝါဒ- တူးဖော်ရေးဝါဒ၏ခေတ်သစ်မှုကွဲ

စတင်တည်ထောင်စဉ်ကတည်းကလက်တင်အမေရိကရှိအခြေခံကုန်ကြမ်းတင်ပို့သောတိုင်းပြည်များ
ားသည်ဆင်းရဲတွင်းနှင့်အာဏာရှင်စနစ်များ၏လက်တွင်းမှရုန်းထွက်နိုင်ခြင်းမရှိကြချေ။ယင်းမှ
မှာဝိရောဓိဖြစ်သည်။ထိုနိုင်ငံများသည်သယံဇာတကိုအကြောင်းပြု၍ကြီးမားသောဝင်ငွေကိုရရှိကြ
ကြသော်လည်းတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေခံများကိုချမှတ်နိုင်ခြင်းမရှိသလိုဆင
ဆင်းရဲတွင်းမှလည်းလွတ်အောင်မစွမ်းဆောင်နိုင်ကြပေ။၎င်းတို့ဆင်းရဲရခြင်းမှာလူသားတီထွင်ဖန်
န်တီးမှုနှင့်တန်ဖိုးမြှင့်ထုတ်လုပ်မှုများထက်စာလျင်သဘာဝတရားကြီးမှအညှာတာမဲ့စွာတူးဖော်ထုတ်လုပ
ပ်ရောင်းချခြင်းကိုသာအဓိကဦးစားပေးခဲ့ကြသောကြောင့်ဖြစ်သည်။

မကြာသေးမီနှစ်များအတွင်းကဒေသတွင်းအာဏာရရှိလာကြသောတိုးတက်သောအစိုးရများသည
သည်အထက်တွင်ဖော်ပြထားသောဆိုးကျိုးအချို့ကိုသတိပြုမိကြပြီးတူးဖော်ထုတ်လုပ်ရေးပုံစံတွ
တွင်ပြုပြင်ပြောင်းလဲမှုတစ်ချို့ပြုလုပ်ရန်ကြိုးစားလာကြသည်။သို့သော်အစိုးရ၏တရားဝင်ထုတ်ဖော
ဖော်ပြောဆိုမှုများနှင့်အစီအစဉ်အချို့မှလွဲ၍၎င်းတို့တွင်လည်းယင်းသို့ဆိုးကျိုးများသည့်ခနစုဆောင်းမှုပ
ပုံစံကိုအခြေအမြစ်မှပြောင်းပြန်လှန်ပစ်ရန်အစီအစဉ်ရှိပုံမပေါ်ပေ။ထိုအစိုးရများသည်ယခင်ကလျှစ်လျူထ
ထားခဲ့သောတောင်းဆိုမှုအများအပြားကိုဖြည့်ဆည်းရန်ကြိုးစားရင်း၎င်းတို့ကိုယ်တိုင်လည်းအာဏာကိုပိ
ပိုမိုခိုင်မာအောင်တည်ဆောက်လာပြီးကျေးဇူးခံကျေးဇူးစားဝါဒနှင့်အာဏာရှင်အလေ့အကျင့်များကျင
ကျင့်သုံးလာကြသည်ကိုလည်းတွေ့ရသည်။

Eduardo Gudynas (2009b နှင့် 2010c) ထောက်ပြခဲ့သလိုပင်တောင်အမေရိကရှိတိုးတက်သောအစိုးရများလက်ထက်တွင်လည်း 'ဖွံ့ဖြိုးရေးအစီအစဉ်များ၏အဓိကကျောထောက်နောက်ခံအဖြစ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကိုသတ်မှ
မှတ်ထားသည်'။ Gudynas
ကဆက်လက်ပြီးတိုးတက်သောအစိုးရများသည်အမှန်စင်စစ်အဟောင်းနှင့်အသစ်ရောနှောပြီးတ
တူးဖော်ရေးဝါဒသစ်ကိုဖော်ထုတ်နေကြခြင်းသာဖြစ်သည်ဟုဆိုသည်။အဘယ့်ကြောင့်ဆိုသော်
လက်ရှိခနစုဆောင်မှုပုံစံတွင်သိသာထင်ရှားသောအပြောင်းအလဲများပေါ်ပေါက်မလာသောကြော
ကြောင့်ဖြစ်သည်။တူးဖော်ရေးလက်သစ်ဝါဒသည်နိုင်ငံတကာကော်ပိုရေးရှင်းများ၏ကမ္ဘာ့မှုပြုသ
သည့်ဖြစ်စဉ်ကိုဆက်လက်ပံ့ပိုးရန်အတွက်နိုင်ငံတကာဈေးကွက်တွင်အဆင့်နိမ့်နေရာမှ
မှဆက်လက်အသုံးတော်ခံရန်တွန်းအားပေးခြင်းသာဖြစ်နေသည်။ယင်းကကမ္ဘာ့ဈေးကွက်နှင့်တို
တိုက်ရိုက်ချိတ်ဆက်သော်လည်းပြည်တွင်းစီးပွားရေးနှင့်စည်းခြားနေသောတူးဖော်ရေးလုပ်ငန
ငန်းသီးသန့်အပိုင်းအပိုင်းများကိုဆက်လက်ထုတ်လုပ်နေသည်။တူးဖော်ရေးလုပ်ငန်းများ၏လူမှုပတ
ပတ်ဝန်းကျင်သက်ရောက်မှုများလျော့ပါးမသွားသလိုပိုဆိုးလာသည့်ကိစ္စများပင်ရှိသည်။ Gudynas
ကသယံဇာတများပိုင်ဆိုင်မှုအပြင်ပြိုင်ဆိုင်မှု၊စရိတ်ထိရောက်မှု၊အကျိုးအမြတ်ရှာဖွေမှုနှင့်ဆိုးကျိုးများကိ
ကိုလူ့အဖွဲ့အစည်းထံတင်ပို့မှုစသည်တို့ပါဝင်သောလုပ်ငန်းလည်ပတ်ထုတ်လုပ်မှုများတွင်လည်းယခင
ခင်ကအတိုင်းပင်ဖြစ်နေသည်ဟုဆိုသည်။ထူးခြားသောလက္ခဏာတစ်ရပ်မှာနိုင်ငံတော်ကထဲထဲဝင်ဝင်ပိုမိ
မိုပါဝင်လာပြီးတိုက်ရိုက်ရောတစ်ဆင့်ခံဆောင်ရွက်မှုများပါများပြားလာခြင်းဖြစ်သည်။အမျိုးသားရေးဝ
ဝါဒလည်းဆန်သောထိုဝါဒ၏အဓိကရည်မှန်းချက်ပန်းတိုင်မှာသယံဇာတများနှင့်အကျိုးအမြတ်တို့ကိုန
နိုင်ငံတော်ကပိုမိုထိန်းချုပ်နိုင်ရေးပင်ဖြစ်သည်။လူအားလုံးခံစားရမည့်အကျိုးအတွက်ပတ်ဝန်
န်းကျင်နှင့်လူမှုထိခိုက်မှုအချို့မှာလက်ခံသင့်သည်ဟုယူဆသည်။ယင်းအတွက်တူးဖော်ထုတ်လုပ်ရေး
ရေးလုပ်ငန်းမှအကျိုးအမြတ်များကိုနိုင်ငံတော်မှပိုမိုရရှိရန်ကြိုးစားသင့်သည်ဟုမှတ်ယူကြသည်။ထိုဝင်ငွေမျ
များကိုသုံးပြီးဆင်းရဲမွဲတေမှုလျှော့ချရေးအစီအစဉ်များကိုရေးဆွဲကာ၎င်းတို့တရားဝင်မှုအတွက်မဲဆွယ်ကြလေ့ရှိ
ိသည်။ထို့ကြောင့်တူးဖော်ရေးဝါဒနှင့်ဖွံ့ဖြိုးရေး၊ဆင်းရဲမှုတိုက်ဖျက်ရေးမှာခွဲမရသည့်အရာများနယ်ဖြစ်လာသည်။

Gudynas
ကတူးဖော်ရေးလက်သစ်ဝါဒသည်တောင်အမေရိက၏ခေတ်ပြိုင်ဖွံ့ဖြိုးရေးဝါဒပင်ဖြစ်သည်ဟုတင်စားပြ
ပြီးယဉ်ကျေးမှု-
နိုင်ငံရေးအရောအစပ်အသစ်တွင်ဖွံ့ဖြိုးမှုနှင့်တိုးတက်မှုဟူသည့်ဒဂ္ဂဏ္ဍာရီများကိုထည့်သွင်းထားခြင်းသ
သာဖြစ်သည်ဟုရေးသားခဲ့သည် Gudynas (2009b နှင့် 2010c)။

တူးဖော်ရေးလုပ်ငန်းများကိုနိုင်ငံတော်မှပိုမိုထိန်းချုပ်ရေးမှာအရေးပါသည်မှန်သော်လည်းယင်းသက်သက်မှာ
းယင်းသက်သက်မှာမလုံလောက်ပေ။တူးဖော်ရေးလုပ်ငန်းများအတွက်ရင်းနှီးမြှုပ်နှံမှုကြီးကြီးမားမားမရလျှင်သော
ကြီးမားမားမရလျှင်သော်မှအမျိုးသားအခြေခံကုန်တင်ပို့မှုကိုနိုင်ငံခြားတိုင်းပြည်များမှထိန်းချုပ်ထားခြင်းသာ
်ထားခြင်းသာဖြစ်သည်။ဆိုးရွားသောအချက်မှာတူးဖော်ရေးလုပ်ငန်းများတွင်အစိုးရစေခိုင်းသောကြောင့်ဝင်ရောက်လု
ကြောင့်ဝင်ရောက်လုပ်ကိုင်နေသောနိုင်ငံပိုင်ကုမ္ပဏီများမှာနိုင်ငံခြားမှပြသောအချက်ပြများကိုသာအလေးထားတု
သာအလေးထားတုန့်ပြန်ဆောင်ရွက်မှုပြုသည်။နိုင်ငံတွင်း၌အစိုးရများဆောင်ရွက်ပုံသည်နိုင်ငံစုံကော်ပိုရေးရှ
စုံကော်ပိုရေးရှင်းကြီးများနှင့်ထူးမခြားနားသာဖြစ်သည်။ပတ်ဝန်းကျင်ကိုဖျက်ဆီးခြင်း၊လူထုကိုမလေးစားခြင်းတို
လေးစားခြင်းတို့မှာလည်းအတူတူပင်ဖြစ်သည်။တူးဖော်ရေးလုပ်ငန်းများတွင်တိုးတက်ပြောင်းလဲမှုမှာထုတ်လု
မှုမှာထုတ်လုပ်မှုပမာဏသည်ပြင်ပဈေးကွက်မှအချက်ပြပြီးတွန်းအားပေးစေခိုင်းသည့်ပမာဏပင်ဖြစ်သည်ဟူသော
စ်သည်ဟူသောအချက်ဖြစ်သည်။ထို့ကြောင့်တူးဖော်ရေးလက်သစ်ဝါဒသည်ကိုလိုနီခေတ်ကတည်းကရှိပြီးဖြ
ရှိပြီးဖြစ်သောတူးဖော်ရေးဝါဒ၏အဓိကအစိတ်အပိုင်းများကိုဆက်လက်ကိုင်စွဲနေခြင်းသာဖြစ်သည်။

ရေနံနှင့်တွင်းထွက်များမှဝင်ငွေများပြားစွာရရှိကြသောတိုးတက်သည့်အစိုးရများသည်လူထု၏သဘေ
သဘောထားကိုဖြည့်ဆည်းဆောင်ရွက်ပြီးလိုလားအပ်သောခေတ်မီတိုးတက်မှုကိုခုန်ပျံကျော်လွှ
လွှားစွမ်းဆောင်နေသည်ဟုမိမိတို့ဖာသာထင်ယောင်များဖြစ်လာလေ့ရှိသည်။ Fernando Coronil (2002)
ကဆိုလျှင်ထိုသို့သောစီးပွားရေးစနစ်များတွင်အံ့ဘနန်းများဖြစ်လာမည်ကိုမျှော်လင့်သောယဉ်ကျေးမ
းမှုဘောင်အတွင်း၌တည်ဆောက်ထားသောမျက်လှည့်နိုင်ငံတော်ခေတ်စားမည်ဟုရေးသားခဲ့သည်[15]။ယင်းမှာ
ာဗင်နီဇွဲလား၊အီကွေဒေါနှင့်ဘိုလီးဗီးယားနိုင်ငံများတွင်ကြုံတွေ့ရသည်များပင်ဖြစ်သည်။

ထိုနိုင်ငံများတွင်နိုင်ငံတော်၏တန်ခိုးသြဇာပြန်လည်ကြီးမားလာသည်။နီယိုလစ်ဘရယ်ခေတ်ကအသေးင
ခတ်ကအသေးငယ်ဆုံးနိုင်ငံတော်၏အခန်းကဏ္ဍမှသည်နိုင်ငံတော်၏တည်ရှိမှုနှင့်လုပ်ငန်းဆောင်တာများကို
န်းဆောင်တာများကိုအစွမ်းကုန်ချဲ့ထွင်ရန်ကြိုးစားလာကြပြန်သည်။သို့သော်ထိုနိုင်ငံများတွင်အခြေအမြစ်ကျ
အမြစ်ကျကျပြောင်းလဲမှုများပြုမည့်အရိပ်အယောင်တစ်စုံတရာမပေါ်ထွက်ချေ။အင်စတီကျူးရှင်းဖွဲ့စည်းပုံများန
းပုံများနှင့်တူးဖော်ထုတ်လုပ်ပြည်ပတင်ပို့ဟူသောပုံစံမှာတစ်စုံတရာပြောင်းလဲသွားခြင်းမရှိပေ။တော်လှန်
င်းမရှိပေ။တော်လှန်သောအတွေးအခေါ်များ၏တိုက်ခိုက်ခြင်းကိုခံရသော်လည်းအင်အားကြီးသောစီးပွားရေး
ာစီးပွားရေးအသိုင်းအဝိုင်းများသည်တူးဖော်မှုဝါဒသစ်ကြောင့်အကျိုးအမြတ်များကိုယခင်ခံစားမြဲအတိုင်းခံစား
တိုင်းခံစားနေကြသည်သာဖြစ်သည်။

တိုးတက်သောအစိုးရများအာဏာရရှိပြီးတူးဖော်ရေးဝါဒသစ်ကိုအကောင်အထည်ဖော်သောနိုင်ငံများတွင်ယ
များတွင်ယခင်ကအနိမ့်ခံလူတန်းစားများသည်လည်းရေနံနှင့်ဓာတ်သတ္တုဝင်ငွေများကိုပိုမိုမျှတစွာဝေခွဲခြင်းကြော
ခွဲခြင်းကြောင့်တိုးတက်မှုများကိုစတင်ကြုံတွေ့ခံစားရသည်။သို့သော်ဝင်ငွေနှင့်ဓနကိုရာဒီကယ်ဆန်ဆန်အဝေ
ယ်ဆန်ဆန်အခြေအမြစ်ကျကျပြန်လည်ခွဲဝေခြင်းများကိုတော့တွေ့ရမည်မဟုတ်ချေ။ထိုအခြေအနေတွင်သဘာ
တွင်သဘာဝတရားကြီးကရက်ရောစွာပေးအပ်လာသောအသီးအပွင့်များကိုမည်သို့လွယ်ကူစွာရိတ်သိမ်းစားသုံ
စားသုံးနိုင်သည်ကိုတွေ့မြင်ရမည်ဖြစ်သည်။လူမှုရေးနှင့်နိုင်ငံရေးအရရှုပ်ထွေးနက်နဲသောပြန်လည်ခွဲဝေမှုဖြစ်စ
ပြန်လည်ခွဲဝေမှုဖြစ်စဉ်များကိုဆောင်ရွက်နေစရာမလိုပေ။

အတိတ်ကာလကကဲ့သို့ပင်ထိုစီးပွားရေးစနစ်၏အဓိကအကျိုးအမြတ်ကိုခံစားရသူများမှာချမ်းသာသောနိုင်ငံမ
်များပင်ဖြစ်သည်။၎င်းတို့သည်သဘာဝထုတ်ကုန်များကိုတင်သွင်းပြီးအချောသတ်ကုန်စည်များထုတ်လုပ်ခြ

[15] General Juan Vicente Gómez အစိုးရမှ Colonel Hugo Chávez Frías အစိုးရအကြား အစိုးရများ

ခြင်းကြောင့်ရရှိသောအကျိုးအမြတ်များမှာတနေ့တခြားပိုမိုများပြား၍သာလာနေသည်။သို့သော်အခြေ
ခြခံကုန်စည်များကိုတင်ပို့သောနိုင်ငံများမှာအကျိုးအမြတ်၏အနည်းစုကိုသာခံစားရပြီးသဘာဝပတ်ဝန်းကျင
ျင်နှင့်လူမှုဝန်ထုပ်ဝန်ပိုးများအားလုံးကိုမူခါးစည်းပြီးခံကြရသည်။

လူမှုပတ်ဝန်းကျင်နှင့်နိုင်ငံရေးအရထိခိုက်နစ်နာမှုများကိုကိုင်တွယ်ဖြေရှင်းရန်သင့်လျော်သောအင်စတီကျူးရှင
ၢအင်စတီကျူးရှင်းဖွဲ့စည်းပုံများကိုတည်ဆောက်နိုင်ခြင်းမရှိပေ။လူမှုကန့်ကွက်ဆန္ဒပြမှုများကိုနှိမ်နင်းရန်အတွ
ိုမ်နင်းရန်အတွက်သုံးရသောလုံခြုံရေးတပ်ဖွဲ့များ၏စရိတ်သည်ပင်လျှင်စီးပွားရေးအရကြီးမားလှသောပမာဏ
လှသောပမာဏဖြစ်သည်။ထည့်သွင်းစဉ်းစားသင့်သောနောက်ထပ်အချက်တစ်ချက်မှာတူးဖော်ရေးလုပ်ငန်
ရေးလုပ်ငန်းများလွှမ်းမိုးသွားသောကြောင့်အခြားသောထုတ်လုပ်ရေးလုပ်ငန်းများထိခိုက်ပျက်စီးရသောကိစ္စဖြ
သာကိစ္စဖြစ်သည်။ဥပမာမိုင်းတွင်းများကြောင့်တစ်ပိုင်တနိုင်စိုက်ပျိုးလုပ်ကိုင်သောတောင်သူများ၏အလုပ်အကို
လုပ်အကိုင်အခွင့်အလမ်းများဆုံးရှုံးသွားရခြင်းမျိုးဖြစ်သည်။

တူးဖော်ရေးလုပ်ငန်းများကြောင့်ဖြစ်သောပဋိပက္ခများနှင့်အကြမ်းဖက်မှုများသည်ဒေသန္တရအစိုးရများအပေါ်
စိုးရများအပေါ်တွင်လည်းသက်ရောက်မှုရှိသည်။ရောမတူးဖော်ရေးလုပ်ငန်းကြီးများမှဆွဲသောဥဩသံ
ဥဩသံများနှင့်ဗဟိုအစိုးရကပေးသောအခွန်တော်ဝေ
ဝေစုများကြောင့်ဒေသအစိုးရများအနေနှင့်စိတ်ယိုင်သွားနိုင်သော်လည်းအဆုံးတစ်နေ့တွင်ရပ်ရွာအသိုင်းအဝိုင
ၢအသိုင်းအဝိုင်း၊တူးဖော်ရေးကုမ္ပဏီများနှင့်နိုင်ငံတော်တို့အကြားဖြစ်ပွားသောရှုပ်ထွေးသည့်ပဋိပက္ခများ၏ဆိုး
ံ့ပဋိပက္ခများ၏ဆိုးကျိုးကိုခံစားရမည်သာဖြစ်သည်။သတ္တုမိုင်းနှင့်ရေနံတွင်းများကဦးစားပေးဖြစ်သောကြောင့်အဖြ
စ်သောကြောင့်အခြားဒေသဖွံ့ဖြိုးရေးစီမံချက်များမှာလည်းနောက်တန်းရောက်သွားနိုင်သည်။နောက်ဆုံးတွ
ည်။နောက်ဆုံးတွင်ရပ်ရွာပူးပေါင်းပါဝင်ပြီးကြိုတင်သဘောတူညီမှုလည်းရရှိထားသောစီမံချက်များအားလုံးပျ
အားလုံးပျက်ဆီးသွားနိုင်သည်။သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကြွေး (ဆိုးကျိုး)
များမှာနာကျင်ထိခိုက်စရာအကောင်းဆုံးအမွေဆိုးများဖြစ်ပြီးသယံဇာတထုတ်ယူသောကုမ္ပဏီများကတာဝန်မ
ၢဝန်မယူပဲရှောင်ထွက်သွားလေ့ရှိသည်။

ရေနံနှင့်ဓာတ်သတ္တုများတူးဖော်ထုတ်လုပ်ခြင်းကြောင့်ဖြစ်ပွားသောလူမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာထ
ၢထိခိုက်ပျက်ဆီးမှုများ၏တန်ဖိုးကိုစီးပွားတွက်ဖြင့်တွက်ချက်နိုင်မည်ဆိုပါကထိုလုပ်ငန်းများမှရရ
ရရှိသောအကျိုးအမြတ်အများစုမှာကျန်တော့မည်မဟုတ်ချေ[16]။သို့သော်ထိုသို့သောထိခိုက်နစ်နာမှုစရိတ်အပြ
ပြည့်အစုံကိုတိုးတက်သောအစိုးရများကထည့်သွင်းတွက်ချက်နိုင်မှုမရှိပဲအခြေခံကုန်စည်များထု
ထုတ်လုပ်သောလုပ်ငန်းများကိုမျက်စိမှိတ်ယုံကြည်လျက်ရှိကြသည်။ 

အချုပ်အားဖြင့်ဆိုရသော်အစဉ်အလာတူးဖော်ရေးဝါဒအဟောင်းတွင်ရှိခဲ့သောဆိုးကျိုးများအားလုံးကိုတူး
လုံးကိုတူးဖော်ထုတ်လုပ်ရေးဝါဒသစ်ကအမွေဆက်ခံသည်။

အာဏာပိုင်ဝါဒနှင့်သဘာဝတရားမှရရှိသောအကျိုးအမြတ်အပေါ်အငြင်းအခုံ

သယံဇာတပေါကြွယ်ဝခြင်းကြိမ်စာနှင့်အတူအာဏာရှင်စနစ်တည်းဟူသောကြိမ်စာမှာလည်းယှဉ်တွ
တွဲပါလာလေ့ရှိသည်။ပြန်လည်ပြည့်ဝလာခြင်းမရှိသောသယံဇာတများကိုအလုံးအရင်းနှင့်တူ
တူးဖော်ထုတ်လုပ်သောနိုင်ငံများတွင်လူတစ်စုကအရာရာချယ်လှယ်သောနိုင်ငံတော်များဖြစ်လ
ၤလာလေ့ရှိသည်။နိုင်ငံရေးအာဏာသည်ရေနံနှင့်ဓာတ်သတ္တုလုပ်ငန်းများတွင်မည်မျှချယ်လှယ်ပိုင်ဆိ

[16]ရေနံတွင်းများ၏ အမှန်တကယ်ကုန်ကျမှုများကို Fander Falconí (2004) တွင်ကြည့်

ဆိုင်ခွင့်ရသည်ဟူသောအချက်ကိုအဓိကမီတည်သည်။ထိုနိုင်ငံများသည်သယံဇာတများအပေါ် လက်ဝါးကြ
ကြီးအုပ်မှုအပြင်နိုင်ငံရေးအရဖိနှိပ်ရက်စက်သောအာဏာကိုလည်းလက်ဝါးကြီးအုပ်မှုထပ်ဆင့်ဖြစ်
စ်ပေါ် လေ့ရှိသည် (Coronil, 2002)။

ထိုသို့သောနိုင်ငံတော်များသည်အစိုးရ၏လူမှုတာဝန်ဝတ္တရားအများစုကိုရေနံနှင့်ဓာတ်သတ္တုကုမ္ပဏီများသို့လွှ
ဲသို့လွှဲအပ်ထားလေ့ရှိပြီးဖွံ့ဖြိုးရေးရှုထောင့်မှကြည့်ပါကနိုင်ငံ၏ဒေသအများအပြားကိုလျစ်လျူရှုထားကြောင်
ရှုထားကြောင်းတွေ့ရမည်။တိုးတက်သောအစိုးရများအာဏာရလာသောနိုင်ငံများတွင်မူယင်းအချက်မှာစတင်
ိမှာစတင်ပြောင်းလဲလာပြီဖြစ်သည်။ထိုအခြေအနေများကိုနိုင်ငံတော်သြဇာသက်ဝင်သောနယ်ပယ်များယုတ်
ပယ်များယုတ်လျော့လာခြင်း deterritorialisation
ဟုခေါ် နိုင်ပြီးနိုင်ငံတော်၏လုပ်ငန်းကိုကုမ္ပဏီများကလုပ်ဆောင်ကာနိုင်ငံတော်ကစနစ်၏သားကောင်များကို
သားကောင်များကိုဖိနှိပ်ကွပ်ကဲသောပုလိပ်နိုင်ငံတော်အသွင်ဖြင့်ရပ်တည်လေ့ရှိသည်။တရားစီရင်ရေးစနစ်ကြ
စီရင်ရေးစနစ်ကြီးတစ်ခုလုံးသည်ပင်လျင်ပုဂ္ဂလိကနှင့်နိုင်ငံပိုင်ကုမ္ပဏီများ၏အကျိုးစီးပွားအောက်တွင်ပိတ်မိ
တွင်ပိတ်မိနေသည့်အခြေအနေမျိုးကြုံရနိုင်သည်။

အပိတ်စီးပွားရေးရှိသောနိုင်ငံများတွင်နိုင်ငံရေးတည်ဆောက်မှုနှင့်ဖြစ်ပေါ် တိုးတက်မှုများကိုလွှမ်းမိုးချုပ်ကိုင်နိုင်သ
ုးချုပ်ကိုင်နိုင်သည်မှာအာဏာရှင်စနစ်အပြင်လောဘတရားလည်းရှိသေးသည်။စျေးကွက်ကောင်းမွန်သောနစ်များ
န်သောနစ်များတွင်လောဘတရားကပြည်သူ့လုပ်ငန်းများတွင်အလွန်အကျွံပိုမိုသုံးစွဲမှုများကိုဖြစ်စေပြီးဘဏ္ဍာ
စပြီးဘဏ္ဍာငွေကိုလည်းအစိုးရကအာဏာဖြင့်ကျပ်မတ်ခွဲဝေလေ့ရှိစေသည်။အစိုးရများကယင်းတို့အာဏာဆ
့အာဏာဆက်လက်တည်မြဲရေးအတွက်ဖြစ်စေ၊လူ့အဖွဲ့အစည်းအတွက်အရေးပါသည်ဟုယင်းတို့ယူဆသောပြု
သောပြုပြင်ပြောင်းလဲရေးများကိုအရှိန်မြှင့်ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက်ဖြစ်စေယင်းတို့ကိုဆောင်ရွ
င်းတို့ကိုဆောင်ရွက်လေ့ရှိသည်။

ပြည်သူ့ဘဏ္ဍာသုံးစွဲမှုနှင့်ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာရခြင်းမှာအာဏာရှိသောအုပ်စုများအတွင်းခနခွဲဝေမှုန
ားအတွင်းခနခွဲဝေမှုနှင့်ပတ်သက်ပြီးအကြီးအကျယ်ထိပ်တိုက်တွေ့နေမှု၏လက္ခဏာလည်းဖြစ်သည်။ထိုအခြေ
သည်။ထိုအခြေအနေများသည်စျေးကွက်ကောင်းစဉ်တွင်အဓိကဖြစ်ပွားလေ့ရှိသည်။ Jürgen Schuldt (2005)
ကစျေးကွက်ကောင်းမှုမှတစ်ဆင့်ဖြစ်ပေါ် လာသောလှုပ်ရှားပြီးအကန့်အသတ်မဲ့သည့်အာဏာကစားပွဲများကြော
များကြောင့်ဖြစ်သည်ဟုဆိုသည်။ယင်းတို့၏ဝိသေသမှာစျေးကွက်ကောင်းခြင်းကြောင့်ရသောစီးပွားရေးအ
သာစီးပွားရေးအကျိုးအမြတ်ထက်ပိုလွန်သောပမာဏကိုပြည်သူ့အသုံးစရိတ်များအဖြစ်သုံးစွဲခြင်းဖြစ်သည်
(ယင်းကို pro-cyclical fiscal policy ဟုခေါ် သည်)ဟုဆိုသည်။

လောဘသက်ရောက်မှုကြောင့်အငမ်းမရဆောင်ရွက်မှုများပေါ် ပေါက်လာပြီးအခြေခံကုန်စည်များတင်ပ
ိပို့သည့်ကဏ္ဍမှဝင်ငွေများကိုဥပဒေပရယူမှုများလည်းဖြစ်ပေါ် လာသည်။သဘာ
ဝအရင်းအမြစ်များမည်သို့စီမံခန့်ခွဲမည်ကိုတစ်နိုင်ငံလုံးအတိုင်းအတာနှင့်ကျယ်ကျယ်ပြန့်ပြန့်သဘေ
သဘောတူညီမှုမရရှိထားခြင်းနှင့်(လူထု၏ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ဆောင်ရွက်မှုဖြင့်သာတည်ဆောက်နိုင်သော[17])
နိုင်မာသောဒီမိုကရက်တစ်အင်စတီကျူးရှင်းများမရှိခြင်းကြောင့်အချင်းချင်းညီညွတ်မှုတမှုမရှိသောအင်အ

[17] Eduardo Gudynas (2009) က ecological meta-citizenship ဟုခေါ်ပြီး တစ်ဦးချင်းနိုင်ငံသားဖြစ်မှုအပြင် စုပေါင်းနိုင်ငံသားဖြစ်မှုနှင့် ရပ်ရွာအသိုက်အမြုံအလိုက် နိုင်ငံသားဖြစ်မှုတို့လည်း ပါဝင်သည်။

ှအားကြီးအုပ်စုများအများအပြားပေါ် ထွက်လာသည်။၎င်းတို့မှာရေနံနှင့်သတ္တုတွင်းများမှအကျိုးအမြတ်မျာ
ျားကိုအငမ်းမရဝါးမျိုးစားသောက်လိုကြသည်။

သဘာဝသယံဇာတများမှရရှိသောမက်လောက်စဖွယ်အကျိုးအမြတ်များကိုဝေစုမတည့်ကြသူများထဲတွ
တွင်နိုင်ငံတကာကုမ္ပဏီကြီးများနှင့်၎င်းတို့၏အပေါင်းအပါများဖြစ်သောနိုင်ငံတကာဘဏ်ကြီးများ၊စ
၊စီးပွားရေးနှင့်ဘဏ္ဍာရေးအဖွဲ့အစည်းကြီးများ၊လက်နက်ကိုင်တပ်ဖွဲ့များနှင့်ဒေသန္တရအစိုးရအချို့န
နှင့်နိုင်ငံရေးသြဇာရှိသောအုပ်စုများပါဝင်ကြသည်။ထိုသို့သောလုပ်ငန်းများနှင့်ဆက်စပ်သည်
ည့်အလုပ်သမားသမဂ္ဂများမှာလည်းဝေစုတစ်စုံတရာရရှိကြသည်။၎င်းတို့ကိုအခွင့်ထူးခံအလုပ်သမားများ
labour aristocracy
ဟုလည်းခေါ် သည်[18]။ထိုသို့သယံဇာတအကျိုးခံစားခွင့်နှင့်ပတ်သက်၍ပဋိပက္ခနှင့်အငြင်းအခုံများဖြစ်
စ်ပွားခြင်းကြောင့်နိုင်ငံရေးတင်းမာမှုပုံစံအသစ်များဖြစ်ပေါ် သည်။

ယင်းတို့အားလုံးကဒီမိုကရေစီကိုအားပျော့ချိနဲ့စေသည်။၎င်းတို့ကအာဏာရှင်အစိုးရအစဉ်အဆက်နှင့်လော
နှင့်လောဘကြီးပြီးဆရာမွေးတပည့်မွေးလုပ်လေ့ရှိသောစီးပွားရေးလုပ်ငန်းများကိုစဉ်ဆက်မပြတ်ပေါ် ပေါက်
ပြတ်ပေါ် ပေါက်စေသည်။ထိုနိုင်ငံများသည်ဒီမိုကရေစီဥပမာကောင်းများဖြစ်မလာပဲဆန့်ကျင်ဘက်များသာဖြစ်သွား
ာဖြစ်သွားလေ့ရှိသည်။ထို့အပြင်သယံဇာတဝင်ငွေများကိုအလေအလွင့်များစွာသုံးစွဲခြင်း၊တည်ငြိမ်သောမူဝါဒ
မ်သောမူဝါဒများမရှိခြင်းစသည့်အချက်များကြောင့်ရှိရင်းစွဲအင်စတီကျူးရှင်းများကိုအားပျော့သွားစေပြီးအင်စတီ
ပြီးအင်စတီကျူးရှင်းအသစ်ဖြစ်ခြင်းများကိုလည်းတားဆီးပိတ်ပင်သည်။

လက်တင်အမေရိကတွင်ယင်းနှင့်ပတ်သက်သည့်မကုန်ခမ်းနိုင်သောဥပမာများရှိသည်။နိုင်ငံအများအပြားတွ
ငံအများအပြားတွင်အာဏာရှင်လက္ခဏာများအပြည့်နှင့်အစိုးရများရှိပြီးသဘာဝသယံဇာတအမယ်အနည်းင
နည်းငယ်ကိုအခြေခံသောအခြေခံကုန်စည်တင်ပို့သည့်စီးပွားရေးပုံစံများကြောင့်ပေါ် ပေါက်လာခြင်းဖြစ်သည်ဟု
ခင်းဖြစ်သည်ဟုဆိုနိုင်သည်။

ရေနံနှင့်ဓာတ်သတ္တုများကိုအဓိကတင်ပို့သောကမ္ဘာ့အခြားဒေသများတွင်လည်းထိုအရှိတရားကိုတွေ့နိုင်သည်
[19]။နော်ဝေးမှာခြွင်းချက်ဖြစ်သည်။အထက်ဖော်ပြပါနိုင်ငံများနှင့်နော်ဝေးတို့အကြားခြားနားချ
ချက်မှာခိုင်မာသောဒီမိုကရက်တစ်နိုင်ငံရေးနှင့်စီးပွားရေးအင်စတီကျူးရှင်းများအခြေခိုင်ပြီးနော
နာက်မှသာရေနံလုပ်ငန်းများစတင်၊တိုးချဲ့ခဲ့ခြင်းဖြစ်သည်။ရေနံနှင့်ဓာတ်သတ္တုတင်ပို့သောဆင်းရဲ
ရဲသောနိုင်ငံများနှင့်နှိုင်းယှဉ်လျှင်လူမှုမညီမျှမှုမှာလည်းသိသိသာသာနည်းပါးသည်။တနည်
ည်းဆိုရသော်နော်ဝေးသည်ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်ပြီး၊ယင်း၏ရေနံလုပ်ငန်းများကိုလူ့အဖွဲ့အစည်းနှင့်စ
့စီးပွားရေးစနစ်အတွင်းသို့အောင်မြင်စွာပေါင်းစည်းသိမ်းသွင်းပေးနိုင်ခဲ့သည်။

အထက်ဖော်ပြပါနိုင်ငံများသည်ကြွယ်ဝမှု၏ကြိမ်စာအပြင်ဒီမိုကရေစီ၏ဆန့်ကျင်ဖက်ဖြစ်သောအကြမ်းဖက်မှု
ကမ်းဖက်မှုသဘာဝလည်းရှိသည်။တိုးတက်သောအစိုးရများအုပ်ချုပ်နေသည့်နိုင်ငံတော်ကိုယ်၌ကအကြမ်းဖ
ယ်၌ကအကြမ်းဖက်မှုကိုကျင့်သုံးနိုင်သည်။ယင်းတို့သည်တူးဖော်ရေးလုပ်ငန်းများကိုလူထုကကန့်ကွက်ဆန္ဒပြ
ကန့်ကွက်ဆန္ဒပြမှုများကိုရာဇဝတ်ကြောင်းများဖြင့်ဖိနှိပ်အရေးယူလေ့ရှိသည်။

---

[18]Eric J. Hobsbawm (1981) ကအဆိုပြုသည်။

[19]ပင်လယ်ကွေ့နိုင်ငံများသည် ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းအလွန်မြင့်မားသော်လည်း မညီမျှမှုများနှင့် လွတ်လပ်မှုမရှိခြင်း၊ နိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာမတူကွဲပြားမှုများကို သည်းခံနိုင်မှုမရှိခြင်း၊ အာဏာရှင်ဖြစ်ခြင်းစသည်တို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများစာရင်းတွင်မပါဝင်ကြပေ။

တူးဖော်ရေးကုမ္ပဏီများကအစိုးရကျောထောက်နောက်ခံဖြင့်ဆောင်ရွက်သောအကြမ်းဖက်မှုများမှာဖိန
နှိပ်မှုပုံစံအမျိုးမျိုးအသွင်ကိုဆောင်သည်။ဖိနှိပ်ပြီးတစ်ခါတရံမျိုးတုန်းသတ်ဖြတ်မှုအသွင်ကိုပ
ပင်ဆောင်သောသမိုင်းကြောင်းအထောက်အထားများသည်လက်တင်အမေရိကတွင်အများအပြားရှိသည်[20]။
ပြည်တွင်းစစ်များ[21]နှင့်နိုင်ငံများအကြားဖြစ်ပွားသောစစ်မက်များလည်းရှိသည်။ထို့အပြင်ရေနံ
နံနှင့်သဘာဝဓာတ်ငွေ့တို့ကဲ့သို့အဓိကကျသောအရင်းအမြစ်များကိုကာကွယ်ထိန်းသိမ်းရေးအတွက်ကို
လိုနီအင်အားကြီးနိုင်ငံများ၏အင်အားသုံးဖိနှိပ်မှုများလည်းရှိသည်[22]။

ထိုသို့သောပဋိပက္ခများဖြစ်ပွားသည့်အမြဲတမ်းမတည်ငြိမ်နေသည့်ပတ်ဝန်းကျင်တွင်ဖြစ်ပွားပြီးယင်းတို့ကြော
တို့ကြောင့်ကုန်ကျရသည့်စီးပွားရေးစရိတ်မှာလည်းကြီးမားသည်။ခိုင်မာသောအင်စတီကျူးရှင်းများမရှိသည်
ရှိသည့်အခြေအနေတွင်ရေနံနှင့်မိုင်းတွင်းလုပ်ငန်းလုပ်သောကုမ္ပဏီများအနေနှင့်ပေးဆောင်ရမည့်အခွန်နှင
င်ရမည့်အခွန်နှင့်အမြတ်တော်ကြေးများသက်သာစေရန်အတွက်တင်ပို့သောထုတ်ကုန်များကိုဈေးချထားပြီး
ချထားပြီးတင်သွင်းကုန်များကိုဈေးပိုထင်ထားသောအခြေအနေလည်းဖြစ်နိုင်သည်။၎င်းတို့အကျိုးအမြတ်ပိုမို
မတ်ပိုမိုရရှိနိုင်ရန်အတွက်နိုင်ငံတကာကုမ္ပဏီကြီးများကထုတ်လုပ်မှုကိုမမျှော်လင့်ပဲရုတ်တရက်လျှော့ချလိုက်
့ချလိုက်ခြင်းများလည်းကြုံရနိုင်သည်။ကြားခံရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများအများအပြားပေါ်လာခြင်းကြောင့်လု
ပြားပေါ်လာခြင်းကြောင့်လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များပိုမိုမြင့်မားလာသည်။ထိုသို့သောသန္ဓေမမှန်သ
သာသန္ဓေမမှန်သည့်ကိစ္စများနှင့်ဈေးကွက်အချိုးပျက်မှုများကြောင့်ရင်းနှီးမြှုပ်နှံသူများ၊အထူးသဖြင့်အလေးအ
၊အထူးသဖြင့်အလေးအနက်ဆုံးဖြတ်ရင်းနှီးသူများတဖြည်းဖြည်းလျော့ပါးလာလေ့ရှိသည်။

သဘာဝမှအလကားရသောအရင်းအမြစ်များကိုချဉ်းအားကိုးနေသောကြောင့်တီထွင်ဆန်းသစ်သောကုန်ထုတ်လု
ထုတ်လုပ်မှုများနှင့်ဈေးကွက်ထိုးဖောက်မှုများမထွန်းကားပဲအခွင့်ထူးခံ၊တစ်ဦးတည်းလွှမ်းမိုးအုပ်စိုးသောစနစ်နှင့်လု
သာစနစ်နှင့်လုပ်ပိုင်ခွင့်အခွင့်ထူးများနောက်သို့လိုက်သောယဉ်ကျေးမှုများသာထွန်းကားသည်။ထိုဓလေ့များန
ဓလေ့များနှင့်တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများကအစိုးရအပေါ်ပိုမိုသြဇာလွှမ်းမိုးသောကြောင့်အာဏာပြင်းသော
အာဏာပြင်းသောလက်တစ်ဆုပ်စာအခွင့်ထူးခံအုပ်စုများကိုဖြစ်ပေါ်စေသည်။

လက်ဝေခံပုံစံမျိုးဖြင့်အစိုးရဝန်ဆောင်မှုအသုံးစရိတ်များပိုမိုတိုးမြှင့်သုံးစွဲခြင်းကြောင့်ဒီမိုကရေစီပိ
ပိုမိုရှဲ့ထွင်ရေးအတွက်တောင်းဆိုမှုများလည်းအားကောင်းမလာချေ။ယင်းမှာရန်ပုံငွေကိုသုံးပြီး၊ငြ
းငြိမ်းချမ်းရေးတည်ဆောက်ခြင်းမျိုး fiscal pacification ဖြ
ဖစ်ကာလူမှုအုံကြွမှုများအားကောင်းမလာစေရန်တားဆီးသောနည်းဗျူဟာတစ်မျိုးလည်းဖြစ်သည်(Schuldt, 2005)။အစိုးရ၏ဝင်ငွေများပြားလွန်းသောကြောင့်အတိုက်အခံအုပ်စုများ၊နိုင်ငံရေးနှင့်အခြားအခ
အခွင့်အရေးများဖြစ်သောလူ့အခွင့်အရေး၊တရားမျှတမှုနှင့်အစိုးရအာဏာခွဲဝေမှုတို့ကိုတောင်းဆိုမည
မည့်သီးခြားလွတ်လပ်သောအဖွဲ့အစည်း၊အုပ်စုများပေါ်ပေါက်မလာအောင်တားဆီးထားနိုင်သည်။ထ

[20]ပီရူးတွင် ကြုံရသော လူမှုပဋိပက္ခများ၏ ၈၀% မှာ မိုင်းတွင်းများနှင့် ဆက်စပ်ပြီးဖြစ်ပွားခြင်းဖြစ်သည် (De Echave, 2008, 2009)။ ကိုလံဘီယာတွင် ၁၉၉၅ နှင့် ၂၀၀၂ အတွင်းဖြစ်ပွားသော အတင်းအကျပ်နေရာရွှေ့ပြောင်းခိုင်းခြင်းများမှာ မိုင်းတွင်းဒေသများဖြစ်သည်။ အီကွေဒေါတွင်လည်း အဓိကလူ့အခွင့်အရေးချိုးဖောက်မှုများမှာ မိုင်းနှင့် ရေနံလုပ်ငန်းမှ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများနှင့် ပတ်သက်သည်။

[21]နိုင်ဂျီရီးယားတွင် ရေနံအတွက် ပြည်တွင်းစစ်အကြီးအကျယ်ဖြစ်ရပြီး ဌာနေ Ogoni လူမျိုးစုများကို နှိပ်ကွပ်မှုများလည်းဖြစ်ပွားသည်။ Turkmenistan, Kazakhstan, Azerbaijan, Georgia, Ossetia, Dagestan နှင့် Chechenia တို့တွင်လည်း တွင်းထွက်နှင့်ပတ်သက်သည့် ပဋိပက္ခများအထင်အရှားဖြစ်ပွားသည်။

[22]အီရတ်နှင့် အာဖဂန်ကို အမေရိကန်ကျူးကျော်မှုနှင့် လစ်ဗျားကို ၂၀၁၁ ခုနှစ်က နေတိုး၏ကျူးကျော်မှုများသည် သယံဇာတများကြောင့် ကိုလိုနီနယ်ချဲ့ကျူးကျော်မှုများနှင့် အလွယ်တကူနှိုင်းယှဉ်ကြည့်နိုင်သည်။

။ထို့အပြင်များပြားသောရန်ပုံငွေများကိုပြည်တွင်းထိန်းချုပ်မှုအထူးသဖြင့်ဖိနှိပ်ချုပ်ချယ်ရေးယန္တရ
ားများတပ်ဆင်ခြင်းအတွက်လည်းအလုံးအရင်းနှင့်အသုံးချနိုင်သည်။

ဘဏ္ဍာရေးအရင်းအမြစ်များပေါများမှုကြောင့်ငွေသုံးကြမ်းသောစီးပွားရေးမူဝါဒများရှိလေ့ရှိပြ
ပြီးနိုင်ငံတကာကြွေးမြီများကိုအလုံးအရင်းနှင့်ချေးငှားရလေ့ရှိသည်။တိုင်းပြည်စီးပွားရေးတွင်အ
အမြဲတမ်းငွေလုံးငွေရင်းထည့်ဝင်နေရသောကြောင့်နိုင်ငံခြားကြွေးမြီများတစ်နေ့တခြားမြင့်တက်လာသည်။[23]
အထက်တွင်ဈေးကွက်ကောင်းချိန်တွင်ငွေတွင်းကိုဝင်နိုက်ချင်သောနိုင်ငံတကာဘဏ်မျ
များ၏လောဘဇောတက်မှုကြောင့်နိုင်ငံခြားကြွေးမြီများဖောင်းပွလာရခြင်းလည်းဖြစ်နေသည်[24]။မကြာသေးမီန
နှစ်များအတွင်းကတရုတ်သည်အာဖရိကနှင့်လက်တင်အမေရိကရှိဖွံ့ဖြိုးဆဲနိုင်ငံများသို့ချေးငွေမျ
များအမြောက်အများထုတ်ချေးနေသည်ကိုတွေ့ရသည်။ရည်ရွယ်ချက်မှာဓာတ်သတ္တုနှင့်ရေနံသိုက်မျာ
ားဒေရာမစိုက်ပျိုးမြေများကိုထိန်းချုပ်နိုင်ရန်နှင့်အခြေခံအဆောက်အဦစီမံချက်များဆောင်ရွက်ရန်ဖြစ်သည်။

သဘာဝသယံဇာတဝင်ငွေများအလုံးအရင်းနှင့်ရရှိခြင်း၊နိုင်ငံခြားချေးငွေအလွယ်နှင့်ရခြင်
င်းတို့ကြောင့်အစိုးရများသည်ပြည်တွင်းအခွန်ကောက်ယူမှုကိုလျှော့ပေါ့ဆောင်ရွက်လေ့ရှိသည်။အခွန်က
ကိုအနိမ့်ဆုံးနှုန်းထားနှင့်ကောက်ခံသလိုဝင်ငွေခွန်အပါအဝင်အခွန်ကောက်ခံမှုလုံးဝမလုပ်သည
သည်များပင်ရှိသည်။(နီယိုလစ်ဘရယ်အတွေးအခေါ်များကလည်းအခွန်တိုးမြှင့်ကောက်ခံခြင်းကိုဆန
ဆန့်ကျင်သည်။[25])

ဤအခြေအနေတွင်အီကွေဒေါနှင့်ဘိုလီဗီးယားတို့ရှိတိုးတက်သောအစိုးရများမှအခွန်တိုးမြှင့်ကောက်ခံခြင်းနှင
ခံခြင်းနှင့်ဝင်ငွေအလိုက်အခွန်တိုးမြှင့်ကောက်ခံသောစနစ် progressive
နှင့်ပိုမိုတရားမျှတသောအခွန်စနစ်များကိုတည်ထောင်ရန်ကြိုးစားကြခြင်းမှာသိသိသာသာပေါ်လွင်ထင်ရှား
င်ရှားသည်။

မည်သို့ပင်ဆိုစေအစိုးရအသုံးစရိတ်များကိုအလုံးအရင်းနှင့်သုံးစွဲခြင်းကြောင့်အခွန်ထမ်းပြည်သူများတွင်အလေ့
ပြည်သူများတွင်အလေ့အကျင့်ဆိုးများဖြစ်ပေါ်သည်ဟု Jürgen Schuldt (2005)
ကဆိုသည်။'ပိုဆိုးသောကိစ္စမှာလူထုကအစိုးရအသုံးစရိတ်များနှင့်ပတ်သက်ပြီးပွင့်လင်းမြင်သာမှု၊တရားမျှတ
၊တရားမျှတမှုကိုယ်စားပြုမှုနှင့်စရိတ်ထိရောက်မှုတို့ကိုတောင်းဆိုရကောင်းမှန်းမသိတော့ခြင်းပင်ဖြစ်သည်။'
ဥပမာအားဖြင့်လောင်စာဆီဈေးနှုန်းများကိုအစိုးရကကြားကန်ပေးခြင်းကဲ့သို့ကုန်ကျစရိတ်များပြီးတရားမျှတ
တရားမျှတမှုလည်းမရှိသောအစီအစဉ်များပေါ်ထွက်လာခြင်းဖြစ်သည်။၎င်းတို့ကိုလူထုအောင်မြင်မှုအဖြစ်လွဲ
အဖြစ်လွဲမှားစွာကဗျည်းတပ်ကြသေးသည်။



ထိုနိုင်ငံများတွင်အခွန်တိုးမြှင့်ကောက်ခံမှသာဒီမိုကရေစီကိုယ်စားပြုမှုကိုကျယ်ကျယ်ပြန့်ပြန့်စတင
တင်တောင်းဆိုလေ့ရှိသည်ဟု Schuldt
ကဆိုသည်။ဥပမာများမှာလွန်ခဲ့သောနှစ်၄၀၀ကဗြိတိန်နိုင်ငံအခြေအနေနှင့်၁၈ရာစုပြင်သစ်ပြည်တို့

---

[23]ယခင်က ငှက်ပျောသီးထုတ်ရာမှ ရေနံပြောင်းထုတ်သောအခါ အီကွေဒေါနိုင်ငံအနေနှင့် ချေးငွေများအလွယ်တကူ ရရှိလာသည်။

[24]Osmel Manzano and Roberto Rigobon (2001)

[25]ရေနံဈေးထိုးတက်သည့် ကာလများတွင် အုပ်ချုပ်ခဲ့သော General Guillermo Rodríguez Lara က တိုင်းပြည်၏ အောင်မြင်မှုတစ်ခုမှာ အခွန်ကောက်ခံမှုကို ရပ်ဆိုင်းခြင်းဖြစ်သည်ဟုဆိုခဲ့ဖူးသည်။

ဖြစ်သည်။အခွင့်ထူးခံစီးပွားရေးလုပ်ပိုင်ခွင့်များနှင့်ဆရာမွေး၊တပည့်မွေးခလေ့တို့မှာလည်းနိုင်ငံသ
ံသားတန်ဖိုးနှင့်ဆန့်ကျင်ဘက်ဖြစ်ပြီးထိုတန်ဖိုးကိုတည်ထောင်ရာတွင်အဟန့်အတားဖြစ်စေသည်။

အခြေခံကုန်စည်တင်ပို့သောနိုင်ငံအစိုးရများတွင်စျေးကွက်ကောင်းချိန်၌ပြည်သူ့လုပ်ငန်းများဆော
ဆောင်ရွက်ရန်အတွက်ရန်ပုံငွေများစွာရှိကြသည့်အပြင်လူများကိုစည်းရုံးသိမ်းသွင်းရန်အတွက်နည်းလမ်
မ်းများကိုလိုသလိုအသုံးချနိုင်ရန်ရန်ပုံငွေအလုံအလောက်ရှိသည်။ထို့အပြင်လိုအပ်သလောက်အပြေ
ပြောင်းအလဲများကိုဆောင်ရွက်ပေးခြင်းဖြင့်ပြည်သူများကိုကောင်းစွာအုပ်ချုပ်နိုင်သောအနေအ
နအထားတွင်အမြဲရှိနေအောင်လည်းဆောင်ရွက်နိုင်သည်။လတ်တလောအကျိုးစီးပွားကိုအခြေခံသောန
ာနိုင်ငံရေးထောက်ခံမှုရှာဖွေသည့်စနစ်သည်နိုင်ငံသားတန်ဖိုးများခိုင်မာအောင်တည်ဆောက်
က်ရာတွင်အကြီးအကျယ်အဟန့်အတားဖြစ်စေသည်။နီယိုလစ်ဘရယ်အစိုးရများခေတ်မှသည်တိုးတက
တက်သောအစိုးရများခေတ်အထိအမွေဆိုးဖြစ်သောအစိုးရပေါ်လစီများမှာလူတစ်ဦးချင်းစီကိုဦးတည်
ည်သောစနစ်မှာလည်းဆိုးရွားလှသည်။ယင်းကြောင့်စုပေါင်းလုပ်ဆောင်မှုများနှင့်စုပေါင်းစီမံ
မံချက်များပေါ်ထွက်လာနိုင်ခြင်းမရှိတော့ပေ။ယင်းကြောင့်အရပ်ဖက်အဖွဲ့အစည်းများကောင်းစွာဖွံ့
ံ့ဖြိုးမလာတော့ပဲရပ်ရွာဘုံခံစားချက်များလည်းအားမကောင်းချေ[26]။

ထိုအခြေအနေများကြောင့်အာဏာရှင်စနစ်များနှင့်ထင်ရာစိုင်းသည့်အစိုးရများကိုပေါ်ပေါက်လာစေပြီးGuillermo O'Donnell ကကိုယ်စားလှယ်လွှဲအပ်သောဒီမိုကရေစီသို့မဟုတ်အဆိုးဆုံးအခြေအနေတွင်plebiscite democracy
ဟုခေါ်သောဒီမိုကရေစီမဆန်သည့်အဆုံးအဖြတ်များကိုလူထုအားတစ်နည်းနည်းဖြင့်ထောက်ခံခိုင်းသည့်စနစ်များ
ည့်စနစ်များဖြစ်လာသည်။

ထိုအစိုးရများတွင် (နီယိုလစ်ဘရယ်သောတိုးတက်သည့်အစိုးရများပါ)
သမ္မတအာဏာအလွန်အမင်းကြီးမားစွာရှိပြီးလူ့အဖွဲ့အစည်း၏တောင်းဆိုမှုများကိုနိုင်ငံရေးလက်ဝေခံစနစ်ပံ
ဝခံစနစ်ပုံစံဖြင့်ဖြေရှင်းသောကြောင့်ရေရှည်တွင်လူမှု-
နိုင်ငံရေးပဋိပက္ခအသစ်များပေါက်ဖွားလာစေသည်။အဘယ့်ကြောင့်ဆိုသော်ဆင်းရဲမွဲတေမှုနှင့်အပစ်ပယ်ခံရ
နှင့်အပစ်ပယ်ခံရမှုတို့၏အခြေခံအကြောင်းတရားများကိုကိုင်တွယ်ဖြေရှင်းပေးခြင်းမရှိသောကြောင့်ဖြစ်သည်
ာကြောင့်ဖြစ်သည်။ရေနံနှင့်သတ္တုတွင်းဝင်ငွေများမှပိုလျှံသောအချို့တဝက်ကိုပြန်လည်ခွဲဝေပေးသော်လည်
ွဲဝေပေးသော်လည်းဝင်ငွေနှင့်ခနေတို့ကိုအခြေအမြစ်ကျကျပြန်လည်ခွဲဝေမှုများမရှိချေ။ရောမတူးဖော်ထုတ်လု
မတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းကြီးများကြောင့်ဖြစ်ရသောလူမှုနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးများကို
ျိုးများကိုမျှဝေခံစားရာတွင်လည်းတရားမျှတမှုမရှိသောကြောင့်ဆန့်ကျင်ဖီဆန်မှုများဖြစ်ပေါ်လာသည်။ထိုမှ
ာသည်။ထိုမှတဖန်အာဏာရှင်ဆန်သောတုံ့ပြန်ဖိနှိပ်မှုပုံစံအသစ်များပေါ်ထွက်လာပြန်သည်။

ဤအခြေအနေတွင် Anthony Bebbington
ကရေရှည်တည်တံ့ခိုင်မြဲမှုဟူသောအယူအဆသည်ဒီမိုကရက်တစ်အစဉ်အလာများပေါ်တွင်သာအခြေခံ
ခံရမည်ဟုအကြံပြုခဲ့သည်။ယင်းသည်ကြားကာလအဖြေအတွက်သက်သက်ဖြစ်ပြီးပြန်လည်ပြည့်တင
တင်းခြင်းမရှိသောသယံဇာတများတူးဖော်ခြင်းနှင့်ပတ်သက်သည့်ရေရှည်မတည်မြဲမှုကိုမူအခြေ
ခြေခံကျကျဖြေရှင်းနိုင်ခြင်းရှိမည်မဟုတ်ချေ။ဖွံ့ဖြိုးရေး၏အကန့်အသတ်များကိုသတ်မှတ်ရာတွင်နိ

---

ခံများ၏အခွင့်အရေးကိုထိခိုက်သောဥပဒေများကိုပြန်လည်ပြင်ဆင်ပေးရသလိုသမိုင်းတလျှောက်
က်အပစ်ပယ်ခံအမေဇုံတိုင်းရင်းသားများကိုအလေးထားရကောင်းမှန်းသိလာခဲ့သည်။ပီရူးအမေဇုံဒေသတ
သတွင်စုစုပေါင်းလူဦးရေ၏၁၁%
နှင့်လူမျိုးပေါင်း၆၆မျိုးနေထိုင်ပြီး၎င်းတို့အနက်မှလူမျိုး၁၄မျိုးမှာအနောက်တိုင်းယဉ်ကျေးမှုနှင့်ထိေ
ိတွေ့ခြင်းလုံးဝမရှိပေ။

၂၀၁၁ခုနှစ်တွင် Ollanta Humala
ကိုသမ္မတအဖြစ်ရွေးကောက်တင်မြှောက်နိုင်ခြင်းကြောင့်မျှော်လင့်ချက်များမြင့်တက်လာသော်လည်း
Cajamarca

ဒသရှိမိုင်းတွင်းနှင့်ပတ်သက်သောပဋိပက္ခတွင်အစိုးရကအကြမ်းဖက်ခြေမှုန်းသောနည်းလမ်း
းကိုဆက်လက်ကျင့်သုံးလာပြန်သည်။ထို့ကြောင့်အစဉ်အလာနီယိုလစ်ဘရယ်စီမံချက်များ၏နည်
ည်းလမ်းဟောင်းဖြစ်သောအမိန့်ပေး၊ရင်းနှီးမြှုပ်နှံမှုစနစ်သို့ပြန်သွားခြင်းသာဖြစ်သည်။

## တိုးတက်သောဖွံ့ဖြိုးရေးဝါဒလက်သစ်၏မျက်ကွယ်များ

ဖွံ့ဖြိုးရေးလက်သစ်တိုးတက်သောဝါဒနှင့်လစ်ဘရယ်ဝါဒကြားတွင်တူညီမှုအများအပြားရှိသော်လည်းကွဲပြ
ပြားခြားနားသောနေရာများလည်းရှိသည်။အဓိကအားဖြင့်နိုင်ငံတော်နှင့်ဒီမိုကရေစီဖြစ်ထွ
ထွန်းမှုအခန်းကဏ္ဍတို့ဖြစ်သည်။မည်သို့ကွဲပြားခြားနားမှုများရှိသည်ဖြစ်စေလက်ဝဲယိမ်းနှင့်တိ
တိုးတက်သောအစိုးရများပေါ်ထွန်းလာခြင်းမှာမကြာသေးမီဆယ်စုနှစ်များအတွင်းနီယိုလစ်ဘရယ်ဆန
ဆန့်ကျင်ရေးလှိုင်းများတစ်ခုပြီးတစ်ခုပေါ်ပေါက်လာခြင်းနှင့်ဆက်စပ်နေသည်။ထိုလှုပ်ရှားမှုများကို
ကိုတက်ကြွသောလူမှုအဖွဲ့အစည်းများနှင့်လယ်သမား-
ဌာနေတိုင်းရင်းသားအဖွဲ့အစည်းများကဦးဆောင်ခြင်းဖြစ်သည်။ထို့ကြောင့်၂၁ရာစု၏အစတွင်လူ့အဖ
အဖွဲ့အစည်း၊နိုင်ငံရေးနှင့်စီးပွားရေးဆက်နွယ်မှုများကိုပုံဖော်မည့်မူဘောင်အသစ်များပေ
းပေါ်ထွက်လာသလိုအခြေခံရပိုင်ခွင့်များတိုးချဲ့ခြင်းနှင့်ဆင်းရဲမွဲတေမှုလျှော့ချခြင်းကလည်
ည်းအရေးကြီးသောလူထုနိုင်ငံရေးနယ်ပယ်များဖြစ်လာသည်။

ဘိုလီးဗီးယားနှင့်အီကွေဒေါကဲ့သို့သောနိုင်ငံများတွင်ပြည်သူများပိုမိုပါဝင်ခွင့်ရှိလာသောဖွဲ့စည်းပုံ
အခြေခံဥပဒေသစ်များရေးဆွဲကြရာ၌ကိုလိုနီဆန့်ကျင်ဝါဒ၊လူမျိုးစုံနိုင်ငံတော်၊ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ Buen Vivir
နှင့်သဘာဝတရားကြီး၏ရပိုင်ခွင့်စသည့်အခြေခံအယူအဆများပါဝင်လာကြသည်။တပြိုင်နက်တည်း
းပင်ယနေ့ခေတ်လူမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာလှုပ်ရှားရုန်းကန်မှုများအတွက်ဂေဟနှင့်ပိုင်နက်ဆိုင်
င်ရာသတ်မှတ်ချက်အသစ်များကိုလည်းပြဋ္ဌာန်းပေးနိုင်ခဲ့သည် (Svampa 2011b)။လွန်ခဲ့သောဆယ်နှစ်တာကာလအတွင်းထိုတိုးတက်သောအစိုးရများ၏အာဏာခြေကုပ်ပိုမိုမြဲမြ
မြံလာပြီးနောက်တွင်မူအခြားသောရပ်တည်ချက်များကရှေ့တန်းရောက်လာပြန်သည်။တိုးတက်သောအစိုး
းရများ၏နိုင်ငံရေးရပ်တည်ချက်ပလက်ဖောင်းသည်နီယိုလစ်ဘရယ်ဝါဒမှခွဲထွက်ခြင်းဖြစ်သော်
်လည်းထိုအစိုးရများသည်တစ်ချိန်တည်းတွင်ယနေ့အခြေခံကုန်စည်ဈေးနှုန်းမြင့်မားမှုနှင့်ယှဉ်
ဉ်ပြီးသဘာဝတရားမှထုတ်ယူသုံးစွဲရေးအယူအဆများကိုလည်းအားပေးမြှင့်တင်လာကြသည်။

ထိုအယူအဆများသည်လွန်ခဲ့သော၂၅နှစ်ခန့်ကဘိုလီဗီးယားလူမှုဗေဒပညာရှင် René Zavaletta ဖော်ထုတ်ခဲ့သောအမြတ်၏ဒဏ္ဍာရီဟူသည့်အယူအဆနှင့်လည်းဆက်စပ်နေပြန်သည်။ထိ
ထိုဒဏ္ဍာရီယုံတမ်းမှာZavaletta (2009 [1986]: 29-46)
၏အလိုအရတောင်အမေရိကတိုက်သည်သဘာဝသယံဇာတများနှင့်ပတ်သက်လျင်အကောင်းဆုံးဆုလာဘ်
ဘ်ကိုရရှိထားသည်ဟူသောအယူပင်ဖြစ်သည်။ထိုစာရေးသူကလက်တင်အမေရိကရှိလူတိုင်း၏စိတ်ထဲတွင်ရှိ
သောရွှေအတိပြီးသည့်ဒဏ္ဍာရီမြို့တော် El Dorado
ကိုဥပမာပေးသည်။စာရေးသူရတနာသိုက်ရတ်တရက်ပေါ်သလို El Dorado
မြို့တော်ကြီးပေါ်လာခြင်းနှင့်အလိုလိုရလာသောသဘာဝဆုလာဘ်များကိုအပြည့်အဝထိန်းချုပ်စီမံ
မံနိုင်မည်ဟုမားယွင်းစွာလက်ခံယူဆခြင်းများသည်လက်တင်အမေရိကသားများ၏သွေးသားထဲတွင်ကိန်
န်းဝပ်နေပြီးဖြစ်သည်ဟုထောက်ပြလိုခြင်းဖြစ်သည်။

ထိုဒဏ္ဍာရီနှင့်ခပ်ဆင်ဆင်တူသည့်ဖွံ့ဖြိုးရေးဝါဒအတွေးအခေါ်များမှာZavaletta အပါအဝင်လက်တင်စာရေးသူအတော်များများ၏အရေးအသားထဲတွင်ပါဝင်လေ့ရှိသည်။ Fernando Coronil (2002) ကဗင်နီဇွဲလားရှိဒဏ္ဍာရီနိုင်ငံတော်အကြောင်းဝေဖန်ရေးသားသလို Alberto Acosta နှင့် Jürgen Schuldt တို့ကလည်းသယံဇာတပေါများမှု၏ကျိမ်စာအကြောင်းကိုရေးသားသည်။၎င်းတို့ကသယံဇာတပေါကြွယ်ဝခြင်းအကြောင်းကြောင့်ဆင်းရဲရသောနိုင်ငံများရှိသည်ဟုအတိအလင်းရေးသားခဲ့သည် (Schuldt/Acosta 2009: 11; Acosta 2009)။၎င်းတို့ကတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများနှင့်ဆင်းရဲမှုတိုးပွားလာခြင်း၊မတရားမှုတိုးပွားလာခြင်း၊ထုတ်လုပ်ရေးလုပ်ငန်းများဖွံ့ဖြိုးမှုပုံမမှန်ခြင်းနှင့်သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်းစသည်တို့ဆက်စပ်နေကြောင်းကိုအတိအလင်းထုတ်ဖော်ရေးသားသည်။

မျက်မှောက်ကာလတွင်ကုန်ကြမ်းဈေးနှုန်းများတက်ခြင်း၊အာရှမှဝယ်လိုအားတောက်လျှောက်မြင့်မားနေခြင်းစသည့်အကြောင်းများကြောင့်တူးဖော်ရေးဝါဒီများအနေနှင့်ဖွံ့ဖြိုးပြီးနိုင်ငံများကိုအမြန်ဆုံးအမီလိုက်နိုင်မည်ဟူသောထင်ယောင်ထင်မှားမှုများကိုဖြစ်ပေါ်စေသည်။သို့သော်ထိုထင်မြင်မှုများမည်သည့်အခါမှဖြစ်မလာခဲ့ပေ။

ဖွံ့ဖြိုးမှုအမြင်မှားခြင်းသည်ပဋိပက္ခပေါ်တွင်လည်းမူတည်သည်။၁၉၉၀ပြည့်လွန်နှစ်များ၏နီယိုလစ်ဘရယ်ဝါဒကြောင့်မမျှတမှုနှင့်ဆင်းရဲမွဲတေမှုများပြန့်ပွားလာပြီးတပြိုင်နက်တည်းတွင်ကုန်ကြမ်းရောင်းချမှု၏အကျိုးအဖြစ်ကမ္ဘာ့စီးပွားပျက်ကပ်များ၏အကျိုးကိုထင်သလောက်မခံရခြင်းလည်းရှိလာသည်။ဘဏ္ဍာရေးပိုငွေနှင့်နှစ်စဉ်ဖွံ့ဖြိုးမှုနှုန်းမြင့်မားသောကြောင့်လက်တင်အမေရိကလမ်းကြောင်းဟူ၍ကြွားဝါမှုများရှိလာကာနောက်တစ်ဆင့်တွင်နိုင်ငံရေး၊လူမှုရေးနှင့်စီးပွားရေးဆိုင်ရာပေါက်ကွဲထွက်မှုများဖြစ်လာသည်။အီကွေဒေါသမ္မတ Raphael Correa ပြောသကဲ့သို့နီယိုလစ်ဘရယ်ညတာရှည်ကြီးကုန်ဆုံးသောအခါ၂၁ရာစုအဝင်အကျပ်အတည်းကြီးများဖြစ်သောအလုပ်လက်မဲ့၊စီးပွားရေးအခွင့်အလမ်းကျဆင်းခြင်းနှင့်နိုင်ငံစွန့်ခွာထွက်သွားခြင်းများဖြစ်လာသည်။ယင်းမှာအာဂျင်တီးနားရှိKirchners အစိုးရလက်ထက်တွင်သိသာထင်ရှားပြီးယနေ့ခေတ်လူမှုစီးပွားအညွှန်းကိန်းများကိုအာဂျင်တီးနားစီးပွားပျက်သော၂၀၀၁- ၂၀၀၂ကာလများနှင့်နှိုင်းယှဉ်ပြီးဖတ်ရှုပြောကြားခြင်းမျိုးဖြစ်နေသည်။

ဘိုလီးဗီးယား၏ဥပမာမှာလက်တင်အမေရိကတိုက်၏ဖွံ့ဖြိုးမှုအမြင်မှားခြင်းအတွက်အကောင်းဆုံးဥပမာတစ်ခုဖြစ်နိုင်သည်။အခြေခံကုန်စည်ဈေးနှုန်းမြင့်တက်လာခြင်းနှင့်ကုမ္ပဏီများကိုနိုင်ငံပိုင်သိမ်းခြင်းတို့တိုက်ဆိုင်ဖြစ်ပွားသဖြင့်ဘိုလီဗီးယားတွင်အစိုးရဝင်ငွေအလွန်အမင်းမြင့်မားသွားပြီးလူထုမျှော်လင့်ချက်များလည်းအလွန်အမင်းကြီးထွားလာခဲ့သည်။သမ္မတ၏ဒုတိယသက်တမ်းတွင်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအတွက်စီးပွားရေးကိုထပ်မံတံခါးဖွင့်ပေးခဲ့သည်။လုပ်ငန်းများတွင်တစ်ဦးတည်းလွှမ်းမိုးနိုင်ရန်အပြင်းအထန်ကြိုးစားကြပြီး၂၀၁၀ပတ်ဝန်းကျင်တွင်တစ်ကိုယ်တော်ကြီးကြီးစိုးသောပရောဂျက်များစတင်ခိုင်မာလာသည်။ဘိုလီးဗီးယားအစိုးရသည်ဒု-သမ္မတ Alvaro García Linera ပြောသကဲ့သို့ခုန်ပျံကျော်လွှားစက်မှုထွန်းကားမှုလမ်းကြောင်းကိုလျှောက်လှမ်းပြီးတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများအပေါ်တွင်အခြေခံသောမဟာဗျူဟာမြောက်အခြေခံအဆောက်အဦစီမံချက်ကြီးများကိုအဓိကထားဆောင်ရွက်သည်။လီသီယမ်တူးဖော်မှု၊နိုင်ငံစုံကော်ပိုရေးရှင်းကြီးများကဆောင်ရွက်သောရေနံမိုင်းတွင်းလုပ်ငန်းများ၊IIRSA နောက်ခံဖြင့်ဆောင်ရွက်သောလမ်းနှင့်ရေအားလျှပ်စစ်စီမံကိန်းများနှင့်အခြားစီမံချက်ကြီးများပါဝင်သည်။

ယေဘုယျဆိုရသော်ဖွံ့ဖြိုးမှုထင်ယောင်မှားခြင်းသည်လက်တင်အမေရိက၏နိုင်ငံရေးစိတ်ကူးဝိညာဉ်န
နှင့်ယှဉ်တွဲလျက်ရှိပြီးနိုင်ငံတော်၏လုပ်ဆောင်မှုများ၊သယံဇာတမှရသောဝင်ငွေများကိုသုံးပြီး
းအဆင်းရဲဆုံးလူတန်းစားအတွက်ထောက်ပံ့သောလူမှုပေါ်လစီများစသည်တို့တွင်လည်းထင်ဟပ်
ပ်လျက်ရှိသည်။

တိုးတက်သောအစိုးရများ၏နီယိုလစ်ဘရယ်ဝါဒကိုပြန်လှန်မေးခွန်းထုတ်လာကြသောအခါတွင်မူနိုင
ငံတော်သည်စီးပွားရေးကဏ္ဍတွင်အရေးပါသောဇာတ်ကောင်တစ်ဦးပြန်ဖြစ်လာပြီးအင်စတီကျူးရှင်းမျ
များနှင့်လုပ်ပိုင်ခွင့်များကိုပြန်လည်တည်ဆောက်လာကာခနေပြန်လည်ခွဲဝေမှုကိုပင်ဦးတည်ဆောင်ရွက
က်နိုင်လာသည်ကိုလည်းတွေ့ရသည်။

ထိုသို့နိုင်ငံတော်၏အခန်းကဏ္ဍကိုသိသိသာသာပြန်လည်တိုးမြှင့်လာသည်မှန်သော်လည်းနိုင
ငံတော်မှာမည်သည့်အခါတွင်မှလက်ကြီးသမား Mega Player ဖြ
ဖစ်မလာနိုင်တော့ပေ။စောင့်ကြည့်ထိန်းကွပ်သောနိုင်ငံတော် regulatory state
အဖြစ်ပြန်လာခြင်းမှာလည်းလူမှုလှုပ်ရှားမှုများ၊အန်ဂျီအိုများ၊အခြားသောကဏ္ဍများအပါအဝင်ပိုမိုစုံလင်ေ
ထွေပြားလာသောအရပ်ဖက်အဖွဲ့အစည်းများနှင့်ပုဂ္ဂလိကနိုင်ငံစုံရင်းနှီးမြှုပ်နှံမှုများပ
းပါဝင်သောနောက်ခံအခြေအနေတွင်ဖြစ်ပွားခြင်းဖြစ်သည်။

နိုင်ငံတော်ကပြန်လည်ရယူတည်ဆောက်ထားသောခနေခွဲဝေမှုအာဏာမှာနီယိုလစ်ဘရယ်နှစ်များ၏
း၏ကာလရှည်ထုတ်လုပ်မှုမှထွက်လာသောပြောင်းလဲမှုကြောင့်ဖြစ်သည်ကိုမမေ့သင့်ပေ။ထို့အပြင်
င်၁၉၉၀ပြည့်လွန်နှစ်များတွင်ကမ္ဘာ့ဘဏ်ကရေးဆွဲခဲ့သောနစ်နာမှုများကိုပြန်လည်ကုစားရန်ရည်ရွ
ရွယ်သည့်လူမှုပေါ်လစီများနှင့်လည်းဆက်စပ်လျက်ရှိသည်။အစိုးရများကစက်မှုထွန်းကားရေးမည်သိ
သို့ပင်ကြွေးကြော်နေပါစေလက်ရှိဖြစ်နေသည့်စီးပွားရေးပြောင်းလဲမှုများကအခြေခံကုန်စည်
ည်များထုတ်လုပ်ရေးကိုသာပိုမိုတိုးချဲ့စေသည်။

ထို့ကြောင့်လက်တင်အမေရိကရှိလက်ဝဲဝါဒီများသည်အရင်းရှင်ဆန့်ကျင်ရေးသို့မဟုတ်အများကြိုက်အမျိုးသာ
သားရေးမည်သည့်ဝါဒကိုကိုင်စွဲသည်ဖြစ်စေတူးဖော်ထုတ်လုပ်ရေး
ဝါဒကိုဆန့်ကျင်သောဂေဟဝါဒီလှုပ်ရှားမှုများကိုမူလက်ခံကြခြင်းမရှိပေ။ထိုဂေဟဝါဒီဝေဖန်ရေးများကေ
ကမော်ဒန်ဖြစ်မှုတွင်အခြေခံသောမာက်စ်ဝါဒ၏အချို့သောဒေါက်တိုင်ကြီးများကိုဝေဖန်ကြသည်။လက်တ
တင်အမေရိကလက်ဝဲဝါဒီအများစုသည်ဂေဟဗေဒဆိုင်ရာပြဿနာများမှာအမှန်စင်စစ်ချမ်းသာသော
သာအနောက်တိုင်းအတွေးအခေါ်များမှ (မလိုအပ်ပဲ)
တင်သွင်းလာခြင်းဖြစ်သည်ဟုပင်ယူဆကြသည်။ထိုအာဂျင်ဒါသည်စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနှင့်စက်မှုဖွံ့ဖြ
ဖြိုးရေးလမ်းကြောင်းကိုလျှောက်လှမ်းစနိုင်ငံများအကြားမညီမျှမှုများကိုပိုများစေသည်ဟုလည
လည်းယူဆကြသည်။

လက်တင်အမေရိက၏တိုးတက်သောလက်ဝဲအယူအဆသည်ဖွံ့ဖြိုးရေး
ဝါဒအခြေခံပေါ်တွင်တည်ဆောက်ထားပြီးကုန်စည်သဘောတူညီချက်နှင့်ပတ်သက်လျက်နီယိုလစ်ဘရ
ဘရယ်ဝါဒနှင့်ဘုံတူညီမှုများရှိသည်။အဆိုးဆုံးအခြေအနေတွင်ယင်းကဖွံ့ဖြိုးရေး၊ကော်ပိုရိတ်လူမှုတ
တာဝန်နှင့်အုပ်ချုပ်ရေးဒေါက်တိုင်သုံးခုကိုနီယိုဖွံ့ဖြိုးရေး
ဝါဒ၏တက်ကြွလှုပ်ရှားသောဝင်ရိုးသုံးခုအဖြစ်သတ်မှတ်လက်ခံသည်။ထိုအယူအဆများကတူးဖော်ထု
ထုတ်လုပ်ရေးလုပ်ငန်းများသည်ဒေသခံများအတွက်အလုပ်အကိုင်များကိုဖန်တီးပေးသည်ဟုဆိုကြေ
ကသော်လည်းလက်တွေ့တွင်ထိုလုပ်ငန်းများမှာလုပ်အားထက်စာလျင်ငွေရင်းကိုအဓိကအားထားရသေ

သောအလုပ်များဖြစ်သည်။ရင်းနှီးမြှုပ်နှံမှုဒေါ်လာတစ်သန်းတိုင်းအတွက်တိုက်ရိုက်အလုပ်အကိုင်ဖန
ဖန်တီးနိုင်မှုမှာ၀.၅မှ၂ဦးအထိသာဖြစ်သည်။ငွေရင်းကိုအားပြုရမှုများလေအလုပ်အကိုင်အခွင့်အလမ်းဖန်
န်တီးမှုနည်းလေ၊အလုပ်သမားတစ်ဦးချင်းစီ၏ထပ်တိုးတန်ဖိုးဖန်တီးမှုနည်းလေပင်ဖြစ်သည်။ဓာတ်သတ္တ
တ္တုတူးဖော်ရေးလုပ်ငန်းများသည်တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်လူပေါင်း၂.၇၅သန်းကိုအလုပ်ပေးနိုင်ပြီ
ပီးယင်းမှာစုစုပေါင်းအလုပ်အကိုင်အားလုံး၏၀.၀၉%
သာရှိသည်။မိုင်းတွင်းငယ်များကလူပေါင်း၁၃သန်းခန့်ကိုအလုပ်အကိုင်ဖန်တီးပေးနိုင်သည်။အပြည်
ည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၏အဆိုအရသတ္တုတူးဖော်ရေးကိုအဓိကလုပ်ကိုင်သောနိုင်ငံပေါင်း၂၅
၂၅နိုင်ငံတွင်၁၉၉၅မှ၂၀၀၀ခုနှစ်အတွင်းသတ္တုတွင်းလုပ်သားစုစုပေါင်း၏သုံးပုံတစ်ပုံအလုပ်အကိုင်
င်ဆုံးရှုံးခဲ့သည်ဟုသိရသည်။အဓိကအကြောင်းမှာလူ့လုပ်အားကိုနည်းပညာဖြင့်အစားထိုးခြင်းကြေ
ကြောင့်ဖြစ်သည် (Colectivo Voces de Alerta 2011: 27)။

ထို့အပြင်နိုင်ငံတကာအလုပ်ခွဲဝေမှုနှင့်နှိုင်းရယှဉ်ပြိုင်နိုင်စွမ်းနိယာမများအရလက်တင်အမေရိ
ရိကမှာကုန်ကြမ်းတင်ပို့သောနိုင်ငံများအဖြစ်သို့ရှောင်လွှဲ၍မရပဲရောက်ရသည်ဟုတိုးတက်သော
လက်ဝဲသမားများနှင့်နီယိုလစ်ဘရယ်တို့နှစ်ဦးစလုံးကယူဆထားကြသည်။

တိုးတက်သောလက်ဝဲနှင့်နီယိုလစ်ဘရယ်နှစ်ဦးစလုံးတို့သည်ကမ္ဘာ့စီးပွားရေး၏နိမ့်မြင့်တက်
ကြသံသရာကိုလက်ခံကြပြီးကုန်ကြမ်းထုတ်လုပ်သူနှင့်ကုန်ချောနှင့်ဝန်ဆောင်မှုများထုတ်လုပ်သူဟူ
ဟူ၍ကမ္ဘာ့စီးပွားရေးတွင်အခြမ်းနှစ်ခြမ်းဖြစ်နေခြင်းကိုလည်းလက်ခံထားကြသည်။တိုးတက်သောအ
ာအစိုးရများသည်လက်တင်အမေရိကတိုက်အားစီးပွားရေးအရကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ကိုယ်ပိုင်နိ
ိုင်ငံရေးဝန်းကျင်တစ်ခုတည်ဆောက်ရေးကိုစကားလုံးပြောင်မြောက်စွာဖြင့်ကြွေး
ကြော်ကြသော်လည်းလက်တွေ့တွင်နိုင်ငံတကာလုပ်အားခွဲခြားမှုကိုအညံ့ခံ၊လက်သင့်ခံနေကြ
ကြရသည်ကိုတွေ့ရမည်။

နိဂုံးချုပ်အနေနှင့်ကုန်စည်သဘောတူညီမှုသည်ပြုပြင်ပြောင်းလဲရေးအများအပြားကိုတောင်းဆိ
ဆိုသောဝါရင့်တန်သဘောတူညီမှုထက်စာလျှင်ပိုမိုလုပ်သာကိုင်သာရှိပြီးနိုင်ငံတော်၏အခန်းကဏ္ဍကိုကန
ကန့်သတ်ခြင်း၊တူးဖော်ရေးလုပ်ငန်းကြီးများကြောင့်အထိနာသောရပ်ရွာပြည်သူများ၏ဒီမိုကရေစီ
စီဖော်ဆောင်ရေးကိုကန့်သတ်ခြင်းစသည်အတားအဆီးအဟန့်အတားများရှိနေသည်။

တူးဖော်ထုတ်လုပ်ရေးဝါဒကိုဝေဖန်ခြင်းနှင့်ဖွံ့ဖြိုးရေးအလွန်ဝါဒ

ကုန်စည်သဘောတူညီမှုကိုဆန့်ကျင်ကန့်ကွက်သောတတိယအတွေးအခေါ်လှုပ်ရှားမှုတစ်ခုရှိသည်။ယင်းကနီ
နီယိုဖွံ့ဖြိုးရေးနှင့်နီယိုလစ်ဘရယ်ပုံစံနှစ်မျိုးစလုံးကိုဆန့်ကျင်ခြင်းဖြစ်သည်။

ဖွံ့ဖြိုးရေးအယူအဆ အကျပ်အတည်းများတွေ့သော ဆယ်စုနှစ်များစွာအတွင်း ခေတ်မီမှု၊ မော်ဒန်ဖြစ်မှု အယူအဆကိုလည်း ပြန်လည်သုံးသပ်မှုများပြုလာကြသည်။ အထူးထင်ရှားသည်မှာ Meadows ၏အစီရင်ခံစာဖြစ်သော The Limits to Growth (1972) ထွက်လာပြီးနောက်ပိုင်းတွင် တစ်ကမ္ဘာလုံးပျံ့နှံ့ခဲ့သော ဂေဟ ဆိုင်ရာအယူအဆများဖြစ်သည်။ ယင်းဂေဟအတွေးအခေါ်များက ဖွံ့ဖြိုးရေးဝါဒ၏ ဦးဆောင်အခန်းကဏ္ဍ ကိုမေးခွန်းထုတ်ပြီးတောင်ကမ္ဘာခြမ်းနိုင်ငံများသို့လည်း စက်မှုဖွံ့ဖြိုးရေးမှာ တစ်ကမ္ဘာလုံးလျှောက်လှမ်းရ မည့် မှန်ကန်သောလမ်းကြောင်းဖြစ်သည်ဟု မမှတ်ယူသင့်ကြောင်း သတင်းစကားပါးသည် (Mealla 2006)။

၁၉၈၀ ပြည့်လွန်နှစ်များကပင် လက်တင်အမေရိကမှ ဝေဖန်ရေးဆရာအများအပြားက ဖွံ့ဖြိုးရေးအယူအဆသည် မိုက်ခရိုစကေး လူမှုစီမံကိန်းများနှင့် ဇဟိုချုပ်ကိုင်အကောင်အထည်ဖော်မှုများကို ဖောင်းပေးသည်ဟုဝေဖန်ကြသည်။ အများပါဝင်သော ဖွံ့ဖြိုးရေးမှာ လယ်သမားများနှင့် ဌာနေတိုင်းရင်းသားယဉ်ကျေးမှုများကို လေးစားပြီး ဒေသတွင်းစီးပွားရေးများကို အားပေးမြှင့်တင်နိုင်သည် (Unceta Satrustegui 2009)။

ထိုအချိန်လောက်မှာပင် ရေရှည်ဖွံ့ဖြိုးရေး sustainable development ဟူသောအယူအဆမှာ နိုင်ငံရေးနှင့် အတွေးအခေါ် ဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများအတွင်းသို့ စတင်ဝင်ရောက်လာခြင်းဖြစ်သည်။ ထိုအယူအဆ၏ ရှုပ်ထွေးမှုများအကြောင်းမပြောခင် ယင်း၏အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အယူအဆဆိုင်ရာ အကန့်အသတ်များနှင့်ပတ်သက်ပြီး ဆန့်ကျင်ဘက်အတွေးအခေါ် ဂိုဏ်းနှစ်ဂိုဏ်းရှိသည်။ တစ်ဖက်တွင် ဖွံ့ဖြိုးမှုဆိုသည်မှာ ပန်းတိုင်မဖြစ်ပဲ နည်းလမ်းတစ်ခုသာဖြစ်ပြီး ယနေ့မျိုးဆက်များအတွက် တာဝန်ယူမှုရှိကာ သဘာဝတရား၏ စနစ် များအပေါ် လေးစားတန်ဖိုးထားမှုကိုတောင်းဆိုသော အယူအဆများရှိသည် (နိုင်ငံရေးဂေဟဗေဒ၊ နက်ရှိုင်းဂေဟဗေဒ၊ စီးပွားရေးဂေဟဗေဒစသည်)။ ကျန်တစ်ဖက်တွင် နည်းပညာဖွံ့ဖြိုးမှုကို ယုံကြည်ကိုးစားပြီးထိုနည်းပညာများကို ထိရောက်စွာအသုံးချကာ ရေရှည်ဖွံ့ဖြိုးမှုကိုဖော်ဆောင်နိုင်မည်ဟု ယူဆကြသူများရှိနေသည်။ ပထမအယူအဆကို လူမှုအဖွဲ့များ၊ ဂေဟသမားများ၊ ပညာရှင်များစသည်တို့က ကိုင်စွဲကြပြီး ဒုတိယစဉ်းစားပုံနည်းလမ်းမှာ ကော်ပိုရေးရှင်းကြီးများနှင့် အစိုးရများက ပြောလေ့ရှိသော အယူအဆများပင်ဖြစ်သည်။

များမကြာသေးခင်က ကိုလံဘီယာ ပညာရှင် Arturo Escobar (2005) က ဖွံ့ဖြိုးမှုအလွန် post development အယူအဆကိုတီထွင်ခဲ့ပြီး အာဏာရှိသူများ၏ လက်ကိုင်တုတ်အတွေးအခေါ်ဖြစ်ခဲ့ရသော ဖွံ့ဖြိုးရေးအယူအဆကို တစ်စစီဖြိုချရန် ကြိုးပမ်းခဲ့သည်။ Escobar ၏ရည်ရွယ်ချက်မှာ ဖွံ့ဖြိုးရေးအယူအဆကသုံးသော လွှမ်းမိုးချုပ်ချယ်ရေးယန္တယားများကို လှစ်ဟပြရန်ဖြစ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံများကို ခွဲခြားဆက်ဆံခြင်း၊ နိုင်ငံတကာကျွမ်းကျင်သူများ၏အခန်းကဏ္ဍကို မြှင့်တင်ထားခြင်း၊ ဒေသတွင်း၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာ အင်စတီကျူးရှင်းများကိုတည်ထောင်ခြင်း စသည်တို့မှာ လွှမ်းမိုးချယ်လှယ်ရေးယန္တယားများပင်ဖြစ်သည်။ ထို့အပြင် ခေတ်သစ်ဖွံ့ဖြိုးရေးသည် ဒေသဆိုင်ရာအတွေ့အကြုံများနှင့် အသိပညာများကို ဘေးဖယ်ထုတ်သည် (ယင်းကို အသိပညာသင်းသတ်ခြင်း epistemicide ဟု Boaventura de Sousa Santos 2007 ကနောက်ပိုင်းတွင်ခေါ်ဝေါ်သည်)။

၁၉၉၀ ပြည်လွန် ဝါရှင်တန်သဘောတူညီချက်ကာလများအတွင်း၌ ဖွံ့ဖြိုးမှုတွင် နိုင်ငံတော်က အဓိကဇာတ်ကောင်အဖြစ်ရှိနေခြင်းလည်း ရပ်ဆိုင်းသွားခဲ့သည်။ ယခုကဲ့သို့ အတိုင်းအတာနှင့် နိုင်ငံတော်၏အခန်းကဏ္ဍ သေးငယ်သွားခြင်းကို ယခင်က မကြုံဖူးခဲ့ပေ[2]။ ယင်းသည် ရေရှည်ဖွံ့ဖြိုးရေးအယူအဆ sustainable development ကို အားပျော့သွားအောင် ရေထိုးခြင်းဖြစ်ပြီး ဂေဟခေတ်မီဆန်းသစ်ရေးအယူ အဆ၊ ကော်ပိုရိတ်လူမှုတာဝန်နှင့် အုပ်ချုပ်မှုစသည်တို့နှင့် လက်တွဲညီညီဖြစ်သည်။ ထုတ်လုပ်မှုနှင့် စားသုံးမှု နှစ်မျိုးစလုံးကို အနှစ်သာရပြောင်းလဲရန်အတွက်ဆိုလျှင် ဖွံ့ဖြိုးရေးအယူအဆက အဓိကအတွေးအခေါ် အဖြစ် ဆက်လက်တည်ရှိနေခြင်းမှာ အနှောက်အယှက်၊ အတားအဆီးဖြစ်လာသည်။

---

[2]၁၉၉၀ ပြည့်လွန်နှစ်များအထိ ဖွံ့ဖြိုးရေးသည် နိုင်ငံရေးနှင့် ပညာရပ်ဆိုင်ရာနယ်ပယ်များတွင်ရှေ့တန်းရောက်လာခြင်း မရှိသေးပေ။ ထို့နောက်တိုးတက်သောအစိုးရများအကျပ်အတည်းတွေ့ခြင်းနှင့် နီယိုလစ်ဘရယ်ဝါဒ အထွတ်အထိပ် ရောက်ခြင်းနှင့်အတူ ထိုအယူအဆထွန်းကားလာခြင်းဖြစ်သည်။

ဖွံ့ဖြိုးမှုအယူအဆပြန်လည်အားကောင်းလာချိန်တွင် ဝေဖန်သောအတွေးအခေါ်များက ဖွံ့ဖြိုးမှုလွန်အယူအဆနှင့် အားကောင်းသော ရေရှည်ဖွံ့ဖြိုးရေးအယူအဆများ (ဌာနေတိုင်းရင်းသားအတွေးအခေါ်များအပါအဝင်) ကိုတင်သွင်းလာကြသည်။ ဖွံ့ဖြိုးမှုလွန်ဝါဒက အဓိကအားဖြင့် နီယိုလစ်ဘရယ်နှင့် တိုးတက်သောအတွေးအခေါ်များက ပြန်လည်တင်သွင်းလာသော ဖွံ့ဖြိုးရေးအယူအဆကို ဆန့်ကျင်တိုက်ဖျက်နေခြင်းဖြစ်သည်။ ၎င်းတို့က အစဉ်အလာကို ဖောက်ထွက်သော သဘာဝလောကအပေါ်အမြင်အမျိုးမျိုးကို တင်ပြလာကြခြင်းဖြစ်သည်။ ဌာနေတိုင်းရင်းသားအမြင်၊ ဂေဟအမြင်၊ ဂေဟ-လူ့ဘောင်အမြင်၊ ဂေဟ-မဝါဒအမြင်၊ ကိုလိုနီဆန့်ကျင်လှုပ်ရှားမှုနှင့် ဂေဟ-ပိုင်နက်လှုပ်ရှားမှုများပါဝင်သည်။ ယင်းမှာ လူ့အဖွဲ့အစည်းအကျပ်အတည်းတွေ့ချိန်တွင် လူ/လူ့ယဉ်ကျေးမှုနှင့် သဘာဝတရားအကြားဆက်ဆံရေးကို ပြန်လည်သုံးသပ်ရန်တောင်းဆိုခြင်းလည်းဖြစ်သည်။

မက်စ်ဝါဒီစီးပွားရေးပညာရှင် Bob Jessop (2011) က အကျပ်အတည်းကိုနားလည်ရန်အတွက် ဖြစ်စဉ် လေး မျိုးကိုရှင်းပြခဲ့သည်။ ပထမအချက် တစ်ကမ္ဘာလုံးဂေဟပြဿနာ (ရေနံ၊ အစားအစာ၊ ရေ)၊ အမေရိကန် ပြည်ထောင်စုကျဆင်းလာခြင်း၊ ဝင်ရိုးစုံကမ္ဘာနှင့် တရုတ်ဩဇာကြီးလာခြင်း၊ နီယိုလစ်ဘရယ်နှင့် အရင်းရှင် စနစ်၏ ဝိရောဓိများကြောင့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းဖြစ်ခြင်းနှင့် စတုတ္ထအနေနှင့် ဘဏ္ဍာအရင်းရှင် စနစ်၏ ဆိုးကျိုးများဟူ၍ အချက်လေးချက်ကို ဖော်ထုတ်ပြသည်။

တူးဖော်ရေးဝါဒကို ဝေဖန်သုံးသပ်ခြင်းသည် တစ်ကမ္ဘာလုံးဆိုင်ရာဂေဟအကျပ်အတည်းနှင့် သယံဇာတတူးဖော်ခြင်းနှင့် စားသုံးခြင်းတို့၏ ပြဿနာများကို မီးမောင်းထိုးပြခြင်းလည်းဖြစ်သည်။ အမေရိကန်ဩဇာကျပြီးနောက် တရုတ်၊ အိန္ဒိယစသော တူးဖော်ရေးအခြေခံဒေသတွင်း အင်အားကြီးနိုင်ငံများ၊ ဒေသတွင်း ကိုလိုနီအငယ်စားနိုင်ငံဖြစ်သော ဘရာဇီးစသည်တို့ပေါ်ထွက်လာခြင်းကိုလည်း ထောက်ပြခဲ့သည်။ ထို့အပြင် ဘဏ္ဍာအရင်းရှင်စနစ်က ဈေးနှုန်းများသတ်မှတ်ပြီး နီယိုလစ်ဘရယ်ပြုပြင်ပြောင်းလဲရေးများမှ မွေးထုတ်ပေးလိုက်သော တူးဖော်စီးပွားရေးမိုဒယ်မှာ အကျပ်အတည်းကျရောက်မည်ဖြစ်ကြောင်းကို ကြိုတင်သတိပေးသည်။

တူးဖော်ရေးမော်ဒယ်သည် ဂေဟစနစ်ကိုသာမက လူ့အခွင့်အရေးကိုလည်းဖောက်ဖျက်လျက်ရှိသည်။ ပိုဆိုးသည်မှာ ထိုရပိုင်ခွင့်များ ဥပမာ ဌာနေတိုင်းရင်းသားတို့၏ရပိုင်ခွင့်များကို နိုင်ငံတကာတန်ဖိုးများဖြင့် ကာကွယ်ထားခြင်း (ILO Convention 169) ဖြစ်သည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားများ၏ လွတ်လပ်သော ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကိုပြဌာန်းပေးသည့် ထိုကွန်ဗန်းရှင်းကို လက်တွေ့ကျင့်သုံးရာတွင် အငြင်းအခုံအများဆုံးဖြစ်ပွားခြင်းဖြစ်သည်။ ထိုနှုန်းစံပြဌာန်းချက်များကိုသုံးပြီး ဖွံ့ဖြိုးရေးခေါင်းစဉ်အောက်တွင် သိမ်းပိုက်သွားသောနယ်မြေများကို ပြန်လည်ရယူနိုင်သည်။ ထိုပဋိပက္ခများကို အင်ဒီးစ်တောင်တန်းနိုင်ငံများတွင်သာမက အာဂျင်တီးနားကဲ့သို့နိုင်ငံများအထိပါ ပျံ့နှံ့ပြီး လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒသဘောထားကောက်ခံပိုင်ခွင့်အပါအဝင် လူ့အခွင့်အရေးကိစ္စရပ်များနှင့် ဆက်စပ်လျက်ရှိသည်။ ယင်းမှတစ် ဆင့်လူမှုတောင်းဆိုမှုများကို ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုသော အဆိုးသံသရာများဆက်လက်ဖြစ်ပွား သည်။ ထိုရှုထောင့်မှကြည့်လျှင် တောင်အမေရိကတိုက်ရှိ ဒီမိုကရေစီအနာဂတ်မှာ များစွာစိတ်ပူပန်ဖွယ်ဖြစ် နေသည်။

နောက်ဆုံးအချက်မှာ Arturo Escobar (2005) နှင့် Edgardo Lander တို့ထောက်ပြခဲ့သလို တူးဖော်ထုတ်လုပ်မှု စီးပွားရေးသည် မော်ဒန်ဖြစ်မှု၏အကျပ်အတည်းပင်ဖြစ်သည်ဆိုသော အချက်ဖြစ်သည်။

တူးဖော်ထုတ်လုပ်မှုစီးပွားရေးမိုဒယ်ကို သုံးပြီးမျက်မှောက်ခေတ်အကျပ်အတည်းကို ကောင်းစွာသရုပ်ဖော်နိုင်သော်လည်း ယင်းကိုအလွန်အကျွံသုံးစွဲပါက ပြဿနာကို အမှန်တကယ်ဆန်းစစ်လေ့လာသုံးသပ်နိုင်မှုကို

ထိခိုက်သွားစေနိုင်သည်။ သဘာဝသယံဇာတထုတ်ယူသုံးစွဲမှုအားလုံးကို ခြုံငုံသိမ်းကျုံးပြောဆိုခြင်းသည် အခြားသောပြုပြင်ပြောင်းလဲရေးဆိုင်ရာ အင်အားစုများ (ဥပမာ မြို့ပြအလုပ်သမားသမဂ္ဂများ) ကိုလျစ်လျူရှုရာရောက်စေသည်။

ဖွံ့ဖြိုးရေးလွန်ဝါဒသည် ဖွံ့ဖြိုးရေးလက်သစ်နှင့် တိုးတက်သောဖွံ့ဖြိုးရေးဝါဒအယူအဆများကိုလည်း ဆန့်ကျင်ဝေဖန်သည်။ အထူးသဖြင့် လက်ရှိနေစုဆောင်းရေးပုံစံနှင့် လူအများ၏ပိုင်ဆိုင်မှုများကို လုယက်ယူမှုပုံစံများကို ဝေဖန်ရန်ပျက်ကွက်မှုကြောင့်ဖြစ်သည်။ တိုးတက်သော နီယိုဖွံ့ဖြိုးရေးဝါဒီများသည် လူမှုလှုပ်ရှားမှုများနှင့် ပညာတတ်များ၏ ပတ်ဝန်းကျင်အခြေခံဝေဖန်ကန့်ကွက်မှုများကိုသာ အလေးအနက်ထားပြီး အခြားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ ဆန့်ကျင်ကန့်ကွက်မှုများကို အလေးအနက်မထားပေ။

ထို့ကြောင့် အင်ဒီးစ်တောင်တန်းဒေသနိုင်ငံအများအပြားတွင် ကန့်ကွက်မှုများရှိသည့်တိုင် တူးဖော်ရေးအခြေခံစီးပွားရေးစနစ်များနှင့် နောက်ဆက်တွဲပိုင်ဆိုင်မှုလက်လွှတ်ဆုံးရှုံးရခြင်းများကို ဆက်လက်တွေ့မြင်နေရခြင်းဖြစ်သည်။ လက်တင်အမေရိကနိုင်ငံများထဲတွင် ထိုကိစ္စများကို အပြင်းထန်ဆုံး ဆွေးနွေးသောနိုင်ငံမှာ အီကွေဒေါ်ဖြစ်သည်။ ဂေဟဆိုင်ရာ အင်စတီကျူးရှင်းအသစ်များ ပေါ်ပေါက်လာခြင်းနှင့်အတူ Buen Vivir သမ္မာအာဇီဝအယူအဆမှာ ဖွံ့ဖြိုးရေး ၏အစားထိုးရွေးချယ်စရာဖြစ်လာသည်။ အီကွေဒေါ်၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သဘာဝတရား သည်အခြေခံရပိုင်ခွင့်ရှိပြီး ယင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်စောင့်ရှောက်ပေးရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။

အီကွေဒေါ်အစိုးရသည် သမ္မာအာဇီဝကျစွာနေထိုင်ခြင်းဆိုင်ရာ စီမံကိန်း ၂၀၀၉- ၂၀၁၃ ကို ရေးဆွဲပြီး National Secretary of Planning and Development SENPLADES (Secretaría Nacional de Planificación y Desarrollo) ကိုအကောင်အထည်ဖော်စေရန် တာဝန်ပေးသည်။ နိုင်ငံတော်၏အခန်းကဏ္ဍကိုလည်း ပြန်လည်မြှင့်တင်ပြီး အခြေခံကုန်စည်များကို အားထားတင်ပို့ရသောဘဝမှ ဇီဝမျိုးစုံကြွယ်ဝမှု၊ အသိပညာနှင့် ခရီးသွားလုပ်ငန်းကို အခြေပြုသော ဒေသတွင်းဖွံ့ဖြိုးရေးပုံစံကိုဖော်ဆောင်ရန်ကြိုးစားသည်။

သို့သော် Rafael Correa အစိုးရသည် နီယိုဖွံ့ဖြိုးရေးလမ်းကိုလည်းလိုက်ပြီး တိုင်းပြည်တွင်းကန့်ကွက်မှုများသော ရောမမိုင်းတွင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည်။ ထို့အပြင် လူမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာကန့်ကွက်လှုပ်ရှားမှုများကိုလည်း ဆူပူအကြမ်းဖက်မှုများအဖြစ်သတ်မှတ်ပြီး ရာဇဝတ်ကြောင်းဖြင့် ဖိနှိပ်အရေးယူသည်။ စုစုပေါင်း လူ ၁၇၀ ခန့်မှာ အရေးယူခံရပြီး ပတ်ဝန်းကျင်သမားများကလေး ကလားဆန်သည်ဟု သမ္မတကစွပ်စွဲသည်။ ဝေဖန်သောအတွေးအခေါ်များကြောင့် အကွဲအပြဲများပေါ်ပေါက် လာပြီး ဖွဲ့စည်းပုံပြုပြင်ရေးလှုပ်ရှားမှုကာလက ရှိခဲ့သော ညီညွတ်ရေးလည်း ပျောက်ဆုံးသွားရသည် Montecristi (2008)။ Rafael Correa အာဏာရကာစက သူ့အစိုးရအဖွဲ့အတွင်း ဖွံ့ဖြိုးရေးနှင့် ဂေဟဗေဒ ဟူ၍ အပိုင်းနှစ်ပိုင်းဖွဲ့စည်းထားသည်ကို တွေ့နိုင်သည်။ ဂေဟအုပ်စုတွင် ဦးဆောင်သူတစ်ဦးမှာ ဘောဂ ဗေဒပညာရှင် Alberto Acosta ဖြစ်သည်။ ၎င်းမှာ Constituent Assembly in Montecristi ၏ ဥက္ကဋ္ဌဖြစ်ခဲ့ပြီး တူးဖော်ထုတ်လုပ်မှုစီးပွားရေးပုံစံကို အပြင်းထန်ဆုံးဝေဖန်သူတစ်ဦးဖြစ်လာသည်။

ဘိုလီဗီးယားရှိ အခြေအနေမှာလည်း အလားတူအငြင်းပွားဖွယ်ဖြစ်သည်။ အစိုးရနှင့် ဒေသဆိုင်ရာအာဏာပိုင်များအကြားပဋိပက္ခကြောင့် Evo Morales ၏ ပထမသက်တမ်းတွင် လူ့အဖွဲ့အစည်းတွင်းမှ မညီမျှမှုများအကြောင်းသိပ်မပေါ်လွင်ခဲ့ပေ။ သို့သော် ပြီးခဲ့သောနှစ်နှစ်အတွင်း လူ့အဖွဲ့အစည်းအတွင်းမှ မညီမျှမှုများပိုမိုပေါ်လွင်ထင်ရှားလာခဲ့သည်။ နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးအတွက် အသစ်ပြဋ္ဌာန်းလိုက်သော

ဥပဒေအများအပြားသည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ထိပ်တိုက်တွေ့လာခဲ့သည်။ ထိုဥပဒေများသည် လီသီယမ်သတ္တုသိုက်များမှသည် အပွင့်သတ္တုတွင်းကြီးများအဆုံး တူးဖော်ရေးလုပ်ငန်းများကို အားပေးရန်အတွက် ပြဌာန်းပေးထားခြင်းဖြစ်သည်။ ထိုသို့တင်းမာမှုများရှိလာသော အခြေအနေတွင် အချို့သောဌာနေတိုင်းရင်းသားအဖွဲ့အစည်းများဖြစ်သော CIDOB, the Confederation of Indigenous Peoples of Eastern Bolivia (Coordinadora de Indígenas del Oriente Boliviano) နှင့် CONAMAQ, the National Council of Ayllus၊ Marcas of the Qollasuyo (Confederación Nacional de Ayllus y Marcas del Qollasuyo) စသည်တို့မှာ ILO convention 169 တွင်ပြဌာန်းထားသည့်အတိုင်း ၎င်းတို့၏ သဘောတူညီချက်မရပဲ လုပ်ငန်းများဆောင်ရွက်ခြင်းမပြုကြရန် ဝိုင်းဝန်းကန့်ကွက်ကြသည်။ ထို့အပြင် ၎င်းတို့၏ကိုယ်ပိုင်နိုင်ငံရေးအင်စတီကျူးရှင်းများတည်ထောင်ခြင်းနှင့် အမိကမ္ဘာမြေကိုကာကွယ်ခြင်း (ဖွံ့စည်းပုံပါအယူအဆ) နှင့် တူးဖော်မှုစီးပွားရေးစနစ်ကြား အကြီးအကျယ်အဟပ်ကွာခြားနေခြင်းကို ဖြေရှင်းပေးရန် တောင်းဆိုကြသည်။

ဘိုလီးဗီးယားရှိ ထင်ရှားသောအလှည့်အပြောင်းတစ်ခုမှာ Peoples' Summit on Climate Change and the Rights of Mother Earth ထိပ်သီးညီလာခံနှင့် အပြိုင်ကျင်းပသော Cochabamba ဆန့်ကျင်ထိပ်သီးညီလာ ခံဖြစ်သည်။ ဘိုလီးဗီးယားအစိုးရက ဦးဆောင်ကျင်းပသော တရားဝင်ထိပ်သီးညီလာခံမှာ တစ်ကမ္ဘာလုံးမှ လူထုလှုပ်ရှားမှုများကိုဖိတ်ခေါ်ပြီး မအောင်မြင်ခဲ့သော ၂၀၀၉ ကိုပင်ဟေဂင် ပတ်ဝန်းကျင်ပြောင်းလဲမှုဆိုင်ရာ ကွန်ဖရင့်ကို ကယ်တင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လုပ်ငန်းအစီအစဉ်တစ်ခုသတ်မှတ်ရေးဆွဲရန် ဖြစ် သည်။ သို့သော် ထိုကွန်ဖရင့်တွင် ပြည်တွင်းနှင့် ဒေသတွင်းကြုံတွေ့နေရသော တူးဖော်ထုတ်လုပ်ရေး ဝါဒ ၏နောက်ဆက်တွဲပြဿနာများကို ဆွေးနွေးမည့်ပြည်တွင်းအဖွဲ့များအား ဖိတ်ကြားခြင်းမပြုပေ။ ထို့ကြောင့် အဖွဲ့အစည်းများစွာတို့က ဘိုလီးဗီးယားရှိ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကိုဆွေးနွေးရန်အတွက် 'Workshop 18' အမည်ရှိ သီးခြားဖိုရမ်တစ်ခုကို အပြိုင်ကျင်းပခြင်းဖြစ်သည် (ယင်းကို အစိုးရခွင့်ပြုချက်မပါပဲ ကျင်းပခြင်းဖြစ်သည်)။

နောက်ထပ်အရေးပါသော အဖြစ်အပျက်တစ်ခုမှာ 2011: TIPNIS, the Indigenous Territory and National Park Isiboro Sécure (Territorio Indígena y Parque Nacional Isiboro Sécure) ဖြစ်သည်။ ယင်းတွင် လမ်းတစ်ခုဖြတ်သန်းဖောက်လုပ်ရန် စီစဉ်ရာအစိုးရနှင့် ဌာနေတိုင်းရင်းသားများအကြား ပဋိပက္ခဖြစ်ပွားတော့သည်။ TIPNIS မှ ၁၉၉၀ ပြည့်လွန်နှစ်များကတည်းက သီးခြားတည်ရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုဖြစ်သည်။ ထိုပဋိပက္ခတွင် မျက်နှာစာပေါင်းစုံရှိသည်။ အစိုးရက လမ်းမသည် ရပ်ရွာအသိုင်းအဝိုင်းများအကြား ချိတ်ဆက်ပေးပြီး ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ဈေးကွက်အဆက်အစပ်တို့ကိုဖန်တီးပေးမည်ဟုဆိုသည်။ သို့သော် ထိုလမ်းမကြောင့် ပတ်ဝန်းကျင်၊ လူမှုဆိုးကျိုးများစွာကိုသယ်ဆောင် လာမည့် တူးဖော်ထုတ်လုပ်ရေးစီမံချက်အများအပြားလည်းဝင်ရောက်လာနိုင်သည်။ အစိုးရက ဒေသတွင်းရှိ လူများနှင့် တိုင်ပင်ခြင်းမရှိပဲဆောင်ရွက်ခြင်းသည် ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ချိုး ဖောက်ခြင်းလည်းဖြစ်နေသည်။ ၂၀၁၀ ဒီဇင်ဘာလ ဓာတ်ဆီအကျပ်အတည်း Gasolinazo(၂၀၁၀ ဒီဇင်ဘာလတွင် ဓာတ်ဆီဈေးနှုန်းရုတ်တရက် မြင့်တင်သွားပြီးနောက်

ကန့်ကွက်ဆန္ဒပြမှုများပေါ် လာပြီးမှ ဈေးပြန်ချပေးသည်)[3]ပေါ် ပေါက်ပြီးကတည်းက အစိုးရ၏ တစ်ဖက်သတ် ဂမူရှူးထိုးဆောင်ရွက်မှုများ ပိုမိုများပြားလာသည်။ လူမှုအဖွဲ့အစည်းများကို မတိုင်ပင်ခြင်း၊ တိုင်ပင်သောအခါ တွင်လည်း နီးစပ်သောအဖွဲ့အစည်းများနှင့် လက်သင့်ရာစားတော်ခေါ်ပြီးတိုင်ပင်ခြင်းများဖြစ်လာသည်။ နောက်ဆုံးတွင် TIPNIS ဦးဆောင်သော ဌာနေ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် သဘာဝပတ်ဝန်းကျင်အဖွဲ့အစည်းများက La Paz သို့ချီတက်ပြီး အရေးဆို ရာကနဦးတွင် အစိုးရက ဖိနှိပ်ခြေမှုန်းရန်ကြိုးစားသော်လည်း နောက်ပိုင်းတွင် စီမံကိန်းများကို ဆိုင်းငံ့ပေး လိုက်သည်။ သို့သော် ယနေ့အချိန်အထိ အဆုံးသတ်ရလာဒ်မည်သို့ဖြစ်လာမည် မသဲကွဲပေ။

TIPNIS လှုပ်ရှားမှုကြောင့် အစိုးရ၏ တူးဖော်ထုတ်လုပ်ရေးကိုအခြေခံသောနိုင်ငံရေးနှင့် ဂေဟာလူ့ဘောင် အတွေးအခေါ်၏ ပတ်ဝန်းကျင်နှင့် အမိကမ္ဘာမြေကြီး(Pachamama) ကို ကာကွယ်စောင့်ရှောက်ရေးအကြား တွင် အထင်အရှားထိပ်တိုက်တွေ့ခြင်းပင်ဖြစ်သည်။

တပြိုင်နက်တည်းတွင် ကိုလိုနီခေတ်လွန် ဘိုလီးဗီးယားကိုမည်သို့တည်ဆောက်မည်ဆိုသည်နှင့်ပတ်သက်၍ လည်း အကြီးအကျယ် သဘောကွဲလွဲသည်။ တစ်ဖက်တွင်နိုင်ငံတော်ကို အားကောင်းအောင်တည်ဆောက် ရေးရှိပြီး ကျန်တစ်ဖက်တွင် လူမျိုးစုံနိုင်ငံတော် plurinational state အယူ အဆရှိနေသည်။ ထိုအငြင်းအခုံတွင် ပညာရှင်အများအပြားနှင့် အရေးပါသောနိုင်ငံဝန်ထမ်းများနှင့် Evo Morales အစိုးရအကြားသဘောထားကွဲပြားမှုများ အထင်အရှားဖြစ်ပေါ်သည်။ ၂၀၁၂ ဇွန်လတွင် အစိုးရဝန် ထမ်းအကြီးအကဲများလည်းဖြစ်သော ပညာရှင်များက Manifesto for the Renewal of the Process of Change (Manifiesto por la Reconducción del processo de cambio, see Coordinadora Plurinacional de la Reconducción 2011) ကြေညာစာတမ်းကိုထုတ်ပြန်သည်။ ထိုကြေညာစာတမ်းသည် သဘာဝပတ်ဝန်းကျင်အရေးထက်စာလျှင် အမျိုးသားရေးကဲသည်ဟုလည်း ဝေဖန်ခံရသည်။ ဒုသမ္မတ Alvaro García Linera က ထိုကြေညာစာတမ်းကို ချက်ချင်းဆိုသလိုတုန့်ပြန်ပြီး အဓိကအားဖြင့် လုပ်ဖော် ကိုင်ဖက်များဖြစ်ခဲ့သော စာတမ်းရှင်များသည် တရားမျှတမှုမရှိသူများဖြစ်သည်ဟု ဝေဖန်သည်။ ခြုံ၍ဆိုရသော် TIPNIS နှင့်ပတ်သက်ပြီးဖြစ်ရသော ပဋိပက္ခများသည် ဖွံ့ဖြိုးရေးမိုဒယ်အပေါ် ဝေဖန်မှုများကို ပေါ်လွင်ထင်ရှားစေသည်။

Kirchners အစိုးရအဆက်ဆက် (Néstor Kirchner 2003– 2007, Cristina Fernández de Kirchner 2007–2011, 2011 မှ ယနေ့တိုင်) ၏ အုပ်ချုပ်မှုအောက်မှ အာဂျင်တီးနားသည်လည်း ဖွံ့ဖြိုးမှုနှင့်ပတ်သက် လျှင် အစဉ်အလာကျမ်းရိုးဖွံ့ဖြိုးရေးအတွေးအခေါ်သာကြီးစိုးပြီး အင်ဒီးစ်တောင်တန်းနိုင်ငံများကဲ့သို့ အတွေး အခေါ်စုံထွန်းကားခြင်းပင်မရှိပေ။ သို့သော် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများကြောင့် ပဋိပက္ခအများ အပြားဖြစ်ပွားခဲ့သည်။ ထင်ရှားသောပဋိပက္ခမှာ စက္ကူစက်ရုံတည်ဆောက်ရေးနှင့်ပတ်သက်ပြီး ဥရုဂွေးနှင့် ဖြစ်ပွားသောအငြင်းအခုံဖြစ်သည်။ ယင်းကြောင့်ပင် နှစ်နိုင်ငံကြား တံတားထိုးရေးကိစ္စကို နှစ်ပေါင်းများစွာကြာအောင် Asamblea Ambiental de Gualeguaychú လှုပ်ရှားမှုအဖွဲ့ ကန့်ကွက်မှုများဖြစ် ပွားခဲ့ခြင်းဖြစ်သည်။ နောက်ထပ်ထင်ရှားသော ကိစ္စရပ်များမှာ Riachuelo မြစ်ဝှမ်းညစ်ညမ်းမှုပြဿနာနှင့် ရေခဲတောင်များထိန်းသိမ်းရေးအတွက် ဥပဒေပြဌာန်းရန် ၂၀၁၀ ခုနှစ်က လွှတ်တော်တွင် အကြီးအကျယ်ငြင်းခုံဆွေးနွေးကြခြင်းဖြစ်သည်။ နောက်တစ်ခုမှာ ၂၀၀၈ တွင်

---

[3]ယင်းမှတစ်ဆင့် the Union of Citizen Councils (Unión de Asambleas Ciudadanas)၊ လူ့အခွင့်အရေးအဖွဲ့များ ဖြစ်သော the Peace and Justice Service Serpaj (Servicio de Paz y Justicia) နှင့် the Colectivo Voces de Alerta စသည်တို့ပေါ်လာသည်။

စိုက်ပျိုးရေးကုမ္ပဏီကြီးများနှင့် အစိုးရအကြား စိုက်ပျိုးရေးထုတ်ကုန်များ၏အခွန်နှုန်းထားနှင့်ပတ်သက်ပြီး ဖြစ်ပွားသော ပဋိပက္ခဖြစ်သည်။ ယင်းနောက်ပိုင်း တွင် လယ်သမားများနှင့် ဌာနေတိုင်းရင်းသားများ၏ မြေယာပိုင်ဆိုင်မှုများကို ဆုံးရှုံးသွားစေသော ပဲပိစပ်စိုက် ခင်းလုပ်ငန်းများအကြီးအကျယ်ဖြစ်ပေါ်လာသည်။ ထိုပဋိပက္ခပြီးနောက်တွင် အာဂျင်တီးနားနိုင်ငံရေး၏ ဘက်ပြိုင်အုပ်စုဖွဲ့မှုများပြောင်းလဲသွားပြီး ပညာတတ်အများအပြားပါဝင်သော Carta Abierta က ဗဟိုအစိုးရ နှင့် ပေါင်းစည်းသွားခဲ့သည်။

ပညာတတ်များနှင့် အစိုးရတို့ပူးပေါင်းမိသွားပြီးနောက်တွင် သတ္တုတွင်း၊ စိုက်ပျိုးရေးလုပ်ငန်းကြီးများစသည် တို့နှင့်ပတ်သက်ပြီး ဖြစ်ပွားသောပြဿနာများအားလုံးကို အဓိကရက်ိန်မ်နင်းရေးဒိုင်းများသုံးပြီး အဓိကဖြေ ရှင်းသည်။ ဗဟိုအစိုးရက ပြည်သူများလက်မဲ့ဖြစ်စေမည့် မူဝါဒများချမှတ်သည်ဟု စွပ်စွဲမှုများကို ငြင်းဆိုပြီး လူမှုဖူလုံရေးမူဝါဒများနှင့် အလုပ်သမားသမဂ္ဂများအားကောင်းရေးဆောင်ရွက်ခဲ့သည်များကိုသာ အဓိက ဖောင်းပေးပြောဆိုသည်။ လက်ရှိတွင် တူးဖော်ထုတ်လုပ်မှုစီးပွားရေးစနစ်ကို ဆန့်ကျင်ဝေဖန်ကြသူ များမှာ နယ်မြေပိုင်ဆိုင်မှု၊ လူမှု-ပတ်ဝန်းကျင်စသည်တို့နှင့် ဆက်စပ်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လက်ဝဲ အယူအဆတို့ကို ကိုင်စွဲသော ပညာတတ်လှုပ်ရှားမှု[4] ပင်ဖြစ်သည်။ ဗဟိုလက်ဝဲဝါဒီများကလည်း အလုပ်ရှင် အလုပ်သမားဆက်ဆံရေးများတစ်ဖက်စောင်းနင်းနိုင်လာခြင်းကို အဓိကကန့်ကွက်ကြသည်။

နီဂိုးအားဖြင့်ဆိုရသော် အမျိုးသားရေးဝါဒကို လက်ကိုင်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ တိုးတက်သော လက်ဝဲဝါဒီများသည် ဖွံ့ဖြိုးရေး၊ ခေတ်မီရေးနှင့် ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးစသော ဖွံ့ဖြိုးရေးအယူအဆများ ၏ပြဿနာရပ်များကို ကောင်းစွာနားလည်သဘောပေါက်ကြသည်။ အီကွေဒေါနှင့် ဘိုလီဗီးယားတို့ကဲ့ သို့သောအခြေအနေများတွင် လူမှုလှုပ်ရှားမှုများကြောင့် ဖွံ့ဖြိုးရေးအယူအဆကိုဆန့်ကျင်ဝေဖန်သော နိုင်ငံ ရေးနှင့် သီအိုရီဆိုင်ရာဆွေးနွေးငြင်းခုံမှုများ အတိုင်းအတာတစ်ခုအထိဖြစ်ပွားခဲ့သည်။ သို့သော် တိုးတက်သောအစိုးရများ၏ လက်တွေ့ကျင့်သုံးပုံများမှာ အကန့်အသတ်မရှိ တိုးတက်ရေးနှင့် မကုန်ခမ်းနိုင် သောသဘာဝအရင်းအမြစ်များဟူသော အယူအဆများပေါ်တွင် အခြေခံထားသည့် လွှမ်းမိုးကြီးစိုးသော အစဉ်အလာဖွံ့ဖြိုးရေးနှင့် များစွာထပ်တူညီလျက်ရှိသည်။

အသွင်ပြောင်းလဲမှုနှင့် စိန်ခေါ်မှုများကို သီအိုရီထုတ်ခြင်း

လက်ရှိ ဖွံ့ဖြိုးရေးအယူအဆကို အခြေခံပေးထားသော အာဏာဆက်နွယ်ချက်များ၊ စိတ်ကူးထည်များ စသည်တို့ကို တစစီဖဲ့ခွဲပြီး ဝေဖန်သော အတွေးအခေါ်လှုပ်ရှားမှုပေါင်းစုံကို ဖွံ့ဖြိုးရေးအလွန်ဝါဒ post-developmentalism က စုစည်းပေးထားသည်။ ၎င်းတို့က လက်တင်အမေရိက ဝေဖန်ရေးအတွေးအခေါ်များ အကျုံးဝင်ပြီး ဌာနေတိုင်းရင်းသားအခြေခံများပေါ်တွင်တည်ဆောက်မည့် အနာဂတ်ကိုမျှော်ရည်သော စိတ်ကူးထည်၊ အယူအဆသစ်များကိုဖော်ထုတ်ရန်ကြိုးပမ်းကြသည်။ ယင်းမှတစ်ဆင့်ဝေဖန်ရေးအတွေး အခေါ်များကို ဒေသတွင်းနှင့် နိုင်ငံတကာလှုပ်ရှားမှုများအတွင်းနေရာပေးရန် ဆက်လက်တောင်းဆိုလာကြ သည် (Lander 2000 နှင့်အခြား ကိုကြည့်ပါ)။

[4] ၂၀၁၀ နှစ်ကုန်တွင် သမ္မတက နယ်စပ်မှောင်ခိုလုပ်ငန်းများကို နှိမ်နင်းလိုသောကြောင့် ဓာတ်ဆီနှင့် ဒီဇယ်ဈေးနှုန်း များကို လက်ရှိမှ ၅၇% နှင့် ၈၂% အထိတိုးမြှင့်လိုက်သည်။ ကန့်ကွက်မှုများနှင့် သမ္မတအားရာထူးမှဆင်းပေးရန် တောင်းဆိုမှုများပါဖြစ်လာပြီး နောက်ဆုံးတွင် အမှားကို ဝန်ခံကာ ဈေးနှုန်းကို ပြန်ချပေးလိုက်ရသည်။

ကိုလိုနီဆန့်ကျင်လှုပ်ရှားမှုများကို အဓိကဖောင်းပေးသူများလည်း အများအပြားရှိသည်။ ဥပမာအားဖြင့် Buen Vivir၊ ဌာနေနှင့် ရပ်ရွာလူ့ဘောင်အဓိကဝါဒီများ၊ ဂေဟအမျိုးသမီးဝါဒီများနှင့် ဂေဟ-ပိုင်နက်အယူအဆလက်ကိုင်ထားသူများစသည်တို့ဖြစ်သည်။ ထိုနောက်ခံအခြေအနေအောက်တွင် သဘာဝတရားကြီး၏ ရပိုင်ခွင့်များကိုတောင်းဆိုမှုများပေါ်ထွက်လာပြီး အီကွေဒေါ၏ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်းပြဌာန်းခြင်းခံရသည်။

ကိုလိုနီဆန့်ကျင်လှုပ်ရှားမှု၊ ဖိုဝါဒဆန့်ကျင်မှု၊ လူမျိုးစုံနိုင်ငံတော်၊ ယဉ်ကျေးမှုစုံအယူအဆနှင့် Buen Vivir စသည်တို့သည် ၂၁ ရာစုလက်တင်အမေရိကအတွေးအခေါ်များ၏ အခြေခံကျောရိုးများဖြစ်လာကြသည်။ ထို အခြေခံအယူအဆများကို လက်တွေ့အကောင်အထည်ဖော်မည့် ဘက်စုံထောင့်စုံမဟာဗျူဟာများပေါ်ထွက် လာရေးသည် အပူတပြင်းချက်ချင်းဆောင်ရွက်ရမည့် ကိစ္စဖြစ်သည်။

ထိုဘက်စုံထောင့်စုံမဟာဗျူဟာများသည် လက်ရှိတူးဖော်ထုတ်လုပ်ရေးမိုဒယ်ကိုအစားထိုးမည်ဖြစ်ပြီး လက်တင်အမေရိကနိုင်ငံများတွင် ဆွေးနွေးမှုများစတင်ဖြစ်ပေါ်နေပြီဖြစ်သည်။ တူးဖော်ရေးဝါဒ၏ စကေးကြီး မားမှုကြောင့် တုန့်ပြန်မည့်မဟာဗျူဟာများကိုလည်း အကျယ်အပြန့်စဉ်းစားသုံးသပ်ဖို့လိုသည်။ လက်ရှိ အကျယ်ပြန့်ဆုံးအဆိုပြုမှုတစ်ခုမှာ ဥရုဂွေးမှ Eduardo Gudynas (2011) ဦးဆောင်သော the Latin American Centre for Social Ecology (CLAES) မှတင်သွင်းသောအဆိုပြုချက်ဖြစ်သည်။ ယင်းက လက်ရှိ တူးဖော်ရေးဝါဒ၏ ကျယ်ပြန့်ကြီးမားမှုကြောင့် အစဉ်အလာဘောင်အတွင်းမှစဉ်းစားသော အစားထိုးနည်း လမ်းများမှာ မလုံလောက်ပဲ ဖွံ့ဖြိုးရေးအယူအဆကြီးတစ်ခုလုံးကို အစားထိုးလဲလှယ်ပစ်နိုင်မည့် အယူအဆ တစ်ခုလိုအပ်သည်ဟု ဆိုသည်။ ထို့အပြင် စဉ်းစားချက်များကိုဒေသဆိုင်ရာ အဆင့်မှစဉ်းစားရမည့်အပြင် ဌာနေတိုင်းရင်းသားများက Buen Vivir ဟုခေါ်သော ကျယ်ပြန့်သည့်မူဘောင်တစ်ခုလုံးနှင့်လည်း အကျုံးဝင် ရမည်ဖြစ်သည်။

အီကွေဒေါတွင် ပြောဆိုဆွေးနွေးမှုများအလွန်အားကောင်းသော်လည်း တကယ်တမ်းအပြောင်းအလဲစတင်ဖြစ်ပွားသောနေရာမှာ ပီရူးဖြစ်သည်။ RedGE ဟုခေါ်သော the Peruvian network for a balanced Globalisation (Red peruana por una Globalización con Equidad) က ရွေးကောက်ပွဲမတိုင်ခင်ကလေးတွင် အဓိကနိုင်ငံရေးပါတီများအား ၎င်းတို့၏ ကြေညာချက်ကို ဝေငှပေးခဲ့သည်။ ထိုသဘောထားကြေညာချက်မှာ လက်တွေ့အကျိုးသက်ရောက်ခဲ့ပြီး မြေယာသုံးစွဲမှု၊ သဘာဝပတ်ဝန်းကျင်စီမံမှု၊ ခိုင်မာသော စောင့်ကြည့် ထိန်းချုပ်ရေးစနစ်နှင့် ဌာနေတိုင်းရင်းသားတို့ သဘောတူညီမှုမပါပဲဆောင်ရွက်ခွင့်မရသည့် အခြေခံမူဘောင် တို့အပါအဝင် တူးဖော်ရေးဝါဒအလွန်ခေတ်သို့ စီးပွားရေးတစ်ခုလုံးကူးပြောင်းမည့် အသွင်ကူးပြောင်းရေးကို အဆိုပြုခဲ့ခြင်းဖြစ်သည်။ ထိုအဆိုပြုချက်မှာ ဘိုလီးဗီးယားနှင့် အီကွေဒေါတို့နှင့်ယှဉ်လျှင် ရာဒီကယ်ဖြစ်မှု အားနည်းပြီး လူမျိုးစုံနိုင်ငံတော်နှင့် Buen Vivir စသည်တို့ကို ထည့်သွင်းထားခြင်းမရှိသော်လည်း အာဂျင်တီး နားကဲ့သို့နိုင်ငံများတွင်မရှိသော အခြေအနေတစ်ခုကိုမူ ဖန်တီးပေးထားနိုင်သည်။ စီးပွားရေးပညာရှင်များဖြစ် သော Vicente Sotelo နှင့် Pedro Francke (2011) တို့ကလည်း အပြောင်းအလဲ ကိုပြည်သူ့ရေးရာမူဝါဒများမှတစ်ဆင့်ဖော်ဆောင်နိုင်မည်ဟု ယူဆကြသည်။ ၎င်းတို့၏စာအုပ်ထဲတွင် ဖြစ်နိုင် ချေရှိသော ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဆွေးနွေးထားရာအဓိကအားဖြင့် အခွန်စနစ်ပြောင်းလဲမှု (တူးဖော်ရေးလုပ်ငန်းများနှင့် အကျိုးအမြတ်များသော လုပ်ငန်းများအတွက် အခွန်တိုးမြှင့်ကောက်ခံခြင်း) နှင့် မိုင်းတွင်းနှင့် ရေနံ၊ သဘာဝဓာတ်ငွေ့လုပ်ငန်းများကို ၂၀၀၇ မှ ၂၀၁၁ အတွင်း ယာယီပိတ်ပင်ခြင်းများ ပါဝင်သည်။

အရေးကြီးသောအချက်မှာ ရပ်ရွာအသိုင်းအဝိုင်းများနှင့် ဒေသများတွင် ရှိထားသောအတွေ့အကြုံများကို ထည့်သွင်းစဉ်းစားနိုင်ရေးဖြစ်သည်။ လက်တင်အမေရိက၏ လူမှုအသိုင်းအဝိုင်းနှင့် ရဲဘော်ရဲဘက်စိတ်အခြေခံစီးပွားရေးများတွင် ဖြစ်နိုင်ချေ အများအပြားရှိနေပြီး ၎င်းတို့ကို အရင်းရှင်စီးပွားရေးပုံစံကို အစားထိုးရန်အတွက် ထည့်သွင်းစဉ်းစားနိုင်သည်။ အဓိကအားဖြင့် လက်တင်အမေရိတိုက်တွင် ပျံ့နှံ့တည်ရှိ နေသော စိုက်ပျိုး-ဂေဟစီးပွားရေးနှင့် လူအသိုက်အဝိုင်းအခြေခံစီးပွားရေးစသည့်ပုံစံများကို အသေအချာလေ့လာပြီး အရင်းရှင်စနစ်ကိုအစားထိုးမည့် မဟာဗျူဟာများတွင် အကျုံးဝင်အောင် ထည့်သွင်း ပေးရန်ဖြစ်သည်။ သို့သော် အစိုးရများက ထိုဖြစ်နိုင်ချေများကို ချောင်ထိုးထားပြီး တူးဖော်ရေးလုပ်ငန်းများက တင်ပြသော မယုံကြည်ရသည့် ပတ်ဝန်းကျင်ဆန်းစစ်ချက်များကို ဖောင်းပေးကာ ပြဿနာများပိုတိုးပွားအောင်လုပ်မိတတ်ကြသည် (Colectivo Voces de Alerta 2011)။ အရင်းရှင်စနစ်ကို အစားထိုး မည့်ဒေသတွင်းစီးပွားရေးစနစ်များအားကောင်းလာရန်အတွက်ဆိုလျှင် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု သာမက နိုင်ငံတော်၏ ပံ့ပိုးကူညီမှုလည်း အကြီးအကျယ်လိုအပ်သည် (see Coraggio 2011)။

စိန်ခေါ်မှုတစ်ခုမှာ ဘဝနေမှုပုံစံနှင့် အရည်အသွေးကိုအာမခံနိုင်သော အပြောင်းအလဲမိုဒယ်ကို ဖော်ထုတ်ရန် ဖြစ်သည်။ ဖွံ့ဖြိုးမှုအယူအဆအကြီးအကျယ်ပျံ့နှံ့ရခြင်း အကြောင်းတစ်ခုမှာ ယင်းနှင့်ပတ်သက်သော စားသုံးမှုပုံစံကို လူ့အဖွဲ့အစည်းတစ်ခုလုံးက လိုက်ပါကျင့်သုံးနေကြခြင်းကြောင့်လည်းဖြစ်သည်။ အထူးသဖြင့် ဘဝအရည်အသွေးနှင့်ပတ်သက်ပြီး ပုံဖော်သော ယဉ်ကျေးမှုသင်္ကေတများကိုပါ အစဉ်အလာဖွံ့ဖြိုးရေးဝါဒက လွှမ်းမိုးနေခြင်းကို ဆိုလိုသည်။ ပိုကောင်းသောဘဝဆိုသည်ကို ပိုမိုစားသုံးခြင်းဟု ဖွင့်ဆိုကြပြီး ကုန်စည်သဘောတူညီမှုအောက်တွင် ဆင်းရဲသောနိုင်ငံများအတွက် ပါဖြစ်လာနိုင်သည်ကိုတွေ့ရသည်။

ထို့ကြောင့် ကောင်းမွန်သောဘဝနေထိုင်မှုနှင့်ပတ်သက်သည့် အခြေခံကျသောမေးခွန်းများကို ပြန်လည်မေးမြန်းရန်လိုလာသည်။ အနည်းဆုံးမည်မျှရလျှင် ကောင်းမွန်သောဘဝဟုဆိုနိုင်ပြီး အနာဂတ်မျိုးဆက်များအတွက် ပါအာမခံနိုင်မည် နည်း။ ကျွန်ုပ်တို့ကိုယ်တိုင်နှင့် အနာဂတ်ကိုထိခိုက်စေခြင်းမရှိပဲ လိုအင်ဆန္ဒများကို မည်သို့ဖြည့်ဆည်းပေး နိုင်မည်နည်း။ ကျေးကျွန်ပြုမှုနှင့် ဖျက်ဆီးမှုပုံစံသစ်များဖြစ်သော ကိုလိုနီလက်သစ် လူမှုလိုအပ်ချက်များကို မည်သို့ဖြေရှင်းနိုင်မည်နည်း။ ကိုလိုနီသိမှုကိုမည်သို့ဖျက်ဆီးပြီး အပြောင်းအလဲအတွက် နိုင်ငံရေးအင်အားစုတစ်ရပ်ဖြစ်လာစေရန်မည်သို့တည်ဆောက်မည်နည်း စသည့်မေးခွန်းများကို ဖြေကြားရန်လိုအပ်လာသည်။

ဤနေရာတွင် အထက်ဖော်ပြပါလိုအပ်ချက်များကိုဖြည့်ဆည်းနိုင်မည့် ချဉ်းကပ်ပုံသုံးမျိုးကို တင်ပြလိုသည်။ ပထမတစ်ခုမှာ မက်စ်ဝါဒီဘောဂဗေဒပညာရှင် Manfred Max-Neef ၏ အယူအဆဖြစ်သည်။ ၎င်းက လူသားလိုအပ်ချက်များသည် အကန့်အသတ်မရှိပဲ ခေတ်တစ်ခေတ်မှတစ်ခေတ်၊ ယဉ်ကျေးမှုတစ်ခုနှင့်တစ်ခုအပြောင်းအလဲရှိသည်ဟု မှတ်ယူကြခြင်းမှာ မမှန်ဟုဆိုသည်။ အဓိကအားဖြင့် အမှန်တကယ်လိုအပ်ချက်များနှင့် ထိုလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်သောနည်းလမ်းများအကြား ကွဲပြားမှုကို မသိကြခြင်းဖြစ်သည်။ ယဉ်ကျေးမှုများနှင့် သမိုင်းခေတ်များအားလုံးအတွက် အခြေခံလူသားလိုအပ်ချက် များမှာ အတူတူပင်ဖြစ်သည်။ ခေတ်တစ်ခေတ်နှင့် တစ်ခေတ်၊ ယဉ်ကျေးမှုတစ်ခုနှင့် တစ်ခုကြား ပြောင်းလဲသည်မှာ ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းသောနည်းလမ်းများပင်ဖြစ်သည်ဟု ၎င်းကဆိုသည် (Max-Neef 1993: 50-1)။

ထို့ကြောင့် လူမှု၊ စီးပွားနှင့် နိုင်ငံရေးစနစ်အသီးသီးသည် အခြေခံအားဖြင့်တူညီသော လူသားလိုအပ်ချက်များကို ကိုယ်ပိုင်ပုံစံအမျိုးမျိုးနှင့် ဖြည့်တင်းကြခြင်းဖြစ်သည်။ ယဉ်ကျေးမှုဆိုသည်မှာလည်း ထိုလိုအပ်ချက်များကို ဖြည့်ဆည်းမည့်နည်းလမ်းများကို သတ်မှတ်ခြင်းပင်ဖြစ်သည်။ ကုန်စည်များမှာ လူသားလိုအပ်ချက်ကိုဖြည့်ဆည်းရာတွင် ပံ့ပိုးပေးသောအရာများသာဖြစ်သောကြောင့် ယင်းတို့အတွက် ဘဝကိုပေးဆပ်ရသောအခါ အဓိပ္ပါယ်ပြောင်းပြန်ဖြစ်သွားရသည်။ ထို့ကြောင့် လူသားဆန်သောစီးပွားရေးစနစ်ကိုတည်ဆောက်ရာတွင် လိုအပ်ချက်များနှင့် ယင်းတို့ကိုဖြည့်ဆည်းသောနည်းလမ်းများအကြား အနုပတိလောမနည်းဖြင့် ဆက်နွယ်နေမှုများကို ပြန်လည်သုံးသပ်ရန်လိုအပ်လာသည်ဟု ဆက်လက်ရေးသားထားသည် (ယင်း)။

ဒုတိယအနေနှင့် လက်တင်အမေရိကနှင့် တောင်ကမ္ဘာခြမ်းတွင်ရှိသော လူ့အသိုင်းအဝိုင်းစီးပွားရေးပုံစံများဖြစ်သည်။ ဤနေရာတွင် ဘဝအတွက် စီးပွားရေး economy for life အယူအဆကို ဖော်ထုတ်သော Franz Hinkelammert ၏အယူအဆမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည် (Hinkelammert/Mora 2005)။ ယင်းအယူအဆအရ လူသားလုပ်အားသည် အသုံးချတန်ဖိုးနှင့် ဘဝအတွက် အထောက်အပံ့များဖန်တီးပေးရန်ဖြစ်သည်။ ထို့ကြောင့် အလုပ်ဖွဲ့စည်းမှု၊ ခွဲခြားလုပ်ကိုင်မှုစ သည်တို့မှာ ဘဝစဉ်ဆက်မပြတ်ရပ်တည်နိုင်ရန်အတွက်ဖြစ်သည်။ ထို့ကြောင့် လူသားဆိုသည်မှာ လိုအပ်ချက်များရှိသော သတ္တဝါတစ်မျိုးဖြစ်ပြီး ဘဝရှင်သန်နိုင်ရေးအတွက် လိုအပ်သော ရုပ်ဝတ္ထုဝန်းကျင်ကိုလည်း တည်ဆောက်သည်။ ထို့ကြောင့် ဘဝတန်ဖိုးများတွင် အသုံးဝင်မှုတန်ဖိုးအပြင် ရပ်တည်မှုတန်ဖိုးလည်းပါဝင်သည်ကို သတိပြုမိရန်လိုသည်။ ကျွန်ုပ်တို့သည် အလုပ်တန်ဖိုးပေါ်တွင်သာ အခြေမတည်ပဲ ဘဝတန်ဖိုးပေါ်တွင်လည်း အခြေတည်ရန်လိုအပ်သည် (ယင်း၊ Hinkelammert စာအုပ်ဂေဖန်သော Vargas Soler 2008 ကိုလည်းကြည့်)။

Hinkelammert ၏အယူအဆမှာ တတိယတစ်မျိုးဖြစ်သော ဂေဟအမျိုးသမီးဝါဒီများ၏ ပြုစုစောင့်ရှောက်မှုကျင့်ဝတ် အယူအဆဖြစ်သည်။ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် လူသားမျိုးနွယ်ပျံ့ပွားရေးနှင့် သက်ဆိုင်သော ကလေးပြုစုစောင့်ရှောက်မှု၊ အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးမှု၊ ကျန်းမာရေး၊ ခံစားမှုဆိုင်ရာ ပံ့ပိုးမှုနှင့် လူ့အဖွဲ့အစည်းအတွင်း ဝင်ဆံ့စေရန် ကူညီမှုစသည်တို့ပါဝင်သည် (Pascual/Yayo Herrero 2010: 3; León 2009 ကိုလည်းကြည့်)။ ယင်းမှာ အခြေခံလိုအပ်ချက်ဆိုသောအယူအဆနှင့် ကွဲလွဲယုံသာမက လူသားလိုအပ်ချက်ကို လစ်ဟာနေသောကြောင့်ဖြည့်ဆည်းရမည့်အရာများဟု မကောက်ယူပဲ ပြုစုစောင့်ရှောက်ရေးယဉ်ကျေးမှုကိုအခြေခံ၍ တည်ဆောက်ပြသည်။ အပြန်အလှန်အကျိုးများမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖြည့်ဖက်ဖြစ်မှုစသည့်တန်ဖိုးများဖြင့် လူမှုနှင့် ဂေဟဆိုင်ရာ ညီညွတ်မျှတမှုရှိသော လူ့အဖွဲ့အစည်းကိုတည်ထောင်ရန်ဖြစ်သည်။

ထို့ကြောင့် ၂၁ ရာစုလက်တင်အမေရိကအတွေးအခေါ်များသည် သိမှုဆိုင်ရာစနစ်တစ်ခုတည်ဆောက်ရန် တောင်းဆိုပြီး လူသားနှင့် လူမှုလိုအပ်ချက်ဆိုင်ရာ သီအိုရီအသစ်တစ်ခုတည်ဆောက်ရန်လည်း ကြိုးစားသည်။ ထိုသီအိုရီမှာ အားကောင်းသော ရေရှည်တည်တံ့ရေးအယူအဆအတွက်သာမက လူ့အဖွဲ့အစည်းအတွင်း အနိမ်ခံများကိုပါ ရှေ့တန်းတင်နေရာပေးသော ယဉ်ကျေးမှုစုံ စနစ်တစ်ခုထွန်းကားလာရေးအတွက်ပါ အထောက်အပံ့ပေးနိုင်သည်။

## နိုင်ငံတော်နှင့်စီးပွားရေးအတွက်စံပုံစံတစ်ရပ်အဖြစ်ကျင့်သုံးရမည့်သမ္မာအာဇီဝ (Buen Vivir)[5]

RaúlPradaAlcoreza[6]

"ဖွံ့ဖြိုးရေး" နှင့် "တိုးတက်ရေး"
ဆိုသည့်ဝေါဟာရနှစ်ခုကိုမိမိတို့မိခင်ဘာသာစကားများတွင်ဖြစ်နိုင်သမျှအတိကျဆုံးဘာသာပြန်ရန်အတွက်ဝေါ
န်အတွက်ဝေါဟာရဗေဒကို၁၉၉၀ပြည့်နှစ်နှောင်းပိုင်းအထိဌာနေတိုင်းရင်းသားအုပ်စုများကရှာဖွေခဲ့ကြသည်
းကရှာဖွေခဲ့ကြသည်။ထိုသို့ကြိုပမ်းကြရှာဖွေရခြင်းမှာဘာသာဗေဒရှုထောင့်တစ်ခုတည်းအတွက်မဟုတ်ဘဲ
တွက်မဟုတ်ဘဲကွဲပြားသောလောကအမြင်နှစ်ရပ်၏မကိုက်ညီမှုကိုနားလည်စေရန်အတွက်ပင်ဖြစ်သည်။တ
ဖစ်သည်။တစ်ဖက်တွင်မူနိုင်ငံတော်နှင့်နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများ၏
"ဖွံ့ဖြိုးရေး"ဟုဆိုသည့်ဆိုးကျိုးသက်ရောက်မှုများရှိခဲ့သောမူဝါဒများရှိပြီးအခြားတစ်ဖက်တွင်မူဖွံ့ဖြိုးရေးအမြင်သ
းအမြင်သစ်တစ်ရပ်အဖြစ်သဘာဝတရားနှင့်အတူယှဉ်တွဲနေထိုင်ခြင်းသဘောတရားကိုအခြေခံထားသည့်ဌာ
ံ ထားသည့်ဌာနေတိုင်းရင်းသား "ဘက်စုံလောကအမြင်"
တစ်ရပ်ရှိနေသည်။ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲသူများ၏မျှော်မှန်းချက်များနှင့်စီမံကိန်းဦးတည်သူများကြားလုံးဝကု
ကားလုံးဝကိုက်ညီခြင်းမရှိခဲ့ဘဲနားလည်မှုအလွဲများကိုပေါ် ပေါက်စေခဲ့သည်။ "ဖွံ့ဖြိုးရေး"နှင့် "တိုးတက်ရေး"
ဆိုသည့်ဝေါဟာရနှစ်တွင်ပါဝင်သည့်ရုပ်ဝတ္ထုကုန်ပစ္စည်းများပိုင်ဆိုင်ခြင်းဖြင့်ဖွံ့ဖြိုးတိုးတက်သည်ဟူသော
တိုးတက်သည်ဟူသောအနောက်တိုင်းအသိကိုထင်ဟပ်သည့်ဝေါဟာရမျိုးမည်သည့်ဌာနေတိုင်းရင်သားဘာ
င်းရင်သားဘာသာစကားတွင်မှမရှိပေ။

ထိုဝေါဟာရများနှင့်နီးစပ်သည့်အီမရာဆူမာကွာမနား (theAymara *sumaqamaña*)
ကျူချွာဆူမက်ကော်ဆေး
(theQuechua *sumakkawsay)*နှင့်ဂွာရာနီနန္ဒီရီကို( theGuarani *ñandereco*) ဝေါဟာရများကိုအကြံပြုခဲ့
့ကြသည့်တိုင်ယင်းဝေါဟာရများသည်လုံးဝမဆိုင်သည့်အဓိပ္ပာယ်ထွက်စေသလိုဖွံ့ဖြိုးရေးသဘောတရားနှင်
ဘောတရားနှင့်ပင်ဆန့်ကျင်နေကြသည်များပင်ရှိသည်။မြောက်မြားလှစွာသောဌာနေတိုင်းရင်းသားဘာ
င်းရင်းသားဘာသာစကားများကြားအခြေခံကွဲပြားခြားနားမှုများရှိကြသည့်တိုင် "စံပြဘဝ"
ပုံစံတစ်ရပ်ဆိုင်ရာသဘောတရား၌မူ၎င်းတို့အားလုံးတစ်သဘောတည်းရှိကြသည်မှာစိတ်ဝင်စားဖွယ်ကော
ယ်ကောင်းလှသည်။ယင်းသဘောတရားအရလူသားနှင့်သဘာဝတရားကိုခွဲခြားထားခြင်းမရှိဘဲပြန်လ
ရှိဘဲပြန်လည်ထုတ်လုပ်ခြင်း၏ရုပ်ဘဝနှင့်လူမှုရေးနှင့်နာမ်ပိုင်းဆိုင်ရာဘဝဆိုင်ရာထုတ်လုပ်ခြင်းကြားခွဲ
ပ်ခြင်းကြားခွဲခြားမရနိုင်သောအပြန်အလှန်ချိတ်ဆက်မှုများရှိသည်။ယောကျ်ားမိန်းမဟူသည်မှာလည်းသ
သည်မှာလည်းသဘာဝတရားကြီးနှင့်အတူမိခင်ကမ္ဘာမြေ၏အစိတ်အပိုင်းများဖြစ်ကြပြီးမြင့်မြတ်အယူရှိသည်
တ်အယူရှိသည့်သဘာဝတရားကြီးကိုယုံကြည်ကိုးကွယ်မှုအလေ့အထများကြောင့်၎င်းတို့ကြားနှစ်ဖက်အ
နှစ်ဖက်အပြန်အလှန်ဆွေးနွေးမှုနှင့်ရပ်ရွာသဘာဝစုစည်းစည်းရှိခြင်းတို့ရှိကြသည်။

ယခုလောကအမြင်၏တွေးခေါ် ပုံတွင်အချို့သောလက်တွေ့ကြသည့်နောက်ဆက်တွဲများရှိကြသည်။အကယ်၍

"သဘာဝတရားကမြင့်မြတ်သည်ဆိုလျှင်လူတို့သည်ရှင်သန်နေထိုင်မှုအတွက်လိုအပ်သလောက်သာမိခ

---

5

6

ခင်သဘာဂတရားထံမှရယူသင့်သည်။သဘာဂတရားကရှင်သင်နေထိုင်ရန်နှင့်ပိုင်ဆိုင်လိုစိတ်လည်
ည်းရှိမည်ဟုနားလည်ထားသည့်အတွက်သဘာဂတရားကိုဆိုးဆိုးရွားရွားဆက်ဆံလျှင်လူသားတို့လု
လိုအပ်သောအရာဂတ္တုများကိုပေးအပ်ရန်သဘာဂတရားကဆိုင်းငံ့ထားလိမ့်မည်။ယင်းလောကအမြင
မင်များအရလူ့အသိုင်းအဝိုင်းကကြားဂင်ပေးသည့်သဘာဝတရားနှင့်ဆက်ဆံရေးတစ်ရပ်ကိုထူထောင
ာင်ပြီးယောက်ျားနှင့်မိန်းမဟူသည်မှာဆက်ဆံရေးသို့မဟုတ်ရပ်ရွာကွန်ရက်များ၏အပျက်တရားမဟ
မဟုတ်ကြောင်းနားလည်ထားကြသည်။ပြန်လည်ထုတ်လုပ်ခြင်းဆိုသည်မှာနစ်ဖက်အပြန်အလှန်မှီခိုမှု၏အ
၏အချိတ်အဆက်များဖြစ်ထွန်းသည့်အချိန်တွက်သာဖြစ်ဖွယ်ရှိပြီးအပြတ်အလှန်ဆက်ဆံရေးရှိပြီးစည်းလု
လုံးညီညွတ်သည့်ဘဂဆိုသည့်အဓိပ္ပာယ်ဖြင့်စံကိုသတ်မှတ်ကြသည်။

ဌာနေတိုင်းရင်းသား၊အရင်းရှင်နှင့်ဆိုရှယ်လစ်ဆိုသည့်ယဉ်ကျေးမှုအမြင်နစ်ရပ်ရှိကြော
ကာင်းကိုလေ့လာမှုအရအတည်ပြုခဲ့သည်။ထိုသို့ဆိုရခြင်းမှာအကြောင်းတိုက်ဆိုင်၍ဆိုရခြင်းမဟုတ
တ်။အမျိုးသားဖွံ့ဖြိုးရေးစီမံကိန်း၂ဂဂ၆-
၂ဂ၁၁ရေးဆွဲစဉ်အခြေအတင်ဆွေးနွေးရာ၌ဗဟုသုတကြွယ်ဂသူတစ်ဦးဖြစ်သောနိုင်ငံခြားရေး
ရေးဂန်ကြီးဒေးဗစ်ချိုကွီဟွမ်ကာကထိုခေါင်းစဉ်ကိုပြင်ဆင်ခဲ့ခြင်းဖြစ်သည်။သမ္မာအာဇီဂ(Buen
Vivir)ဆိုသောအယူအဆကိုပြည်သူ့ရေးရာမူဂါဒတွင်ပထမဆုံးအကြိမ်ဖြစ်ရှေ့တန်းတင်ထားပြီးငါးနစ်စီမ
မံကိန်း၏အဓိကရည်မှန်းချက်ဖြစ်လာခဲ့ပြီးနောက်တစ်နစ်အကြာတွင်ဖွဲ့စည်းပုံအခြေခံဥပဒေ၌ထ
၌ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။

ဌာနေတိုင်းရင်းသားများနှင့်အင်ဒီးန်အနွယ်ဂင်များအတွက်သမ္မာအာဇီဂ (Buen Vivir)
ဆိုသည်မှာကိုယ်တိုင်ထုတ်လုပ်မှုမှအစာဟာအာရဖြစ်စေခြင်းဖြင့်လူ့အသိုင်းအဝိုင်း၏စံတစ်ရပ
ရပ်ဖြစ်လာခြင်းအားကျေနပ်နစ်သက်သည်အသိမျိုးကိုဖော်ပြခြင်းဖြစ်ပေသည်။အစားအစာသုံးဆောင်
င်မှုအသိတွင်အာဟာရအတွက်မျှသာမဟုတ်ဘဲသဘာဂတရား၏သက်ရှိအင်အားစုများနှင့်လူ့အသိုင်းအဂ
အဝိုင်း၏သာယာဂပြောမှုကြားမျှခြေဖြင့်လည်းကြည့်သည်။ထိုသို့ဖြင့်ဘဂနှင့်ပြန်လည်ထုတ်လုပ်
ခြင်းတို့လိုက်ကြရမည့်အင်အားများဖြစ်သောရေ၊ရာဉီဥတု၊မြေ၊လူတို့၏ကိုးကွယ်ယုံကြည်မှုအ
အလေ့အထများနှင့်မိမိတို့ပတ်ဂန်းကျင်ရှိအရာများကိုစီးဆင်းစေခဲ့သည်။အလုပ်နှင့်ထုတ်လုပ်ခြင
ခင်းသည်ပွဲတော်၏စုပေါင်းအလေ့အထများဖြစ်ကြည်သည်။
(အလုပ်နှင့်လူ့အသိုင်းအဝိုင်းပွဲတော်များကိုခွဲခြားမရဆိုတော့အယူအဆဖြစ်သည်)။ဘဂပြန်လည်မွေးဖွားဖြစ်ထွ
ထွန်းလာစေရန်အတွက်ဖြစ်နိုင်မည့်ရင်းမြစ်များကိုအသုံးပြုရသည့်အတွက်သာယာဂပြောမှုကိုလည်
ည်းစုပေါင်းပြီးခံစားကြရမည်ဖြစ်သည်။

၁။လူမှုရေးစည်းလုံးညီညွတ်မှု-
လူသားသည်လူအချင်းချင်းအခြားတစ်နည်းဆိုရလျှင်လူ့အသိုက်အဂန်းဖြင့်အတူတကွဆောင်ရွက်
က်မှသာပေါ်များကြွယ်ဂခြင်းမျိုးကဲ့သို့အရာများကိုရရှိနိုင်မည့်ဟုတင်ကူးယူဆချက်ရှိသည်။

၂။ထုတ်လုပ်ခြင်း- လူအသိုက်အဂန်းလုပ်ငန်းအပြန်အလှန်ဆောင်ရွက်ခြင်း၏ရလဒ်

၃။လုပ်သားအင်အားစုကိုမွေးထုတ်ခြင်းနှင့်မိသားစုကိုစောင့်ရှောက်ခြင်းသည်မိသားစုတာဂန်ဖြစ်
စ်ပြီးစုပေါင်းထမ်းဆောင်ရမည်ဖြစ်သည်။

၄။ကျွန်းကိုင်းမှီကိုင်းကျွန်းမှီဆိုသလိုအပြန်အလှန်ဆက်ဆံမှုများကိုဖြစ်ထွန်းစေသည့်ကွဲပြားခြာ
ခြားနားသောလုပ်ဆောင်နိုင်စွမ်းများနှင့်အရည်အသွေးစရိုက်လက္ခဏာများရှိသည့်လူသားများကြ
ကြားအပြန်အလှန်မှီခိုမှုရှိပြီးဖြစ်ကာဘုံသင်ယူမှုအတွက်အခြခံအုတ်မြစ်လည်းဖြစ်ပေသည်။

၅။ထုတ်လုပ်ခြင်းနှင့်အလုပ်ကိုဆောင်ရွက်ရာတွင်သဘာဂတရားကိုလေးစားရမည်ဖြစ်သလိုသဘာ
သဘာဂတရားနှင့်လည်းသဟဇာတဖြစ်ရမည်။

၆။သဘာသတရားသည်မြင့်မြတ်ပြီးပူဇော်ပသခြင်းဖြင့်သာပြန်လည်ကောင်းမွန်လာနိုင်သည်။

သို့သော်လည်းသမ္မာအာဇီဂ (Buen Vivir)
၏မျက်နှာစာနှစ်ရပ်ဖြစ်သည်အတွေ့အကြုံနှင့်အလေ့အထကိုကိုယ်ကျင့်တရားများနှင့်နိုင်ငံ
ငံရေးတို့နှင့်အတူကွဲပြားအောင်ပိုင်းခြားရမည်ဖြစ်သည်။ယခင်အတွေ့အကြုံများအရအတွေ့အ
့အကြုံသည်ဘိုလီးဗီးယား၏ဒေသဆိုင်ရာ၊လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာမျိုးစုံမှုနှင့်ချိတ်ဆက
ဆက်နေသည့်အတွက်သဘောတရားတစ်ခုတည်းသို့မဟုတ်အနက်ကောက်ယူမှုတစ်မျိုးတည်းထုတ်ယူ
ယူဆင်ခြင်ရန်မဖြစ်နိုင်ပေ။သို့သော်လည်းဘုံသဘောဖြစ်ပြီးလူမှုရေးအရမျှဝေထားသည့်သာယာ
ယာဂပြောမှုနှင့်စပ်လျဉ်းပြီးအနည်းဆုံးသဘောတူညီချက်အချို့ကိုထားရှိသည့်မျိုးစုံကွဲပြားပြီးအလွန်ပင
ပင်များပြားစုံလင်နေသည့်လူ့အဖွဲ့အစည်း၏အခြားအမြင်တစ်ရပ်ကိုထူထောင်ရန်ကိုယ်ကျင့်တရားပု
ပိုင်းဆိုင်ရာနှင့်နိုင်ငံရေးဆိုင်ရာမျက်နှာစာမှရွေ့နိုင်ဖွယ်ရှိသည်။ယင်းမျက်နှာစာသည်သဘာဝတရား
(ကျွန်ုပ်တို့၏အိမ်)၏အစိတ်အပိုင်းတစ်ရပ်အဖြစ်အစုအပေါင်းသော(တစ်ဦးချင်းကိုပေါင်းထားခြင်းမဟုတ်)ကိုကော
ကာက်ယူထားပြီးယင်းနှင့်ဆက်ဆံရေးတစ်ရပ်မရှိခဲ့လျှင်မိမိတို့၏ဘဂများမွေးဖွားနိုင်မည်မဟုတ်
တ်ပေဟုယူဆထားသည်။ထို့ကြောင့်သမ္မာအာဇီဝ(Buen Vivir)
ဆိုသည်မှာဘဝအတွက်လေးစားမှုကိုအခြေခံသည့်ဘုံဓလေ့တစ်ရပ်ကိုတည်ဆောက်ခြင်းဟုကောက
ာက်ယူနိုင်ပေသည်။

ဘိုလီးဗီးယားနှင့်အီကွေဒေါတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်သမ္မာအာဇီဂ(Buen
Vivir)သဘောတရားကိုနိုင်ငံတော်နှင့်အစိုးရဦးတည်ချက်အဖြစ်ထည့်သွင်းပြဌာန်းထားသည်။ထ
။ထိုသို့ပြဌာန်းခြင်းမှာကိုလိုနီဆန့်ကျင်ရေးထင်ရှားသည့်ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပြီးပထမဆု
ဆုံးအချက်အနေဖြင့်ယင်းသဘောတရား၏ရေသောက်မြစ်မှာဌာနေတိုင်းရင်းသားလောလအမြ
အမြင်ဖြစ်သည်ကိုအသိအမှတ်ပြုထားပြီးမိမိတို့၏ဓလေ့၊နိုင်ငံရေး၊စီးပွားရေးနှင့်လူမှုရေးအတူယှဉ်တ
ွတွဲနေထိုင်မှုများအတွက်နိုင်ငံစုံလမ်းကြောင်းတစ်ရပ်အားပြုပြီးထူထောင်ရေးဖြစ်သည်။သမ္မာအာဇီဂ(Buen
Vivir)
ဆိုသည်မှာအဆိုပါပန်းတိုင်များ၏အနည်းဆုံးသဘောတူညီချက်များရှိသည့်ဆုံရပ်တစ်ခု၊ပုံစံတစ်ရပ်ပြ
ြဖြစ်လာစေရန်ဖြစ်ပြီးစံတစ်ရပ်ဖြစ်လာစေရန်မရည်ရွယ်သလိုလူမျိုးဗဟိုပြုသို့မဟုတ်ပုရိသပဓာ
ဓာနဖြစ်လာစေရန်လည်းမရည်ရွယ်ပေ။လူ့အသိုက်အဂန်းတစ်ခုချင်းစီ၏ကိုယ်ပိုင်လောကအမြင
မင်နှင့်ဓလေ့များနှင့်အညီဘဂအတွက်သမားရိုးကျမဟုတ်သောလမ်းကြောင်းပေါင်းစုံချမှ
မှတ်ခြင်းသာဖြစ်ပေသည်။

ပြည်သူ့ရေးရာမူဝါဒများ၏အခြေခံမူနှင့်ပန်းတိုင်လည်းဖြစ်သလိုနိုင်ငံတော်၏စံပုံနှင့်စီးပွားရေးစ
းစံပုံများအတွက်အခြေခံအုတ်မြစ်လည်းဖြစ်သောသမ္မာအာဇီဂ (Buen
Vivir)ဆိုသည်မှာမျိုးစုံကွဲပြားမည့်သက်ရှိများနှင့်ပြန်လည်ခွဲဝေခြင်းအရည်အသွေးကြားသဟဇာတ
ာတဖြစ်သောဆက်ဆံရေးတစ်ရပ်အဖြစ်ဌာနေတိုင်းရင်းသားစံကြောင့်ဖြစ်ထွန်းလာခြင်းဖြစ်သည်။

တစ်စုံတစ်ရာသောလိုအပ်ချက်များပြည့်စုံခြင်းမျှော်လင့်ချက်ကိုကျော်လွန်သည့်သမ္မာအာဇီ
ဇီဂတွင်လူမှုရေးအပြောင်းအလဲများပါဂင်ပြီးသဘာဂတရား၏မျိုးကွဲစုံလင်မှုများကိုပြန်လည်ဖြစ်ထွန်းစေ
စရေးကိုပျက်စီးစေခြင်းမရှိဘဲမိမိတိုင်းပြည်တွင်နေထိုင်သူများ၏ဘဂပြန်လည်မွေးဖွားခြင်းအတ
အတွက်အခြေခံအခြေအနေများကိုနိုင်ငံတော်ကအာမခံပေးရမည်ဟုမျှော်မှန်းထားကြသည်။လူ့ဘ
့ဘဂရှင်သန်ခွင့်များ(အစားအစာ၊ပြန်လည်ထုတ်လုပ်ခြင်းနှင့်အသုံးအဆောင်ပစ္စည်းများ)
ဆက်လက်ခိုင်မြဲစေရန်နှင့်လူမှုရေးနှင့်နိုင်ငံရေးစံနှုန်းများတွင်စီးပွားရေးမျက်နှာစာလည
လည်းပါဂင်ဂေရန်အတွက်ဖလှယ်နေသောဈေးကွက်စနစ်တစ်ခုလည်းပါဂင်သည်။

သမ္မာအာဇီဂ(Buen Vivir)သဘောတရားဆီသို့ပြင်းပြင်းထန်ထန်ဦးတည်နေသည့်တိုင်
"ဖွံ့ဖြိုးရေး"ဆိုသောဝေါဟာရမှာလိုခင်စရာကော
"လိုအပ်စရာ"ပါဖြစ်နေသည့်တောက်ပထင်ရှားသည့်ချီးကျူးထိုက်ဖွယ်ရာအိုင်ဒီယာများအဖြစ်အင်အာ
အားကြီးမားသည်ဒဏ္ဍာရီတစ်ရပ်ဖြစ်နေဆဲပင်။ထိုဝေါဟာရနှင့်ဆက်စက်သည့်နောက်ဆက်တွဲဝေါ
ဝါဟာရများအဖြစ်တိုးတက်ရေး၊ခေတ်သစ်လူနေမှုဘဂ၊ဆင့်ကဲပြောင်းလဲခြင်း၊စက်မှုတော်လှ
လှန်ရေး၊နည်းပညာအစရှိသည့်ဝေါဟာရများကလည်းရှိနေပြီးပိုပြီးယေဘုယျကျကျပြောရလျှင်ရှေ့ဆ
့ဆိုလှမ်းချီခေတ်သစ်ဆီဆိုသည့်အိုင်ဒီယာမျိုးများဖြစ်ပြီးပုံရိပ်အားဖြင့်ယဉ်ကျေးမှုတစ်ရပ်ဆီအဆီးအတာ
တားမဲ့ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပြီးမြောက်အမေရိကနိုင်ငံများလိုဖြစ်လာရမည်ဆိုသောအိုင်ဒီ
ဒီယာများဖြစ်ပေသည်။

ထို "စံ"
ပုံစံတစ်ရပ်ကိုရောက်ရှိရန်မူဂါဒများကိုကျင့်သုံးရာတွင်အမေရိကတိုက်တွင်ကျင့်သုံးခဲ့သည့်မူဂါဒများနှင
င့်တစ်ထပ်တည်းမဟုတ်လျှင်ပင်အလားတူပုံစံမျိုးပင်ဖြစ်သည်။ထိုသို့ကျင့်သုံးရာတွင်စက်မှုလုပ်ငန်းများ
ႈ၌ခေတ်သစ်နည်းပညာများပေါင်းစပ်ထည့်သွင်းခြင်း၊စိုက်ပျိုးထုတ်လုပ်ရေးမှသည်စက်မှုလ
ူလယ်ယာစနစ်ဆီသို့အသွင်ကူးပြောင်းခြင်း၊မြို့ပြဖွံ့ဖြိုးရေးကိုစတင်ခြင်းတို့ပါဂင်ပြီးနိုင်ငံရေးနှင
ု င့်ပညာရေးတွင်မူနိုင်ငံသားဖြစ်မှုကိုဦးတည်စေမည့်ဓလေ့စံများသတ်မှတ်ပြဌာန်းခြင်းကိုတို
ိုက်တွန်းအားပေးသည်။စားသုံးမှု(consumption)အတွက်လူတစ်ဦးချင်းစီ၏အပြုအမူများတစ်ပုံစံတည်းဖြစ
ဖစ်စေရန်ပုံသွင်းထားပြီးကိုယ်စားပြုဒီမိုကရေစီအတွက်အထောက်အပံ့ကောင်းဖြစ်စေမည့်မူဂါဒများကိ
ကိုအသုံးပြုသည်။အခြားတစ်နည်းဖြင့်ပြောရလျှင်နိုင်ငံရေးမဆန်သောလူမှုလှုပ်ရှားမှုများဖြစ်သည်
ည်။ချုပ်၍ဆိုရလျှင်ဖွံ့ဖြိုးရေးစီမံကိန်းများသည်ဌာနေတိုင်းရင်းသားများကိုဘယ်သောအခါကမှထည့်သွင
ေင်းစဉ်းစားခြင်းမပြုသလိုဖွံ့ဖြိုးရေးဖော်ဆောင်သူများသည်လည်းထိုနည်းတူပင်ဖြစ်ကာတိုင်
င်းပြည်၏ယဉ်ကျေးမှုမျိုးစုံမှုကိုလုံးဝလျစ်လျူရှုထားသည့်ပုံစံတစ်ရပ်ပင်ဖြစ်ပေတော့သည်။

ဌာနေတိုင်းရင်းသားဓလေ့မျိုးစုံလွှမ်းသောတိုင်းပြည်တစ်ခုတွင်ယင်းဖွံ့ဖြိုးရေးပုံစံနှင့်အနာဂတ်
တ်အမြင်နှစ်ရပ်စလုံးသည်တာရှည်မခံရှံသာမကတကယ့်ကိုလည်းတန်းတူညီမျှမှုမရှိပေ။ဘိုလီးဗီးယာစီ
စီးပွားရေးလုပ်ငန်းလူတန်းစားသည်စက်မှုဖွံ့ဖြိုးရေးကိုမည်သည့်အခါကမှအားမစိုက်ခဲ့သလု
လိုတကယ့်ခေတ်သစ်ဘူဇွာတစ်ယောက်ဖြစ်လာနိုင်မည့်လည်းမဟုတ်သောကြောင့်တာရှည်ခံမ
မည်မဟုတ်၊ထိုနည်းတူပင်လက်တစ်ဆုပ်စာလူတန်းစားကသာနိုင်ငံတကာဈေးကွက်နှင့်ချိတ်ဆက်
က်ပြီးဂလိုဘယ်လိုက်ဇေးရှင်း၏အကျိုးအမြတ်များကိုရရှိနေသောကြောင့်လည်းတန်းတူညီမျှမှုရှိမ
မည်မဟုတ်ပေ။အကြီးမားဆုံးအဆီးအတားတစ်ရပ်မှာဘိုလီဗီးယားဘူဇွာတစ်ယောက်များသည်မိမိတို
ို့၏အဆင့်အတန်းကိုမြင့်မြတ်ကောင်းမွန်သည်ဟုတိတိပပအသိအမှတ်ပြုနိုင်မည်မဟုတ်သလ
သလိုပြုလာအောင်လည်းလုပ်နိုင်မည်မဟုတ်ပေ။၎င်းတို့သည်အချို့နေရာများတွင်ခေတ်
တ်မီသော်လည်းကမ္ဘာ့နိုင်ငံသားအဖြစ်ကိုမဖန်တီးနိုင်ခဲ့သဖြင့်တကယ်တမ်းပြောရလျှင်ခေတ်
တ်နောက်ပြန်ဆွဲနေသည်သာဖြစ်သည်။တစ်နည်းပြောရလျှင်ထိုသူတို့သည့်ဖွံ့ဖြိုးဆဲ"နိုင်ငံသားဖြစ်မှု"တွင်စိ
တ်ဂင်စားမှုမပြဘဲဌာနေတိုင်းရင်းသားလုပ်သားအင်အားစုကိုသာသုံးစွဲခဲ့ကြသည်။နိုင်ငံတော်ကု
ကိုလည်းအရင်းအတွက်လမ်းကြောင်းတစ်ရပ်အဖြစ်သာအသုံးပြုပြီးစီမံကိန်းများကိုလက်ခံသည့်အိမ်
မ်ရှင်ကိုလည်း "ခေတ်မီအောင်ဆောင်ရွက်"
မည့်ပုံပြထားသော်လည်းနောက်ဆုံးတွင်မအောင်မြင်မှုကိုသာအမွေထားခဲ့သည်။တစ်နည်းထပ်ေ
ပြောရလျှင်ခေတ်မီခြင်းသို့သွားရလမ်းဆိုသည်မှာအခြေခံအားဖြင့်အကောင်ကြီးအမြီးရှည်
ည်သူများအတွက်သာဖြစ်ပြီးမြေသိမ်းခြင်း၊လုပ်ခဈေးပေါပေါကိုကိုယ်ကျိုးအတွက်သုံးခြင်းနှ
နှင့်အာဏာနှင့်အခွင့်ထူးခံခြင်းများစုစည်းခြင်းတို့သာဖြစ်သည်။

သမိုင်းဆိုင်ရာယင်းလစ်ဟာကွက်များကိုကြည့်ခြင်းအားဖြင့်ဖွံ့ဖြိုးရေးစီမံကိန်းအပေါ် ဆက်လက
လက်ယုံကြည်ရန်မှာလည်းမဖြစ်နိုင်တော့ပေ။ဘူဇွာလူတန်းစားများကယင်းစိန်ခေါ် မှုများကိုဖြေရှင်းရ
းရန်မစွမ်းသားသည့်အတွက်ဆန့်ကျင်မှုများနှင့်လူမှုလှုပ်ရှားမှုများ၏တိုက်ရိုက်တုံ့ပြန်မှုများကြုံရပြီးန
နိုင်ငံတော်အခြားပုံစံတည်ဆောက်ခြင်းနှင့်ဖွံ့ဖြိုးရေးအတွက်အခြားလမ်းကြောင်းဖောက်ခြ
ခြင်းတို့တွင်အရပ်ဘက်အဖွဲ့အစည်းကဦးဆောင်နေရာကိုရယူကြရတော့သည်။

ဖွံ့ဖြိုးရေးရည်မှန်းချက်စံပုံစံ(သို့မဟုတ်
"ဖွံ့ဖြိုးရေးအတွက်အခြားပုံတစ်ရပ်ပင်ဖြစ်စေ)အဖြစ်သမ္မာအာဇီဂ(Beun Vivir)
သည်အနာဂတ်အတွက်အမြင်သစ်တစ်ရပ်ဖြစ်ပြီးလမ်းညွှန်မှုပေးကာစိတ်ကူးပုံဖော်ကြည့်ရမည်ဖြစ်
